# သမထ-ဝိပဿနာ-ပေါက်လျှင်

ယခုဘဝ-ပစ္စက္ခတွင်

## ၃၁ ဘုံကို တွေ့မြင်နိုင်သည်၊

နတ်,သိကြား,ဗြဟ္မာ တို့နှင့် တွေ့နိုင်သည်၊
မြတ်စွာဘုရား ထင်ရှားရှိစဉ်ကပုံတော်အစုံကို
နဂိုရ်မူလအတိုင်း ဖူးမြင်ရနိုင်သည်
အကြားအမြင်ရနိုင်သည်
ဖလသမာပတ်ဝင်စားနိုင်သည်။

ဤအတိုင်းဖြစ်လိုလျှင်

# အမြန်ဆုံးလက်တွေ့ရုပ်

နှင့်

# ဖလသမာပတ္တိ အာနိသံသ

## ကိုဘတ်၍အားထုတ်ပါ

မဟုတ်ဘဲနှင့် လိမ်သည်ဟု ခိုင်လုံစွာပြနိုင်လျှင်
ဆုငွေ(၁၀၀၀ိ)ပေးမည်။

ကျမ်းပြုသူ-မူပိုင်ရှင်
ဝိပဿနာ ပါရဂူဆရာကြီး

ပဋိပတ္တိကြီးပွါးရေးအဖွဲ့ချုပ်၊ အမှတ်-၃၉၊ ၈၇-လမ်း၊ ရန်ကုန်မြို့။
၁၃၁၉-ခု၊ ပြာသိုလတွင် ပုံနှိပ်ပြီးစီးသည်။ တအုပ်-၅။

၃၆၄
၂



ကျေးဇူးရှင်-မုံရွာမြို့


**လယ်တီ ဆရာတော်ဘုရားကြီး၏ ပုံတော်။**



ဣရိယာပထနှင့် အချို့သော သမထနှင့်ဝိပဿနာ နည်းဘို့ကို
ကျင့်ပြုသူအား စုံအောင်ပြသပေးတော်မူသော
လက်ပံတန်းမြို့၊ ကျေးဇူးရှင်

**သဒ္ဓမ္မပါလဆရာတော်ဘုရားကြီးပုံတော်၊**

ဤဆရာတော်ဘုရားကြီးလိုနည်းမျိုးစုံအောင်
တတ်သောပုဂ္ဂိုလ်ကို မတွေ့ဘူးသေးပါ။



ပဲ့ခူးခရိုင်၊ ဝေါမြို့အပိုင်၊ အဗျားရွာ၊ ကသစ်ပိုင်တောရ၊
ဝိပဿနာတရားပြ။

## ဓမ္မကထိက ဆရာတော်ဘုရား ပုံတော်။

ဤဆရာတော်ဘုရားကြီးမှာ ရိုးရိုး-ဧနွှင့်ပင်ရအောင်ဟောပြော ပြသဥပးလေ့ရှိပါသည်။



ဝိပဿနာရှုပုံ နည်းမျိုးစုံတို့ကို၊ ကိုယ်တိုင်လေ့လာပြီးမှ
လင်္ကာတွေတို့ကိုသာ ရေးသားလေ့ရှိသော ဝိပဿနာကျမ်းပြုပုဂ္ဂိုလ်

**ဝိပဿနာပါရဂူဆရာကြီးပုံ။**

၁၂၅၃-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက် စနေနေ့နံက် ၈-နာရီတွင် ဘွားမြင်၍
၁၃၁၄-ခုနှစ်၊ တော်သလင်းလဆန်း ၈-ရက် ဓနေ့တွင် ရိုက်သော ဓါတ်ပုံဖြစ်သည်။

| က | မာတိကာ | စာမျက်နှာ |
|---|---|---|


| | |
|---|---|
| နိဒါန်း | ၁ |
| ဝိပဿနာလက်တွေ့အမြန်ဆုံး ရှုနည်းအကြောင်း | ၃ |
| ပုဂ္ဂိုလ်ငါးမျိုးအကြောင်းနှင့် ပစ္စေကဗုဒ္ဓါလောင်း | ၃ |
| ဘယ်လို သံဝေဂမျိုးလဲ | ၄ |
| ဥဃဋိတညူ ပုဂ္ဂိုလ် | ၅ |
| ဝိပဉ္စိတညူပုဂ္ဂိုလ်နှင့် ပဋ္ဌာစာရီ ဥပမာ | ၅ |
| ငါးမျှားနေတဲ့ အရိယ၏ သာဓက | ၆ |
| ကြံ၍သိတာကို ဝိပဿနာလို့ ကျမ်းဂန်ကဆိုသလား | ၈ |
| နယဝိပဿနာနှင့် မဟာဝိပဿနာ | ၉ |
| စိတ်ကူးကြံစည်တာဟာ၊ ဘယ်ကစပေါ်လာသနည်း | ၉ |
| စိတ်ကူးကြံစည်ရုံနှင့် ဘာဖြစ်နိုင်သလဲ | ၁၁ |
| တဆရာထဲ-စွဲမထားသင့် | ၁၂ |
| နေယျပုဂ္ဂိုလ် | ၁၃ |
| ပဒပရမ ပုဂ္ဂိုလ် | ၁၄ |
| နေယျပုဂ္ဂိုလ်ဘယ်နှစ်မျိုးရှိသလဲ | ၁၄ |
| သုခပဋိပဒါ ခိပ္ပါဘိညာ | ၁၄ |
| သုခပဋိပဒါ ဒန္ဓာဘိညာ | ၁၅ |
| ပဒပရမ ပုဂ္ဂိုလ်ရယ်လို့ သိနိုင်သလား | ၁၆ |
| ခိပ္ပါဘိညာ ပုဂ္ဂိုလ်တိုင်း မြန်မြန်ရသလား | ၁၇ |
| လက်တွေ့ ပစ္စုပ္ပန် သာဓကများ | ၁၉ |
| ဥဒယဗ္ဗယဉာဏ်ကျလျှင် မဂ်ကိုနီးမှန်းသိကြရဲ့လား | ၂၀ |
| မဂ်ဖိုလ်ကိုရအောင် ပြုတတ်၊ မပြုတတ်သိနိုင်ရဲ့လား | ၂၁ |
| ကိုယ်မတတ်လျှင် ကဲ့ရဲ့တတ်သည် | ၂၂ |
| မဂ်ဖိုလ်ကို ရအောင်ပြုတတ်လျှင် ရတဲ့လူ ကေန်ရှိရမည် | ၂၂ |
| ဆရာကပြုပေးတတ်မှ မဂ်ဖိုလ်ကိုရနိုင်သလား | ၂၃ |
| ပါရမီချင်း–ဝိရိယချင်းတူလျှင် ရတာချင်းတူရဲ့လား | ၂၄ |
| လက်တွေ့ သာဓကတခု | ၂၆ |
| ရှေးရှေးက ဝတ္ထုသက်သေ | ၂၇ |
| ပါရမီနှင့် ဝိရိယရှိတိုင်း ရနိုင်သလား | ၂၀ |
| ဒုက္ခပဋိပဒါခိပ္ပါဘိညာ | ၂၈ |
| ဒုက္ခပဋိပဒါဒန္ဓါဘိညာ | ၂၉ |

အထူးသတိပြုတော်မူကြပါရန် ၂၉
နံပါတ် ၁၊ အမြန်ဆုံးရှုနည်း ၃၀
ကမ္မဋ္ဌာန်းတောင်းပုံ ၃၀
အား းထုတ်ခါနီး သိအပ်သော တရားသဘော ၃၄
သီလ–သမာဓိ–ပညာ ၃၅
သမာဓိဖြစ်ရုံမျှနှင့် ဝိပဿနာသို့ ဘယ်လိုရောက်သွားသလဲ ၃၆
ဣရိယာပထနှင့် သမာဓိဖြစ်ပြီး၊ ဝိပဿနာရောက်သွားပုံ ၃၇
ယခုခေတ် ဣရိယာပထ ရှုနည်း ၃၉
သမထယာနိကနှင့် ဝိပဿနာယာနိက ၃၉
အမြန်ဆုံးရှုနည်းဟု ခေါ်ရခြင်း ၄၀
ပဌမ လက်တွေ့အမြန်ရှုပုံ ၄၀
အားထုတ်တိုင်း မိဋ္ဌာန်ရမည် ၅၀
အာရုံအမျိုးမျိုးတို့ဖြင့် ဖိုလ်ဝင်စားနည်း ၅၃
သတိပြုရန်အချက် ၅၆
ဒုတိယ လက်တွေ့အမြန်ဆုံးရှုပုံ ၅၇
အထူးအဆန်းတွေ့ရပုံ ၆၁
တတိယ လက်တွေ့အမြန်ဆုံးရှုပုံ ၆၃
နောက်သို့လှန်၍လဲခြင်း၏အဓိပ္ပါယ် ၆၆
အထက်မဂ်အဘို့ အားထုတ်နည်း ၆၀
တတိယ နည်းကိုပြနေသော ဆရာတော်၏နည်း ၆၉
ကျမ်းဂန်ကဆိုပုံ ၇၀
သမထ သမာဓိနိမိတ် ၇၅
သတိပြုရန် အချက်များ ၇၇
တိုက်ဘုန်းချက် ၇၇
ကမ္မဋ္ဌာန်း အားထုတ်စဉ် တွေ့တတ်သော သဘောတရားများ ၇၀
ဖလသမာပတ္တိ အာနိသံသ ၈၁
သမာပတ် သုံးမျိုးအကြောင်း ၈၁
ဈာနသမာပတ် ၈၁
ရဟန္တာတိုင်း တန်ခိုးမဘန်ဆင်းနိုင်ဘူးလား ၈၂
ဖလသမာပတ် ၈၃

နိရောဓ သမာပတ် ၈၅
အကျိုးရှိလျှင် လုပ်ရမည် ၈၇
မိဋ္ဌာန်ခြင်း၏ အကျိုးနှင့် သာဓကများ ၈၈
ဘုရားဖြစ်ခါနီး၊ မိဋ္ဌာန်၍ ရွှေခွက်မျှောပုံ ၈၉
ဘုရားလောင်း ငုံးမင်း မိဋ္ဌာန်ခြင်း ၈၉
ဘုရားလောင်း ငါးရံ့မင်း မိဋ္ဌာန်ခြင်း ၈၉
အသျှင်ပစ္စေက ဗုဒ္ဓါမိဋ္ဌာန်ခြင်း ၈၉
အသျှင် မဟာကဿပ မိဋ္ဌာန်ခြင်း ၉၀
သင်္ဃာ့ဋ္ဌကျွန်း ရဟန္တာများ မိဋ္ဌာန်ခြင်း ၉၀
ဒုဋ္ဌဂါမဏိမင်း၏ အမိဋ္ဌာန် ၉၁
မြွေဆိပ်ကျအောင် မိဋ္ဌာန်ပုံ ၉၂
ဗါးမဲ့ဆရာတော် မိဋ္ဌာန်ပုံ ၉၃
ပုဂံ ညှပ်ကြီး၌ မိဋ္ဌာန်ပုံ ၉၃
ဠ လွန်းဆရာတော် သိမ်သမုတ်ရန် မိဋ္ဌာန်ပုံ ၉၄
အင်ဋ္ဌာန်အကြောင်း ၉၇
နေရာတကာတွင် အသေးစိပ်မဟောပါ ၁၀၀
ကျနုပ်တို့စမ်းသတ်ကြည့်ပုံများ ၁၀၄
အံ့သြဘွယ်ထူးခြားချက် ၁၀၉
ဒုတိယထူးခြားချက် ၁၁၁
တတိယ ထူးခြားချက် ၁၁၃
စတုတ္ထ ထူးခြားချက် ၁၁၄
ပဥ္စမ ထူးခြားချက် ၁၁၆
အထူးသတိပြုရန် မှတ်ချက် ၁၁၇
ဘဝင်ချုပ်နှင့် မဂ်ချုပ် ခြားနားတတ်ပုံ ၁၁၈
ဆဋ္ဌမ ထူးခြားချက် ၁၁၉
သတ္တမ ထူးခြားချက် ၁၂၀
ဖလသမာပတ်ဝင်စားနေစဉ်ဇုရိယာပုထ်လှုပ်ရှားနိုင်သလား ၁၂၂
အဋ္ဌမ ထူးခြားချက် ဖလသမာပတ်ဝင်စားရင်း
စကြိုလျှောက်ခြင်း ၁၂၃
နဝမ ထူးခြားချက် ၁၂၆

# မာတိကာ


| | စာမျက်နှာ |
|---|---|
| ကလေးများကို၊ နတ်စသည်တို့က ပို၍ဂရုစိုက်ခြင်း | ၁၂၇ |
| ဒသမ ထူးခြားချက် | ၁၂၇ |
| ဧကာဒသမ ထူးခြားချက် | ၁၂၈ |
| ဒွါဒသမ ထူးခြားချက် | ၁၂၉ |
| ပို၍ထူးခြားချက် | ၁၃၀ |
| ဓိဋ္ဌာန်၍ ပိုက်ဆံရှာနည်း | ၁၃၀ |
| ဓိဋ္ဌာန်၍ ထိပ်ပုတ်ခြင်း | ၁၃၁ |
| လက်မြှောက်၍ အာရုံဖြေနည်း | ၁၃၂ |
| ဝိဇ္ဇာနှင့် နတ်အရိယာများ အကြောင်း | ၁၃၂ |
| အထူးမှတ်ချက် | ၁၃၅ |
| လောကီနှင့် လောကုတ္တရာ | ၁၃၇ |
| မြတ်စွာဘုရား၏ ဝါဒ | ၁၄၂ |
| ကမ္မဋ္ဌာန်းဆရာတော်များသို့ လျှောက်ရန် | ၁၄၄ |
| ကမ္မဋ္ဌာန်းဆရာတော်တို့၏ အကြောင်းပြချက်များ | ၁၄၅ |
| မြတ်စွာဘုရား၏ အလိုတော်နှင့် မကိုက်ညီ | ၁၄၆ |
| မြတ်စွာဘုရား၏ အလိုတော်ကိုဖြည့်မှု | ၁၄၆ |
| ကုသိုလ်တရားမှန်လျှင် ပြောကောင်းပါသည် | ၁၄၉ |
| ဟိရိဩတ္တပ္ပဆိုတာ ဘာလဲ | ၁၄၉ |
| မဂ်ဖိုလ်လိုလား သူတော်စင်များသို့ | ၁၅၀ |
| ဤကျမ်းတွင် ရေးသားချက်တို့ကို လူတိုင်းက၊ ယုံကြည်နိုင်ပါမည်လား | ၁၅၁ |
| ပရိယတ်တတ် နှင့် ပဋိပတ်တတ် ဘယ်သူက ပညာရှိလဲ | ၁၅၃ |
| တရားဟော ဓမ္မကထိကများကို တောင်းပန်ချက် | ၁၅၉ |
| သိတတ်လျှင် ကမ္မဋ္ဌာန်းနှင့် လွတ်ထာမရှိ | ၁၆၀ |
| လယ်တီနှင့် မဟာစည်ကို ကဲ့ရဲ့သူများ | ၁၆၂ |
| ပဋိပတ်သမားချင်းလည်း ကဲ့ရဲ့တတ်ပုံ | ၁၆၃ |
| ကျွမ်းကျင်ရာ လိမ္မာ—သူ့နေရာ သူဆရာ | ၁၆၄ |
| အထူးကြေငြာချက် | ၁၆၆ |
| စေတနာကောင်းဖြင့် ဝန်ခံချက် | ၁၆၇ |
| ပြသပေးမည် | ၁၆၈ |

# နိဒါန်း

ယခု ဤကျမ်းကိုမရေးမီ လွန်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၉၃-ခုနှစ်တွင်၊ ဝိပဿနာကိုယ်တွေ့တရားကို၊ အားထုတ်ပြီးခါစမှစ၍၊ ကိုယ်ချင်းစာတရားဖြင့်၊ ဝိပဿနာအစစ်တရားကို၊ အလွန်လိုချင်ပါလျက်နှင့်၊ ဘယ်လိုလုပ်၍ အားထုတ်ရမှန်းမသိ၊ ကျမ်းစာများကိုဘတ်ကြည့်၍လည်း နားမလည်။ ဘဲဥ-အစရှာ၍မရသကဲ့သို့ဖြစ်နေရရှာသော၊ ကျား၊ မ၊ ကြီး၊ ငယ်၊ အသွယ်သွယ်သော ဝေနေယျတို့အား၊ စာကိုဘတ်ကြည့်ရရုံနှင့်၊ အားထုတ်တတ်အောင် ရည်ရွယ်လျက် ဝိပဿနာကျမ်းများကို၊ စာတွေ့၊ ကိုယ်တွေ့-ညှိနှိုင်း၍ရေးပြီးလျှင်၊ သတင်းစာတိုက်မှ ကြေငြာပြီး၊ ဓမ္မဒါန်းဖြန့်ဝေခဲ့ပါသည်။ ထိုကျမ်းများမှာ။ (၁) ဒိဋ္ဌဓမ္မဝိပဿနာဉာဏဒဿန ဖြတ်လမ်းပြကျမ်း၊ (၂) ဝိပဿနာပါရဂူကျမ်း၊ (၃) ဝိပဿနာပါရဂူသင်္ခေပကျမ်း၊ (၄) ဝိပဿနာ ပါရဂူ ကျမ်းတော်ကြီး လေးစောင်တွဲကျမ်း၊ (၅) ဝိပဿနာ ဆရာဖြစ်သင်တန်းကျမ်း၊ (၆) အဖွားဘွားအမြန်ရှုနည်းကျမ်း၊ (၇) လယ်ဘိ ဝိပဿနာနှင့် လယ်တီဒီပနီ အဆီပေါင်းချုပ်ကျမ်း၊ (၈) ဝေဘူဆရာတော်ဝိပဿနာနည်းတို့ကိုရေးခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါကျတော့ခါ၊ မလှူနိုင်သဖြင့်၊ ရောင်းစားခဲ့ပါသည်။ ထိုကျမ်းများတွင်၊ ဝိပဿနာနှင့်ပတ်သက်သော၊ သဘောတရားတို့မှာ၊ တောင်တောင်ကြီးကိုသင်၊ စုံလင်စေ၍ပါသဖြင့် ဝိပဿနာ လက်တွေ့ရှုနည်းပေါင်း (၂၁) နည်းအထိရေးသားပြသခဲ့ရပါသည်။ ထိုသို့ရာတွင်၊

# နိဒါန်း

ယာခု- ယာနေ့ အထိ-တွေ့ရှိထားသော၊ ဝိပဿနာ ဗဟုသုတ များမှာ၊ ကျန်ရှိနေပါသေးသဖြင့်တကြောင်း၊ ၎င်းကျန်ရှိနေ သေးသော ဗဟုသုတများကို လူတိုင်းသိရှိနားလည်စေလို သောစေတနာထားရှိခြင်းကတကြောင်း၊ ကျွန်ုပ်၏အသက် သည်၊ ယာခု-ယာနေ့(၆၇)နှစ်ထည်းသို့ ဝင်စပြုလာပြီဖြစ်သော ကြောင့်၊ ယာခုမရေးဖြစ်ဘဲ ဘဝပြောင်းသွားလျှင်၊ ဗဟုသုတ လိုလား၊အမျိုးကောင်း သား-သမီးများတို့သည်၊၎င်းဗဟုသုတ ကို သိသင့်သိထိုက် ရသင့်ရထိုက်ပါလျက်၊ မသိ-မရ-ဖြစ်နေ မှာစိုးသည်ကတကြောင်း။၎င်းသို့သောအကြောင်းတို့ကြောင့် ယာခု-၎င်းအမြန်ဆုံး လက်တွေ့ရှုပုံနှင့် ဖလသမာပတ္တိအာနိသံ သကျမ်းကို လူတိုင်းလည်း နားလည်လွယ်အောင်၊ မြန်မာ စကားပြေသက်သက်ဖြင့် ရေးသားလိုက်ရပါသည်။ မလွဲမ ရှောင်သာသော ပါဠိအသံမှာ ကျမ်းပြီးဆုံးခါနီး နိဗ္ဗာန်မဂ် ဖိုလ်အကြောင်း၌သာ၊အနည်းငယ်မျှပါရှိပါသည်။ ပါဠိ အကိုးအကားများများကို သိလိုပါမူ ရေးပြီးခဲ့သော အရင် ကျမ်းများတွင် ပါရှိပါသည်၊

# အမြန်ဆုံးလက်တွေ့ရှုပုံကျမ်း

# စိရံ တိဋ္ဌတု သဒ္ဓမ္မော

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

## ဝိပဿနာလက်တွေ့ အမြန်ဆုံးရှုနည်းအကြောင်း

ဝိပဿနာလက်တွေ့ အမြန်ဆုံးရှုနည်းအကြောင်းကိုရေးရမည်ဆိုသော်၊ အဘယ်ကြောင့် လက်တွေ့အမြန်ဆုံး ဖြစ်နိုင်ကြောင်းကို အင်္ဂါရပ်များနှင့်တကွ၊ ရေးပြရန်လို၏။

## ပုဂ္ဂိုလ်ငါးမျိုးအကြောင်း။

ပုဂ္ဂိုလ်ငါးမျိုးဟူရာ၌။ (၁)အသျှင် ပစ္စေကဗုဒ္ဓါ ဖြစ်မည့် ပုဂ္ဂိုလ်။(၂) ဥဃဋိတညူပုဂ္ဂိုလ်။ (၃) ဝိပဉ္စိတညူ ပုဂ္ဂိုလ်။ (၄) နေယျပုဂ္ဂိုလ်။(၅) ပဒပရမပုဂ္ဂိုလ် ဟူ၍ဖြစ်၏။ ထိုငါးမျိုးတွင်။

## ပစ္စေကဗုဒ္ဓါလောင်း။

(၁) အသျှင်ပစ္စေကဗုဒ္ဓါလောင်း ဖြစ်မည့်ပုဂ္ဂိုလ်များမှာ၊တရားကို အထူးအားထုတ်၍ နေရသည်မဟုတ် သတိသံဝေဂ-ရရုံနှင့် အရဟတ္တဖိုလ်ကို ချက်ခြင်းရ၍၊ပစ္စေကဗုဒ္ဓါအသျှင်မြတ်ဖြစ်သွားရ၏။ သပိတ် ပရိက္ခရာအစုံ၊ အလို အ

လျှောက်ရပြီး ဝတ်ဆင်ပြီး ဖြစ်သွား၏။ ဆံပင်ကို ရိပ်နေ ရသည့်မဟုတ် ဦးခေါင်းတော်ကို လက်တော်နှင့်၊ သတ်ရုံနှင့် ကိစ္စပြီးသွား၏၊ အဘိညာဉ် တန်ခိုးတို့ပါ တပါတည်း ရသွား၏။

## ဘယ်လိုသတိသံဝေဂ –မျိုးလဲ။

အသျှင်ပစ္စေကဗုဒ္ဓါလောင်းလျာများရတဲ့ သတိသံဝေဂ ဆိုတာ၊လွယ်လွယ်ကလေး-တိုတိုကလေးပါဘဲ။ ။ဥပမာ များ (၁) သစ်ရွက်ကြွေကျတာကို မြင်ရုံမျှနှင့် သတိ ရ လာ သောအခါ၊ ဩော် .... အသက်မရှိတဲ့ သစ်ပင်က သစ် ရွက် တောင်မှ၊ ကြွေချိန်ကျတော့-ကြွေရပါသေးတကား။ငါလို-အသက်ရှိတဲ့လူမှာ အဘယ်ဆိုဘွယ်ရာရှိပါအံ့နည်း။ ။ဤသို့ သတိသံဝေဂရရုံနှင့် အသျှင်ပစ္စေကဗုဒ္ဓါ ဖြစ်သွားတာလဲ ရှိ၏။ ။(၂) နံက်ကပွင့်လန်းဝေဆာနေတဲ့ ပဒုမ္မာကြာပန်း တွေဟာ၊ ယခုညနေကျတော့ ညှိုးနွမ်းတာက ညှိုးနွမ်းကြွေ ကျပျက်စီးတာက ပျက်စီးကုန်ကြပါတကား၊ငါလို-အသက် ရှိတဲ့ လူမှာဆိုလျှင် အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။ ။ ဤသို့သတိသံဝေဂ ရရုံနှင့်လည်း၊ ဖြစ်သွားတာလဲရှိ၏။ ။ (၃) အဘော်အပေါင်းနှင့် ညိတွယ်၍နေခြင်းသည် မလွတ် လပ်ပါတကား။ ကြံ့ချိုကဲ့သို့ တကိုယ်တည်းနေရလျှင် ချမ်း သာမည်ပါတကား။ ။ဤသို့သတိသံဝေဂရရုံနှင့်လည်းဖြစ် သွားတာလည်းရှိ၏။ ။ဤသို့သော လွယ်လွယ်နှင့်ဖြစ်သွား ကြတာချည်းပင်ဖြစ်၏။အကျယ်သိလိုလျှင်၊ထေရာအပဒါန် ဝတ္ထုတော်များတွင်ကြည့်ပါ။

## ဥဂ္ဃာဋိတညူပုဂ္ဂိုလ်။

(၂) ဥဂ္ဃာဋိတညူ ဆိုတာ တရားတော်ကို တပုဒ်တ ဂါထာမျှ- အကျဉ်းသင်္ခေပ ကြားရရုံနှင့် အရိယာဖြစ်နိုင်၏။ ဥပမာမှာ။ ။အသျှင်သာရိပုတ္တရာအလောင်းသည်၊ အသျှင် အဿဇိထံမှ ဂါထာကို ကြားနာရရာ- ဂါထာ တဝက်မျှနှင့် ပဌမ သောတာပတ္တိမဂ်ဖိုလ်ကိုရ၏။ ။အသျှင်မဟာမောဂ္ဂလာန်အလောင်းမှာ၊ ဂါထာတပုဒ်ဆုံးရုံမျှနှင့် သောတာပန်ဖြစ်သွား၏။ ။ဂါထာ၏အဓိပ္ပါယ်မှာ၊ (ခပ်သိမ်းသောတရားအပေါင်းသည်၊ )အကြောင်းအား လျော်စွာသာ ဖြစ်ကြ ရကုန်၏။ ထိုသို့အကြောင်းရှိလို့ ဖြစ်ရသော သဘောတရားအပေါင်းသည်လည်း၊ ပျက်စီး-ချုပ်ပျောက် ကုန်ဆုံး ခြင်းသို့သာ ရောက်ကြရကုန်၏။ )ဟူ၍ဖြစ်၏။

## ဝိပဉ္စိတညူပုဂ္ဂိုလ်။

(၃) ဝိပဉ္စိတညူပုဂ္ဂိုလ်။ ဆိုသည်မှာ၊ တရားတော်ကို အတို- ဟောရုံနှင့်မရ၊ လိပ်ပတ်လည်အောင် အကျယ် ချဲ့၍ ဟောမှရ၏။ ဥပမာမှာ-မြတ်စွာဘုရား၏တရားပွဲသို့၊ အဝတ်မပါ-ဗလာနတ္ထိနှင့်အရူးမ-ပဋာစာရီသည်၊ အကြောင်းအား လျော်စွာ ရောက်သွားရာတွင်။ဥပါသကာ တယောက်၏အပေါ်ရုံ ပုဆိုးတထည်ကိုရ၍ဝတ်မိသောအခါ မြတ်စွာဘုရားသခင်က-ချစ်သမီးပဋာစာရီ- ငါ့ဆီသို့လာခဲ့ဟု ခေါ်တော်မူ၍ ချစ်သမီးဘာဖြစ်ထာလဲဟု မေးသော အခါ။ မှန်လှပါဘုရား၊ တပည့်တော်မမှာ-သားသေ-လင်ဆုံး-မိဘ-မောင်ဘွားများ

ပါ ပြုတ်ပြုတ်ပြဲ၍ယူကြုံးမရ အရှုးမကြီးဘဝသို့ ရောက်ရပါသည်ဘုရားဟု လျှောက်တင်လေ၏။ ထိုအခါ- မြတ်စွာဘုရားက၊ ချစ်သမီး .... ။ သေတယ်ဆိုတာအဆန်းမှ- မဟုတ်ဘဲ၊ လောက၌ မွေးတာ-သူ-ငါ-ကစ၊ မသေရမည့်သူ ဟူ၍ မရှိ။အရင်နှင့်နောက် သူ့နောက်ငါလိုက်ငါ့နောက်သူလိုက် သေ၍သာလိုက်ကြရတယ်ဆိုတာ- အစဉ်အလာအရ၊သမိုးကျကြီးဟာဘဲ။ဝမ်းနဲ့ပက်လက် နှလုံးသွေးပျက်၍ စိတ် စက်နောက်မူး ဘာ-ရူးစရာ ရှိသလဲ-ချစ်သမီး- သတိထား၍ စဉ်းစားကြည့်မှပေါ့ဟု၊ မိန့်တော်မူသောအခါ။ ပဋာစာ ဟုတ်ပေသားကဘဲဟု သတိရလျက် သက်သာရာရ-စိတ်ကြည်လင်၍၊ဆင်ချင်တိုင်းထွာအသိ- ဉာဏ် ဝင်လာနိုင်သောအခါ။ မြတ်စွာဘုရားက ထပ်မံနှုးဆော်လက်၍ ဟောပြသည်မှာ။ ။ချစ်သမီး..... ။လောက၌၊ဇာတိဆိုတဲ့ တရားဖြစ်မှဖြင့်၊ ဇရာဆိုတဲ့ တရားလဲဖြစ်ရမြဲဘဲ ဇရာ တရားဖြစ်လျှင်လဲ-ဗျာဓိ-တရားဟာ-ဖယ်လွှဲ၍မရဘူး ဒဲဒီ- ဇာတိ-ဇရာ-ဗျာဓိ-တရားတို့ဖြစ်ပြီးလျှင် မရဏဆိုတဲ့ တရားဟာ-မချမလွဲ ဧကန်-ဖြစ်ရမြဲဘဲ။ ချစ်သမီး-လောကမှာ ဖြစ်လျှင်- ပျက်ရမှာဘဲ၊ ထိုကြောင့်၊ ဖြစ်ဖြစ် သမျှသော သဘောတရား ဥသုံ-အလုံးစုံသည်၊ အကုန် ပျက်ရမှာချည်းဘဲ ဟု အသဲစွဲ မှတ်ပေတော့ ဟူ၍- ဟောတော်မူသော- အဆုံး၌၊ ပဋာစာရီသည်- သောတာပန်ဖြစ်သွားလေ၏။

ဧင်းပြင်၊ အရိယာ အမည် ရှိသော-ငါးမျှားသမား တယောက်သည်။ငါးမျှားနေစဉ်၊ ဘုရားသခင်-ကြွလာတော်မူ

သည်နှင့် တွေ့၍၊ ဂှက်စနီးဖြစ်ပြီး၊ ငါးမျှားတန်ကို ချလျှော်၍ ရှိုးနေရာ။ ။မြတ်စွာဘုရားက၊သင်အသူနည်းဟု မေးသော်၊ တငါသည်က-တပည့်တော်-အရိယ-ပါဘုရား-ဟု-လျှောက်လေ၏။ မြတ်စွာဘုရားက ဟဲ့ငမိုက်အရိယ-ဆိုတာ၊ နင်လို တငါကိုခေါ်တာမဟုတ်ဘူး အရိယ-ဆိုတာ သံသရာမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း တရားကောင်းကို အားထုတ်၍ ရုပ်နာမ်ခန္ဓ သင်္ခါရတို့၏ အဖြစ်ကိုမြင်ပြီး ပုထုဇဉ်ဘဝမှ-လွတ်မြောက် နိဗ္ဗာန်ပေါက်-ပုဂ္ဂိုလ်ကိုမှ-အရိယ ဟုခေါ်ကြောင်း အကျယ်ပိတ္ထာရ ဟောပြသော အခါ ထိုတငါ-အရိယသည် သောတာပန် အရိယာအစစ် ဤနေရာတွင်ဖြစ်သွားလေ၏။

မှတ်ချက်။ ။တရားဆိုတာ- သိလျှင်ပြီးတာဘဲ၊ အားယုတ်တို့မလိုပါဘူးဆိုတာသည်။ ဤအထက်ပါ- ရင့်ကျက်ပြီး သော ပါရမီရှိတဲ့။ ပုဂ္ဂိုလ်မျိုးကိုသာ ဆိုလိုရင်း ဖြစ်ပါသည်။ ။ယခုခေတ်တွင်ရှိကြသော ပါရမီအောက်တန်းစား နေယျပုဂ္ဂိုလ်မျိုးကို ဆိုတာမဟုတ်ပါ၊နေယျပုဂ္ဂိုလ်ဆိုတာ ပါရမီမျိုးစေ့ကိုက တရားကို ကြားနာရရုံနှင့် သိခြင်း သင်ယူ၍သိခြင်း၊ မေး၍သိခြင်း၊ အာရုံနှုတ်တက် ကျက်၍ ဆောင်ထားခြင်းဖြင့်သိခြင်း၊ ဆင်ခြင်တွေးတော ကြံစည်၍ သိခြင်း၊ တည်းဟူသော သုတ္တာသိ၊ ဝိညာဉ်သိ၊ သုဘာမယဉာဏ်သိ၊ စိန္တာမယဉာဏ်သိ၊ ဤအသိမျိုးတို့ဖြင့်၊ မဂ်ဖိုလ်ကိုရနိုင်သောပါရမီ မျိုးစေ့မျိုးမဟုတ်ပါ။ ။ထို့ကြောင့်၊ ကြားနာ၊ ကြံစည်-သိရှိရရုံနှင့်၊ တရားထူးကိုရနိုင်သည့် ပါ

ရမီမျိုးစေ့မရှိသော နေယျပုဂ္ဂိုလ်တို့ကို ဆရာလုပ်တဲ့ လူက ကြံကြည့်-တွေးကြည့်-စဉ်းစားကြည့်-ဝေဘန်ကြည့်၊ သိလျှင် သောတာပန်ဖြစ်ထာဘဲဟု၊ သင်ပြပေးရင်ကော၊ ဖြစ်နိုင်ပါ့ မလား။ သူတောင်းစားကို ရှင်ဘုရင်ဖြစ်အောင် အလုပ်ခိုင်း သလိုနေမှာပ။ ဥာဏ်နှင့် စဉ်းစားကြည့်ကြပါ။

## ကြံ၍သိတာကို၊ ဝိပဿနာလို့၊ ကျမ်းဂန်က ဆိုသလား။

ကြံစည်-စိတ်ကူးတာကို၊ နေယျပုဂ္ဂိုလ်တို့အတွက် ဝိပဿနာရယ်လို့၊ ဘယ်မြတ်စွာဘုရားကမှ ဟောတော်မမူခဲ့ပါဘူး စိတ်ကူးကြံစည်ရုံမျှနှင့် ဘယ်ပုဂ္ဂိုလ်သည်၊ ဘယ်မဂ်ကိုရသွားသည်ဟူ၍လည်း ဝတ္ထုသက်သေ မရှိဘူးပါဘူး။ ။သို့ရာတွင်၊ ပဋိသမ္ဘိဒါမဂ်တွင်မူကား၊ ဝိပဿနာအစစ်ကို မခားထုတ်မည့်အခါဒိကမ္မိက၊ ယောဂီအသစ်အား တရားကို စ၍ အားမထုတ်မီ တရားသဘောကို-နားလည် လွယ်စေရန် အတွက်၊ ပြောပြလျှင် ဖြစ်နိုင်ပါ၏ဟူ၍၎င်း။ အချို့ဆရာများကတော့ခါ၊ စိတ်ကူးကြံစည်စရာတို့ကိုမပြောပြဘဲ၊ ဝိပဿနာအစစ်ကိုသာ တခါတည်းအားထုတ်ရန်ပြသ ပေးသည်-ဟူ၍၎င်း။ စိတ်ကူးကြံစည်မှုသည်၊ ဝိသုဒ္ဓိ ခုနစ်ပါးတွင်-တပါးမျှ ပါဝင်သည် မဟုတ်-ဟူ၍၎င်း။ ဟောမိန့် ထားတော်မူပါသည်။ ။သို့အတွက် ကြောင့်၊ စိတ်ကူး ကြံစည် တွေးတော၍ ယူရရုံမျှသက်သက်သည်၊ ဝိပဿနာလည်းမဟုတ်၊ တမဂ်တဖိုလ်ကိုမျှလည်းမရနိုင်ကြောင်းထင်လျှားလှပါသည်။

## နယဝိပဿနာနှင့်-မဟာဝိပဿနာ။

စိတ်ကူးကြံစည်၍ယူရတာကို ဒေသနတ္တမနည်း အတိုင်း ဖြစ်တတ်ပျက်တတ်တဲ့ သဘောတွေကို တွေးတော ကြံဆ၍ နေရသဖြင့်၊ အဘိဓမ္မာကိုစာသင်သားများ သရုပ်ခွဲသလို ခွဲနေရ၍ နယဝိပဿနာနှင့် ကလာပသမ္မသနဟု၊ ဝိသုဒ္ဓိမဂ်က ဆိုပါသည်၊ အဘိဓမ္မာသရုပ် ကွဲရုံမျှသာရှိပါသည်။ ။ဝိပဿနာအစစ်ကတော့ခါ၊စိတ်ကူးမဟုတ်၊မျက်စေ့ဖြင့် တကယ်မြင်ပြီးပျက်သွားပုံ၊နားဖြင့် တကယ်ကြားပြီးပျက်သွားပုံ၊နှာခေါင်းဖြင့် တကယ်နံပြီး ပျက်သွားပုံ၊လျှာဖြင့်တကယ်အရသာကိုတွေ့ပြီး ပျက်သွားပုံ၊ကိုယ်ဖြင့် တကယ်ထိတွေ့ပြီး ပျက်သွားပုံ၊ ဤသို့သောဖြစ်ပျက်တို့ကို တမျိုးထည်းဖြစ်စေ၊ တမျိုးထက်ပို၍ဖြစ်စေ၊ အကုန်လုံးကိုဖြစ်စေ၊ သိရုံမျှသာ အစဉ်မပြတ် တလစပ် သိနေရအောင် ရှုနေရခြင်းကိုသာ ဝိပဿနာအစစ်ဟုခေါ်ပါသည်၊ဝိပဿနာအစစ်ကို မဟာ ဝိပဿနာဟုခေါ်ပါသည်။ဝိသုဒ္ဓိမဂ်တွင်ကြည့်ပါ။ ။မြတ်စွာဘုရားကလည်း၊ဤ အတိုင်းပင်ဟောတော်မူပါသည်။

## စိတ်ကူးကြံစည်တာဟာ၊ ဘယ်ကပေါ်လာသနည်း။

စိတ်ကူးကြံစည်၍ ယူသည့် အလုပ်သည်လည်း၊ သာမည၊ ဖြစ်ကတတ်ဆန်းမှ ပေါ်ပေါက် လာသောအလုပ်မဟုတ်ပါ။ ယခုခေတ်လို၊ဝိပဿနာအစစ် ထင်ထင်ရှားရှားမပေါ်လွင်ဘဲ၊ ငုတ်နေစဉ်၊ လွန်ခဲ့သည့် နှစ်ပေါင်း ၅စ် ဆယ်ကျော်လောက်တုံးက၊ပိဋကသုံးပုံကိုကောင်းစွာတတ်သိနား

လည်တော်မူကြသော၊ တိပိဋကဓရ မဟာပညာကျော် ဆရာတော်ဘုရားကြီးအချို့က၊ ဝိပဿနာအလုပ်ကို လုပ်လိုလှ၍၊ ကြိုဆရာဘွေတော်မူကြရာတွင်၊ ကြိုစည်ပါ များတော့ခါ၊ သဘာဝဓမ္မတို့၏၊အကြောင်းချင်းရာများတို့အပေါ်၌၊ သမာဓိ-ဖြစ်၍ ပီတိကျပြီးလျှင်၊အင်း...... ဒီသဘောမျိုးဘဲဟု- ဟိုးချလျက် နေရာမှ၊ထိုထက်ပို၍ မတတ်နိုင်တော့ခါ၊ ကေန္တ-ယခု-ငါသိတာဟာ-လမ်းဆုံးပြီ။ ရုပ်စစ်-နာမ်စစ်-ခန္ဓာ-အာယတနဓာတ်အစစ်ဘဲ။ ဒီထက်ပို၍ သိဘွယ်မရှိတော့ဘူးဟု-ယူဆယုံကြည်ပြီးလျှင်၊ထိုသို့ယူဆ ယုံကြည်သလိုပင် စေတနာဗလဝဖြင့်၊ ပမ်းမြောက် ဝမ်းသာစွာ- သူတို့၏ တပည့်-တကာ-တကာမများအား ဟောပြောညွှန်ပြကြခြင်းဖြစ်၏။ တပြည့်တပန်းများကလည်း၊ပုဂ္ဂိုလ်စွဲဖြင့်၊ငါတို့ဆရာတော်ကြီးသည်။ စာကလဲသိတ်တတ်ထာဘဲ။သိလသိက္ခာလဲ သိတ်ရှိသေတာဘဲ။တရားလဲသိတ်ကျိုးစားတာဘဲ။ စသည်တို့ဖြင့်၊ ယူဆလျက်၊ သူတို့ဆရာတော် ဘုရားကြီး တို့၏- ဩဝါဒတော်အတိုင်း၊တသွေမတိမ်းကျင့်သုံးလိုက်နာလျက်၊နောက်ထပ်-ဆရာအစဉ်အဆက်၊တပည့်အစဉ်အဆက်-ဆက်လက်ယူဆ-ကျင့်သုံး၍ လာကြရာ၊ ယခုထက်ထိ၊ မူလ မပျက်ဘဲ၊ တည်လျက်ပင် ရှိနေကြခြင်း ဖြစ်ပါသည်။ ။ကျေးဇူးရှင်-လယ်တီဆရာတော်ဘုရားကြီးတောင်ပင်၊ အစပဋ္ဌမ တုံးကတော့၊ ဒီလိုပါဘဲ။ ဒါကြောင့်မို့လို့။ လယ်တီ ဆရာတော်ဘုရားကြီး စ၍တရားရှာကြံစဉ်- ရေးသားထားသော ဒီပနီတချို့တွင်၊စိတ်ကူးကြံစည်တာဟာ-ဝိပဿနာပါဘဲဟု- ပါ

ရှိပါသေးသည်။ ။သို့ရာတွင်နောက်ကို၊တရားအစစ်-တကယ် တွေ့ပြီးတော့မှ၊ ကြံစည်၍ ယူရတာဟာ ဝိပဿနာမဟုတ် ကြောင်း၊ခေတ်လေးပါးဆိုတာ-နတ်မျက်စိသော်မှ မမြင်နိုင် ကြောင်း၊ခန္ဓာကိုယ်အတွင်း၌ ကာယဝိညာဉ်-မနောဝိညာဉ် တို့ဖြင့် တကယ် ဒိဋ္ဌတွေ့အောင် ရှုရမြင်ရမှ၊ ဝိပဿနာစစ် ကြောင်း-တို့ကို၊ ရေးသားထားတော်မူပါသည်။ ဤသို့- ဝိပဿနာအစစ်၏အကြောင်းတို့ကို၊ကျွန်ုပ်သည်-စုပေါင်း၍ လယ်တီဒီပနီအဆီပေါင်းချုပ် ဟူသောအမည်တတ်၍ လယ် တီဝိပဿနာနှင့်တွဲပြီးထုတ်ထားပါသည်။အလိုရှိလျှင်ကြည့် နိုင်ပါသည်။ ။လယ်တီဆရာတော်ဘုရားကြီး၊တရားစစ်ကို မတွေ့သေးမီက၊ ဆည်းကပ်ကိုးကွယ်ကြ ဘူးသော အ ချို့ သော ပုဂ္ဂိုလ်များသည်၊ယခုထက်တိုင်၊ လယ်တီဆရာတော် ဘုရားကြီး၏တပည့်၊လယ်တီဆရာတော်ဘုရားကြီး၏- နည်း ဟူသော အမည်ကိုခံယူလျက်၊ ကြံစည်တွေးတောမှုတို့ကို၊ ဝိပဿနာအစစ်မှတ်ပြီးလျှင်၊ဝိပဿနာဆိုတာ-ဉာဏ်အရာ ဖြစ်သည်၊ကြံယူမှသာ-ရနိုင်တယ်ဟု၊ ဟောပြောသင်ပြပေး နေတာတွေ-နေရာတကာ မှာလိုလိုပင် ရှိလျက် နေပါသေး သည်။ ထိုနည်းဖြင့်ပင်၊အခြားသော- စိတ်ကူးယဉ်- ဆရာ တော် ဘုရားကြီးတို့၏။အဆက်တွေလည်း၊ အသင့်အတင့်- ကျန်ရှိကြပါသေးသည်။

## စိတ်ကူးကြံစည်ရုံနှင့်၊ ဘာဖြစ်နိုင်သလဲ၊

စိတ်ကူး ကြံစည်ရုံနှင့်- ဘာ အ လုပ် မှ- မဖြစ်နိုင်ပါ

ကုသိုလ်နှင့်၊ ပတ်သက်ထာကို စိတ်ကူးလျှင်- ကုသိုလ်စိတ် ဖြစ်ရုံသာရှိမည်။ အကုသိုလ်နှင့်-ပတ်သက်ထာကို စိတ်ကူး လျှင်-အကုသိုလ်စိတ် ဖြစ်ရုံသာရှိမည်။အလုပ်ကိစ္စကတော့ မပြီးမြောက်နိုင်ပါ။ ဥပမာ ဆိုလျှင်၊ ဒါန ကို စိတ်ကူးဖြင့် လုပ်ကြည့်၊ ဒါနမဖြစ်၊ ဒါနကမ္မပထ မမြောက်။ သီလ- သမထ-ဝိပဿနာတို့သည်လည်း၊ ထိုနည်းငှင်းပင်။လောကီ လူမှုကိစ္စအဝဝတို့ကိုလည်း၊ စိတ်ကူးရုံမျှနှင့်၊ ဘာဖြစ်နိုင် တာကို တွေ့ဘူးကြပါသလဲ၊ ထမင်းဆာတဲ့လူဟာ၊စိတ်ကူး ဖြင့် စားကြည့်လို့၊ အဆာပြေပါ့မလား။ မမာတဲ့ လူဟာ- စိတ်ကူးဖြင့် ဆေးသောက် ရောဂါ ပျောက်ပါ မည်လား။ စိတ်ကူးဖြင့်၊ ကျောင်းဆောက်-ဘုရားတည်။ဘုရားတကာ- ကျောင်းတကာ-ဖြစ်နိုင်ပါမည်လား၊ငှင်းပြင်ငွေတချပ်နှင့် တကျပ်ပေါင်းလျှင်၊ ဘယ်လောက်ရှိမလဲဆိုလျှင်၊ နှစ်ကျပ် ရှိမယ်ဆိုတာကိုတော့၊ ခလေးကလေးတောင်မှ သိနိုင်မည်။ သိနိုင်ပေမဲ့၊ တကယ့်ငွေနှစ်ကျပ် အစစ်ကိုတော့- ရမလား၊ ဘယ်တော့မှ မရနိုင်ပါ။ စိတ်ထည်းမှာဘဲ ပျောက်သွားရ တာပါဘဲ။

## တဆရာထဲ—စွဲမထားသင့်။

ဗဟုသုတဆိုတာ များ‌လေ-ကောင်းလေဖြစ်သည်။တဆ ရာထဲ-စွဲထားလျှင်၊ မှန်လျှင်တော်ပါသေး၏။ မှားလျှင် ခက် တတ်သည်။ မှန်တယ်ဆိုတာတောင်မှ၊ တဆရာထဲ၏ ဗဟု သုတကိုသာ ရနိုင်သောကြောင့်၊ဗဟုသုတ မပြည့်စုံနိုင်ချေ။

ဖြတ်ရွာဘုရား သခင် လက်ထက် တော်တုံးက၊ ရဟန္တာ အသျှင် မြတ်များသည်ပင်၊ မိမိထက် တတ်ကျွမ်းသော၊ ပုဂ္ဂိုလ်များထံ၊ မေးမြန်း၍ ယူကြရသေးသည်။ သို့ရာတွင်၊ ယခုခေတ်မှာမူ၊ များသောအားဖြင့် မိမိ၏ဝါဒ၊ မှားယွင်း ချွတ်ချော် နေတာကို သိလာတာ တောင်မှ၊ မပြင်ဆင်ဘဲ။ ဖွတ်ကဲ၍၊စွဲမြဲဟောပြောပြသ နေတတ်ကြသည်။ ဂုဏ်ပြင် လည်း၊ မိမိ၏ဝါဒမှတပါးလွဲ၍၊ အခြားသော ဝါဒတို့ကို၊ ကောင်းမှန်းသိပေမဲ့၊ အောက်ကျမှာစိုး၍၊ မေးမြန်း ခြင်း ကို မပြုလိုတတ်ကြပေ။သူတပါးဝါဒကို၊ ရပြန်လျှင်လည်း၊ သူ့အတုကိုလိုက်၍ ယခုမှလုပ်တတ်သည်ဟု ထင်မှာစိုး၍. အသုံးမပြုဘဲနေတတ်ကြပေသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ယခုအခါ၊တရားကိုအားထုတ်လာတာ ကြာပါလျက်၊တမဂ်တဖိုလ်ကိုမျှ၊ မရကြသေးသော ဝိပဿနာ ယောဂီများမှာ၊ ဆရာအမျိုးမျိုးထံနည်းခံ၍၊ ကျင့်ကြံအားထုတ် စမ်းသတ်ပြီး လျှင်၊ အမှန်ဆုံး-အကောင်းဆုံးကိုရွေး၍၊ တရားထူးကို မရ ရအောင်၊အားထုတ်သင့်ကြပေသည်။မဂ်ဖိုလ်ကို ရပြီးသော ယောဂီများမှာမူ၊ အသက်ထက်ဆုံး၊ ဖလ သမာပတ်ကို၊ လိုသလိုဝင်စား၍ နေနိုင်ကြရအောင်၊ အားထုတ် ကြိုးစား သင့်လှပါကြောင်း၊ စေတနာကောင်းဖြင့် တိုက်တွန်းအပ် ပါသတည်း။

## နေယျပုဂ္ဂိုလ်

(၄)- နေယျပုဂ္ဂိုလ်ဆိုတာ၊ဝိပဿနာတရား အစစ်ကို၊ ဘာကာယ် အားထုတ်လျှင်၊ယခုဘဝတွင်၊ထိုက်သင့်ရာမဂ်ဖိုလ်

ကို ရနိုင်သည်။ စိတ်ကူးကြံစည် ရုံမျှနှင့်မှုကား၊ ယာဘဝ-
မဂ်ဖိုလ်ကိုမရနိုင်။

## ပဒပရမ-ပုဂ္ဂိုလ်

(၅)- ပဒပရမ-ပုဂ္ဂိုလ် ဆိုတာ၊ယခု ဘဝတွင်၊ ဘယ်လိုဘဲ အားထုတ်-အားထုတ်၊မဂ်ဖိုလ်ကိုမရနိုင်၊ သို့ရာတွင်၊ ယခုဘဝ အားထုတ်သွားပါက၊ ဒုတိယ ဘဝ၌ မဂ်ဖိုလ်ကို ရနိုင်သည်။

## နေယျပုဂ္ဂိုလ်ဘယ်နှစ်မျိုးရှိသလဲ

နေယျပုဂ္ဂိုလ်-လေးမျိုးရှိပါသည်၊ ၎င်းတို့မှာ၊

(၁)- သုခပဋိပဒါ ခိပ္ပါဘိညာ၊
(၂)- သုခပဋိပဒါ ဒန္ဓာဘိညာ၊
(၃)- ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ၊
(၄)- ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ၊
ဟူ၍ဖြစ်ပါသည်။

## သုခပဋိပဒါခိပ္ပါဘိညာ

(၁)–သုခပဋိပဒါ ခိပ္ပါဘိညာပုဂ္ဂိုလ်ဆိုတာ၊မပင် မပမ်းဘဲ-သက်သက် သာသာနှင့် မဂ်ဖိုလ်ကို လွယ်လွယ်ကူကူ မြန်မြန် ဆန်ဆန် နှင့် ရနိုင်သော ပုဂ္ဂိုလ်မျိုးကို ဆိုလို ပါသည် ဘယ်လို-သက်သာ-လွယ်ကူ မြန်ဆန်ပါသနည်း ဟူမူ။ ပါရမီထူးသည့်၊ အထက်မျက် အမြန်ဆုံးပုဂ္ဂိုလ်မှာ၊ယခု၍ကျမ်းတွင် ရေးပြသလို၊ ဆရာကလည်း ဂရုတစိုက် ကောင်းစွာပြ

၍ တပည့်ကလည်း လိုလိုချင်ချင် ရှိရှိသေသေ ယုံယုံ ကြည် ကြည်နှင့် ဂရုစိုက်ပြီး အားထုတ်မည် ဆိုလျှင်၊ အစ ပဌမ-ထိုင်၍ အားထုတ်သည့်အချိန်မှစ၍၊ နာရီဝက်ခန့်ကျော်လောက် ကြာလျှင်၊မဂ်ဖိုလ်ကို ရတတ်ပါသည်။ ။တချို့မှာ တနာရီ ခွဲနှင့် နှစ်နာရီစပ်ကြားမှာ ရတတ်ပါသည်။ ။၅၂ ကဲ့သို့ မြန် သော ပုဂ္ဂိုလ်ထူးများ လည်း ရှိပါ သည်။ ။ကျမ်းဂန် တွင် လည်း၊တထိုင်ထည်းနှင့်ရနိုင်သော ပုဂ္ဂိုလ်များ ရှိကြောင်း၊ ပါရှိပါသည်။ တချို့မှာ၊တရက်အတွင်း-နှစ်ရက် အတွင်း၊စ သည်ဖြင့် တဆယ့်ငါးရက် အတွင်း အထိ၊ ရတတ် ကြပါ သည်။ ဤသို့ တဆယ့်ငါးရက်အတွင်း သက်သက် သာသာ နှင့်ရသောပုဂ္ဂိုလ်ကိုသုခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်ဟု ကျွန်ုပ် ကယူဆပါသည်။

## သုခပဋိပဒါဒန္ဓာဘိညာ

(၂)—သုခပဋိပဒါဒန္ဓာဘိညာ ပုဂ္ဂိုလ်မှာ သက်သာသော်လည်း၊ ဤကျမ်းပါနည်းအတိုင်း အားထုတ်မည်ဆိုလျှင်၊တ ဆယ့်ငါးရက်မှ တလအတိအတွင်း၊ ရတတ်ပါသည်။ ။အ ဘယ်ကြောင့်ဆိုသော်၊ကျွန်ုပ်၏ သဘောအတိုင်းပြရ၍၊အား ထုတ်နိုင်သော ပုဂ္ဂိုလ်များမှာ၊ စ၍ပြသည့်နေ့မှ စ၍ တရား ထူးကို တယောက်- ရ-နှစ်ယောက်-ရ-တ နေ့မရ တနေ့ရ ဆိုတာလို၊ရ-ရ သွားရင်းနှင့် တလခန့်လောက်ကြာလျှင် ပြရတဲ့ ယောဂီတည်းမှ၊ကုန်သလောက်နီးပါးရသွားတတ်ပါသည်။ နေ့စဉ်ရက်ဆက်အားထုတ်ရပါလျှက်နှင့် တလလောက်ကြာ

လို့မှ၊ တမဂ်တဖိုလ်ကို မရနိုင်လျှင်၊ ယခုဘဝတွင် မဂ်ဖိုလ်ကို မရနိုင်သော၊ ပဒပရမပုဂ္ဂိုလ်မျိုးဘဲဟူ၍၊ထင်မိပါသည် ဘာပြုလို့လဲဆိုတော့ခါ။ယခုဘဝတွင်-ရနိုင်သည့် ပါရမီရှိသော ပုဂ္ဂိုလ်မှန်လျှင်၊ ကျွန်ုပ်ပြသလိုသာလိုက်၍ အားထုတ်နိုင်မည်ဆိုလျှင်၊ အလွန်ဆုံးကြာမည်ဆိုတောင်မှ ရက်သတ္တတပတ် နှစ်ပတ်အတွင်းတွင်၊ ဥဒယဗ္ဗယဉာဏ်ကို-ကောင်းကောင်း ရောက် တတ်ပါသည်။ ။ဥဒယဗ္ဗယ ဉာဏ် ကို ကောင်းကောင်း ရောက် မိလျှင်၊ ဤကျမ်းပါနည်း အတိုင်း အားထုတ်နိုင်ပါက၊ကေန်မုချ၊တရားထူးကိုမကြာမီရတတ်သည်ဆိုတာ၊ စိတ်ချ ယုံကြည် လောက် အောင် တွေ့ကြုံ ရပါသည်။ ။ဥဒယဗ္ဗယဉာဏ်ကို ကောင်းကောင်း ရောက်တယ်ဆိုလျှင်၊ ဘင်္ဂဉာဏ်ဆိုတာ-အိမ်ဦးနှင့် ကြမ်းပြင်လိုဘဲ တဆက်ထဲ ဖြစ်သဖြင့် ဘင်္ဂဉာဏ်ကိုရောက်ရောက်သွားတာကများပါသည်။ ဘင်္ဂဉာဏ်ကို ရောက်သွားပြန်ပါ မူကား။ မိနစ်ပိုင်း-နာရီပိုင်း-နံက်ပိုင်း-ညပိုင်း- အတွင်းတို့၌ပင်၊ တရားထူးကို မရနိုင်ဘူးဟူ၍ မဆိုနိုင်ကြောင်း၊ ကျမ်းဂန်တွင် ပါရှိပါသည်။ဝိသုဒ္ဓိမဂ်-ဘင်္ဂဉာဏ်အခန်းတွင် တွေ့နိုင်ပါသည်။ ထို့ကြောင့်၊ ဘင်္ဂဉာဏ်ကို၊ ဗလဝ ဝိပဿနာဉာဏ်ဟု ဟောမိန့်တော်မူပါသည်။

## ပဒပရမပုဂ္ဂိုလ်ရယ်လို့ သိနိုင်သလား

ပဒပရမပုဂ္ဂိုလ်ရယ်လို့၊ကေန်မုချအားဖြင့်မဆိုနိုင်သော်လည်း၊ခန့်မှန်း၍ကြည့်ရသည်မှာ။ ။ဤကျမ်းတွင် ပါသလို

ဌာန်ကရိုဏ်း ကျအောင် အားထုတ်ရပါလျက်၊ ဥဒယဗ္ဗယ ဉာဏ်ကို၊ သင့်တင့်ရုံမျှမှ၊ မတွေ့နိုင်သောကြောင့်၊ ပဒပရမ ပုဂ္ဂိုလ်မျိုးဟုဆိုချင်ပါသည်။ ။အဘယ်ကြောင့် ဆိုသော်၊ ဤသို့သော သူများမှာ၊ တရားကို ဝါသနာပါလွန်းလို့၊ အနှစ်နှစ်အလလ-ကြိုးစားအားထုတ်ပါသော်လည်း တရားကို ကောင်းကောင်းမတွေ့နိုင်ကြတာကိုတွေ့ရသောကြောင့်ဖြစ်ပါသည်။

## ဓိပ္ပါဘိညပုဂ္ဂိုလ်တိုင်းမြန်မြန်ရသလား

ဓိပ္ပါဘိည ပုဂ္ဂိုလ်တို့တွင်၊ ပါရမီအထက်မျက်ဆုံးပုဂ္ဂိုလ်မှတပါးလွဲ၍၊ ကျန်သော ပုဂ္ဂိုလ်များမှာ၊ လုံ့လဝိရိယပေါ်မှာတည်ပါသည်။ ပညာပါရမီ အထွန်အထိပ်သို့ ရောက်နေသော ဓိပ္ပါဘိည ပုဂ္ဂိုလ်မှာ၊ လှုပ်ရုံမျှနှင့် ကြွေကျရသော ပန်း၊ ချုပ်ရုံမျှနှင့်မှည့်ရသော သစ်သီးများကဲ့သို့၊ အားထုတ်တယ်ဆိုရရုံမျှနှင့် တရားထူးကို ရနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်သောကြောင့် ဤကျမ်းတွင်ပါသော နည်းများနှင့်သာ ဌာန်ကရိုဏ်းကျအောင်ပြသပေးမည်ဆိုလျှင်၊ ဘုရားဟောကျမ်းဂန်အတိုင်းပင်၊ တထိုင်တည်းဖြင့် ရတတ်ပါသည်။ ။ကျန်သော ပုဂ္ဂိုလ်များမှာမူ၊ ဤကျမ်းပါ နည်းအတိုင်း၊ ယုံယုံကြည်ကြည်၊ လိုလိုချင်ချင်နှင့်၊ မဆုတ်မနစ်သော လုံ့လဝိရိယဖြင့် အားထုတ်မည်ဆိုလျှင်၊ တရက်အတွင်း၊တပတ် နှစ်ပတ်၊ သုံးပတ်၊ တလ-အတွင်းတို့တွင် ရတတ်ပါသည်။ ။ ဆုတ်နစ်ခဲ့သော ဝိရိယဖြင့်-အားထုတ်ပုံ ဌာန်ကရိုဏ်းမကျ

လျှင်မှုကား၊တသက်လုံးကြာအောင် အားထုတ်သော်လည်း တရားထူးကို မရဘဲနေတတ်ပါသည်။ ။တရား အားထုတ်တာဟာ၊ လောကတွင် အလုပ်လုပ်တာနှင့် တူပါသည်။ လုပ်လျှင်ရနိုင်သောအလုပ်ပင်ဖြစ်စေကာမူ၊ ကြိုးစားမှုပျော့ညံ့နေလျှင် မရဘဲဖြစ်နေတတ်ပါသည်။ ရတယ်ဘဲထားဦးတော့၊ ရသင့်သလောက် မရနိုင်ပါ။ အတိတ်ကကံနှင့်၊ ယခုပစ္စုပ္ပန်ဉာဏ်က ရှိပေမဲ့၊ ဝိရိယမစိုက်လျှင်၊ မရနိုင်ပါ။ ။ ဝတ္ထုသက်သေ တချပြပါမည်။ မြတ်စွာဘုရားသခင် လက်ထက်က၊ အသက် ... ကြာက်ဆယ်ကျော် ခုနှစ်ဆယ် နီးပါးရှိသည့် သောဏထေရ် ... ... နိမကြီးသည်။ အိုကြီးအိုမ၊ ခွန်အားနှင့် မမျှအောင်၊ ရေခပ်ရေသယ်ရသဖြင့် မောလွန်းမက မော၊ ပင်ပမ်းလွန်းမက- ပင်ပမ်းလှ၍၊ ရေချိုးခမ်းထဲတွင်၊ လဲလျက်နေရင်း။ ငြောင်–ငါသည် ခန္ဓာဝန်လေးမှုကြောင့် ဤမျှအပင်ပမ်းခံရတာ ဖြစ်ပါတကားဟု။ သတိတရား ရပြီးလျှင်၊ ရှေးက၊ခန္ဓာငါးပါးတရားကို နာကြားထားဘူးသည့်အတိုင်း၊ မောပန်းလှသောနေရာ၌ ဖြစ်ပေါ်လာသောဝေဒနာကို၊ ရှုးရှူးစိုက်စိုက် ရှုလိုက်မိလေရာ၊ တအောင့်လောက် အကြာတွင် ဤနေရာမှာပင်၊ အရဟတ္တဖိုလ်ကိုရ၍၊ ရဟန္တာမကြီး၊ ဖြစ်သွားတော်မူရလေ၏။ ။ဤသို့ဖြစ်သွားသည်ကို၊သိတင်း သုံးဖော်တွေ သိသွားသော အခါ၊တအံ့တဩ။ ပြောကြသည်မှာ၊ ဤမျှလောက် အိုမင်းမစွမ်း ဖြစ်နေမှ တောင်း အရဟတ္တဖိုလ်ကို၊ တခဏနှင့်ရသွားလိုက်တာ၊ တယ်လို့မို့ အံ့ဩစရာပါတကား၊စသည်တို့ဖြင့်၊ တယောက်ကစ-တရာ

ဆိုတာလို၊ တမဟုတ်ခြင်း၊ သတင်းပြန့်နှံ့သွား၍ မြတ်စွာဘုရားက၊ ကြားသိတော်မူသောအခါ၊သကင်္ဂှယ်ဒိုမင်း၊ရင့်ရော်ခြင်းသည်၊လိုရင်းမဟုတ်၊လုံ့လဝီရိယသည်သာ ပဓါန အဓိက ဖြစ်ကြောင်းဖြင့်၊ ဟောပြတော်မူရဘူးလေ၏။ ။ သို့ဖြစ်သောကြောင့်။ ။တရက်-တပတ်-တလ အတွင်း၊တရားထူးကိုရနိုင်သော ပါရမီ အရင်းခံရှိသော်သည်း၊ လုံ့လဝီရိယကြီးလျှင်၊ ကြီးသလို၊ နည်းလျှင်နည်းသလို၊ ဖြစ်ဘတ်တယ်ဆိုတာကိုသည်း သတိပြုအပ်လှပေသတည်း။ ။သောဏာထေရီ ဘိက္ခုနီမကြီး ရှုသောနည်းသည်၊ဤကျမ်းပါနည်းမျိုးပင်ဖြစ်ပါသည်။

## လက်တွေ့ပစ္စုပ္ပန်သာဓကများ။

ယခုခေတ်တွင်၊ ကမ္မဋ္ဌာန်းဆရာ တဦးဦးထံတွင် နည်းခံလျက်၊တမဂ်တဖိုလ်မရမှီ၊ အကြောင်းအားလျော်စွာ၊ ဆက်လက်၍ အားမထုတ်နိုင်ဘဲ၊ ကမ္မဋ္ဌာန်းပြရာဌာနမှ၊ထွက်ခွါ၍ သွားရရှာသည့်၊ များစွာသော သူအချို့မှာ၊ ဗဟု ကိစ္စများသောကြောင့် ဖြစ်စေ၊ အခြားကိစ္စများကြောင့်ဖြစ်စေ၊ မိမိကိုယ်၌က၊ဆန္ဒာဓိပတိ-မပြည့်ဝသောကြောင့်ဖြစ်စေ၊တရားကိုပေါက်မြောက်အောင် ဆရာ့ထံတွင်ထပ်မံသွား၍ အားမထုတ်ဘဲ နေသောသူများ။ ကိုယ့်ဘာသာကိုယ်၊ အိမ်၌ ဝတ်ပြေဝတ်ကုန် သာမညမျှသာ၊အားထုတ်လေ့ ရှိသောသူများ မိမိကိုယ်ကို-မိမိညှာတာ၍ ပြင်းပြင်း ထန် ထန် ဇွဲ သန် သန်ဖြင့်အားမထုတ်နိုင်သောသူများ၊ မိမိသိရပြီးသည့် တစိတ်တ

ဒေသမျှသော တရားကလေးဖြင့်၊ ရှုငွေသောတာဝန်ဖြစ်ပြီ၊ အပါယ်တော့ မလားနိုင်တော့ဘူးဟု၊ အထင်ကြီးပြီး၊ ရောင့်ရဲ တင်းတိမ်နေသောသူများ၊ ဤသို့အစရှိသောသူများသည်၊ ယခုအခါ၊ များစွာပင် ရှိကြပါသည်။ ။ဤသို့ သော သူများ ထည်းတွင်၊ ဥဒယဗ္ဗယဉာဏ်ကို အတော်-ထိုက်ထိုက် တန်တန်-ရောက်ဘူးသော သူများလည်း ရှိပါသည်။ သို့ရာ တွင် တဆက်ထဲ-လမ်းဆုံးအောင်အားမထုတ်ဘဲ၊ ခဏဘဖြုတ်တ အောင့်တနား-အိပ်ရာဝင်- အိမ်ရာထ-ထမင်းစားပြီး ချိန်-စသည်တို့တွင်၊ ကိုယ်တတ်နိုင်သောအချိန်၌ တအောင့် မျှသာ အားထုတ်ပြီး၊ ရပ်နားနေတတ်ကြသောအလေ့အထကြောင့်၊ မဂ်ဖိုလ်ကို-ရသင့်ရထိုက်သော ပါရမီရှိပါလျက်၊ မရဘဲနေ ကြရခြင်းဖြစ်ပါသည်။ ။

## ဥဒယဗ္ဗယဉာဏ်ကျလျှင် မဂ်ကိုနီးမှန်းသိကြရဲ့လား

ဥဒယဗ္ဗယဉာဏ်ကိုကောင်းကောင်းရောက်ဘူးလျှင်၊ မဂ်ဖိုလ်နှင့် နီးပြီဖြစ်ကြောင်း၊ ကျမ်းဂန်တွင် ရှိပါသည်၊ သို့ရာ တွင်လူတိုင်းမသိပါ၊ ။ပဌါနီယက် အင်္ဂါ ငါးပါးတွင် ဥဒယဗ္ဗယဆိုတဲ့ ပညာအင်္ဂါသည်၊အရေးအကြီးဆုံးဖြစ်ပါသည်။ ဤပညာကို-ကောင်းကောင်းရောက်လျှင်၊ မဂ်ဖိုလ်ကို-နီးပြီ ဆိုဘာ၊သိသောသူများတွင်လည်း။ ဘယ်လောက်နီး၍၊ဘယ် လိုလုပ်ဘို့ လိုသည်ဆိုတာကိုတော့ခါ၊ သိတတ်တဲ့လူ-ရှား ပါသည်။ ။မဂ်ဖိုလ်ကို မရောက် ရောက်အောင်၊ ယောဂီ ပေါင်းများစွာကို ပြသပေးဘူးသော-ကမ္မဋ္ဌာန်း ဆရာများမှ

သာသျှင်၊ကိုယ်တွေ့ပြသနာ့ကိုယ်တွေ့ဗဟုသုတတို့ဖြင့်၊နှိုင်း ယှဉ်၍ သိတတ်ကြပါသည်။ ။မဂ်ဖိုလ်ကို ရောက်အောင် မပြတတ်သေးသောဆရာများမှာ၊ ကိုယ်တိုင်လည်း-ရောက် အောင်- အားမထုတ်တတ်။ တပည့်များကိုလည်း ရောက် အောင် ပြုပြင်ပြသ၍ မပေးတတ်သဖြင့်၊ တမဂ် တဖိုလ်ကို မျှ၊မရကြမရှာသေးသော၊ ယောဂီ-တပည့် များသည်၊ ၎င်း တို့၏ကမ္မဋ္ဌာန်းတိုက်နှင့် အပြည့်အလျှံပင်ရှိကြရှာပါသည်။ (သနားဘွယ်ကောင်းသေစွ)

## မဂ်ဖိုလ်ကိုရောက်အောင်-ပြတတ် မပြတတ် သိနိုင်ပုံ ရဲ့လား။

မဂ်ဖိုလ်ကို ရောက်အောင်-ပြတတ်-မပြတတ်-ကို၊ သိနိုင် ပါသည်။ ။ရောက်အောင် ပြတတ်သော ဆရာများမှာ၊မ ရောက်မချင်း ပြသ ပေးလေ့ရှိကြပါသည်။ မရောက်မှီ-တ ပည့်က-အိမ်ကို ပြန်ချင်တာ-တောင်မှ၊ဆရာက-ခွင့်မပြုလိုပါ။ ရောက်ပြီ ပြီဟု-ယုံကြည်မှ၊ တရားခွေ- ဟောပြောပြသသင့် သလောက်ဟောပြောပြီး ပြန်လွှတ်လေ့ ရှိကြပါသည်။မပြ တတ်သော ဆရာများမှာ၊ လက်ပူးလက်ကြပ်- ပြုပြုပြင်ပြင် လုပ်၍မပေးတတ်ကြသဖြင့်၊ တော်ရုံတန်ရုံ ဟောပြောပြီး လျှင်။ကြိုးစားကြပါ။ ကိုယ်ကြိုးစားမှ ကိုယ်ရတယ်၊ဆရာက ရအောင်လုပ်ပေးလို့ဖြစ်ထာ မဟုတ်ဘူးဟုပြောတတ်ကြပါ သည်။ တချို့မှာတော့ခါ၊ပြတဲ့ဘက်ကမနိုင်တော့ခါ၊ဟော တဲ့ဘက်ကအသားယူပြီး-ချပ်—နာ၃ မ်-အနိစ္စ-ဒုက္ခ-အနတ္တအ

ကြောင်းတို့ကို-ဗါရာဏသီ ချဲ့ပြီး၊ မဆုံးနိုင်အောင် ဝတ္ထုအမျိုးမျိုး ရေလဲအမျိုးမျိုးဖြင့်သာ မဆုံးနိုင်အောင် ဟောလေ့ဟောထရှိတတ်ကြပါသည်။ ။ဝိပဿနာဆိုဘာ-ဟောတို့များများမလိုပါ။ တပည့်၏ အား ထုတ်ပုံ-သိရ-တွေ့ရပုံတို့ကိုကြည့်ပြီး၊ ဘယ်လိုဆက်၍ လုပ်ဟု အရေးကြီးတဲ့ အချက်လောက်ကိုသာ ပြောပြပေးတို့လိုပါသည်၊ မလိုအပ် သေးသည့်-အပိုစကားတွေကို ပြောဟောနေလျှင်၊ ဓာတ်မျောရုံသာ ရှိတတ်ပါသည်။

## ကိုယ်တော်ချောင် ကဲ့ရဲ့တတ်သည်။

အချို့သော ပုဂ္ဂိုလ်များမှာ မဂ်ဖိုလ်ကို ရောက်အောင်ကိုယ်တိုင်လည်း အားမထုတ်တတ်-တပည့် များကို လည်းမပြတတ်တော့ပါ၊ သူတပါး-ပြတာ-ရတာကို-မဟုတ်ဘူးဟု-ကဲ့ရဲ့တတ်ကြပါသည်။ ။အချို့ကတော့ပါ၊ သူတပါးပြတာ-ရတာတွေကို၊ မဟုတ်ဘူးဟူ၍သည်းမပြော- ဟုတ်သည်ဟူ၍သည်းမပြောဘဲနှင့်၊ စကားကိုချောအောင်၊ ကိုယ်လဲအောက်မကျအောင်၊ ပရိသာယ်ဖြင့် တော်သလို ပြောပြတတ်ကြပါသည်။

## မဂ်ဖိုလ်ကိုရအောင် ပြတတ်လျှင်၊ ရတဲ့လူ ကေန်ရှိရမည်။

ဘယ်လိုဘဲဖြစ်ဖြစ်၊ မဂ်ဖိုလ် ကိုရအောင်ပြတတ်တဲ့ နည်းမှန်လျှင်၊ ရတဲ့လူကေန်ရှိရမည်။ ရတဲ့လူကေန်ရှိလျှင်-ဖလသမာပတ် ဝင်စားနိုင်တဲ့လူလည်းကေန်ရှိရမည်။ ။သို့အတွက်

ကြောင့်၊မဂ်ဖိုလ်ကို အမြန်ရလိုသော သူများသည်။ ရှေးဦးစွာ–ဘယ်မှာနည်း၊မဂ်ဖိုလ်ကို ရအောင် ပြတတ်ပါသနည်း။ ရဘူးသောသူများကော- ရှိဘူးခဲ့လားဆိုတာကို- အသေအချာ စုံစမ်းပြီးမှ၊ ဤဆရာထံသို့- သွားရောက်ဆည်းကပ်သင့်လှပါသည်။ ။နာမည်ကြီး၍၊ ကြည်ညိုဖွယ် ကောင်း၍၊ လူစည်ကား၍၊ အစရှိသော-အကြောင်းများကြောင့်၊ သွားမိလျှင်၊ ပင်ပမ်းသလောက်- အကျိုးမရောက်ဘဲ ရှိတတ်သည်။ ။တရားကိုဘာပြုလို့အားထုတ်သလဲ မဂ်ဖိုလ်ကိုလိုချင်လို့မဟုတ်လား။မဂ်ဖိုလ်ကိုလိုချင်လျှင်၊ ရအောင်ပြသ၍၊ မပေးနိုင်တဲ့ဆီကိုသွား၍ ဘာများရမှာလဲ။ ။

## ဆရာကပြပေးတတ်မှ၊မဂ်ဖိုလ်ကိုရနိုင်သလား။

ဆရာကပြပေးတတ်လျှင် ပြပေးတတ်သလောက်၊ ခရီးရောက်လွယ်တတ်ပါသည်။ မြတ်စွာဘုရားသခင်လက်ထက်က၊တရားအားထုတ်နေသော ပုဂ္ဂိုလ်အချို့ကို၊ တရားအားထုတ်နေစဉ်၊ သင့်တော်မည့်အချိန်တွင်၊ သင့်တော်သလို-အဝေးမှ နေလျှက်ပင်လည်း၊ လိုအပ်တဲ့အချက်ကို- ဟောပြောပြလိုက်ပါသည်။ထိုအခါ ချက်ခြင်းပင် ထိုက်သင့်သော မဂ်ဖိုလ်ကို- ရသွားကြပါသည်၊ ဤကဲ့သို့ ဟောပြောမပေးလျှင်၊ ချက်ခြင်းရမည်မဟုတ်- နောင်ကာလမှ-ရကြမည်ဖြစ်ပါသည်။ ။ယခုခေတ်ယောဂီများမှာ၊ ဆရာက-အပင်ပမ်းခံ၍ ပြသပေးတာတောင်မှ၊ ထင်သလောက်မပေါက်တာတွေကို တွေ့ရသဖြင့်၊ ဆရာကကြပ်ကြပ်မတ်မတ်-ပြသ

ပေးဘို့ လိုအပ်လှပါသည်၊ဆရာကလျှော့ပေးလျှင်၊ တပည့်တွေကပေါ့တတ်ပါသည်။ ပေါ့လျှင်မရနိုင်ပါ၊ ထို့အတွက်ကြောင့်၊ ကျွန်ုပ် ကိုယ်တိုင် ပြရသော တပည့်များမှာ၊ ကျွန်ုပ်၏မျက်မှောက်တွင်ပင်- ပြသပေးလေ့ ရှိပါသည်။ ။ ဆရာက-မပြသတတ်လျှင်မူကား၊ တပည့်များက- လိုအပ်သလို မလုပ်တတ်သဖြင့်၊ အဂ္ဂိယတ်ထိုးသလို၊ မပေါက်မြောက်ဘဲ၊ နေတဝ်ထာက-တထောင်မှာ-ကိုးရာ့ကိုးဆယ့်ကိုးယောက်လောက်ရှိတတ်ပါသည်။ကျန်သောတယောက်မှာလည်း၊ လိုချင်အားကြီးပြီး- ဝိရိယသည်းလျက်၊ တဆက်ထည်း-နေ့ရောညပါ၊ ဆက်တိုက်၊ မရမခြင်းဆက်၍ အားထုတ်နိုင်မှ၊ ဖြစ်နိုင်ပါသည်။ ဒီလိုလူကလည်း၊ အလွန်ရှားပါသဖြင့်၊ ယခုခေတ်မှာ၊ ဆရာကမပြတတ်လျှင်၊မရနိုင်သလောက်ပင် ဖြစ်၍နေရသည်ဟု၊ ပြောစလောက်ပါသည်။ ။ ထို့ကြောင့်၊ ဆရာက- ပြလဲပြတတ်၊ ပြတတ် သလိုလည်းအပင်ပမ်းခံ၍ပြသပေးလေ့ရှိလျှင်၊ သာ၍ကောင်းပါသည်။ ကျမ်းဂန်တွင်လည်း။ ကမ္မဋ္ဌာန်းဆရာမှာ ရဟန္တာ အသျှင်မြတ်များပင်ဖြစ်စေကာမူ။ ဗဟုသုတပိုရှိပြီး ပြတတ်သောရဟန္တာ၏ ပြပုံပြနည်းက- ပို၍မြတ်သည်ဟု၊ ဖေါ်ပြထားပါသည်။

## ပါရမီခြင်း ဝိရိယခြင်းတူလျှင်၊ ရတာခြင်းတူရဲ့လား။

ပါရမီခြင်း- ဝိရိယခြင်းတူတိုင်း၊ ရတာခြင်းမတူတတ်ပါ။ ။ပါရမီခြင်း - ဝိရိယခြင်းတူလျှင်၊ ဗဟုသုတများ

သောသူက နောက်ကျတတ်ပါသည်။ ဗဟုသုတ အလျှင်းမရှိသောသူမှာမူ ပို၍ပင်- လျှင်မြန်တတ်ပါသည်။ ။အဘယ်ကြောင့်ဆိုသော်။ ။ဗဟုသုတ အလျှင်းမရှိသော သူမှာ၊ ဆရာ ခိုင်းသမျှသာကပ်ပို၍- မလုပ်တတ်ဘဲ၊ ခိုင်းတဲ့အတိုင်း- ရှူးရှူးစိုက်စိုက်၊ အလိုက်သင့်၊ အားစိုက်၍ ရှုသွားတတ်ပါသဖြင့်။ သမာဓိမြန်မြန်ဖြစ်ပါသည်။ သမာဓိ မြန်မြန် ဖြစ်မှ- ဝိပဿနာပညာ မြန်မြန်ဖြစ်နိုင်ပါသည်။ ဝိပဿနာ ပညာ မြန်မြန်ဖြစ်မှ။ မဂ်ဖိုလ်ကို မြန်မြန်ရနိုင်ပါသည်။ ။ဗဟုသုတရှိသော ပုဂ္ဂိုလ်များမှာမူ၊ ကမ္မဋ္ဌာန်း ဆရာက၊ ဘယ် လိုပင် နည်းပေးလမ်းပြ ပြောပြပေမဲ့၊ သူတို့၏ ဗဟုသုတတွေကို၊ ဖြည့်စွက်၍၊ အသုံးပြုတတ်ကြသည်။ တရားအားထုတ်နေရင်းလည်း ကြံမှု-စည်မှု-တွေးတောမှု-ဝေဘန်မှု- များမှာကို စိုးရိမ်ကြောင့်ကြမှု၊ မှန်တာကိုတောင့်တမှု၊ မိမိ၏မူလက-ဗဟုသုတနှင့်၊ယခု အားထုတ်၍ တွေ့ရသော ဗဟုသုတတို့ကို နှိုင်းယှဉ်၍ကြည့်နေမှု။ ဤသို့အစရှိသော များမြောင်လှသည့်။ အပိုကိစ္စ အဝဝတွေကို၊ တရားအားထုတ်ရင်း- ဂရုပြု၍ လုပ်နေတတ်ကြသဖြင့်၊ လိုအပ်သည့် ဝီရိယထက်ပိုလာသောကြောင့်၊ ဝီရိယလွန်လျှင် ဥဒ္ဓစ္စဖြစ်တတ်သည်ဟု ဆိုသည့်အတိုင်း၊ တရားအားထုတ်ရင်း၊ စိတ်ပြန့်လွင့်၍သွားတတ်သည်။စိတ်ပြန့်လွင့်လျှင်၊ သမာဓိအားနည်းသွားတတ်သည်။သမာဓိအားနည်းလျှင် တရားစစ်တရားမှန်ကို မတွေ့နိုင်ဘူးဟု မြတ်စွာဘုရားဟောကြားတော် မူသည့်အတိုင်း၊ တရားကိုကောင်းကောင်းမတွေ့ဘဲ နေတတ်သည်။ဝိပဿ

နာတရားအစစ်ကို မတွေ့နိုင်လျှင်၊ မဂ်ဖိုလ်ရဘို့ရာ-ကြာမည်မှာ မုချဖြစ်သည်။ ။ဝိပဿနာတရားကို အားထုတ်တယ်ဆိုတာ ဝိပဿနာအာရုံကိုတွေ့ရုံ- သိရုံမျှထက်ပို၍ ခလုပ်ရ။ သိရုံမဏ္ဍမျှသာလျှင် သိ၍နေရအောင်၊ ထိုထက်ပို၍ တစုံတရာကိုမျှ စိတ်ရောက်၍မသွားစေရအောင်၊ ဝိပဿနာ အာရုံနှင့် ကပ်၍နေရအောင်ကိုသာကြိုးစားသောလုံ့လဥဿာဟဖြင့်၊ ရှု၍နေရမည်ဟု မြတ်စွာဘုရားက- ဆုမ္မခတော်မူထားပါသည်။ ။ပရိယတ် ဗဟုသုတ များသော ပုဂ္ဂိုလ်များမှာ၊ တရားအားထုတ်နေစဉ်အခါတွင်၊ ကြံမှု-စည်မှု တောင့်တမှု-ကြောင့်ကြမှု-စသည်တို့ကို၊ သူတို့၏စိတ်၌ဝင်၍ မလာအောင် တားဆီး၍မရဘဲ ဖြစ်နေတတ်ပါသည်။ထို့ကြောင့် ကြံ့ကြာရခြင်းဖြစ်ပါသည်။

## လက်တွေ့သာဓကတခု

လက်တွေ့သက်သေသာဓက ပြရမည်မှာ၊ ကျမ်းတတ်ပုဂ္ဂိုလ်တယောက်သည်၊အဖေါ်တွေနှင့် အတူတကွ ကျနုပ်၏ပဌမဆရာကြီးဆရာသက်ထံတွင်၊ ဝိပဿနာ လာ၍အားထုတ်ကြရာ၊ခေါင်းဆောင်၍လာသော၊ကျမ်းဂန် ဗဟုသုတရှိသော ပုဂ္ဂိုလ်မှာ၊ ကြံမှု-စည်မှု-တွေးတောမှုတို့နှင့်တကွ၊ ငါက ဗဟုသုတရှိသည်၊ သူတို့ထက် ငါက သာရမည်ဟူသော စိုက်တက်ကြွမှု၊ သူ့ဘို့တတွေတရားရလို့မှ၊ ငါကမရလျှင်- ရှက်စရာကြီး ဖြစ်မည်ကို-စိုး ရိမ် ကြောင့်ကြမှုတို့က၊သူ၏စိတ်တွင် တရားအားထုတ်စဉ်တွင် ဝင်၍ဝင်၍လာ

တာတွေကြောင့်၊ သူတပါးတွေ သမာဓိဖြစ်၍၊ ဝိပဿနာဉာဏ်၊ ရသင့်သလောက်ရကြသော်လည်း၊ သူ့မှာ၊ပြောပြလောက်အောင် ဘာမျှမရှိသေးသဖြင့်၊ စိတ်မဖြောင့် ဖြစ်နေစဉ်တွင် တနေ့သောအခါ၊ ကုဋီတက်ရန်- ထွက်၍အလာ၊ အမိုးစွန်းသစ်သားကို၊ ဦးခေါင်းဖြင့် ဝင်တိုးမိရာ- လွန်စွာနာကျင်လှသဖြင့် စိုးရိမ်ကြောင့်ကြ တွေး- ကြံဆမှုတို့သည်၊ အလိုလို ပျောက်သွားပြီးလျှင်၊ အလွန်တရာနာကျင်လှသော ဝေဒနာကိုသာ၊ နာလှချည့် ကလားဟု၊ ရှုး စိုက် ၍ ကြည့်ရှုမိလျက်သားဖြစ်သွားသဖြင့် ဝေဒနာနုပဿနာ၊ ဖြစ်မှန်းမသိဖြစ်သွားရလေ၏။ ။ထိုအခါမှစ၍ တကိုယ်လုံး၌ရှိသော ရုပ်နာမ်ဓမ္မသင်္ခါရတို့၏၊ဥဒယဗ္ဗယဉာဏ်ကို ရှုတတ်၍ သွားလေ၏။

## ရှေးရှေးက ဝဏ္ဏုသက်သေ

ရှေးတုံးက၊ ကျမ်းဂန်ဗဟုသုတပြည့်ဝ၍၊ စာချနေသော မဟာတိဿမထေရ်ကြီးသည်။ ငါးသာလျှင်အားထုတ်ရလျှင် ခဏာနှင့် ရဟန္တာဖြစ်မှာပဟု၊ အကြံရ၍၊ တရား အားထုတ်သောအခါ၊ အနှစ်သုံးဆယ် ကြာအောင် မအိပ်မနေ- အားထုတ်ပါလျက်၊ မရဘဲနေသောကြောင့်၊ စင်္ကြံဦးတွင်၊ ဝမ်းနည်းပက်သက် ငိုလျက် နေ လေ ၏။ ထိုအခါ၊ နတ်သို့း တယောက်ကလည်း၊ငိုလျက်ပြနေသည်ကို မြင်ခသောကြောင့်၊ ဘာပြုလို့ငိုနေရသလဲဟု မေးလေလျှင် အသျှင်ဘုရားလိုပင်၊ နိဗ္ဗာန်ကိုလိုချင်၍ငိုပါသည်ဘုရားဟု - လျှောက်ထားလေ၏။

ဆဲဒီတော့မှ၊ မထေရ်မြတ်က၊ ငိုတာကို ရပ်ပြီးလျှင်၊ ယူကြုံးမရ ငိုရလောက်အောင် ဖြစ်သော၊ ဝမ်းနည်း စိတ် ကြောင့် ဖြစ်သော၊ စိတ္တဇရုပ်တို့သည်၊ တလှုပ်လှုပ်တရွရွ- ခန္ဓာကိုယ်အတွင်းက ထကြွ၍ ပြသနေသလိုမြင်ရသဖြင့်၊ ထိုစိတ္တဇ ရုပ်တို့၏၊ ဖေါက်ပြန်မှုတို့ကို- ရှုကြည့် နေရင်း အရဟတ္တဖိုလ် ကို ရသွားလေသတည်း။

## ပါရမီနှင့် ဝိရိယရှိတိုင်းရနိုင်သလား

ပါရမီနှင့် ဝိရိယရှိတာမှန်လျှင်၊ တရားလမ်း မှန်ကန်တာကိုမွှာန်ကရိဏ်းကျအောင်ရှုမိက၊ ရကြပါသည်။ ။တရားလမ်းမမှန်လျှင်မူကား၊ တသက်လုံးမရနိုင်ပါ။ ။ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဟောပြထားတော်မူသည်မှာ၊ နွားနို့ကို လိုချင်လျှင်၊ နွားမ၏ နို့ကိုညှစ်ယူမှသာ ရနိုင်မည်၊ ဦးချိုကနေ၍ ညှစ်လျှင်မရနိုင်ဟူ၍ရင်း။ ။ဆီမှန်ဆီကောင်းကို လိုချင်လျှင်၊ နှမ်း-ပဲ-စသည်တို့ကို ကျိတ်ယူမှ ဆီရမည်။ သဲကိုထည့်၍ ကျိတ်က ဆီမရနိုင်ဟု၊ ဥပမာပြ၍ ဟောထားတော်မူဘူးပါသည်။

## ဒုက္ခပဋိပဒါ ဒိပ္ပါဘိညာ

ဒုက္ခပဋိပဒါဆိုတာ၊ တရားအားထုတ်ရာတွင်ဒုက္ခသဘောတွေကိုတွေ့ရတတ်သည်၊ သို့ရာတွင်၊ ခိပ္ပါဘိညာ-ဖြစ် သောကြောင့်၊ အထက်တွင် သုခပဋိပဒါ ခိပ္ပါဘိညာ အခဏ်း၌ ပေါ်ပြ ထားသကဲ့သို့ပင်၊ သည်းခံ၍၊ ကြိုးစားလျှင်၊ ကြိုးစား

သလောက်-မြန်မြန်တရားထူးကို ရတတ်သည်။ မကြိုးစား လျှင် မှုကား။ဘယ်တော့မှ-ရမည်ဟူ၍ မပြောနိုင်ပါ။

## ဒုက္ခပဋိပဒါဒန္ဓာဘိည

ဒုက္ခပဋိပဒါ ဒန္ဓာဘိည ပုဂ္ဂိုလ်မှာလည်း၊ ဒုက္ခ သဘော တွေကို၊ ကြာရှည်စွာ တွေ့ကြုံရပြီးမှ၊ တရားထူးကို ရတတ် သည်။သို့ရာတွင် ဖွဲကောင်းကောင်းနှင့် သည်းခံ၍ ကြိုးစား ပြီး၊ နေ့ရောညပါ၊ တဆက်တည်း၊ ဆက်တိုက်အားထုတ် နိုင်လျှင်၊ တလအတွင်းတွင်ပင်၊ ရတတ်ကြပါသည်။ အား မထုတ်နိုင်လျှင်တော့ခါ၊ ဘယ်လောက်ဘဲကြာကြာ၊မရနိုင် ပါ။ သို့အတွက်ကြောင့်၊လက်ာတခုရေးစပ်၍ပြဘူးသည်မှာ။

ဒုက္ခဝေဒနာတွေ့၍လာ၊ ထိုခါမခံချည့်။
သည်းမခံချင် လွှတ်လိုက်လျှင်-ဉာဏ်စဥ်မတက်ဘိ။
အရိုးကျေကျေ သားကြွေကြွေ ရှုလေလုံ့လရှိ။
လုံ့လထက်သန် သည်းညည်းခံ နိဗ္ဗာန်ကို တောင်ထိ။
ဟူ၍ဖြစ်ပါသည်။

## အထူးသတိပြုတော်မူကြပါရန်

အထူးသတိပြုတော်မူကြပါရန်၊ ဖေါ်ပြလိုသည်မှာ၊ ဤ ကျမ်းသည်။ ကျမ်းဂန်ပါဠိ-တလုံးမျှခတတ်သောသူများအ တွက်၊ ချက်ခြင်းလွယ်ကူစွာ နားလည်နိုင်စေရန် ရည်ရွယ် ထားသည်ဖြစ်ပါ၍။ပါဠိအကိုးအကားများကိုတောင်မှ ပါဠိ လိုမရေးဘဲ၊ မြန်မာလိုသာရေးပြထားပါသည်။ ။အကယ်၍ ပါဠိအကိုးအကားများကိုပါ ကြည့်ရှုလိုကြပါလျှင်၊ ကျနှပ်

ရေးသော အောက်ပါကျမ်းများကို ကြည့်ရှုတော်မူကြပါ ကုန်။

(၁)။ ဝိပဿနာ ဆရာဖြစ်သင်တန်းကျမ်း။
(၂)။ ဝိပဿနာ ပါရဂူကျမ်းတော်ကြီးလေးစောင်တွဲ။
(၃)။ လယ်တီဝိပဿနာနှင့်၊ လယ်တီဒီပနီအဆီပေါင်း ချုပ်။
(၄)။ အစွန့်တွတ်အမြန်ရှုနည်း။
(၅)။ ဝေဘူဆရာတော် ဝိပဿနာနည်း။

# နံပါတ် {၁} အမြန်ဆုံးရှုနည်း

တရားအားထုတ်မည်ပြုလျှင်၊ ရှေးဦးစွာ စိတ်ကြည်လင်သန့်ရှင်းအောင်၊ ရေချိုးခြင်း၊ သန့်ပြန့်သော အဝတ်ကိုဝတ်ခြင်း၊အလိုရှိသော အစာအာဟာရတို့ကို တင်းတိမ်ရုံမျှ မှီဝဲစားသောက်ခြင်း၊ ကွမ်းစား-ဆေးလိပ် သောက်ခြင်းတို့ကို၊ ကြေနပ်အောင် စားသောက်ပြီးလျှင်၊ ဗါဟိရ ကိစ္စအဝဝတို့ကို၊ ဥပေက္ခာပြုလျက်၊ ဤကျမ်းပါနည်းအတိုင်း ဖြစ်လာသည့်တိုင်အောင်-မဆုတ်မနစ်သော ဝိရိယဖြင့်၊ အားထုတ်ပါတော့မည်ဟု၊ သံဓိဋ္ဌာန်ကျ- ဆုံးဖြတ်လိုက်ပါ။ ပြီးလျှင်၊ အောက်ပါအတိုင်း၊ ကမ္မဋ္ဌာန်းတောင်းပါ။

### ကမ္မဋ္ဌာန်းတောင်းပုံ

ဘုရား၊တရား၊သံဃာ၊ဆရာ၊မိဘ၊အနန္တငါးပါးကို၊ရှိသေ

စွာ-ရှိခိုးဦးချ။ ။ပြီးလျှင်၊ ဆိုရန် မှာ.....။ အစိ နွေ့ ယျ-
အစိန္တေယျ- အစိန္တေယျ၊ ကျေးဇူးတော်အရပ်၊ ဂုဏ်တော်
အနန္တတို့နှင့် ပြည့်စုံတော်မူသော၊လူမင်း-နတ်မင်း- ဗြဟ္မာ
မင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သဗ္ဗညုတ
ဉာဏ်တော်ရှင်၊ မဟာကရုဏာတော်သခင် မြတ်စွာဘု
ရား။ ။တပည့်တော်သည်၊ ပုထုဇဉ်ဘဝ- သံသရာဝဋ်ဒုက္ခ
မှ-ယခုချက်ခြင်း လွတ်မြောက်လိုသော ဆန္ဒ-ပြင်းပြလှသည့်
ဖြစ်ပါ၍ တပည့်တော်အား၊ ကယ်မသနားတော်မူသော
အားဖြင့်၊ ဝိပဿနာဉာဏ်-မဂ်ဉာဏ်-ဖိုလ်ဉာဏ်တို့ကို၊ယခု
အားထုတ်နေရင်း၊ လျှင်မြန်စွာ- ရစေနိုင်သော၊ ဝိပဿနာ
တရားကို ပေးသနားတော် မူပါ ဘုရား။ ။တပည့် တော်
သည်၊ယခုအချိန်ကစ၍၊ ငါးပါးသီလကို၊ ခါးဝတ်ပုဆိုးကဲ့
သို့၊မြဲမြဲစွာ အသက်ထက်ဆုံး-ဆောက်တည်ပါသည်ဘုရား။
တပည့် တော် ၏ ရုပ်နာမ် နှစ်ပါးကို မြတ်စွာ ဘုရားအား
လှူဒါန်းအပ်နှင်းပါ၏။ တရားတော်မြတ်-သံဃာတော်မြတ်
အမိ- အဘ- ဆရာသမားတို့အားလည်း- လှူဒါန်းအပ်နှင်း
ပါ၏။ ။သို့အတွက်ကြောင့်၊မြတ်စွာဘုရားသခင်၏အဆုံး
အမ-တရားတော်၏အဆုံးအမ- သံဃာတော်၏အဆုံးအမ
တို့အတိုင်း၊ ဆရာက-ရေးသားပြသသည့်ကို၊ယုံကြည်လေး
စားစွာ- လိုက်နာ- ကျင့်သုံး- ဆောက်တည်ပါမည်ဘုရား။
၍သို့ တရားအားထုတ်နေစဉ်တွင်၊တပည့်တော်၏ ဦးခေါင်း
ထက်၌၊ မြတ်စွာဘုရားသခင် ကိန်းဝပ်တည်နေတော် မူပါ
ဘုရား။လက်ျာ ပခုံးထက်၌-တရား တော်မြတ်- လက်ဝဲပခုံး

ထက်၌-သင်္ဃာတော်မြတ်များ-ကိန်းဝပ် တည်နေတော်မူပါ ဘုရား။ ကမ္မဋ္ဌာန်းဆရာ၏ဆုမ္မဩဝါဒတို့သည် လိုအပ်သလို တပည့်တော်၏စိတ်၌၊ ပေါ်လာပါစေဘုရား။ ။တပည့်တော်သည်၊ အစမထင် သံသရာကစ၍၊ ယခုအချိန်အထိ၊ မပစ်မှား မကြူးလွန်အပ်သော ရတနာသုံးပါး၊ အမိအဘ ဆရာသမား၊ အရိယာသင်္ဃာ-ပုထုဇဉ်သင်္ဃာ၊ သက်ကြီး-ဝါကြီးပုဂ္ဂိုလ်များ၊ တလုပ်စားဘူး သူ့ကျေးဇူးဟူသော—ကျေးဇူးရှင်ပုဂ္ဂိုလ်များတို့အား၊ကိုယ်ဖြင့်ဖြစ်စေ-နှုတ်ဖြင့်ဖြစ်စေ-စိတ်ဖြင့်ဖြစ်စေ။ တမင်တကာဖြစ်စေ၊ မတော်တဆဖြစ်စေ၊ သိလျက်ဖြစ်စေ-မသိဘဲနှင့်ဖြစ်စေ။ ပစ်မှားကြူးလွန်မိခဲ့လို့ရှိလျှင်၊ ထိုပုဂ္ဂိုလ်များအား၊ ရည်မှန်းလျက်၊ အပစ်မှ—ခွင့်လွှတ်တော်မူကြပါရန် ရိုသေလေးမြတ်စွာရှိခိုးကန်တော့ တောင်းပန်ပါသည်ဘုရား။ (ဤသို့ဆိုပြီးလျှင်သုံးကြိမ်ဦးချပါ။) ထိုနောက်၊တပည့်တော်အား ပစ်မှားဘူးသောသူများအားလည်းကြေနပ်စွာခွင့်လွှတ်ပါ၏ဟုဆိုပါ ပြီးလျှင်တပည့်တော်သည်၊ အစမထင် သံသရာမှစ၍၊ ယခုအချိန်အထိ၊ ပြု-ပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုအားလုံးတို့၏ အဘို့ဘာဂကို၊ အမိ-အဘ-ဆရာသမား၊ ဆွေကြီး- မျိုးကြီး- ဘိုးကြီး ဘွားကြီး- ရေမြေသနင်း- အစိုးရမင်းတို့မှစ၍။ကိုယ်စောင့်နတ်- အိမ်စောင့်နတ်- မြို့စောင့်နတ်- ရွာစောင့်နတ်- တောစောင့်နတ်-တောင်စောင့်နတ်- အာကာသစိုး- ဘုမ္မစိုး-ရုက္ခစိုး-စတုလောကပါလ နတ်မင်းကြီးများ- သာသနာ တော်စောင့်နတ်မင်းကြီးများ သိကြားမင်းဗြဟ္မာမင်း၊ မာရ်နတ်

မင်း၊ မာရ်နတ်မင်း၏ခြွေရံသင်းပင်းများ၊ ဝိဇ္ဇာ-ဇော်ဂျီ-တပသီထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်-အပါယ်လေးဘုံသားများမှစ၍၊ သုံးဆယ့်တဘုံ၌ရှိရှိသမျှ ဝေနေယျသတ္တဝါအားလုံးတို့အား၊ အမျှဝေပါ၏။ အမျှ-အမျှ-အမျှ-ယူတော် မူကြပါ ကုန်လော။ ။ထိုနောက် အလုံးစုံသော-သူတော်ကောင်းတို့ ပေးဝေသည့် အမျှကိုလည်း၊ သာဓုခေါ်ပါ၏ဟု သုံးကြိမ်-သာဓုခေါ်ပါ။ ။ပြီးလျှင် အမျှပေးဝေလိုက်သော-လူ နတ်-ဗြဟ္မာ-သတ္တဝါအားလုံးတို့အား-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြလျက် အလိုရှိအပ်တောင့်တအပ်သော ဆုအပေါင်းတို့နှင့် ပြည့်စုံကြပါစေဟု မေတ္တာပို့ပါ။ ။ပြီးလျှင် တပည့်တော်သည်၊ အစ မထင် သံသရာကစ၍ ယခု အချိန်အထိ ပြုခဲ့သမျှသော-ကုသိုလ်ကံပါရမီအဟုန်တို့သည်၊ စုပြုံလျက်၊ ယခုတရားအားထုတ်ရာတွင်၊ အကျိုးပေးပါစေသတည်း။ ဤသို့ အကျိုးပေးသောအားဖြင့်၊ ယခုတရားအားထုတ်နေရင်း ချက်ခြင်းလျှင်မြန်စွာ ဝိပဿနာဉာဏ်-မဂ်ဉာဏ်-ဖိုလ်ဉာဏ်တို့ကိုအောင်အောင်မြင်မြင် ရ ရပါလို၏ အသျှင်ဘုရား။ ။တပည့် တော်၏ စေတနာဗလဝကြောင့်၊ တပည့်တော် ယခု ဆုတောင်း သလို-ပြည့်ပြည့်ဝဝရလိမ့်မည်ဟူ၍လည်း ယုံကြည် ပါသည်ဘုရား။ ။ယုံကြည်သည့် အတိုင်း၊ ကမ္မဋ္ဌာန်း ဆရာ ရေးသားပြသပေးသလို-ကြိုးစား အား ထုတ်သည့်အတိုင်း၊ ဝိပဿနာဉာဏ်-မဂ်ဉာဏ်-ဖိုလ်ဉာဏ်တို့ကို၊ အမြန်ရရပါလို၏ အသျှင်ဘုရား။ ရပါစေသတည်း။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့

ကိုရောက်သော ရသောအခါ ကြာကြာရရပါစေသတည်း။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကိုရ၍၊ နိဗ္ဗာန်ကိုအာရုံ ပြုမိနေသော အခါတွင်လည်း။ ဖြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အား၊ ရှိသေသောအားဖြင့်၊ဘပဉ္စတော်၏ လက်နှစ်ဘက်တို့ သည် တုရုံယှက်ပြီး၊ ရှိခိုးလျက်- ဘည်နေပါစေသတည်း။ ဤသို့ဆုတောင်းမိ၍ဘန်-ပြုပြီးလျှင်၊ သာသနာကို-ကြည်ညို- စောင့်ရှောက်တော် မူကြ ကုန်သော- ပုဂ္ဂိုလ် အပေါင်းတို့ သည်၊ ကူညီစောင့်ရှောက်တော်မူနိုင်ကြပါကုန်ဟု မေတ္တာ ရပ်ခံပါ။ ။

## အားထုတ်ခါနီး-သိအပ်သော တရားသဘော၊

အားထုတ်ခါနီးတွင်-သိအပ်သော တရားသဘောများမှာ၊ လောက၌ ရုပ်ခဲတ်-နာမ်ခဲတ်-ဤနှစ်ပါးသာလျှင်ရှိသည်။ ရုပ်ခဲတ် နာမ်ခဲတ်မှတပါး-လွဲ၍၊ ဘာမျှမရှိ။ ။မြင်ရသမျှ သည်-အဆင်းခဲတ်၊ကြားရသမျှသည်-အသံခဲတ်၊နံ့ရသမျှ သည်-အနံ့ခဲတ်၊ လျှာပေါ်၌သိရသမျှသည်- အရသာခဲတ်၊ ကိုယ်တွင်း - ကိုယ်ပြင်၌- ထိတွေ့ရသမျှသည်၊အထိခဲတ်။ဤ ငါးပါးသည်-ရုပ်ခဲတ်ဖြစ်သည်။ ကြံမှု-သိမှုတို့သည်၊ နာမ် ခဲတ်သာလျှင်ဖြစ်သည်။ ။ထို- အဆင်း- အသံ- အနံ့- အရ သာ-အထိ-ခဲတ်တို့သည်သာလျှင်၊ လောက၌-အကြောင်း အားလျော်စွာ- ဖြစ်လျက်- ပျက်လျက်- ရှိနေကြသည်။လူ- နတ်-ဗြဟ္မာ-သတ္တဝါငယ်လို့ မရှိ-ရေ-မြေ-သစ်ပင်-တော- တောင်-ရယ်လို့မရှိ၊သို့အတွက်ကြောင့်၊မျက်စေ့-နား-နှာ

လျှာ-ကိုယ်- စိတ်တို့ဖြင့်- တွေ့ရသမျှသည်- ရုပ်ခဲတ်တွေဘဲ ဟူ၍တထစ်ချ-မှတ်ထားပါ။ သိတတ်တဲ့စိတ်ကို-နာမ်ခဲတ် ဟူ၍မှတ်ထားပါ။ ။ထို-တွေ့ရတဲ့ခဲတ်တွေတွင်၊တမျိုးဖြစ် စေ-တမျိုးထက်ပို၍ဖြစ်စေ-အကုန်လုံးကိုဖြစ်စေ၊ တွေ့သော အခါ၊တွေ့ရုံမျှသာ--တွေ့မှန်းသိသည်ထက်ပို၍၊မသွားစေဘဲ၊ တွေ့မှန်းသိရုံမျှသာ- အထပ်ထပ်အခါခါ- ဖြစ်၍နေသော- သဘောတို့ကို၊ ရှု၍နေခြင်းကို၊ ဝိပဿနာဘာရးအားထုတ် ခြင်းဟူ၍ခေါ်သည်။

မှတ်ချက်။ ။ဤကား၊ ဝိပဿနာအားထုတ်မည့်၊ယောဂီ အသစ်ကို၊ဝိပဿနာနှင့်ပတ်သက်သည့် လိုအပ်သော-ကျမ်း ဂန်ပရိယတ္တိကို-သင်ပေးလိုက်ခြင်းဖြစ်သည်။ အနုသာသနီ စကားဟူ၍လည်း ခေါ်သည်။ ။အဲဒီကျမ်းဂန် စကား ကို၊ ပရိယတ်ဟု—ခေါ်သည်။ ပဋိပတ်ဆိုတာက၊ဝိပဿနာ အား ထုတ်ထာကို ခေါ်သည်၊ ပဋိပတ်တရားကို အား မထုတ်မှီ၊ ပရိယတ်စကားကို၊ ကြိစည်-တွေးတော- ဝေဘန်နိုင်သည်။ တရားအားထုတ်နေစဉ်အခါတွင်မှုကား၊တစက္ကန့်သောက်မျှ တွေးတော-ကြံစည်- ဝေဘန်ခြင်း-မပြုရ၊ပြုလျှင် ဝိပဿနာ ၏ အန္တရာယ်ဖြစ်သွားသည်။ ။အားထုတ်ပြီး၍၊ခဏခေတ္တ နားသောအခါများတွင် မှုကား၊ ကြံစည်-တွေးတော- ဝေ ဘန်မှုကို-ပြုနိုင်သည်။

## သီလ-သမာဓိ-ပညာ

ဝိပဿနာတရားဆိုဘာ၊သီလ-သမာဓိ-ပညာ-သုံးပါးစ လုံးပါရသည်။ယခု သီလခံပြီး၍၊ကမ္မဋ္ဌာန်းတောင်းပြီးပြီ။ ။

သမာဓိအလုပ်ကိုလုပ်ရမည်။ သမာဓိကို၊ အချို့က-အာနာ ပါနဖြင့် ထူထောင်ကြသည်။ အချို့မှာ-ကသိုဏ်း-အသုဘ ဒွတ္တိံသ- ဣရိယာပထ-စသည်တို့ဖြင့်- ထူထောင်ကြသည်။ ဘာနဲ့ဘဲ ထူထောင်-ထူထောင် သမာဓိဖြစ်လျှင် ပြီးတာပါ ဘဲ။ သမာဓိဖြစ်လာလျှင်၊ကောင်းကောင်းဖြစ်လာလျှင်၊ရုပ် ခဲတ်- နာမ်ခဲတ်-ပရမတ်ခဲတ်တို့၏ ဖြစ်မှု-ပျက်မှုတို့ကို အလိုလိုတွေ့မြင်၍ လာရလိမ့်မည်ဟု-မြတ်စွာဘုရား ဟော တော်မူထားတာရှိပါသည်။ ။သို့ရာတွင်-တွေ့သောအခါ၊ ရုပ်မှန်း-နာမ်မှန်း သိဘတ်သော ဉာဏ်မရှိလျှင်၊ ဝိပဿနာ မဖြစ်ဘဲ၊ အချည်းနှီး ဖြစ်သွားကတ်ပါသည်။ ထို့ကြောင့် ဤကျမ်းတွင်၊ အားထုတ်ခါနီး-သိအပ်သော သဘောတရား ဟု-ရေးပြထားရခြင်း ဖြစ်ပါသည်။ ။ရှေးဘဝများက အ လိုအလျောက်- သိနိုင်သော ရနိုင်သော ပါရမီခံရှိသော သူ များမှာမူကား၊ သမာဓိ ဖြစ်တယ်ဆိုလျှင်ပင်-ရုပ်နာမ်, မွေ သင်္ခါရတို့၏၊ လက္ခဏာရေး သုံးပါးကို- အလိုလို ထင်ပြီး ထိုက်သင့်ရာမဂ်ဖိုလ်တို့ကို ရသွားကြပါသည်။ကာလီအမည် ရှိသော သူဌေးသမီးကိုကြည့်ပါ။ သူကဲ့သို့ပင်၊ အခြားသော ဝတ္ထုသက်သေများလည်းရှိပါသည်။

## သမာဓိဖြစ်ရုံမျှနှင့်၊ ဝိပဿနာကို ဘယ်လိုရောက်သွားသလဲ

သမာဓိဖြစ်လျှင်- ရုပ်နာမ်သဘောတွေ့ဘတ်သည်။ ရုပ် နာမ်သဘောကိုတွေ့လျှင်- လက္ခဏာရေးသဘောတို့ကို တွေ့

ရတတ်သည်။ ။ဘယ်လိုတွေ့ရ တတ်သလဲဆိုလျှင်။ ။ ဥပမာမှာ။အာနာပါနကိုရှုနေလျှင်၊ထွက်လေဝင်လေ-ထိထိ သွားတာကို၊ ပါဠိလို ဖောဋ္ဌဗ္ဗဓာတ်၊ မြန်မာလို ထိတွေ့တဲ့ ဓာတ်ဟုခေါ်သည်။ ။သို့ရာတွင်၊ ထိတွေ့ဓာတ်ကို၊ ဓာတ်မှန်း ပရမတ်မှန်း မသိဘူးဘဲ ထားဦးတော့။ အာနာပါန-အားထုတ်ပါများလျှင်၊ ခန္ဓာကိုယ်-တနေရာ၌၊ ပူမှု-အေးမှု-လှုပ်ရှားမှု-စသည်တို့သည်၊ဘုရားဟောကျမ်းဂန်အတိုင်း၊ အလိုလိုပေါ်လာတတ်သည်။ အဲဒီလိုပေါ်လာတာကို၊ သဘာဝ လက္ခဏာဟုခေါ်သည်။ ။အဲဒါကို သဘာဝ လက္ခဏာမှန်း-ဓာတ်လေးပါးမှန်း-ရုပ်ဓာတ်မှန်း-မသိတတ်၍၊ ဂရုမစိုက်ဘဲနေလျှင်၊ပေါ်လာပေမဲ့-အကျိုးမထူးဘဲ၊ပျောက်ပျက်၍ သွားတတ်သည်။ ရုပ်ဓာတ်မှန်းသိတတ်သော ဉာဏ်ရှိ၍ ဆက်လက်ရှုသွားလျှင်၊ ပေါ်လာသောဓာတ်တွေသည်- တလှုပ်လှုပ်တရွရွနှင့်-ဖြစ်လျက်-ပျက်၍-ပျက်၍ တဆက်ထည်း ဖြစ်ပျက်နေတာတွေကို၊ တွေ့ရလိမ့်မည်။ အဲဒီအတိုင်း-တွေ့ရသလိုကိုပင်-သိရုံပင်-သိအောင်ရှုနေလျှင်၊သာမည လက္ခဏာဟုခေါ်တဲ့-ဖြစ်မှု-ပျက်မှု အခုစုတို့ကိုတွေ့ပြီး၊ဥဒယဗ္ဗယ မှ-မဂ်ဉာဏ်ကျအောင် တက်သွားနိုင်ပါသည်။ ။

## ဣရိယာပထနှင့် သမာဓိဖြစ်ပြီး၊ ဝိပဿနာ ရောက်သွားပုံ

ဣရိယာပထပဗ္ဗနည်းမှာ၊ မိမိ၏ဣရိယာပုထ်ဖြစ်နေပုံကို မှတ်၍နေရသည်။ ဣရိယာပုထ်ပြောင်းလျှင်- ပြောင်းသလို

မှတ်ရသည်။ မှတ်ပုံမှာ၊ ထိုင်နေလျှင်၊ ထိုင်နေတယ်-ထိုင်နေတယ်ဟု ဈာရိယာပုထ် မပြင်မချင်းမှတ်နေရသည်။ ပြင်လျှင် ပြင်သလိုပင်မှတ်ရသည်။ ဥပမာမှာ။ ထိုင်နေသည်၊ ထနေသည်၊ ရပ်နေသည်၊ လျှောင်းနေသည်၊ ကွေးသည်၊ ဆန့်သည်၊ ကြွသည်၊ လှမ်းသည်၊ ချသည်၊ စားသည်၊ ဝါးသည်၊ စသည်တို့ဖြင့်၊ အဆက်မပြတ်-တမှတ်ထည်း မှတ်နေရသည်။ ။ဤသို့ မှတ်ပါများလျှင်၊ စိတ်သည်အခြားသို့ထွက်ထာနည်းပြီး ဈာရိယာပုထ်၌သာလျှင် နေတာ-များ၍လာလိမ့်မည်။ ထိုထက်ကြာလျှင်၊ ဈာရိယာပုထ်ကိုမှတ်နေတဲ့အလုပ်၌သာလျှင် စိတ်သည် တည်နေလိမ့်မည်။ ။စိတ်တည်နေလျှင် သမာဓိဖြစ်ပြီဟုဆိုရမည်။ ။သမာဓိ ဖြစ်လာလျှင် ဈာရိယာပုထ် ပြောင်းလဲပုံနှင့်၊ မှတ်နေပုံကလေးတို့သည်၊ တမျိုးပြီးတမျိုး တခုပြီးတခု အဆက်မပြတ် ပေါ်လိုက် ပျောက်လိုက်- ဖြစ်လိုက်ပျက်လိုက်နှင့်၊ ရှုတ်ယှက်ခတ် ဖြစ်ပျက်နေပုံ တို့ကိုသာ တွေ့လျက်နေရလိမ့်မည်။ ။ဘိုအခါ၊ မိမိ၏- ကိုယ်-လက် အင်္ဂါစသည် တို့နှင့်တကွ-အခြားသောသက်ရှိသက်မဲ့စသည် တို့ကိုပါ။ အမှတ်မရှိ-သတိမရတော့ဘဲ။ ပေါ်မှု-ပျောက်မှု-ဖြစ်မှု-ပျက်မှု-မှတ်မှုတို့၌သာလျှင်- စိတ်သည် တည်နေလိမ့်မည်။ ။ဤသို့-ရှုနေရင်း၊ သမာဓိဖြစ်လာပြီးလျှင်၊ ပညတ်အာရုံများပျောက်လျက် ဖြစ်ပျက်မှု၌သာစိတ်က တည်လျက်ရှုနေရခြင်းကို၊ ဝိပဿနာဟု၊ ဝိဂြိုဟ်ပြုထားသည်။ ။မြတ်စွာဘုရားသခင်ကလည်း၊ ဤအတိုင်းပင် ဟောတော်မူထားသည်။ ။ဖြစ်ပျက်သက်သက်ကိုချည်း ရှုနေရသည် အခ်ိ

မရောက်သေးမှီအလုပ်ကို၊ ဇ္ဈာနပထမဇ္ဈာန်-သမာဓိအလုပ် ဟုခေါ်သည်။ ။ပညာတ်ပျောက်၍ ဖြစ်ပျက်သဘောသက်သက်ကိုသာ သိနေရသောအခါ၊ သမ္မာဉာဏ်ဇ္ဈာန်-ဝိပဿနာဟု ခေါ်သည်။ ။

## ယခုခေတ် ဇ္ဈာနပထမ ရှုနည်း

ယခုခေတ်-ဇ္ဈာနပထမနည်းမှာ၊ဇ္ဈာနပထမသက်သက်ကိုသာ ရှုသည်မဟုတ်ဘဲ။ပေါ်လာသမျှသော အာရုံငါးပါး၊ စိတ်စေတသိက် တရားတို့ကိုပါ၊ ရောမွှမ်းလျက်။ကြွသည်-လှမ်းသည်-ချသည်၊ ကွေးသည်-ဆန့်သည်-ထိုင်သည်- ထ, သည်၊လျှောင်းသည်-မြင်သည်- ကြားသည်- နံသည်- စားသည်-သောက်သည်-ထိသည်-နာသည်-ကျင်သည်-စိတ်ပူသည်-ဝမ်းသာသည်-စားချင်သည်- အိပ်ချင်သည်- ယူချင်သည်-အားနာသည် - ကြောက်သည်- ယှက်သည်- အစရှိသော၊စိတ်-စေတသိက်-ရုပ်-တရားအပေါင်းတို့၏-ဖြစ်ပေါ်လာသမျှကို၊မှတ်နေရသောကြောင့်၊သာ၍ကောင်းပါသည်၊ မှတ်နေရင်းပင်၊ ဖြစ်ပျက်မှုအနိစ္စ- ဆင်းရဲမှုဒုက္ခ-အစိုးမရမှုအနတ္တသဘောတို့သည်၊ သူ့ဘာသာသူ ထင်လျှား၍လာပါသည်။ ။ထိုအခါ၊အနုသာသနီစကားကို၊ နာကြားထားရသောယောဂီများမှာ၊ ကိုယ့်ဘာသာကိုယ်-အလိုလိုဉာဏ်ရှင်း၍ သွားတတ်ပါသည်။ ။

## သမထယာနိကနှင့်ဝိပဿနာယာနိက

သမထယာနိကမှာ၊ သမထကို၊ ဈာန်အင်္ဂါငါးပါးနှင့်

တကွ၊ ပဥ္စမဈာန်အစရှိသည်တို့ကို- ဝင်စားနိုင်အောင် အား ထုတ်ပြီးမှ၊ ဝိပဿနာကို ရှာ၍ရှုရခြင်းကို ခေါ်ပါသည်။ ဝိ ပဿနာပဘာနိကမှာ-ယခုပြခဲ့သော-အာနာပါနနှင့်၊ ဣရိယာ ပထစသည်တို့ ကဲ့သို့သော၊ တရားသဘော တမျိုးမျိုးကိုရှု ရင်း၊ သူ့အလိုလို-ဝိပဿနာအာရုံတွေကိုတွေ့ပြီးထိုက်သင့် သော မဂ်ဖိုလ်ကိုရအောင် အားထုတ်ခြင်းကိုခေါ်ပါသည်။

## အမြန်ဆုံးရှုနည်းဟုခေါ်ရခြင်း

ယခုပြသောနည်းကို- အမြန်ဆုံးရှုနည်းဟု၊ အဘယ် ကြောင့်ခေါ်ရသနည်းဟူမူ။ ကွန်ုပ်သည်- ဆရာပေါင်းစုံတို့ ၏ ဝိပဿနာပေါင်းစုံတို့ကို၊ကိုယ်တိုင်ဇဟုသုတဖြစ်အောင် အားထုတ် ကျင့်ကြံပြသ၍ကြည့်ရာတွင်- ဤကျမ်းပါ နည်း များသည်၊ အမြန်ဖြစ်ထာကိုတွေ့ရ၍ ဖြစ်ပါသည်။ အခြား နည်းများမှာ-ယခုခေတ် ဤမျှလောက် မြန်တာကိုမတွေ့ဘူး သေးပါ။ ။ကျမ်းဝန်မှာသာ- မြန်နိုင်ကြောင်းကို တွေ့ရပါ သည်။

# ပဥ္စမ-လက်ဗေဒအမြန်ရှုပုံ

သိလခံ၍-ကမ္မဋ္ဌာန်းတောင်းပြီးလျှင်၊ ထုံးစံအတိုင်း-ထိုင် ပါ။ကြာကြာထိုင်နိုင်အောင်ခြေသလုံးချင်းထပ်၍မထားနှင့်၊ လက်ဝါးတခုပေါ်တခု-တင်ရုံသာတင်ထား၊ လက်ချောင်းက လေးချင်း၌တ်မထားနှင့်၊ ဒူးနှစ်ဘက်ပေါ်တွင်လည်း၊ လက် ကို-တဘက်စီတင်၍ထားနိုင်ပါသည်။ ။ကိုယ်ကိုတောင့်မ

ထားနှင့်၊ အလိုက်သင့်ပင်ရှိနေပါစေ။ ။ပြီးလျှင်၊စိတ်တည်
ငြိမ်၍-သမာဓိဖြစ်လွယ်အောင်လုပ်ရမည်ဖြစ်သဖြင့်၊စိတ်ကို၊
ရင်ဝ၌ရှုးစိုက်စွဲမြဲအောင်ထားပါ။ ရင်ဝ၌သာလျှင် စိတ်ကို
ထားလိုသောဇောဖြင့်ထားပါ။ဇောနှင့်ထားလျှင်မြဲလွယ်ပါ
သည်။ ရင်ဝ၌စိတ်ကိုထားလျှင် သမာဓိဖြစ်လွယ်ပြီး၊ဝိပဿ
နာ တရားကိုတွေ့ရမည်ဆိုတာကိုလည်း၊ ယုံယုံကြည်ကြည်
ရှိပါစေ။ သမံကာ ယှံကာမလုပ်ပါနှင့်။ ရင်ဝ၌စိတ်ကိုစိုက်
ရုံသာစိုက်ထားပါ။ တွေးခြင်း-ကြံခြင်း-ဘောနှံခြင်း-မပြုပါ
နှင့်၊ပြုလျှင်-သမာဓိမရဘဲနေတတ်သည်။ ။ဤသို့ရင်ဝ၌စိတ်
ကိုစိုက်ထားရင်း၊စိတ်သည်၊ အခြားတနေရာရာသို့-အလိုလို
ရောက်သွားတတ်သည်၊ ရောက်သွားလျှင်၊ ရင်ဝမှာဘဲပြန်၍
ထားပါ။ ရင်ဝမှာ-စိတ်-တည်မြဲနေအောင် ဂရုစိုက်၍ထား
ခြင်းသည်သာလျှင်၊ဝိပဿနာယောဂီ၏အလုပ်ဖြစ်ပါသည်။
ရင်ဝ၌- စိတ်တည်ငြိမ်စွဲမြဲလာလျှင်၊ သမာဓိဖြစ်လာပါလိမ့်
မည်။ သမာဓိဖြစ်လာလျှင်၊ မြတ်စွာဘုရားဟောတော်မူထား
သည့်အတိုင်း။ရုပ်နာမ်ဓမ္မတို့ကိုထုတ်လှန်၍ပြသကဲ့သို့၊ဟုတ်
မှန်သမျှတွေ-အလိုလိုပေါ်လာတာကို တွေ့ရ ပါလိမ့် မည်။
ဘယ်လို ပေါ်လာတတ်ပါသနည်းဟူမူ။ ။ရင်ဝတပိုက်ဆိ၌
ဖြစ်စေ၊ ရင်ထည်းဝမ်းထည်း၌ဖြစ်စေ၊ ပူတာ-ဇတာ- လေး
တာ-ပေါ့တာ - တင်းတာ- လျော့တာ- လှုပ်ထာ-ရွတာ-စ
သည်တို့ကိုလည်း၊ တွေ့သင့်သလိုတွေ့တတ်သည်။တရှိန်ရှိန်-
တသုတ်သုတ်-တလှုပ်လှုပ်- တလှက်လှက်နှင့်နေတာတွေကို
လည်းတွေ့တတ်သည်။ ကျမ်းဂန်တွင်ပြသလို-ရေပွက်ပမာ

တံလျှပ်ပမာ ဆူပွက်နေတာလိုလည်းတွေ့တတ်သည်။ နှင်းတွေကျနေတာလိုလည်းတွေ့တတ်သည်၊ မီးခိုးဖွဲ-မီးခိုးသဲ-အနဲနဲအဖုံဖုံ- ရွာချနေတာလိုလည်းတွေ့တတ်သည်။ တိမ်ခိုးတိမ်ငွေ့တွေ- တိုးဝှေ့ရွေ့လျား နေသလိုလည်း တွေ့တတ်သည်။ မီးလျှံ မီးတောက် များဖြင့် လောင်မြိုက်နေသကဲ့သို့လည်းတွေ့တတ်သည်။ ရေစီးကြောင်းတွင် ရေချိုးနေစဉ်အခါ- ရေတွေတိုး၍- တသိမ့်သိမ့်နှင့် ဖြစ်နေသလိုလည်း တွေ့တတ်သည်။တကိုယ်လုံးဖြစ်စေ-ကွက်တိကွက်ကြားဖြစ်စေ-ပူနေတာကိုလည်းတွေ့ရတတ်သည်၊ အပ်ခလေး တွေနှင့်ထိုးဆွနေသလိုလည်း-စစ်စစ်စစ်စစ်နှင့် တွေ့ရတတ်သည်။ ပိုးကောင်ငယ်လေးများသွားနေသကဲ့သို့ တရွေ့ရွေ့နှင့်သွားနေသလိုလည်း တွေ့ရတတ်သည်။ ရင်ထည်း ဝမ်းထည်း၌-အောင့်အင်းနာကျင်မှုတို့ကိုလည်း တွေ့တတ်သည်၊တလိပ်လိပ်နှင့်လေတွေတက်ပြီး အံတွက် လိုက်ရတော့ မလိုလည်းတွေ့ရတတ်သည် ဖျားနာနေတာလိုလည်းတွေ့ရတတ်သည်။ ရင်တခုလုံးကြွတ်ပြီး- ကွဲထွက်သွားရမလိုလည်း တွေ့တတ်သည်၊ ထိုနောက်မပြောပြတတ်လောက်အောင်၊ ကိုယ်၌ထိတွေ့မှုတို့ကိုအဆင်သင့်သလိုတွေ့ရတတ်ပါသည်။ ဤသို့တွေ့ရသော သဘောမှန်သမျှတွေသည်။ ဘာတွေပါလိမ့်မလဲဟုတွေးတော-ဝေဘန်-ကြံစည်၍နေစရာမလိုပါ၊ကိုယ်၌-ထိ၍တွေ့ရသော သဘောများချည်းသာ ဖြစ်သောကြောင့်၊ ပါဠိလို- ဖေါဋ္ဌဗ္ဗဓာတ်တွေဟု ခေါ်ပါသည်။ ပထဝီ အာပေါ-တေဇော- ဝါယော- ဓာတ်လေးပါး စုပေါင်းနေတာဟူ

၍လည်း ခေါ်ပါသည်၊ မဟာဘုတ်ခတ်ဟူ၍လည်း ခေါ်ပါသည်။ ဘူတရုပ်ဟူ၍သည်း ခေါ်ပါသည်။ ။သို့ရာတွင်၊ ဝိပဿနာယောဂီ၏ အတွေ့မှာ၊ စောစောက သင်ပေးထားသည့်အတိုင်းပင်၊ ရုပ်ဓာတ်တွေဟူ၍သာ မှတ်ပါ။ ။ရုပ်ဓာတ်မှန်းသိလျက်- ဆက်၍ရှုနေလျှင် ဝိပဿနာဖြစ်နေတာပါဘဲ။ ။ဝိပဿနာ ဖြစ်နေလျှင် သမာဓိ ရင့်ကျက်လာသောအခါ ဝိပဿနာဉာဏ် အလိုလိုတက်လာပြီး၊ ထိုက်သင့်တဲ့ မဂ်ဖိုလ်ကို-ရရစမြဲပါဘဲ။ ။

ယခုရေးပြသည့်အတိုင်း၊ ရင်ဝ၌စိတ်ကို စူးစိုက် မြဲစွဲစွာနေအောင် ထားရင်း တွေ့လာရတဲ့ သဘောတွေမှာ၊ ဘယ်လိုကစ၍၊ ဘယ်လိုဆုံးအောင်တွေ့သွားလိမ့်မည်ဟု-အတတ်မပြောနိုင်ပါ။ အကြောင်းအားလျော်စွာ-တွေ့သင့်သလိုသာတွေ့သွားတတ်ခြင်းဖြစ်ပါသည်။ တချို့မှာ-သက်သက် သာသာပင်-တွေ့ရသည်၊ တချို့မှာ-ပြင်းပြင်းထန်ထန် တွေ့ရသည်။ တချို့မှာ-အား ထုတ်ခါစ၌ပင်-စ၍- တွေ့သင့် သလောက် တွေ့ရတတ်သည်။ တချို့မှာ တရက်-နှစ်ရက်-တပတ်-နှစ်ပတ်-တလလောက်ကြာမှ နဲနဲပါးပါး-စ၍ တွေ့ရတတ်သည်။ တချို့မှာလည်း၊ အလျှင်းမတွေ့ဘဲ နေရတတ်သည်။ တချို့မှာလည်း၊ အစကတည်းက-ဘာမျှ မတွေ့ရဘဲ တလလောက်ကြာမှ-အများကြီး- ဗျုံးကနဲ-တွေ့ရတတ်ထာလဲရှိသည်။ တချို့မှာမူ-စလျှင် စခြင်း- အများကြီး တွေ့ကြပါသည်။ ။သို့ရာတွင်ဘယ်လိုဘဲတွေ့တွေ့- မတွေ့တွေ့-ရင်ဝမှာပင်စိတ်ကိုစိုက်ထားပါ။ရင်ဝမှာသာ-စိတ်ကိုစိုက်ထား

ပေမဲ့၊ ခုတ်တွေပေါ်တာကိုတော့၊ဘယ်ကဘဲပေါ်ပေါ် သိရတာပါဘဲ။ တခါတရံ-ခုတ်ပေါ်ရာသို့ သူ့အလိုအလျောက် စိတ်ရောက်သွားတတ်သည်၊ စိတ်ဘာသာ-စိတ်အမှတ်တမဲ့ ရောက်သွားချင်-သွားပေစေ။ယောဂီကတော့ခါ၊ တမင်တကာ-ခုတ်ပေါ်ရာသို့-လိုက်၍ မကြည့်ပါနှင့်၊ ခုတ်ပေါ်ရာကို စိတ်က-တမင် တကာလိုက်၍၊ ကြည့်နေလျှင်။ ခရီးကြံ့ကြာတတ်သည်။ခုတ်ပေါ်ရာသို့ စိတ်ရောက်နေတာကိုသတိရလျှင်၊ ရင်ဝမှာပြန်၍ထားပါ။

ဤနည်းအတိုင်း ထိုင်၍ရှုရင်း ခုတ်တွေကို- တွေ့သည်ဖြစ်စေ-မတွေ့သည်ဖြစ်စေ၊ အနည်းဆုံး- နှစ်နာရီကြာအောင် ထိုင်၍ရှုပါ။ ညောင်းအားကြီးလျှင်၊ ဖြေးဖြေးကလေး-ညင်သာစွာပြင်၍ထိုင်ပါ။ ။ကျန်းမာ၍အားရှိသော ယောဂီ-ဆိုလျှင်၊ ဘယ်လိုဘဲညောင်းညောင်း၊ ဖွဲ့ကောင်းကောင်းနှင့် နေရာမပြင်ဘဲ၊ဆက်၍ထိုင်နေလျှင်၊ အညောင်းတွေပို၍ ထုံလာပါလိမ့်မည်၊ ထုံပေစေ- နေရာမပြင်ဘဲ ထိုင် နေ လျှင်၊ ညောင်းတာ-ထုံတာ အစွမ်းကုန်အောင် တိုးတက် လာပြီးလျှင်၊ ပြန်၍ လျော့သွား ပါလိမ့်မည်။ ဤသို့ ဖွဲ့ခတ်နိုင်လျှင်၊ နောင်ကို- ဘယ်လိုပင် ထိုင်သော်လည်း၊ မညောင်းဘဲ နေတတ်ပါသည်။ ။သို့ရာတွင်၊ မကျန်းမာသူနှင့် အား နည်းသူများမှာ၊ ဖွဲ့ခတ်၍မထိုင်ပါနှင့်၊ ညောင်းလျှင် နေရာ ပြင်ပေးပါ။ မပြင်ဘဲ-ဖွဲ့ခတ်နေတာ ကြာလွန်း အားကြီးလျှင်၊ အန္တရာယ်ဖြစ်တတ်ပါသည်။

ထိုင်၍ရှုတာ နှစ်နာရီကြာပြီးလျှင်၊ ရပ်၍ရှုပါ။ ရင်ဝမှာ

ပင် စိတ်ကိုစိုက်ထားပါ။ ထိုင်၍ရှုနေသလိုပင်၊ ခုတ် တွေ့ ကိုတွေ့လာရတတ်ပါသည်။ ရပ်ထားကြာလျှင် ခြေသလုံးက ဖြင်းဖြင်း-ဖြင်းဖြင်း နှင့်လည်း- ဖြစ်လာ တတ်ပါသည်။ ။ ကျန်းမာသော သူများမှာ နှစ်နာရီထက်မနည်းဘဲ-ရပ်လျက် ရှုပါ။ အားနည်းသော သူများမှာ၊ ရပ်နိုင်သလောက်ပင်-ရပ် ၍ရှုပါ။

ရပ်၍ရှုပြီးလျှင်၊ လျှောင်းလျက်-ပက်လက်-ရင်ဝ မှာပင် စိတ်စိုက်၍ရှုပါ။ လျှောင်းလျက်- ပက်လက် ရှုသော အခါ- ဣရိယာပုထ်ကိုမလှုပ်မရှားဘဲ ယားလို့တောင်မှ မကုတ်ဘဲ တငြိမ်ထည်းငြိမ်လျက် နှစ်နာရီကျော်သည့် တိုင်အောင် ရှု နေလျှင်၊သာ၍ကောင်းပါသည်။အောင့်၍မနေနိုင်လျှင်လည်း လှုပ်ရပါသည်။

ဤသို့-ထိုင်-ထ-လျှောင်း-ဤသုံးမျိုးကို၊ တမျိုးပြီးတမျိုး- ဆက်၍မနား မနေဘဲ- ဆက်၍ ရှုသွားနိုင်လျှင်၊ မြန်မြန် ကြီး တရားထူးကို ရနိုင်ပါသည်။ သို့ရာတွင်၊ အာဟာရ မှီဝဲချိန်၊ ရေချိုးချိန်-စသည်တို့ကိုလည်း၊အချိန်ကျလျှင်လုပ်ရပါမည်။ အညောင်းပြေအောင်လည်း၊လမ်းလျှောက်ရပါသည်။အလ ကားသက်သက်တော့ခါ၊ နား၍မနေပါနှင့်။ စကားပြော၍ မနေပါနှင့်၊တရားကိုညှင်းခံ၍လည်းမနေပါနှင့်၊ ညှင်းခံ၍နေ လျှင်၊တရားအားထုတ် နေစဉ်တွင်လည်း၊ ညှင်းခံတာတွေ- ဝင်၍ လာတတ်သည်။ ။ဆရာမှာသလို အားထုတ် သွား သောအခါ၊ တချီထက်တချီ-တရားတွေကို တိုးတက် များ ပြားစွာတွေ့၍လာတတ်ပါသည်။ တခါတရံလဲ၊ တွေ့ရတာ

လျော့နည်း၍ သွားတတ်ပါသည်။ ။သို့ရာတွင်၊ တဆက် ထည်း-အားတက်သရော- ယုံယုံကြည်ကြည်နှင့် အားထုတ် သွားလျှင်မူကား၊တရားကိုအားထုတ်ရန်-စသည်နှင့် တပြိုင် နက်၊ တရားတွေ့တဟုန်တည်း တိုးတက်၍လာတတ်က များ တတ်ပါသည်။ ဘယ်လိုဘဲဖြစ်ဖြစ်၊ထုံးစံအတိုင်းသာ၊တမျိုး ပြီးတမျိုး-ဆက်၍ရှုသွားပါ။အိပ်ရာဝင်၊တရေးနိုး၊နံက် အိပ် ရာမှနိုးချိန်တို့၌သည်း၊ရှုလျက်ပင်နေပါ။တခါးထူးကို အမြန် ဆုံးလိုချင်လျှင်ဆရာ့စကားကို၊ အလုံးစုံ နာထောင်ပါ။

ဤကဲ့သို့ ထိုင်-ရပ်-လျောင်း-ဣရိယာပုထ်သုံးမျိုးဖြင့် ရှု သွားရင်း၊ နှစ်ပတ်-သုံးပတ်လည်ပြီးသောအခါ၊ နောက်တ ချီ-မတ်တဘ်ရပ်၍ ရှုရမည့်အလှည့်မှာ၊မတ်တတ်ရပ်ခါစက စ၍၊ ငါးမိနစ်- ဆယ်မိနစ်-မိနစ် နှစ်ဆယ်-ကြာ သည် တိုင် အောင်၊စိတ်ကို-ရင်ဝမှာမထားဘဲနှင့်၊ခြေနှစ်ဘက်တွင်၊ ဒူး အောက်-ခြေဖျားအထိအတွင်း၌စိတ်ဖြင့်ရှု၍နေပါ။ခြေဖျား ခြေသလုံးတို့၌၊ တောင့်တင်း၍- ဖြိုးဖြိုး ဖြင်းဖြင်း လှုပ်လှုပ် ရွရွ-သဘော ကလေးတွေကို တွေ့လာ တတ် ပါသည်။ ။ ဘာမျှ-မတွေ့ဘဲနေလျှင် ရင်ဝမှာပင်-စိတ်ကိုပြန်၍ထားပြီး- ရှုမြဲတိုင်း-ရှု၍သွားပါ။ ။အကယ်၍ ခြေဖျား- ခြေသလုံး တို့၌၊ ဖြိုးဖြိုးဖြင်းဖြင်း-ရွရွ- မွမွ- စသည်တို့ကို ခပ်များများ တွေ့ရလျှင်မူကား။ ။ဤအခါမှစ၍- စင်္ကြံလျှောက်ရင်း ရှု ရပါမည်။ ။ရှုရမည့်ပုံမှာ၊ ။ရှေးဦးပဌမ၊ ခြေနှစ်ဘက်ကို တထွာခန့်ခွဲ၍ ရပ်ပြီးလျှင်၊ဒူးအောက်တွင် တွေ့ရသော လှုပ် လှုပ်ရွရွ-နေသည့် ဓာတ်တွေကို စိတ်ဖြင့်စိုက်၍ရှုနေပါ။တွေ့

ရတဲ့ခတ်တွေ-များလာလျှင်၊ ခြေထောက်ပုံသဏ္ဌာန်ကြီးကို ဂရုမစိုက်ဘဲ၊တွေ့ဘဲ့ ခတ်တွေကိုသာ ရှုလျက်၊ ခြေတဘက်ကို ဖြေးဖြေးကလေး ကြွပါ။ ကြွမိလျှင် လက်ဝါး တရ စာ လောက်သာ ရှေ့သို့လှမ်း၍၊ ချက်ခြင်းချလိုက်ပါ။ လှမ်းတာ ကြာနေလျှင်၊ယိုင်၍လဲမလိုဖြစ်သွားတတ်ပါသည်။ ခြေချပြီး သောအခါတွင်လည်း၊ ချက်ခြင်းခြေကို မကြွသေးဘဲ၊ ခတ်တွေကိုသာ စိုက်၍ ရှုနေပါ။ခတ်တွေ- တွေ့တာ များလာတော့မှတခါ-ခတ်တွေကိုရှုရင်း၊ ဖြေးဖြေးကလေးပင် ခြေကိုကြွပါ။ကြွရင်းလည်း-ခတ်တွေကိုသာ ရှုနေပါ။ ကြွပြီးလျှင် ချက်ခြင်းလှမ်း၍ ခြေကိုချပါ။ ဤနည်း အတိုင်းပင်၊ ခတ်တွေကိုသာရှုလျက်–ကြွပါ- လှမ်းပါ- ချပါ- ရပ်ပါ။ ဤစကြံ့နည်းမှာ၊ ခြေထောက် ပုံသဏ္ဌာန်ကိုကြည့်၍၊ ကြွတယ်- လှမ်းတယ်-ချတယ်ဟု- မှတ်၍လှမ်းရသော စကြံ့မျိုးမဟုတ်ပါ။ ခတ်ကိုသာ- ကြည့်၍လှမ်းရပါသည်။ ။ ခြေလှမ်းကို- မကြံ့ပါစေနှင့်၊ မမြန်ပါစေနှင့်၊ ခြေလှမ်းများများလှမ်းတာကို မလိုပါ။ ခတ်ကိုသာ ဆက်တိုက် ရှုမြင်သွားရဘို့လိုပါသည်။ ခြေလှမ်းမြန်လျှင်-ဝိပဿနာ ဉာဏ်မတက်နိုင်ပါ။ ခြေလှမ်းနှေးလေ-ခတ်တွေကိုပို၍တွေ့လေဖြစ်ပါသည်။ ခတ်တွေကို များများ တွေ့ရမှ- မဂ်ဖိုလ်ကို မြန်မြန်ရောက်နိုင်ပါသည်။ ။ခတ်တွေကို များများတွေ့လာသောအခါ၊ခြေဖျားမှစ၍ခတ်တွေသည်၊ရှိန်းရှိန်း သုတ်သုတ်- လှုပ်လှုပ်- ရွရွနှင့်၊ အထက်ဘက်သို့- ဦးခေါင်းထိအောင်-တကိုယ်လုံးပြန့်နှံ့လျက်၊ တက်တက်- နေပါလိမ့်

မည်။ သို့ရာတွင်၊ ဒူးအောက်မှာသာ စိတ်ကိုထား၍ ရှုနေပါ။ စိတ်ကိုဒူးအောက်မှာထား၍ ရှုနေပေမဲ့၊ တကိုယ်လုံး၌ ဖြစ်ပျက်နေသော- ဓါတ်တို့ကိုသိလျက်ပင် နေပါလိမ့်မည်။ ထိုအခါ ကျတော့ခါ။ ဓါတ်တို့၏ ဖြစ်မှုပျက်မှုကိုလည်း များစွာတွေ့လျက်နေရပါသည်။ ရုပ်ရော-နာမ်ပါ- ဆင်းရဲခြင်းဖြစ်ထာကိုလည်း တွေ့ရပါမည်။ ခြေထောက်ကို-မကွေးနိုင်-မလှမ်းနိုင်-မချနိုင်-အောင်လည်းဖြစ်လာတတ်ပါသည်။ ဆင်းရဲလွန်းအားကြီး၍၊ မတ်တတ်မရပ်နိုင်ဘဲ၊ ခွေ-ယိုင်-လဲသွားမတတ်လည်း-ဖြစ်သွားတတ်ပါသည်။ ဆင်းရဲပေမဲ့-မဂ်ဖိုလ်ကိုဒိဋ္ဌတချီထည်းနှင့် လိုချင်လျှင်၊ ဆက်၍ပင်ရှုပါ။ ဤအခါ၌၊ တန်းတခုကိုကိုင်၍လျှောက်ရလျှင်၊ သာ၍ကောင်းသည်။ ဤနေရာ၌၊ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ အခဏ်းတွင် ရေးပြထားသည့်- လင်္ကာကလေးအတိုင်း လုပ်ရပါမည်။ ၎င်းလင်္ကာမှာ။ (ဒုက္ခဝေဒနာ-တွေ့၍လာ ထိုခါမခံချိ။ သည်းမခံချင် လွှတ်လိုက်လျှင် ဉာဏ်စဉ်မတက်ဘိ။ အရိုးကျေကျေ—သားကြေကြေ ရှုလေလို့ လမ္ဘိ။ လို့လထက်သံသည်းညည်းခံ-နိဗ္ဗာန်ကိုတောင်းထိ၊ ) ဟူ၍ဖြစ်ပါသည်။ ။ သို့အတွက်ကြောင့်၊ သေနိုင်တာမှမဟုတ်ဘဲ။ ဆက်၍သာရှုသွားပါ။ ။ အကယ်၍၊ ဘယ်နည်းနှင့်မျှဆက်၍ ရှု-မသွားနိုင်လျှင်၊ ရောက်ရာအရပ်မှာပင်-အသာကလေးထိုင်လျက်၊ ရင်ဝ၌ စိတ်ကိုစိုက်လျက်-ရှုနေပါ။ သက်သာလာလျှင် ထ၍စင်္ကြံလျှောက်ရင်းရှုပါ။ ။ ဤစင်္ကြံနည်းဖြင့်ရှုလိုသောအခါ။ ဆယ်ပေ-တဆယ့်ငါးပေကွာလောက်တွင်၊ ကုလားထိုင် တခုစီထား၍၊ စင်္ကြံလျှောက်လျှင်၊ ပင်ပမ်း ဆင်းရဲလွန်းသောအခါ၊

တဘက်ဘက်က-ကုလားထိုင်သို့ ရောက်လျှင်၊ ထိုင်၍နားနိုင်ပါသည်။ ။ဤစကြံနည်းမှာ၊ စင်္ကြံလမ်း ရှည်ရှည် မလိုပါ။ ငါးပေမှ ဆယ်ပေအထိလောက်ရှိလျှင်ပြီးပါသည်။ ခြေတတ်တွေကို အတွေ့များလာသောအခါ၊ ဤဆယ်ပေခရီးကိုပင်၊ နာရီဝက် ကြော်ကြော် လောက် လျှောက်ရတတ်ပါသည်။ ။ဥဒယဗ္ဗယဉာဏ် ကောင်းကောင်းသို့ ရောက်နေသောသူများမှာ၊ ဤနည်းအတိုင်း၊ ရှာနိ ၊ ကရိကာ်း ကျကျလျှောက်ရင်း ရှုနိုင်လျှင်၊တခေါက်နှစ်ခေါက်အတွင်း၊ မဂ်ဖိုလ်ကို ရသွားနိုင်တတ်ပါသည်။ မြင်ရတဲ့လူအဘို့မှာ ဖြေးဖြေးကလေး လေးငါးမိနစ်လောက်မှ-တလှမ်းသာ-လှမ်းရတာကိုမြင်ရ၍-ပေါ့ဆဆဟု ထင်ရပေမဲ့၊ ခြေတတ်တွေကိုတွေ့လျက်-လှမ်းနေရတဲ့လူမှာ-မချိမဆန့်- ပင်ပမ်းနွမ်းနယ်လှပါသည်။ ။ပင်ပမ်းဘယ်ဆိုခပေမဲ့၊ နာကျင်ကိုက်ခဲတာမဟုတ်ဘဲ၊ တကိုယ်လုံး၌ ဖြစ်ပျက်တွေ များလွန်းလို့၊ မဟာနိုင်၊ မသယ်နိုင်၊ ခွေယိုင်နွမ်းလျ ချိနဲ့၊ ပင်ပမ်းရုံမျှသာ ဖြစ်သောကြောင့်၊ ဇွဲကောင်းလျှင်၊ ဝန်မလေးလှပါ။ သို့ဖြစ်သောကြောင့်၊ သေသေကျေကျေ- မလျှော့ဘူးဟု- ဇွဲခတ်လျက်ဆက်၍ရှုနိုင်လျှင်၊ ဒီတချိတည်းနှင့်ပင်၊တရားထူးကိုရတတ်ပါသည်။ အကယ်၍၊ ဆက်မရှုနိုင်ဘဲ၊နားလိုလျှင်လည်း၊နားပါ။နားတယ်လို့ဆိုလျှင်လဲ၊ ဆင်းရဲဒုက္ခတွေ- တချက်ထဲ-ပျောက်ကုန်တာပါဘဲ။ဤကဲ့သို့ဆင်းရဲဒုက္ခမျိုးကို၊ထိုင်လျက်ရှုသည်ဖြစ်စေ၊ ရပ်လျက် ရှုသည်ဖြစ်စေ - လျှောင်းလျက်ရှုသည်ဖြစ်စေ၊အကြောင်းအခွင့်သင့်သလိုတွေ့တတ်ပါသည်။

ဤကဲ့သို့သော-ထိုင်-ရပ်-လျှောင်း-စင်္ကြံလျှောက်- ခြင်းတို့ဖြင့် ရှုရခြင်းသည်၊အလုပ်ကြမ်းကို- လုပ်ရတာမဟုတ်ပေမဲ့။ ညောင်းညာပင်ပမ်း–ဆင်းရဲနွမ်းနယ်ခြင်းဖြစ်တတ်ပါသဖြင့်၊ ရေချိုးခြင်း- ဣရိယာပုထ် မှတအောင် လမ်းလျှောက်ခြင်း၊ ကိုယ်လက် လှုပ်ရှား အညောင်း ဖြေခြင်း၊ ကြိုက်တတ်သည့် အစာအာဟာရတို့ကို တင်းတိမ်အောင် မှီဝဲသုံးဆောင်ခြင်း၊ သန့်ပြန့်သော–အဝတ်- အိပ်ရာတို့ဖြင့် နေခြင်း၊ အစရှိသည့်၊ ကုမ္ပာမှုတို့ကိုလည်း၊ မလစ်ဟင်းအောင်- ဂရုစိုက်ပါ။ ။ငင်းပြင်၊ဤဣရိယာပုထ်လေးမျိုးတို့ဖြင့်ရှုနည်းတို့ကို၊ မိမိနှစ်သက်ကျေနပ်သလို၊အလှည့်ပေး၍ အားထုတ်ပါ။ ။သို့ရာတွင် ဒန္ဓါဘိညာ ကြာကြာ အားထုတ်မှရမဲ့ ပုဂ္ဂိုလ်မျိုးများမှာ၊စင်္ကြံနည်းကို၊များများအသုံးပြုပါ။ဤစင်္ကြံနည်းသည်၊သည်းခံ၍သာ ဇွဲကောင်းကောင်းနှင့် အားထုတ်နိုင်မည်ဆိုလျှင်၊အလွန်မြန်တတ်ပါသည်။ ။ သို့ရာတွင် ဤစင်္ကြံနည်းမှာ၊ ခြေလှမ်းကို ဂရု မစိုက် ရဘဲ၊ ဓာတ်ကိုသာ ဂရုစိုက်လျက်ရှုရသောနည်းဖြစ်သောကြောင့်၊ အနည်းဆုံး ဓာတ်တို့၏၊ ဥဒယဗ္ဗယဉာဏ် အသင့် အတင့် မှ- မရောက်သေးသော၊ ယောဂီများ အားထုတ်၍ မဖြစ်ပါ။ ဒူးအောက်ကိုရှုလျှင်၊ ဓာတ်တွေ-လှုပ်ရှားတွန်းနေတာကိုတွေ့နိုင်မှ၊ ရှုလို့ဖြစ်ပါသည်။

## အားထုတ်တိုင်းမိဌာန်ရမည်။

ဤကျမ်းတွင်ရေးပြသောနည်းများမှာ၊ လက်တွေ့အမြန်

ဆုံးရှုနည်းဟူသော အမည်နှင့်လိုက်ဒေအာင်၊လုံ့လပါရမီ ရှိသော သူများမှာ၊ တရားထူးကိုတထိုင်အတွင်း၊ တရက် အတွင်း တပတ်အတွင်း၊ တပက္ခအတွင်း၊ တလ အတွင်းတို့တွင် အဆင်ပြေသလို ရတတ်ကြသည်ဖြစ်သောကြောင့် တကြောင်း၊တရားထူးကိုရလျှင်၊ ရကြောင်းကို-မည်သူမဆိုသိနိုင်ရန်တကြောင်း၊ ဤအကြောင်းတို့ကြောင့်၊ တရားထူးကိုရလျှင်၊ သိသာနိုင်အောင် မှတ်သားရမည်မှာ။ ။တရားတချီတချီ၊ တမျိုးပြီးတမျိုး ပြောင်း၍ အားထုတ်ခါ နီး တိုင်း တွင်၊ ကမ္မဋ္ဌာန်းတောင်းခြင်းစသည့်တို့ကို၊ မိမိတတ်နိုင်သလို၊ ပြုလုပ်ပြီးလျှင်။ ။တပည့်တော်သည်၊ တရားကို-ယုံကြည်-ရိုသေ လေးမြတ်စွာ-အားထုတ်ပါမည်ဘုရား။ အားထုတ်နေရင်း၊လျှင်မြန်စွာ ဝိပဿနာဉာဏ်-မဂ်ဉာဏ်- ဖိုလ်ဉာဏ်တို့ကိုရ၍နိဗ္ဗာန်ကို၊ ကြာကြာ-တဆက်ထည်း၊မျက်မှောက် ပြုလျက်နေရပါလို၏အလျှင်ဘုရား။ ကြာကြာကြီးမျက်မှောက်ပြုလျက် နေရပါစေသတည်း။နိဗ္ဗာန်ကိုမျက်မှောက် ပြုလျက်နေစဉ်တွင်၊ ထင်ထင်ရှားရှား သိသာအောင်တပည့်တော်၏လက်နှစ်ဘက်သည်တူစုံယှက်၍၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီးအား၊ ရှိခိုးလျက်တည်နေပါစေသတည်းဟုမှတ်ပါ၊ တရားတချီတချီစ၍အားထုတ်တိုင်း ဤသို့ မှတ်ပြီးမှ အားထုတ်ပါ။ ။ဤသို့ မှတ်ပြီးမှ အားထုတ်လျှင် မိမိ၏ လုံ့လပါရမီ အလျောက်အားထုတ်ရင်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်၊နိဗ္ဗာန်ကို မျက်မှောက် ပြုမိလျှင်၊ ရှိခိုး လျက်တည်နေပါလိမ့်မည်။ ။ဤကဲ့သို့ရှိခိုးလျက်တည်နေလျှင် မဂ်

ဘဲ-ဗိုလ်ဘဲ-ဟု၊ ဘယ်ဆရာကမှ- ဆုံးဖြတ်ရန် မလိုတော့ပါ။ ဤကဲ့သို့ဒွန်ခြင်းမပြုဘဲနှင့်၊ တပည့်၏ အစစ်ခံချက်ကိုနားထောင်ပြီး မင်္ဂဘဲ-ဗိုလ်ဘဲဟု၊မမှန်ဘဲနှင့် ဆရာက အမှတ်တမဲ့ဆုံးဖြတ်ထားတာတွေကို၊ တွေ့ဘူး ရပေါင်း များလှပါပြီ။ အသို့ဘုံနည်းဟူမူ။ဝိပဿနာ အားထုတ်ရာတွင်၊ မင်္ဂစိတ် ဗိုလ်စိတ်မဖြစ်မီ ဥပစာရ သမာဓိဖြစ်ရပါသည်။ဥပစာရသမာဓိဖြစ်နေစဉ်တွင် ရံဘန်ရံခါ ဘဝင်စိတ် ဖြစ်တတ်သည်ဟု ကျမ်းဂန်က ပြဆိုပါသည်။ဘဝင် စိတ်သည် မင်္ဂ စိတ် ဗိုလ်စိတ်နှင့် သဘာဝအားဖြင့် မတူသော်လည်း၊ ဝိပဿနာယောဂီ၏အဘို့မှာ ဝိပဿနာ အာရုံတွေရော- ရှုနေတဲ့စိတ်ရော-ချုပ်ပျောက် သွားပုံခြင်းကတော့ တူပါသည်။ ။သို့အတွက်ကြောင့်၊ ယခုခေတ်တွင်၊ အချို့သူများ ပြောလေ့ပြောထရှိသည့်အတိုင်း ရုပ်နာမ်ချုပ်လျှင် မင်္ဂဗိုလ်ဘဲဟု-ဆုံးဖြတ်ကြခြင်းကို၊အတည်မပြုထိုက်ပါ။ဤသို့ဆုံးဖြတ်လျှင်၊မှန်လည်းမှန်တတ်၏၊ မှားလည်းမှားတတ်၏။ သတိပြု အပ် လှပါသည်။ ။ရင်းပြင် မင်္ဂဗိုလ်-ဟုတ်မဟုတ် စမ်းသတ်ရန်မှာ အလွယ် ကလေးပါ။ ။မင်္ဂဇော ဗိုလ်ဇော ကျနေ စဉ်တွင်၊ လက်ဘိုကိုင်၍မြှောက်ကြည့်ပါ။ မြောက်၍ပါလာသောလက်ကို-လွှတ်လိုက်လျှင်- လက်ရောက်နေသော နေရာတွင်ပင်တန်းလန်းကြီးဖြစ်လျက်ပြန်မကျဘဲ၊ အာရုံပြေ၍ သတိရလာသည်အထိ-တည်နေပါလိမ့်မည်။ ။အာရုံ ပြေသော အခါချက်ခြင်းထပ်၍၊ဝင်စားပါ။ ရလျှင် သေချာပြီဟု မှတ်ပါလေ။

# အာရုံအမျိုးမျိုးတို့ဖြင့်၊ ဖိုလ်ဝင်စားနည်း

တရား အားထုတ်နေရင်း၊ အဓိဋ္ဌာန်၏ သတ္တိ ကြောင့်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရောက်၍ ရှိခိုးပြေပြီး အာရုံပြေ၍ သတိရလာလျှင် ချက်ခြင်းပင်ပြန်၍ ယခုတဖန်နိဗ္ဗာန်ကို မြန်မြန် မျက်မှောက်ပြုနိုင်ပါစေသတည်း၊ မျက်မှောက် ပြုမိလျှင်ရှိခိုး လျက်နေပါစေသတည်း၊ ဟု-ဓိဋ္ဌာန်ပြီး လျှင်၊ ဝိပဿနာ ကို ထပ်၍ရှုပါ။ အချိန်တန်လျှင်၊နိဗ္ဗာန်ကို မျက်မှောက် ပြုမိပါ လိမ့်မည်၊ ပြုမိလျှင်-ရှိခိုးလာပါလိမ့်မည်။ ဤအတိုင်းအနည်း ဆုံးသုံးကြိမ်-နိဗ္ဗာန်ကိုမျက်မှောက်ပြုပေးပါ။ ။အကယ်၍မိ မိဘယောက်သည်း၊ ဤသို့ အလေ့အကျင့်လုပ်နေမည် ဆို လျှင်၊ ဓိဋ္ဌာန်သောအခါ နိဗ္ဗာန်ကိုမျက်မှောက်ပြုနေစဉ်တွင် အန္တရာယ်ရှိမည်ဆိုလျှင် တင်ကြို၍ သိရပါစေ သတည်းဟု ထည့်၍ ဓိဋ္ဌာန်ပါ။

မှတ်ချက်။ ။နိဗ္ဗာန်ကိုမျက်မှောက်ပြုတာကို၊ နိဗ္ဗာန်ကို အာရုံပြုသည် ဟူ၍ရင်း၊ ဖိုလ်ဝင်စားသည် ဟူ၍ရင်း၊ ဖလ သမာပတ် ဝင်စားသည်ဟူ၍ရင်း၊ ဖိုလ်ဇော ကျနေသည်ဟူ ၍ရင်း၊ခေါ်ကြပါသည်။

ရှေးဦးပဌမ၊ ဖိုလ်ဇောကျ၍၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုမိ သောယောဂီသည်၊ သုံးကြိမ်ပြီးအောင် ဓိဋ္ဌာန်၍ဝင်စားပြီး နောက်၊ ပုဂ်ပြားဖြူဖြူသန့်သန့်တချပ်ကို၊ ရှေ့မှာချ၍၊ ဓိဋ္ဌာန် ရန်မှာ. မြင်ပျက်ကိုရှုရင်း၊မြန်မြန်ကြီး-နိဗ္ဗာန်ကိုမျက်မှောက် ပြုရပါစေသတည်း၊ မျက်မှောက်ပြုမိလျှင်၊ မျက်စေ့မှိတ်၍

လက်အုပ်ချီလျက်နေပါစေသတည်းဟု ဓိဋ္ဌာန်ပါ ပြီးလျှင်၊ပု ဂံပြား၏အလည်တည့်တည့်ကိုစိုက်၍ရှုနေပါ။ပုဂံပြားထည်း တွင် အခိုးအငွေ့တွေ အမျိုးမျိုး အဖုံဖုံ ဖြစ်ပျက်နေပုံတို့ကို တွေ့ပြီး၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုမိသွားပါလိမ့်မည်။ ။ဤ အတိုင်း ၂-ကြိမ် ၃-ကြိမ်ဝင်စားပြီးလျှင်၊ကြည့်ချင်တာကို ကြည့်ပြီးဝင်စားလို့ရပါလိမ့်မည်။ ။ထိုနောက် အသံတွေ ကိုကြားနိုင်ရာမှနေလျက်၊ ကြားပျက်ကိုရှုရင်း၊ မြန်မြန်ကြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုရပါစေသတည်း၊ပြုမိလျှင်ရှိခိုးလျက် နေပါစေသတည်းဟု ဓိဋ္ဌာန်ပြီးလျှင်၊ ကြားတဲ့အသံကိုစိုက် ၍ရှုနေပါ။ နိဗ္ဗာန်ကိုမျက်မှောက်ပြုရပါလိမ့်မည်။ ။၎င်း နောက်၊ အနံ့ကိုရှုရင်း ဓိဋ္ဌာန်၍ဝင်စားပါ။ အနံ့မရှိလျှင်၊ ဘန်းဘူးကိုရှုရင်းဝင်စားပါ။ ရပါသည်။ ။ထို့ပြင်၊ စား ရင်း၊ ဝါးရင်း၊ ကွေးရင်း- ဆန့်ရင်း- သွားရင်း-လာရင်း— ဆေးလိပ်သောက်ရင်း၊ ဓိဋ္ဌာန်၍ဝင်စားပါ-ရပါသည်။ ။ ထို့ပြင်။ ။ခြေလှမ်းလှမ်းရင်း၊ခြေလှမ်းကိုရှုရင်း ဘယ်နှစ် လမ်းလှမ်းမိလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုမိပါစေသတည်း ပြုမိလျှင်ရှိခိုးပါစေသတည်းဟု၊ ဓိဋ္ဌာန်ပြီးဝင်စားပါ၊ ရပါ သည်။ခြေလှမ်းမှာ၊ ၇-လှမ်း၊ ၆-လှမ်း၊၅-လှမ်း၊ ၄-လှမ်း၊၃-လှမ်း၊၂ လှမ်း၊၁-လှမ်း၊စသည်တို့ဖြင့် နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ပါစေသတည်း၊ဟု-ဓိဋ္ဌာန်လျှင်လည်း၊ ဓိဋ္ဌာန်သလိုပင် ဖြစ်ပါလိမ့်မည်။ ။၎င်းပြင်၊ ချက်ခြင်း ဝင်စား၍ ရပါစေ သတည်းဟု ဓိဋ္ဌာန်လျှင် မျက်စေ့တမှိတ် အတွင်းတွင်ပင် ဝင်စား၍ ရပါလိမ့်မည်။ ဘယ်နှစ်နာရီကြာမှ အာရုံပြေပါ

စေသတည်းဟု မိဋ္ဌာန်လျှင်လည်း ဖြစ်နိုင်ပါသည်။ ဒါလေ့ အကျင့်လုပ်ထား များ၍ ဝသီဘော် နိုင်လာလျှင်၊ ၂၄-နာရီကြာအောင်ဝင်စားနိုင်ပါသည်။ ကျမ်းဂန်တွင်၊ ၇ဝ ဝေသမိ-တနေ့ပတ်လုံးလည်း၊ ဟူ၍ပါရှိပါသည်။တချို့မှာ၊ညအခါတွင် အိပ်နည်အစား၊ နံက်မိုးလင်းမှ အာရုံပြေပါစေသတည်းဟု မိဋ္ဌာန်၍ဝင်စားကြပါသည်၊ သို့ရာတွင်၊ဤအတွင်း အန္တရာယ်ရှိမည်ဆိုလျှင်- တင်ကြို၍ သိရပါလို၏ဟုထည့်၍ မိဋ္ဌာန်ရပါမည်။ ဥပမာ၊ မည်သူခေါ်လျှင်၊သို့မဟုတ် တစုံတယောက်က ခေါ်လျှင် သိရပါစေဟု မိဋ္ဌာန် လျှင်လည်း ဖြစ်ပါသည်။

**မှတ်ချက်**။ ။မိဋ္ဌာန်၍ဖြစ်သည်ဆိုရာ၌၊ ရှေးဦးစွာ၊မိဋ္ဌာန်ရာတွင် ချက်ခြင်းရတဲ့လူလဲ-ရပါသည်၊မရလျှင်။နောက်ထပ်အကြိမ်များ၌ ဆက်ခါဆက်ခါမိဋ္ဌာန်ခြင်းကို လေ့ကျင့်ပေးရပါသည်။ လေ့ကျင့် တာကို-ဝသီဘော်ဟု ခေါ်သည်။ ဝသီဘော်နိုင်လျှင်၊နိုင်သလို မိဋ္ဌာန်၍ ဖြစ်ပါသည်။ ။သို့ရာတွင် မဆိုင်တာတွေကို မိဋ္ဌာန်၍မရပါ။ ။ဥပမာ၊ ဖလသမာပတ်ဆိုတာ၊ အရိယာ မဖြစ်သမျှ၊ နတ်သိကြား-ဗြဟ္မာ များတောင်မှ-ဝင်စားခြင်းငှာ မတတ်နိုင်ပါ။ထို့ကြောင့်၊ မဂ်-ဆိုသျှင်- ဖိုလ်နှင့် စမ်းကြည့်၊ ရမှ မှန်ပါသည်။ ။ရလျှင်လည်း၊ ဝသီဘော်နိုင်အောင် လေ့ကျင့်ပေးပါ။ ဝသီဘော်နိုင်လာလျှင်မူကား၊တနေ့လျှင်တခါကျစီ-ဝင်စား သွားပါ၊ တသက်လုံး-ဝင်စား၍သွားနိုင်ပါသည်။ ။အကယ်၍ဝင်စားတာကိုရပ်ထားပြီး၊မေ့မေ့ပျောက်ပျောက်- နေသွားမည်ဆို

လျှင်၊သမာဓိပျက်တတ်ပါသည်၊ သမာဓိပျက်လျှင်၊ ဝိပဿနာဉာဏ်တောင်မှ မထင်နိုင်ပါ။ ဝိပဿနာဉာဏ် မထင်ပြန်လျှင်လည်း ဖလသမာပတ်ကို ဝင်စား၍မရနိုင်ကြောင်း မြတ်စွာဘုရားဟောထားတော်မူပါသည်။ဝိပဿနာ ဉာဏ်ထင်မှ ဝင်စား၍ရသည်ဆိုရာ၌ ဝသီဘောင်နိုင်၍ချက်ခြင်းဝင်စား၍ရသော ယောဂီများမှာ၊ ဝိပဿနာဉာဏ်ကိုအကျယ်ချဲ့၍ မပြောတတ်ကြပါ။ မျက်စေ့မှိတ်လိုက်တာနှင့် တပြိုင်နက်-ညီမွှဲကနဲဖြစ်ပြီး၊ ဝင်စားမိသွားတာပါဘဲ။ ၎င်းနောက်သတိပြုရန်မှာ။ဖိုလ်ဝင်စားနိုင်သောသူများ၊မဝင်စားဘဲပစ်ထား၍၊ မဝင်စားနိုင်ဘဲ ဖြစ်သွားသော အခါ၊ နောက်ထပ်ဝင်စားနိုင်အောင်အဓိဋ္ဌာန်ဖြင့် တရားကိုပြန်၍အားထုတ်ရပါသည်၊သို့ရာတွင်၊ များသော အားဖြင့်၊ တချို့မှာ၊ လွယ်လွယ်နှင့် ပြန်၍မရတတ်ပါ။

## သတိပြုရန်အချက်

ဣရိယာပုထ် လေးမျိုးတို့ဖြင့်၊ ဆက်ခါဆက်ခါ- နေ့ရောညပါ၊ဆက်လျက် အား ထုတ် သွားတို့ကို ရေးသား ခြင်းသည်။ ။ယခုဘဝတွင်၊ မဂ်ဖိုလ်ကို ရနိုင်သော သူမှန် က၊ ကြာ မှည့် အချိန် မဖြုံးဘဲ အကြာ ဆုံး တလ အ တွင်းတွင်ပင်၊တရားထူးကို၊ ရသွားကြပါစေဟု- စေတနာဖြင့် ရေးပြရခြင်း ဖြစ်ပါသည်။ ။အချိန်မအားသော သူများမှာမူ။ ညဉ့်-အိပ်ရာ စောစောဝင်၍ အိပ်မပျော်မှီတကြိမ်၊ နံက်အိပ်ရာထ- အလုပ်မသွားမှီတကြိမ်၊ အားထုတ်နိုင်ပါသည်။

မိန်းမများမှာမူ၊ နေ့ခင်းနေ့လည်တကြိမ်၊ ညအိပ်ရာဝင် တကြိမ်၊ အားထုတ် နိုင်ပါသည်။ ဤကဲ့သို့ အားထုတ်ခြင်းဖြင့်လည်း၊ တရက်-တပတ်-တပက္ခ-တလ-အတွင်း၊ တရားထူးကို ရသွားတဲ့ ပုဂ္ဂိုလ်တွေလည်း၊ အများပင် ရှိကြပါသည်။ ။သို့ရာတွင်၊ တကာယ်လိုချင်တဲ့ဇောနှင့် တကာယ်ကြိုးစားအားထုတ်တဲ့ ယောဂီများမှာသာရနိုင်ပါသည်။ ။မိမိကိုယ်ကိုမိမိ-သနားငဲ့ညှာ၍သော်ရင်း၊ ပျင်း၍သော်ရင်း၊ လူမြင်ကောင်းရုံ-ဟန်လုပ်၍ အားထုတ်လျှင်သော်ရင်း၊ပေါ့လျော့၍နေလျှင်၊မရနိုင်ပါ။ ယခုဘဝတွင်- ဘယ်နည်းနှင့်မျှ မဂ်ဖိုလ်ကိုမရနိုင်သော သူများမှာမူ။ဘယ်လောက်ဘဲ ကြာအောင်တရားကို၊အစွမ်းကုန်ကြိုးစား၍ အားထုတ်ပါသော်လည်း၊ ဥဒယဗ္ဗယဉာဏ်ကို စိတ်တိုင်း ကျလောက်အောင် မတွေ့တတ်ကြပါ။ ။သို့ရာတွင်၊မလျော့ဘဲ ဆက်လက်၍ အားထုတ်သွားမည်ဆိုလျှင်၊ သေလျှင် တရားအာရုံနှင့်သာ သေရပါသဖြင့် ကျမ်းဂန်အရ၊ ဒုတိယ ဘဝ၌၊ မုချ- အရိယာဖြစ်မည်မှာ-သေချာပါသည်။ အားမလျော့ပါနှင့်။

# ဒုတိယ လက်တွေ့ အမြန်ဆုံး ရှုပုံ

ဤနည်းကို ရှုလိုသော်၊ ပဌမနည်း အတိုင်း ကမ္မဋ္ဌာန်းတောင်းခြင်းစသည်တို့ကို၊မိမိဘတ်နိုင်သလိုလုပ်ပါ။ဝိဇ္ဈာန်ခြင်းကိုလည်းပြုပါ။ ပြီးလျှင်၊ ထုံးစံအတိုင်းထိုင် စိတ်ကို-ဝမ်းဗိုက်တွင်၊ အသက်ရှူသော အခါ၌၊ ပေါင်းလိုက်- ပိန်လိုက်-ဖြစ်တဲ့နေရာမှာ စူးစိုက်၍ထားပါ။ ပြီးလျှင်၊ အသက်

ရှုတိုင်း ပေါင်းလာတာကို ပေါင်းတယ်ဟုမှတ်ပါ။ ပိန်သွား တာကို-ပိန်တယ်ဟုမှတ်ပါ။ ဝမ်းဗိုက်ပေါင်းတာ- ပိန်တာ ဟာ-ပရမတ် မဟုတ်ပေမဲ့၊ သမာဓိ ဖြစ်အောင်လို့ အမှတ် ခိုင်းတာပါ။ ပေါင်းတိုင်း ပိန်တိုင်း၊မကျော်မလွှားစေဘဲ၊အစ စဉ်လိုက်၊ မှန်အောင် ပေါင်းတယ် ပိန်တယ်လို့ပင် မှတ်နေ ပါ။ တွေးတောကြံစည်-ဝေဘန်မှုတွေကိုမပြုပါနှင့်။ ပေါင်း တာ-ပိန်တာကို- မှတ်ရုံမှတပါးလွှဲ၍၊ ဘာမျှ-မလုပ်ပါနှင့်။ စိတ်ကလေး- တခြားကိုရောက်သွားလျှင်၊ ပြန်၍ပင်မှတ်နေ ပါ။ မှတ်ပါများလျှင်၊ သမာဓိဖြစ်လာပါလိမ့်မည်၊ သမာဓိ ဖြစ်လာလျှင်၊ ရင်ထည်း ဝမ်းထည်းက၊ ပဌမနည်းတုံးက ပူ-ဇေ-လှုပ်-ရွ အစရှိသော သဘောမျိုးအနက်။အဆင်သင့်တဲ့ သဘောမျိုးတွေ ပေါ်လာတတ်ပါသည်။ ပေါ်ခါစ၌၊ သက် သက် သာသာလည်း ပေါ်တတ်သည်။ ပြင်းပြင်း ထန်ထန် လည်း ပေါ်တတ်သည်။ ပြင်းပြင်း ထန်ထန် ပေါ်လျှင်၊ မ ကြောက်ပါနှင့်၊ မြန်မြန် ခရီးရောက်လွယ်ချင်လို့ဟုမှတ်ပါ။ ပဌမနှင့် ဒုတိယနည်းမှာ၊ စိတ်ထားတဲ့နေရာသာလွဲပါသည် ဝေတ်တွေ ပရမတ်တွေကိုတွေ့ဘတ်ပုံခြင်းနှင့်၊ ထိုင်- ထ- လျှောင်း-စကြံ-ရှုပုံခြင်းတွေကတော့၊ တသဘောထည်းပါ ဘဲ။ ဝေတ်တွေ ဘယ်လိုဘဲပေါ်ပေါ်၊ ဘယ်ကဘဲပေါ်ပေါ်၊ ပေါင်းတာပိန်တာကိုတော့မလွှတ်ပါနှင့်၊ မှတ်၍သာနေပါ။ ဤကဲ့သို့မှတ်ရင်းနှင့်ပင်၊ ဝေတ်တွေ ပေါ်သမျှတို့ကိုလည်း သိလျက်ပင်နေပါလိမ့်မည်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်တော့ခါ လည်း၊ မှတ် ရင်း နှင့် ပင်၊ ဖြစ် သွား ပါ လိမ့် မည်။ မှတ်

ထားကိုလွှတ်ပြီး၊ ခတ်ပေါ်တာတွေကိုတမင်တကာလိုက်ရှု နေလျှင်၊ ကြီ့ကြာပါလိမ့်မည်။ တမင်တကာမလိုက်ဘဲ၊ အလိုအလျောက်၊ ခတ်ပေါ်တဲ့နေရာကို စိတ်ရောက်သွားလျှင်လည်း၊ သတိရလာလျှင်၊ဖေါင်းတာပိန်တာကိုသာပြန်၍မှတ်နေပါ။တနေရာထည်း၊ တမျိုးထည်းကိုရှုမှတ်နေခြင်းသည်၊ ဧကာဂမ္မောကျ၍ သမာဓိကြီးထွားလွယ်ပါသည်။သမာဓိကြီးထွား လွယ်သောကြောင့်၊ ဝိပဿနာဉာဏ် အမြင်သန်လွယ်ခြင်း ဖြစ်ပါသည်။ ဝိပဿနာဉာဏ် အမြင် သံလွယ်သောကြောင့်လည်း၊မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို၊ အမြန်ရလွယ်ခြင်းဖြစ်ပါသည်၊ ဤကျမ်းပါနည်းများမှာ၊ အာရုံတွေ များရာသို့လိုက်၍မရှုဘဲ၊ စိတ်ကို တနေရာထည်းမှာ ထား၍ ရှုရတာ ဖြစ်သောကြောင့်၊အခြားသောနည်းများထက်၊ တများထူးကိုရလွယ်ခြင်းဖြစ်ပါသည်။ ။ဤအတိုင်းရှုသွားလျှင်၊ ပဉ္စမနည်းတွင် ရေးပြထားသော သဘောမျိုးတို့တွင်၊ တွေ့သင့်သလိုတွေ့ပြီး မဂ်ဖိုလ်သို့ရောက်သွားပါလိမ့်မည်ရောက်လျှင် ဝိမ္မာန်ထားသည့်အတိုင်း၊ လက်အုပ်ချီလျက် ရှိခိုးနေပါလိမ့်မည်။ ။ထိုသို့ ဖြစ်လာသော အခါ၊ ဝသီဘော်နိုင်အောင်၊ဝင်စားနည်းတို့ကိုရေးပြခဲ့သည့်အတိုင်း ဖြစ်အောင်၊ လေ့ကျင့်ပေးပါလေ။

ဤနည်းမှာ၊ ကျနုပ်၏ ဒုတိယ မြောက်၊ကမ္မဋ္ဌာန်း ဆရာတော်ဘုရားကြီးထံမှ ရသော နည်းဖြစ်ပါသည်။ ဤဆရာတော်ဘုရားကြီးသည်။လက်ဦးအစ,ပဥ္စမကတော့ခါ၊ သထုံမြို့ မင်းဂွန်းဇေတဝန် ဆရာတော် ဘုရားကြီး၏၊ယခု အခါ

ထင်ပေါ်ကျော်စောနေသော ဣရိယာပထနည်းအတိုင်းပင် ပြသ၍ ပေးနေရာမှ၊ ဤပေါင်းတာပိန်တာ တမျိုးထည်း ကို မှတ်ခြင်းသည်။ တရားထူးကို မြန်မြန်ကြီး၊ တထိုင်-တရက် တပတ် အတွင်းတို့၌၊ ရကြတာတွေကို တွေ့ရသောကြောင့် မူလက ပြသလာသည့်။ဣရိယာပထနည်းကို လက်လွှတ်ပြီး။ ဤနည်းကိုသာ၊ အသက်ထက်ဆုံး ပြသ၍ သွားတော် မူပါတော့သည်။ ။ဤဆရာတော်ဘုရားကြီးသည်၊ဝိပဿနာ သဘောနှင့် ပတ်သက်လျှင်၊ မေးချင်တာကမေး၊စာတွေ့ ါတွေ့တို့ဖြင့်၊ ပြေလည် အောင် ဖြေရှင်း တော် မူနိုင် ပါ သည်။ ဝိပဿနာရှုပုံနည်းမျိုးစုံကိုလည်း တတ်ပါသည်။ ဝိပဿနာ အရာ၌၊ ဤ ကျနုပ်၏ ဒုတိယ မြောက်-သဒ္ဓမ္မ ပါလ ဆရာ တော်ဘုရားကြီးလောက်သဘောစုံအောင် ပိုင်နိုင်တာကို၊မ တွေ့ကြုံရဘူးသေးပါ၊ မာနလည်း မရှိပါ။ သူဖြေတာကို မ ကျေနပ်ပုံရလျှင်၊ စာအုပ်ကိုထုတ်လျက်၊ လက်တွေ့ သာဓက နှင့် နှိုင်းယှဉ်၍ ပြလေ့ရှိပါသည်။ တရားနှင့် ပတ်သက်၍ လျှောက် ထားလျှင်၊ တည သုံး ကျိန်းစက်တော်မမူဘဲ၊ ရွှင်ပြ သော မျက်နှာထားဖြင့် ပြောဟောလေ့ ရှိပါသည်။ သူတ ပါးက ပြောပြသော တရားသဘောများကိုလည်း၊ ကောင်း စွာ နားထောင်၍၊ သဘာဝ ကျသည် များကို၊ သောက် ခံချီးကျူးလေ့ရှိပါ။ ငါသာလျှင်တတ် - ငါသာမြတ်ဟူ သော- စိတ်ထားမျိုးမရှိပါ။ သူတပါးက- တတ်ယောင် ကားလုပ်ပြီး ပြောလျှင်လည်း၊ကြည်သာသောမျက်နှာထား

နှင့်၊ဆိတ်ဆိတ်-နားထောင်နေလေ့ ရှိပါသည်။ မသိလျှင်မေး လျှောက်လျှင်လည်း ကျေနပ်အောင်ပြောပြပါသည်။

## အထူးအဆန်းတွေ့ရပုံ

ဤပဌမနှင့် ဒုတိယ လက်တွေ့အမြန်ဆုံးရှုပုံ နှစ်မျိုးသည်။ စိတ်ကို ရှုးစိုက်၍ ထား ရ သော နေရာဖြစ်သည့်- ရင်ဝ နှင့် ဖေါင်းပိန်တဲ့ ဝမ်းဗိုက်တို့သာ ကွာခြားပါသည်။ ဤနေရာ ဒွာနမှာဘပါး လွဲ၍၊တရားတွေ့ရပုံခြင်း၊ဝိပဿနာဉာဏ်ဖြစ် ပုံခြင်း၊မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပုံခြင်းတို့မှာ၊ တသဘော တည်းပင်ဖြစ်ပါသည်။ ။သို့ရာတွင်၊ ထူးဆန်းပုံကိုတွေ့ရ သည်မှာ။ အချို့သောယောဂီများသည်၊ပဌမနည်းဖြင့်၊ရင်ဝ ကိုရှု၍၊ တရားမတွေ့ကြရပါ။ သို့ရာတွင်၊ ဒုတိယ နည်းဖြင့် ဖေါင်းတာ ပိန်တာကို မှတ်တော့ခါ၊ အစမှ အဆုံး အထိ ကောင်း ကောင်း တွေ့ကြရပါသည်။ ။အချို့မှာလည်း၊ ဒုတိယနည်းဖြင့်၊တရားကိုမတွေ့ရပါ။ပဌမနည်းနှင့်မှ၊တရား ကို ကောင်းစွာ- အောင်မြင်သည်အထိ တွေ့ကြရပါသည်။ ၎င်းပြင်။ယောဂီမ-နှစ်ဦးကိုတွေ့ဘူးသည်မှာ၊ ပဌမနည်းနှင့် ဒုတိယနည်း၊နှစ်နည်းစလုံး၌ပင်၊ တရားကိုမတွေ့ရပါ။သူတို့ နှစ်ယောက်မှာ၊ တနေ့လုံး အားမထုတ်နိုင်ပါ။ နေ့စဉ်- နေ့ လည်နှစ်နာရီနှင့် ည-နှစ်နာရီတော့၊ အားထုတ်နိုင်ပါသည်။ ငယ်ထိပ်နှင့် နဖူးတွင်လည်း အရှုခိုင်းပါသည်၊မရပါ။ရုံဘန် ရုံခါ၊ ခန္ဓာကိုယ် တနေရာရာ၌၊ကွက်၍ ပူသလိုလို၊အောင့်သ လိုလို၊ လေးသလိုလို၊လှုပ်သလိုလို၊ ခဏတဖြုတ် လောက်

သာ၊တွေ့ဘဲအခါ- တွေ့ရကြောင်း၊ ပြောပါသည်။ သို့ ရာတွင်၊ ဤနှစ်ယောက်မှာ၊ စိတ်မပျက်ဘဲ၊ ဆက်လက်၍၊ တနေ့တကြိမ်ကျ အားထုတ်လာရာ၊တလခေါက် ကြာသောအခါ။ ယောဂီပေါင်း(၁၅)ယောက်ခေါက်နှင့်အတူ အားထုတ်ကြပါသည်။ ၎င်းနေ့၌လည်း၊ သူတို့နှစ်ယောက်မှာ၊ခါတိုင်းလိုပင်၊အားထုတ်ပါသည်။ ၎င်းနေ့၌၊ ယောဂီ အသစ်တယောက်နှင့်၊အဟောင်းနှစ်ယောက်၊တရားထူးကို ရသွားပါသည်။ ယောဂီအသစ်မှာထိုင်လျက် ရှုရင်းရပါသည်။အဟောင်းနှစ်ယောက်မှာ၊ စင်္ကြံဖြင့်ရပါသည်။ ။ထိုအခါမရနိုင်သော ယောဂီမ-နှစ်ယောက်ကို၊ အထိုင်းပြီး၊ စင်္ကြံဖြင့် ရှုပုံကိုပြပေးရန်၊အရပ်ခိုင်း၍၊ဒူးအောက်ကိုအရှုခိုင်းရာ။ ရိုးတိုးရွတ-စိုးစိုးစစ်စစ် ဖြစ်ထာကို တွေ့ရသည်ဟု၊ပြောပြကြပါသည်။ ။ဒါနှဲ့ဘဲ၊ သူတို့ နှစ်ယောက်စလုံးကို၊ စင်္ကြံနည်းဖြင့် ပြသပေးရာ။ တယောက်မှာ၊ စင်္ကြံသုံးခေါက် အလျှောက်မှာ ရသွားပါသည်။ နောက် တယောက်မှာမူ၊ သုံးရက်ခေါက် အကြာတွင်၊ ညအချိန်၊၎င်း၏အိမ်၌ လျှောင်းလျက်ပင်ရသွားပါသည်။ ။

**မှတ်ချက်။** ။ဤသို့သောထူးခြားချက်များကြောင့်၊တရားကို-မတွေ့နိုင်သော ယောဂီများသည် လည်း။ အားမလျှော့ဘဲ။ တနည်းမရလျှင်၊ တနည်းဖြင့်၊ ဆက်လက်၍၊ အားထုတ်ကြပါရန် တိုက်တွန်း အပ်ပါ သည်။ ။ကျနုပ်၏ အခြားသော ကျမ်းများတွင်လည်း၊အားထုတ်ပုံ ပေါင်း။ နှစ်ဆယ့်တမျိုးပါရှိပါသည်။

# တတိယလက်တွေ့အမြန်ဆုံးရှုပုံ

ဤနည်းကို၊မကြာမှီက-ဆရာတော်တပါးထံမှရပါသည့် ဤနည်းသည်။အဓိကအားဖြင့် ဤကျမ်းတွင် ရေးပြခဲ့သော၊ ပဌမလက်တွေ့အမြန်ဆုံးနည်းအတိုင်းပင် ဖြစ်သော် လည်း၊ အစဉ်၊ အာနာပါနကို၊ အရင်ရှုရပါသဖြင့်၊ ထိုဆရာတော် ၏၊ ပြသပုံအတိုင်းပင်-ရေးပြပါအံ့။

ဤနည်းကို ရှုလိုသော်၊ရှေးဦးစွာ၊ကမ္မဌာန်းတောင်းခြင်း စသည်တို့ကို ပြုလုပ်ပါ၊ ပြီးလျှင်ထုံးစံအတိုင်း-ထိုင်၍၊ဒူးနှစ်ဘက်ပေါ်တွင်၊ လက်တဘက်စီ-မှောက်လျှက်တင်ထားပါ။ ပြီးလျှင်၊ အသက် ရှုသောအခါ၊ ထွက်လေနှင့် ဝင်လေ-နှစ်ပါးစုံကို၊တစ်ဟုရေတွက်ပါ။ နောက်ထပ် ထွက်လေနှင့် ဝင်လေကို နှစ်ဟု ရေတွက်ပါ။ နောက်တဖန်-ထွက်လေနှင့် ဝင်လေကို-သုံးဟု-ရေတွက်ပါ။ ဤသို့ဖြင့်၊ အစဉ် လိုက်-ထွက်လေနှင့်ဝင်လေ တစုံကို-၄၊၅၊၆၊၇-၈။ အထိ၊ရှစ်ကြိမ် ရေတွက်ပါ။ ရှစ်ဟု ရေတွက် ပြီးလျှင်။ ဤ ပဌမ ရှစ်ကြိမ် ကို။ လက်ျာဘက်-လက်ခုံပေါ်၌ စိတ်ဖြင့် ထား လိုက်ပါ။ ။ပြီးလျှင်၊ ဒုတိယ အကြိမ်အားဖြင့်၊ ထွက်လေဝင်လေနှစ်ပါးစုံကို-တစ်။နောက်ထပ် နှစ်ပါးစုံကို-နှစ်- ဤအတိုင်း ရှစ်ထိအောင်၊ ထွက်လေဝင်လေအစုံကို ရေတွက်ပါ။ ရှစ်-ရောက်လျှင်၊ ဤဒုတိယရှစ်ကြိမ်ကိုလက်ျာဘက်တတောင်ဆစ်ကွေးပေါ်၌စိတ်ဖြင့်ပင်ထားလိုက်ပါ။ ။ပြီးလျှင်၊တတိယအကြိမ် အားဖြင့်၊ ထွက်လေဝင်လေတစုံကို၊ တစ်ကစ၍၊ ရှစ်အထိ

အစဉ်လိုက်ရေတွက်၍မှတ်ပါ။ ရှစ်ခါစေ့လျှင် လက်ျာဘက် ပခုံးပေါ်၌တင်လိုက်ပါ။ ပြီးလျှင်။ ။ စတုတ္ထအကြိမ်အား ဖြင့် ရှေးနည်းအတိုင်းရှစ်ခါစေ့အောင်ရေတွက်၍၊ လက်ျာ ဘက်နားရွက်၌ထားလိုက်ပါ။ ဤနည်းအတိုင်းထွက်လေဝင် လေအစုံတို့ကို၊ တစ်ရှစ်အထိ ရေတွက်ပြီးလျှင်၊ ပဥ္စမအ ကြိမ်အားဖြင့် လက်ျာဘက်ဦးခေါင်း အထက်ကချိုစောင်း ပေါ်တွင်ထားလိုက်ပါ။ ဆဋ္ဌမ အကြိမ်ရှစ်ကိုလက်ဝဲဘက်ချို စောင်းပေါ်တွင်ထားပါ။ သတ္တမ အကြိမ်ရှစ်ကိုလက်ဝဲနားရွက်။ အဋ္ဌမအကြိမ်-ရှစ်-ကို လက်ဝဲပခုံး။ ။ နဝမအကြိမ်-ရှစ်-ကို လက်ဝဲလက်တံတောင်ဆစ်ကွေး။ ။ ဒသမအကြိမ် ရှစ်ကို၊ လက်ဝဲလက်ခုံပေါ်တွင်ထားပါ။ ။ ဆယ်နေရာပြည့်၍ လက်ဝဲလက်ခုံပေါ်ထားပြီးလျှင်၊ ထွက်လေဝင်လေကို ရှုမြဲတိုင်းရှု၍ မှတ်မြဲတိုင်းမှတ်ပြီးလျှင်၊ ရှစ်သို့ ရောက်လျှင်၊ လက်ျာ လက်ခုံပေါ်၌ ပြန်၍ထားပါ။ ။ ဤအတိုင်းပင်၊ ထွက်လေဝင်လေတို့ကို တစ်ရှစ်အထိရေတွက်လျက်၊ အစဉ်အတိုင်းမှတ်ပြီး ထား၊ ထား၊ သွားပါ။ ။ ဤသို့-မှတ်ပါ-ထားပါများလျှင်၊ ထွက်လေဝင်လေတို့ကို ရေတွက်၍ မှတ်ထားနှင့် ထားတဲ့နေရာတို့၌၊ အစဉ်လိုက်၊ စက်ဝိုင်းကြီးကဲ့သို့ဖြစ်၍နေတတ်ပါသည်။ ထိုအခါ၊ စိတ်သည်အခြားသို့ မထွက်ဘဲ၊ သမာဓိဖြစ်၍လာတတ်ပါသည်။ သမာဓိကောင်းကောင်းဖြစ်လာလျှင်၊ အားထုတ်နေသောယောဂီသည်၊ များသောအားဖြင့်၊ လည်တိုင်၊ မခိုင့်တခိုင်နှင့်၊ တည်ညိမ်လျက် ဖြစ်စေ၊ နောက်ကြောဘက်သို့ ယိုင်တိုင်တိုင်ကလေးဖြစ်စေ

ဖြစ်လာတတ်ပါသည်။ ထိုအခါ၊ ထိုင်လျက်ပင်၊ ပက်လက်လဲ၍လည်း- သွားတတ်ပါသည်၊ မလဲလျှင်လည်း။ စောင့်၍ပြနေသော ပုဂ္ဂိုလ်က၊လက်ဖြင့်ပခုံးကိုမြှေး၍၊နောက်ဘက်သို့တွန်းကြည့်ပါသည်၊လဲမသွားလျှင်ဖေးမ၍လဲအောင်လုပ်ပေးပါသည်။ ။ပြီးသောအခါ၊ ထူ၍ ထိုင်စေပါသည်။ ထိုင်မိသောအခါ။ ဒုတိယအကြိမ်အားဖြင့်၊ ထွက်လေတမျိုးထည်းကိုသာ၊ တဆက်ထည်းမှတ်နေစေပါသည်၊ ရေထွက်ခြင်း၊ ပုံခြင်းတို့ကိုမပြုရတော့ပါ။ ဤသို့-ထွက်လေကိုချည်း၊ ထုတ်လျက်ရှုနေစဉ်တွင်၊အချို့မှာ၊ ထွက်လေကိုမြင်ရသလိုလို ဖြစ်သွားတတ်ပါသည်။ အချို့မှာ၊ ဖြူဖြူနှင့်လက်လက်-အရောင်တွေကို မြင်ရတတ်ပါသည်။ ။မြင်သည် ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ ထွက်လေကိုရှု၍သာနေရပါသည်။ ကြာသောအခါ၊သမာဓိဖြစ်လာလျှင်၊ပဌမအကြိမ်တုံးကလိုပင်၊ နောက်သို့ ယိုင်လျက်၊ လဲသွားတတ်ပါသည်။ ။မလဲလျှင်လည်း၊ စောင့်ရှောက်၍ပြသပေးသောသူက၊လက်ဖြင့် တွန်း၍ကြည့်ပါသည်။ လဲသွားသောအခါ၊ ထူ၍ထိုင်စေပြန်ပါသည်။ ။ထိုင်ပြီးသော အခါ၊ ဝင်လေကို၊ လည်ချောင်း-ရင်ဝ-ချက်တိုင်ရောက်အောင်၊ရှုစေပါသည်။ ရှုပါများလျှင်၊ အချို့မှာ၊ ဝင်လေကို၊ မြင်ရတတ်ပါသည်။ ။မမြင်ရသည် ဖြစ်စေ၊ မြင်ရသည်ဖြစ်စေ၊ ဆက်၍ဝင်လေကို ရှုနေ စေပါသည်။ ကြာတော့ခါ၊အထက်ပါနည်းများအတိုင်း၊ နောက်သို့အလိုလို လဲသွားသည်ဖြစ်စေ၊ လဲအောင် လုပ်ပေးသည် ဖြစ်စေ၊လဲလျှင်၊ထူပေးပါသည်။ ။ဤသို့-သုံးကြိမ်၊ အာနာ

ပါန-သုံးမျိုးကိုပြုပြီးလျှင်၊စိတ်ကိုရင်ဝန္ဒိုက်၍ ပု-ဌေ-လှုပ်-ရှု အစရှိသော ရုပ်ဓာတ်တို့ကို တွေ့အောင်ရှုစေပါသည်။ဤသို့ ရှုနေရင်း၊ နောက်သို့ အလိုလိုလဲသွားသည်ဖြစ်စေ၊ လှဲပေးသည်ဖြစ်စေ၊ လဲသွားလျှင်၊ မဂ်ဖိုလ်ကိုရပြီဟူ၍ ဆုံးဖြတ်ပါသည်။

## နောက်သို့လှန်၍လဲခြင်း၏အဓိပ္ပါယ်

နောက်သို့လဲခြင်း၏ အဓိပ္ပါယ်မှာ၊ သမာဓိ၏ ရေချိန်ကို၊ စမ်းသည့် လက္ခဏာပါဘဲ။ ဘယ်လိုလဲ ဆိုလျှင်၊ သမာဓိ ကောင်းကောင်းဖြစ်လာသောအခါ၊စိတ်သည်-တရား အာရုံ၌တည်မြဲ၍နေတတ်ပါသည်။ထိုအခါ၌၊စိတ်သည်၊ ထိုင်နေသော ဣရိယာပုထ်ကို ကောင်းစွာ ထိမ်း ထား ခြင်း ငှါ မတတ်နိုင်ပါ။ ဤသို့ ဣရိယာပုထ်ကို ထိမ်း ထားသော စိတ်သည်၊ ဣရိယာပုထ်မှလွတ်၍၊ တရားအာရုံသို့ လုံးဝရောက်သွားခိုက်တွင် ကိုယ်သည်၊ ယိုင်လျက်ဖြစ်နေလျှင်၊ ယိုင် တဲ့ဘက်ကို လဲသွားတတ်ပါသည်၊ မယိုင်လျှင်တော့ခါ၊ မလဲနိုင်ပါ။မလဲနိုင်သော်လည်း၊စိတ်သည်၊တရားအာရုံ၌ကောင်းစွာ ရောက်နေလျှင်၊ ကိုယ်ကိုတွန်း၍ လှဲသော်လည်း၊ လှဲမှန်းကောင်းကောင်းမသိဘဲ၊ အလိုက်သင့်ပင်၊ လဲ၍သွားနိုင်ပါသည်။ဥပစာရ သမာဓိသို့ ရောက်၍ ဘဝင်သို့၊ သက်သွားသော အခါတွင်လည်း၊ ဤအတိုင်းပင် ဖြစ်တတ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ လဲအောင်လုပ်၍ဖြစ်စေ၊ အလိုလိုလဲသွားသည်ဖြစ်စေ၊ လဲသွားလျှင်၊သမာဓိရေချိန်ကိုက်ပြီဟု

ယူဆပြီးလျှင်၊ တမျိုးတက်၍ အားထုတ်ရန် သင်ပြပေးခြင်းဖြစ်ပါသည်။ ။ထိုဆရာတော်ကတော့ခါ၊ လဲသွားလျှင်၊ အပ္ပနာသမာဓိသို့ရောက်သွားလို့ဟုဆိုပါသည်။ ။နောက်ဆုံး။ စတုတ္ထအကြိမ်၊ရင်ဝကိုရှုရင်းလဲသွားတာကိုတော့ခါ၊ မဂ်ဖိုလ်-ဟု ဆုံးဖြတ်ပါသည်။ ထိုဆရာတော်က-မဂ်ဖိုလ်ဟု ဆုံးဖြတ်သော ယောဂီအားလုံးသည်အကုန်လုံးမှန်ရဲ့လားဟုဆိုလျှင်။ ။ကျွန်ုပ်၏စမ်းသတ်ချက်အရမှာ၊ တချို့သာမှန်ပါသည်။ တချို့မှာမမှန်ပါ။ မဂ်မှန်လျှင်၊ ချက်ခြင်းဖိုလ်ဝင်စားကြည့်ပါက၊ ရ-ရ-ပါမည်။ ။ရင်းပြင်၊သူတို့ဆုံးဖြတ်ပုံမှာ၊ ရင်ဝကိုစိုက်၍ရှုနေရင်း၊ အလင်းရောင်ကြီးဝင်းကနဲပေါ်လာတာကိုတွေ့ရလျှင်။ အလင်းရောင်၌စိတ်ရောက်သွားခိုက်တွင်၊ မိမိကိုယ်ကို၊ မတွေ့ရဘူးမဟုတ်လားဟု မေးပါသည်။ ယောဂီကတော့မဖြေတတ်ပါ။ ဆရာလုပ်တဲ့လူက၊ အလင်းရောင်ကိုစိတ်ရောက်သွားခိုက်၌၊ မိမိကိုယ်ကိုမတွေ့ရဘူး၊ကိုယ်ပျောက်သွားတယ်၊ အဲဒီကိုယ်ပျောက်တာဟာ၊မဂ်ဘဲဟုဆုံးဖြတ်ပါသည်။ ။၌နေရာ၌ သတိပြုရန်မှာ။ မဂ်ဖိုလ်ဆိုတာ၊ ဆရာက ဆုံးဖြတ်ပေးလို့ရတာမျိုးမဟုတ်ပါ။ တကယ်ရောက်မှ၊ တကယ်ရ- ရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍မဂ်ဖိုလ်ကိုရတာမှန်လျှင် ဆရာကမဆုံးဖြတ်ဘဲနှင့်၊အလိုလိုသိရအောင်၊ ရတာမှန်လျှင်၊ ရှိခိုးနေပါစေသတည်းဟု၊ မိန့်ခွန်း၍ထားသင့်ပါသည်။

မှတ်ချက်။ ဤဆရာတော်ပြသောနည်းမှာ၊ ရင်ဝကိုစိုက်၍ရှုရပုံသည်၊။မဂ်ဖိုလ်ကို အထက်ပါ နည်းများအတိုင်း

အမြန်-အနှေး-တူစွာ ရနိုင်သောနည်းဖြစ်သဖြင့်။ တကယ်ရတဲ့ လူလဲရှိတယ်ဆိုတာကို ယုံကြည်ကြစေလိုပါသည်။ ။ ၎င်းပြင်၊ အာနာပါန-ပဋ္ဌမပြသော၊ ရှစ်ခါမှတ်၍၊ တပုံ-ပုံ ရသောနည်းမှာ၊ ဝိတက်များသော သူများအဘို့၌၊ အလွန် သင့်လျော်လှပါသည်။ ။ဤပဋ္ဌမအာနာပါန-တနည်းပြီးရုံမျှနှင့်၊ ရင်ဝကိုစိုက်၍ရှုလျှင်လည်းဖြစ်နိုင်ပါသည်၊အဘယ်ကြောင့်ဆိုသော် ယခုရေးပြသောဝိပဿနာမှာ၊ရင်ဝကိုစိုက်၍ရှုခြင်းသာလျှင်သည်၊ လိုရင်းပဓာနဖြစ်သောကြောင့် ဖြစ်ပါသည်။ စာဘတ်ပရိသတ်များ၊ ကြိုက်သလိုလုပ်ကြပါ။ဤနည်းအတိုင်း၊မိမိတယောက်ထည်း၊မိမိဘာသာ-အားထုတ်လိုသူများသည်။ လဲတာကိုဂရုမစိုက်ဘဲ။ အနာပါနကိုအားထုတ်နေရင်း၊ တချက်တချက်တွင် ရှုနေသော စိတ်ကလေးသည်၊လစ်ခနဲ၊လစ်ခနဲ၊ ရံဘန်ရံခါ၊ ချုပ်၍သွားလျှင်၊နောက်ဘမျိုးသို့၊ တက်၍- အားထုတ်နိုင်ပါသည်။ ဤနည်းသည်လည်း၊ မြန်တဲ့လူ-မြန်၍၊ ကြာတဲ့လူ-ကြာ ပါသည်၊ မရတဲ့ လူလဲရှိပါသည်။

## အထက်မဂ် အဘို့-အားထုတ်နည်း

အထက်မဂ်ဖိုလ်ကိုရလိုသော ယောဂီများအား၊ ကျွန်ုပ်ပြသော နည်းအတိုင်း ဆိုလျှင်၊အထက် မဂ်ဖိုလ်ကို၊ ရရန်-ဆုတောင်း- ဓိဋ္ဌာန်ခြင်းတို့ကို ပြုစေပြီးလျှင်၊ ဝိပဿနာကို ခါတိုင်းလိုပင်အားထုတ်စေပါသည်။

## တတိယနည်းကိုပြနေသော ဆရာတော်၏နည်း

တတိယနည်းကို ပြပေးနေသော ဆရာတော်၏ အထက် မဂ်ဖိုလ်များအတွက် ပြသပေးပုံများမှာ။ ရင်ဝကိုစိုက်၍ရှုရ သည့်ပင်ဖြစ်သော်လည်း၊ ပဌမ မဂ်ဖိုလ်ကို ရပြီးပြီဟု ဆုံး ဖြတ်ထားသော- ယောဂီအား၊ ရင်ဝကိုစိုက်၍ ရှုရင်း၊နှုတ် ဖြင့်၊သဏ္ဍာမေတံ ပဏီတမေတံဟု၊ မြန်မြန် အဆိုခိုင်းထား၏ ဒုတိယနှင့် တတိယမဂ်ကိုရပြီးပြီဟုဆုံးဖြတ်ထားသောယော ဂီများအား၊ ရင်ဝကိုပင်စိုက်၍ ရှုနေရင်း၊ နိဗ္ဗာနမေတံ-ပဏီ တမေတံဟု-ရွတ်ဆိုလျက် ရှုနေစေ၏။ ။ပဌမ မဂ်မှ-ဒုတိယ မဂ်သို့ရအောင်အားထုတ် နေသော ယောဂီမှာ၊ ဖလ်ရောင်-မှန်ရောင်-စိန်ရောင်-မြရောင်-တို့ကဲ့သို့၊ ထွန်းလင်းတောက်ပ သောအရောင်တွေကိုမြင်လျက်၊ ဖြေချမ်းသာသော ဝေဒယိ တ သုခကို ခံစား၍ နေရလျှင်။ဒုတိယမဂ်ဖိုလ်ကိုရပြီဟု ဆုံး ဖြတ်၏။ အထက်အထက်သော မဂ်ဖိုလ်များကိုရလျှင်လည်း တမဂ်ထက် တမဂ်၊ပို၍ကြည်လင်တောက်ပသော အရောင် အလင်းအဆင်းသဏ္ဍာန်တို့ကိုတွေ့ရသည်ဟု၊ဆရာတော်၏ နှုတ်ဖြင့် ပြောပြ၏။ ။ဧင်းပြင်၊ ဒုတိယမှ-တတိယ-စသည့် မဂ်ဖိုလ်ကို၊ ဤနည်းဖြင့် တက်ပေးမှရသည်၊ဟု ပြောပြန်၏။ ဤနည်းမျိုးဖြင့် တက်မပေးလျှင်၊ မရနိုင်ဘူး ဟူ၍ လည်းမိန့် ဟာတော်မူပြန်၏။ ။အထက် မဂ် ဖိုလ်သုံးပါးတို့ကို ရောက် သောအခါ- တွေ့ရသော- အရောင် အလင်း- အဆင်း- သဏ္ဍာန်တို့မှာ၊ မဂ်ရောင်-ဖိုလ်ရောင်-ပညာ ရောင် နိဗ္ဗာန်

ရောင်ဟု ပြောပါသည်။ ဖျော်လျက် ခံစား နေရတာကိုတော့၊ နိဗ္ဗာန် ချမ်းသာဟု ပြောပါသည်။ ။ရင်းပြင်၊ သော တာပတ္တိမဂ်-ဖိုလ်သည်၊ လောကီရုပ်နာမ်ချုပ်၍၊ တွေ့စရာ တစုံတရာမျှ မရှိသော်လည်း။ အထက်မဂ်ဖိုလ်များမှာ၊သာ ထက်သာသော အရောင်-အလင်း-အဆင်း–သဏ္ဍာန်တို့ကို တွေ့ရခြင်း၊ ဖြကြည်လင်သော ချမ်းသာသုခကို ခံစားရ ခြင်း၊ စကားပြောသံများကို ကြားရခြင်းစသည့်တို့-ဖြစ် ရ ကြောင်းကို ပြောပြပါသည်။ ။ဤသို့သော ထိုဆရာတော် ၏ ယူဆချက်များမှာ-ကျနုပ်နှင့် လုံးဝကွဲပြားပါသည်။ ။ ဘယ်သူက-ဘာဘဲပြောပြော၊ ကျမ်းဂန်ကဆို ထားတာနှင့် မတူလျှင်၊မှန်သည်ဟု၊မယူနိုင်ပါ။ ။ကျမ်းဂန်က ဆိုသည် မှာ..... ။

## ကျမ်းဂန်က ဆိုပုံ

(၁) ဝိသုဒ္ဓိမဂ်၌၊ အရိယာမဂ္ဂါ-အရိယာမဂ်တို့သည်၊ စတ္တာရော-လေးပါးတို့တည်း၊ ဇှမေခမ္ဗာ- ဤမဂ်လေးပါး ဖိုလ်လေးပါးတရားတို့သည်၊ အပမာဏာရမ္မဏာမေဝ- ပမာ ဏကိုပြုခြင်း၌ မထိုက်သောနိဗ္ဗာန်သည်သာလျှင် အာရုံရှိ ကုန်၏။ ။ဟူ၍ဖြစ်၏။

အဓိပ္ပါယ်မှာ။ ။မဂ်လေးပါး-ဖိုလ်လေးပါးတရားတို့ သည်၊ ဘယ်လိုနေပါသည်ဟု၊ ဥပမာအားဖြင့် ပြစရာမရှိ သော၊နိဗ္ဗာန်ကိုသာလျှင် အာရုံပြု၏ဟူ၍ဖြစ်၏။ ။ရင်းပြင် နိဗ္ဗာန်ဆိုတာ တမျိုးတစားတည်း သာလျှင် ရှိကြောင်းကို

လည်းပြ၏။သောတာပတ္တိ-မဂ်ဖိုလ်က အာရုံပြုသော နိဗ္ဗာန်ကတမျိုး၊ သကဒါဂါမိ- မဂ်ဖိုလ်က အာရုံပြုသော နိဗ္ဗာန်ကတမျိုး။အနာဂါမိ မဂ်ဖိုလ်က အာရုံပြုသော နိဗ္ဗာန်က တမျိုး။ အရဟတ္တမဂ်ဖိုလ်က အာရုံပြုသောနိဗ္ဗာန်ကတမျိုး ဟူ၍၊ နိဗ္ဗာန်အမျိုးမျိုးမရှိကြောင်းကိုလည်းပြ၏။ ။ငင်းပြင်၊ နိဗ္ဗာန်ဆိုတာ၊ ဥပမာအားဖြင့်၊ဘယ်လိုနေပါသည်၊ အလွန်တရာပျော်မွေ့ဘွယ်ရာကောင်းသော၊ မြို့ကြီး- ပြကြီးများကဲ့သို့ စည်ကားလှပါသည်၊ အရောင်- အလင်း-အဆင်း-သဏ္ဌာန်အားဖြင့် ဘယ်လိုနေပါသည်၊ ထွန်းလင်းတောက်ပလျက်ရှိသည်၊ ဖလ်ရောင်- မှန်ရောင်-စိန်ရောင်-မြရောင်တို့ကဲ့သို့ ပြိုးပြိုးပျက်ပျက်- တလက်လက် နေပါသည်။ ဘယ်လောက်ကြီးပါသည် - ငယ်ပါသည်စသည်တို့ဖြင့်၊ ဥပမာတင်၍ ပြစရာလည်းမရှိကြောင်းတို့ကိုလည်း၊ ပြ၏။

(၂) သဗ္ဗသော ပဘာသရံ-ဟူသော ပါဠိအရ၊ နိဗ္ဗာန်သည်ခပ်သိမ်းသောအရပ်၌ထွန်းတောက်ပလျက်ရှိ၏ဟု ဆိုသောကျမ်းဂန်စကားသည်၊ မျက်စိဖြင့်မြင်ရသကဲ့သို့သော၊ အရောင်- တောက်ပခြင်းကို ဆိုလိုသည်မဟုတ်ပါ။နိဗ္ဗာန်၏ ဂုဏ်ရောင်၊ ကျေးဇူးရောင်တို့သည်၊ အစဉ်မပြတ်၊ ပညာရှိသူတော်ကောင်းတို့၏ ဉာဏ်မျက်စိ၌၊ ချီးမွမ်းအံ့ဩ၍မဆုံး၊ သိ၍မဆုံး-ကြံ၍မဆုံး-နိုင်အောင်၊ ထွန်းလင်းတောက်ပခြင်းကိုသာဆိုလိုရင်းဖြစ်ပါ၏။ ။ဥပမာမှာ၊ ရှင်ဘုရင်ကို ချီး

တြဲ့။ ရာ၌၊ ရှင်ဘုရင်ဘုန်း- နေတန့်ုးပမာ- ဖွဲ့ဘုန်းတော်ရောင်ထွန်းတောက်ပါလို့လေး၊ ဟုဆိုသကဲ့သို့ပင်ဖြစ်ပါ၏။

(၃) ပေဠုကောပဒေသကျမ်း၌။ ဒုက္ခဋ္ဌ-ဒုက္ခသစ္စာသည်ဖင်း၊ မဂ္ဂဋ္ဌ-မဂ္ဂသစ္စာသည်ဖင်း၊ နိရောဓဋ္ဌ-နိရောဓသစ္စာသည်ဖင်း၊ ကတမံ-အဘယ်နည်း။ ။ယာသာဘိက္ခုနော-အကြင်ရဟန်း၏သတိ-သတိသည်၊ ဆသုဖဿာယတနေသု-ခြောက်ပါးသောဖဿာယတနတို့၌၊ သံဝရေစ-အစောင့်အရှောက်သည်လည်း၊ နဥပဋ္ဌိတော-မထင်၊ သော ဘိက္ခု- ထိုရဟန်းသည်၊ သတတံ-အဘိဏှံ-မပြတ်၊ သမာဟိတော-တည်ကြည်သောစိတ်ရှိသည်ဖြစ်၍၊ ဓာနေယျ-သိရာ၏၊ ကတမံ- အဘယ်သို့၊ ဓာနေယျ-သိရာသနည်း၊ အတ္တနော-မိမိ၏၊ ယော ကာယော-အကြင်ကိုယ်သည်၊ နဥပဋ္ဌိတော-မထင်။ တံအနုပဋ္ဌိတကာယံ၊ ထို- ကိုယ်မထင်သည့်ကိုပင်၊ ဣဒံ- ဤ သည်ကား၊နိဗ္ဗာနံ-နိဗ္ဗာန်တည်း။ ဣတိ-ဤသို့၊ ဓာနေယျ- သိရာ၏။

ဤပါဠိ၏အဓိပ္ပါယ်မှာ။ မဂ်ဓော-ဖိုလ်ဓော-တို့ဖြင့်၊နိဗ္ဗာန်ကိုမျက်မှောက်ပြုနေစဉ်တွင်၊ ဖဿာယတန ခြောက်ပါးတို့၌၊ အစောင့်အရှောက်မထင်ဘူးဟူ၍ဖြစ်၏။ ဖဿ မထင်လျှင် ဝေဒနာလည်း မထင်နိုင်ဘူးဆိုတာ၊ ထင်ရှားပြီးဖြစ်တော့၏။

မှတ်ချက်။ မဂ်ဓော-ဖိုလ်ဓောကျနေစဉ်တွင်၊ ဝေဒနာ မထင်နိုင်လျှင်၊ ငြိမ်နေတာဘဲ၊ ချမ်းသာနေတာဘဲ ဆိုတဲ့၊ ဝေဒယိတသုခကို ခံစားနေရတယ် ဆိုတာဟာ၊ မဂ်ဖိုလ် ပါဘဲလို့ဆိုပေမဲ့၊ ဘယ်လိုလုပ်ပြီး၊ယုံရမှာလဲ။

ဇင်းပြင်၊ ဤပါဠိ၌ပင်။ ကိုယ်မထင်တာကိုပင်၊ နိဗ္ဗာန်ပါဘဲ ဟုဆိုရာ၌၊ ပါဠိ၌ကဆိုသောကိုယ်မှာ၊မိမိ၏ကရဇကာယခန္ဓာ ကိုယ်အတ္တဘောကြီးကိုသာ ဆိုတာ မဟုတ်ပါ။ ရူပကာယ နာမကာယ- အားလုံးကိုပါ ဆိုလိုရင်း ဖြစ်ပါသည်။ ။ရူပကာယမှာ-မိမိ၏ ကိုယ်ကောင်ကြီးပါ အပါအဝင်ဖြစ်သော အဆင်း-အသံ-အနံ့-အရသာ-အထိ-ဤငါးမျိုးဖြစ်ပါသည်။ နာမကာယမှာ၊ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဉ်ဟူ၍-လေးမျိုးရှိပါသည်။ ဤကိုးမျိုးသော- ရူပကာယ- နာမကာယ ဆိုတဲ့-ကိုယ်တွေအားလုံးကို မတွေ့ရဘူးဟူ၍ ဆိုခြင်းဖြစ်ပါသည်။ ။မဂ်ဇော ဖိုလ်ဇော ကျသောအခါ- တွေ့ရတယ်ဆိုတဲ့ ဖလ်ရောင်-မှန်ရောင်-စိန်ရောင်-မြရောင်-တွေလိုဘဲ ဆိုတာဟာ၊ကျမ်းဂန်က၊ပရမတ္ထသဘာဝမှ လွတ်သော-သမာဓိစိတ်ကြောင့်ဖြစ်သော- ပညတ္တိက-ရုပ်-တမျိုးဟု ဆိုထားသဖြင့်၊ ရူပကာယ-ကိုယ်-တမျိုးဘဲမဟုတ်လား။ ဤအဆင်းအရောင်တွေကိုတွေ့၍ မြေချမ်းသာမှုကိုခံစားနေရတာဟာ၊ နာမကာယကိုယ်လေးပါးစလုံးပါသည်မဟုတ်ပါလား။ရူပကာယဆိုတဲ့-ကိုယ်တမျိုးမျိုးနှင့် တွေ့ရလျှင်လည်း၊နာမကာယ ဆိုတဲ့ ကိုယ်လေးမျိုးမှာ မတွေ့ရဘဲ-နေလို့ကိုမဖြစ်ပါ။ သို့အတွက်ကြောင့်၊ မဂ်စိတ်-ဖိုလ်စိတ်တို့သည် ကိုယ်ကို မတွေ့နိုင်၊မထင်နိုင်ဘူးဆိုတာဟာ၊မိမိ၏ကိုယ်ကာယကြီး အပါအဝင်ဖြစ်သော၊ရူပကာယ နာမကာယ-ကိုးမျိုး စလုံးကို မတွေ့ရဘူးဟု၊ဆိုလိုရင်းဖြစ်ပါသည်။

(၄) ၎င်းပြင်၊ ယံသမာပတ္တိံ သမာပန္နော- နကိဉ္စိဝေဒိ ယတိ ဟူသော ပါဠိကလည်း၊ ဖလသမာပတ် ဝင်စား နေသောအခါ၊ တစုံတရာသော ဝေဒနာကိုမျှ-မခံစားရ- ဟူ၍ ဖြစ်ပါသည်။

(၅) ထို့ပြင်၊ယံကိဉ္စိဝေဒယိတံ-သဗ္ဗံတံ-ဒုက္ခသ္မိံပိဝဒါ မိ-ဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသည်။

အဓိပ္ပါယ်မှာ။ ခံစား ရသော- ဝေဒနာမှန်သမျှ၊ ဘယ်လောက်ဘဲ ကောင်းတယ်ပြောပြော။ ဒုက္ခတရားပါဘဲတဲ့ ဒါကြောင့်မို့လို့၊ဧလိုက်ထာ-ချမ်းသာလိုက်ထာ၊ သဘောကျလိုက်ထာ-ဆိုတာဟာ၊ နိဗ္ဗာန်ချမ်းသာမဟုတ်ပါဘူးတဲ့။

(၆) ၎င်းနောက်။မိလိန္ဒပဉှာကျမ်းတွင်၊နိဗ္ဗာန်-နိဗ္ဗာန်ကို ဝဏ္ဏေနဝါ- အဆင်းအားဖြင့်၎င်း၊ သဏ္ဌာနေနဝါ- ပုံသဏ္ဌာန်အားဖြင့်၎င်း၊ ဥပဒဿိတုံ-ဆောင်ကပ်၍ပြခြင်းငှါ နသက္ကာ-မတတ်ကောင်း၊ ဟူ၍ပါရှိပါသည်။

(၇) ထိုနောက်၊ အသျှင်သာရိပုတ္တရာက- ပြဆိုတော်မူသည်မှာ၊ဧတ္ထ-၌နိဗ္ဗာန်၌၊ ဝေဒယိတံ၊ခံစားမှုဝေဒနာသည်၊ ယံနတ္ထိ-အကြောင်းမရှိ၊ ဧတဒေဝ- ထိုခံစားမှုမရှိခြင်းသည်သာလျှင်၊ ဧတ္ထ-၌နိဗ္ဗာန်၌။ သုခံ-သန္တိသုခ နိဗ္ဗာန်ချမ်းသာအစစ်ပေတည်း။ ဟူ၍ဖြစ်၏။

အဓိပ္ပါယ်မှာ။ ။နိဗ္ဗာန်ချမ်းသာဆိုတာ၊ခံစားရတဲ့၊ ဝေဒယိတသုခကိုမဆိုလိုပါ။ ခံစားမှုမရှိတဲ့- သန္တိသုခကိုသာ နိဗ္ဗာန်ချမ်းသာဟုဆိုပါသည်။ ။ခံစားမှုဆိုတာဟာ၊ ဝေဒ

နာ တမျိုးမျိုးကိုတွေ့လျက်- ဘယ်လိုနေတယ်ဆိုတာကို သိလျက်၊ ခံစားနေမှုကိုဆိုလိုပါသည်။ ခံစားမှုမရှိတဲ့ သန္တိသုခ-နိဗ္ဗာန်ချမ်းသာဆိုတာ၊ ဘယ်လိုဝေဒနာမျိုးနှင့်မှ-မတွေ့ရဘဲ၊ ဘယ်လိုနေတယ်လို့မှမသိရဘဲ၊ ချုပ်ငြိမ်းနေခြင်းကို သာဆိုလိုပါသည်။

(ဂ) ထို့ပြင်။ သမထ-ဝိပဿနာတို့ကို၊ အားထုတ်နေစဉ်တွင်၊ တွေ့ရသော-အရောင်-အလင်း-အဆင်း-သဏ္ဍာန်တွေမှန်သမျှမှာ သမာဓိစိတ်ကြောင့်ဖြစ်သော၊ သမထသမာဓိနိမိတ်တွေသာဖြစ်ပါသည်။ ထိုနိမိတ်တို့ကို၊ မျက်စေ့ဖြင့်မြင်ရသကဲ့သို့ စိတ်ဖြင့်မြင်ရခြင်းဖြစ်ပါသည်။ ။ထို့ကြောင့် ကျမ်းဂန်၌ပါရှိသည်မှာ။........

## သမထသမာဓိနိမိတ်

တံ- ထိုသမာဓိစိတ်ကြောင့်ဖြစ်သောနိမိတ်သည်၊ စက္ခုနာ- စက္ခုဝိညာဉ်ဖြင့်၊ ပဿန္တဿဝ- မြင်ရသကဲ့သို့၊ မနောဒွါရဿ- မနောဒွါရအား၊ အာပါထံ- ထင်ခြင်းသို့၊ အာဂတံ-ရောက်၏။

မှတ်ချက်။ ။အထက်ဖော်ပြပါ၊ ကျမ်းဂန်ပါဌ်များကို ထောက်သဖြင့်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုတယ်။ ဖိုလ်ဝင်စားတယ်၊ ဖလသမာပတ်ဝင်စားတယ်- ဖိုလ်ဇောကျနေတယ်၊ ဆိုတာတွေသည်၊ လောကုတ္တရာ စိတ်ဖြင့်၊ နိဗ္ဗာန်ကိုအာရုံပြုနေတာဖြစ်၏။ ထိုအခိုက်၌

လောကီစိတ်သည်၊ တပြိုင်နက် အတူဖြိုင်၍ မဖြစ်နိုင်ပါ။ လောကီစိတ်ဆိုတာ၊ မုချအားဖြင့်၊ လောကီအာရုံငါးပါးကိုသာအာရုံပြုနိုင်ပါသည်။ ။သို့အတွက်ကြောင့်၊ဖိုလ်ဝင်စား နေစဉ်တွင်၊ ဖိုလ်ဇောတဆက်ထည်း ကျနေစဉ်တွင်၊ အဆင်း၊ အသံ-အနံ့- အရသာ-အထိ-မှန်သမျှ၊ ဘာကိုမျှ၊ မတွေ့နိုင်မသိနိုင်ပါ။ ။အကယ်၍ဖိုလ်ဝင်စားသောပုဂ္ဂိုလ်သည်၊ ဖိုလ်ဝင်စားခြင်း၌၊ မနိုင်နင်းသေးလျှင်မူကား၊ ဖိုလ်ဝင်စားရာ၌၊ ရံခါ၊ ဖိုလ်စိတ်ဖြစ်လိုက်၊ ရံခါ၊ လောကီစိတ်ဖြစ်လိုက်နှင့်၊ တလှည့်စီ၊ ပြောက်ကြား- ပြောက်ကြားဖြစ်တတ်ပါသည်။ ထိုအခါ၌၊ ဖိုလ်စိတ်ဖြစ်တဲ့အခိုက်မှာ၊ ဘာကိုမျှမတွေ့ရပေမဲ့၊ လောကီစိတ်ဖြစ်တဲ့အခိုက်အတန့်မှာ၊ အသံတွေကို ကြားရတတ်ပါသည်။ ။သို့ရာတွင်၊ ဖိုလ်ဇောထပ်ကျတဲ့အလှဲ့မှာ-မကြားရပါ။ ဤသို့ဖြစ်နေသော-ယောဂီ၏နားအနီးတွင်၊ လက်ခုတ်ဆယ်ချက်လောက် တီးပေးပါ။ ဝင်စား၍ပြီးသောအခါ၊ မေးကြည့်ပါ။ လက်ခုတ်သံအကုံလုံးကို မကြားရဘဲ၊ သုံးလေးချက် မျှသာ ကြားရသည်ဟု ပြောပြပါလိမ့်မည်၊ဤသို့၊ဖိုလ်ဝင်စားခြင်း၌၊ မနိုင်နင်းသေးသောပုဂ္ဂိုလ်များမှာ၊ နိုင်နိုင် နင်းနင်း၊တဆက်ထည်း အလိုရှိသလိုဝင်စားရပါစေသတည်းဟု- ဓိဋ္ဌာန်ပြီးလျှင်၊ ထပ်ခါထပ်ခါ၊ ဝင်စားခြင်းကို-လေ့ကျင့်၍ပေးရပါမည်။ ။မြတ်စွာဘုရားသခင် လက်ထက်တော်ကလည်း၊ အသျှင်မောဂ္ဂလာန်ဆိုတဲ့ မထေရ်တပါး၊ဤကဲ့သို့ဖြစ်ဘူးကြောင်း၊ ကျမ်းဂန်ထွင်-ရှိပါသည်။

# သတိပြုရန်အချက်များ။

ထိုဆရာတော်ပြပေးသော၊ တတိယနည်းမှာ၊ ကျနုပ်၏ ပဉ္စမနှင့် ဒုတိယနည်းများကဲ့သို့ပင် တထိုင်အတွင်း၊တရက် တပတ်- နှစ်ပတ်- တလအတွင်းတို့၌၊ ပဉ္စမ မဂ်ဖိုလ်ကို၊ ရ တတ်ထားခြင်း တူပါသည်။ ။သို့ရာတွင်၊ ဒုတိယမဂ်ဖိုလ် တတိယ မဂ်ဖိုလ်- စတုတ္ထမဂ်ဖိုလ်တို့ကိုမူ၊ ထိုဆရာတော် တက်ပေးလျှင်၊ တနာရီ-နှစ်နာရီအတွင်းရ၍ သွားကြသည် ဟု၊ ပြောပြပါသည်။ ။ထို့ကြောင့်- ထိုဆရာ တော် ၏ တပည့် ယောဂီများတွင်၊ ထိုဆရာတော်က ဆုံးဖြတ် ထား သော၊ သောတာပန်- သကဒါဂါမ်- အနာဂါမ်- ရဟန္တာ ပုဂ္ဂိုလ်များ၊ အတော်များများ ရှိနေပါသည်။ရဟန္တာဟုဆုံး ဖြတ်ထားသော ယောဂီမများမှာမူ၊ ရသေ့လိုဝတ်ထားကြ ပါသည်။

## တိုက်တွန်းချက်

မည်သို့ပင် ဖြစ်စေကာမူ၊ ထိုဆရာတော်ပြသော အဓိက အချက်မှာ၊ ကျနုပ်ပြပေးသော ပဉ္စမနည်းအတိုင်းပင်၊ရင်ဝ၌စိုက်၍ရှုရသည် ဖြစ်သောကြောင့်၊ မဂ်လေးမဂ် ဖိုလ်လေး ဖိုလ်ကို ရနိုင်သည့် နည်းဖြစ်သဖြင့် တကြောင်း။ အ ကြီး ယုတ်စရာမရှိသောကြောင့် တကြောင်း။ ပဉ္စမမဂ်တွင် မြန် တတ်သောကြောင့် တကြောင်း၊ဗဟုဟာတ-တမျိုး တိုးမည် ဖြစ်သောကြောင့် တကြောင်း။ ထို အကြောင်း တို့ကြောင့်၊ ထိုဆရာတော်ထံတွင်လည်း၊ သွားရောက် နည်းခံအားထုတ် သင့်လှပါကြောင်း၊ တိုက်တွန်းအပ်ပါသည်။

# ကမ္မဋ္ဌာန်း—အားထုတ်ခြင်း တွေ့တတ်သော သဘောတရားများ။

တရားကို အားထုတ် သောအခါ၊ မိမိ အားထုတ်သော ကမ္မဋ္ဌာန်းနှင့်၊ဆီလျော်သော သဘောတရားများ ကို လည်း တွေ့တတ်သည်၊ မဆီလျော်သော သဘော တရား များ ကို လည်း တွေ့တတ်သည်။ ဘယ်လိုလဲ-ဆိုလျှင်။ ။ဥပမာမှာ၊ အာနာပါနကို အားထုတ်နေစဉ်တွင်၊သမာဓိ ဖြစ်လာသော အခါ၊၎င်းအာနာပါနနှင့် ဆီလျော်သော၊ထွက်လေဝင်လေ၊ အခိုးအငွေ့၊လေ အလုံးအချောင်း အတိုအရှည်၊ဖြူဖြူဖွေးဖွေး ဆပ်ပြာမြှုပ်တွေလို၊မီးပွါးတွေလို၊မီးကြည်မီးလုံးတွေလို၊ ဝတ်မီးလုံးကြီးလို၊ နေ့-လ-ကြယ်-နက္ခတ်-တာရာ၊စေတီ-တန်ဆောင်း-ဂူ-ကျောင်း-ဘုရား။ ရေ-မြေ-တော-တောင် သမုဒ္ဒရာ-ပန်းချီ-ပန်းပွင့်-သာယာလှစွာ၊ လူ့ပြည်မှာ မြင်ဘူးသော ရှုမြော်ခင်း၊ မမြင်ဘူးသော ရှု မြော် ခင်း၊ နတ်-ဘီလူး-ဝိဇ္ဇာ-ဇော်ဂျီ- စသည်တို့ကိုလည်း အဆင်သင့်သလို တွေ့တတ် ပါသည်။ ။အာနာပါနနှင့် မ ဆီ လျော် သော၊ သက်ရှိ-သက်မဲ့-သတ္တဝါအမျိုးမျိုး၊ အသုဘနှင့်သက်ဆိုင် သော၊ အရိုးစု-အသေကောင်၊ ၃၂-ကောဋ္ဌာသအပုပ် အ

ပွဲ-အနံ့နဲ့အဖုံဖုံ၊ ကသိုဏ်းအမျိုးမျိုးတို့ကိုလည်း တွေ့တတ်ပါသည်။ မိမိ၏ကိုယ်မှ၊ အသား-အသွေး-အရိုး- စသည်တို့၊ ပွဲ-ကျွေ-ကျနေတာကိုလည်း၊ တွေ့တတ်ပါသည်၊ ထြဘာသအစရှိသော၊ အရောင်၊ အလင်း၊ အဆင်း၊ သဏ္ဌာန် စသည်တို့ကိုလည်း တွေ့တတ်ပါသည်။ ။ဤကဲ့သို့ တွေ့မြင် ရသောနိမိတ်အမျိုးမျိုးတို့ကို၊ မျက်စေ့ဖြင့် တွေ့မြင်ရဘိ သကဲ့သို့၊ သမာဓိစိတ်ဖြင့် တွေ့ရပါသည်။ အိပ်မက်၊ မက်သလို သေသေချာချာ တွေ့ရခြင်းဖြစ်ပါသည်။ ။ရှေးတုံးက၊ ရဟန်းတော်ကြီး တပါးနှင့်၊ သာမဏေငယ်ကလေးတပါး တရားအားထုတ်နေစဉ်တွင်၊ သာမဏေငယ်မှာ၊ ထြဘာသ အလင်းရောင်ဖြင့်၊ မနီးမဝေးလှသော ရေကန်ကြီးနှင့်၊ ကြာရိုး ကြာစွယ် စသည်တို့ကို မြင်ရကြောင်း၊ ရဟန်း တော် ကြီး ကိုလျှောက်ထားသောအခါ၊ ရဟန်းတော်ကြီးကပြောပြသည်မှာ၊ ငါဒ္ဒိမူကား၊ သမုဒ္ဒရာ အတွင်းက၊ ငါး ကြီး တွေ ကိုတောင်၊ မြင်ရသည်ဟူ၍ ဖြစ်ပါသည်။ ။ဤကဲ့သို့ တွေ့ကြုံတတ်ကြရခြင်းမှာ၊ သမထတွင်ဖြစ်စေ၊ ဝိပဿနာတွင်ဖြစ်စေ၊ တွေ့တတ်ကြပါသည်။ သို့ရာတွင်၊ လူတိုင်းအကုန်လုံးကို စုံအောင် တွေ့ရသည်မဟုတ်ပါ။ တွေ့သင့်သမျှကိုသာ တွေ့ရပါသည်၊ တချို့မှာ၊ မိမိအားထုတ်သောဘာရေးနှင့်၊ မဆီလျော်သော အာရုံများကိုမတွေ့ရပါ။ ။ဤကဲ့သို့တွေ့ရသော သဘောတရား များသည်၊ တကယ်တွေ့ရတာ ဖြစ်သောကြောင့်၊ အားထုတ်သောကမ္မဋ္ဌာန်းနှင့် ဆီလျော်သည်ဖြစ်စေ၊ မဆီလျော်သည်ဖြစ်စေ။ တွေ့ရတာကို၊ မတွေ့ကောင်း

ဘူးဟု၊ မဆိုသင့်ပါ။ တွေ့သမျှတွင်၊ ယူ သင့် သလို ယူ၍၊ ပါယ်သင့်သလို၊ပါယ်သွားရန်သာရှိပါသည်။ ဘယ်တရား၊ ဘယ်ကမ္မဋ္ဌာန်း- ဘယ်နည်းလမ်းကိုဘဲ၊ အားထုတ်- အားထုတ်၊ အဆင်သင့်သလိုတော့ခါ၊ သမာဓိဖြစ်လာလျှင်၊တွေ့ရတတ်ပါသည်။ တရားအားမထုတ်ဘူးသော၊ သူများ က ကြားလျှင်၊ သူတို့ကိုယ်တိုင် မတွေ့နိုင်သဖြင့်၊ မ ယုံ ကြည် တတ်ထာက၊ များတတ်ပါသည်။

# အထူးအာမခံချက်

(၁) ဤကျမ်း၌ ပါသော အချက်တို့မှာ လူလူပါရမီ ရှိသလောက် တကယ် လုပ်လျှင် အဟုတ် ဖြစ်နိုင်ပါ ကြောင်း။

(၂) ဗလ သမာပတ်ကို ဝသီဘော်နိုင် အောင် ဝင်စားနိုင်သော ပုဂ္ဂိုလ် များမှာ၊ စိတ္တာနုံ၍ ကြည့်လျှင် ၃၁ ဘုံနှင့် တကွ၊ နတ် ဝိဇ္ဇာ တို့ကို တွေ့မြင် ပြောဆို နိုင်ခြင်း။ မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်က ပုံတော်အစုံကို၊ ပကတိ အတိုင်း ဖူးတွေ့နိုင်သည် ဆိုတာ မှန်ပါကြောင်း။

(၃) ဤကျမ်းတွင်ရေးသားပါရှိသော အချို့ အချက်တို့မှာ မြတ်စွာ ဘုရားက ဤအတိုင်းဖြစ်နိုင်သည်

ဟူ၍၎င်း၊ မဖြစ်နိုင်ဘူးဟူ၍၎င်း
မပြောခဲ့ပေမဲ့ တကယ်ဖြစ်သော
လက်တွေ့များဖြစ်ပါကြောင်း။

(၄) မည်သည့်ကမ္မဋ္ဌာန်း ဌာနကမဆို ဖလသမာပတ်ကို ဝသီဘော်နိုင်အောင် ဝင်စားနိုင်သော ပုဂ္ဂိုလ်များမှာ ဤကျမ်းပါနည်းများ အတိုင်း စီဌာန်လျှင် ဖြစ်နိုင်ပါကြောင်း။

(၅) ကျွန်ုပ်ထံလာလျှင်လည်း စီဌာန်ပုံစံဌာန်နည်းတို့ကို လက်တွေ့ပြသပေးမည်ဖြစ်ပါကြောင်း။

ဝိပဿနာပါရဂူဆရာကြီး

ဥက္ကဋ္ဌ။

ပဋိပတ္တိကြီးပွားရေးအဖွဲ့ချုပ်

အမှတ် (၃၉) ၈၇–လမ်း ရန်ကုန်မြို့။

# ဖလသမာပတ္တိ အာနိသံသ

ဖလသမာပတ္တိ အာနိသံသ အကြောင်း ကို ရေးလျှင်၊ သမာပတ် သုံး မျိုး စလုံး၏ အကြောင်းကိုပါ လို အပ် သလောက် ရေးပြမှ၊ ရေလည်လွယ်မည်ဖြစ်၍ ရေးပြပါအံ့။

## သမာပတ်-သုံးမျိုးအကြောင်း

သမာပတ် သုံးမျိုးမှာ၊ ဈာနသမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ်-ဟူ၍ ဖြစ်သည်။

## ဈာနသမာပတ်

(၁) ၎င်းသုံးမျိုးတွင်၊ ဈာနသမာပတ်မှာ ရူပဈာန်-အရူပဈာန်အားဖြင့်၊ လောကီဈာန် သမာပတ် ၈-ပါးရှိသည်။ ရူပဈာန် သမာပတ်တွင်၊ပဌမဈာန် သမာပတ် ဒုတိယဈာန် သမာပတ်၊ တတိယဈာန် သမာပတ်၊စတုတ္ထဈာန်သမာပတ် ဟူ၍-လေးမျိုးရှိသည်။ ။ထိုလေးပါး အနက်-ပဌမဈာန် သမာပတ်မှာ၊ ဈာန်ဝင်စားနေစဉ်တွင်၊ အသံများကို ကြားခါမျှဖြင့် ပျက်တတ်သည်ဟု ကျမ်းဂန်ကဆိုသည်။ ။ဒုတိယဈာန်သမာပတ်မှာ၊ ဝိတက်ဝိစာရတည်းဟူသော ပဓိသဒ္ဒါ ရချုပ်ငြိမ်းသည်။ ။တတိယဈာန်သမာပတ်ကို၊ကျမ်းဂန်က-သုခနှင့်ပြည့်စုံစွာနေ၏ဟုဆို၏။ ။စတုတ္ထ ဈာန်သမာပတ်ကိုမူကား။ အထူး ပေါ် ပြ ပေသည်။ ။ပေါ် ပြပုံမှာ စတုတ္ထဈာန် သမာပတ်ကို ဝင်စားနေသော ပုဂ္ဂိုလ်သည်

နဂိုရ်ပကတိသော သဘောအတိုင်းဆိုလျှင်၊ ကာယသင်္ခါရ ချုပ်ငြိမ်းသဖြင့်၊ ထွက်သက်ဝင်သက် မရှိတော့ပေ။ ရင်းပြင်လည်း၊ အသံဟူက။ မိုးယံကြိုး ပစ်သံကိုတောင်မှ၊ မကြားနိုင်ပေ။ ။ထိုမှတပါး၊ အထူးအားဖြင့်သော်ကား၊ တန်ခိုးအဘိညာဏ်ဖန်ဆင်းလိုသော ပုဂ္ဂိုလ်မှန်သမျှ၊ စတုတ္ထဈာန်ကို ဝင်စားပြီးမှသာ၊ ဖန်ဆင်းခြင်းကို ပြုနိုင်သဖြင့်၊ စတုတ္ထဈာန်ကို၊အဘိညာဏ်ပါဒကဈာန်ဟူ၍လည်း ခေါ်ရသည်။ ။တန်ခိုးဖန်ဆင်းခြင်းကိုပြုလိုလျှင်၊ ရှေးဦးစွာ၊ စတုတ္ထဈာန်ကိုဝင်စားရသည်။ ဝင်စားပြီး၍ စတုတ္ထဈာန်မှ ထသည်နှင့်တပြိုင်နက်၊မည်သို့ ဖြစ်စေသတည်းဟု၊ စိတ်ဖြင့်ညွှတ်၍ ဓိဋ္ဌာန်ရုံမျှနှင့်၊ အလိုရှိသလိုဖြစ်ရသည်။ ။သို့ရာတွင်၊ အတိတ်ဘဝကဆည်းပူးထားသည့် ပါရမီမပြည့်စုံခဲ့သောကြောင့်၊ ယခုဘဝကျမှ၊ ဈာန်သမာပတ်ကို၊ ရအောင်အားထုတ်၍ယူရသောပုဂ္ဂိုလ်များမှာ၊စတုတ္ထဈာန်ကိုဝင်စားလိုက်၊ဖန်ဆင်းလိုခြင်းကို ဓိဋ္ဌာန်လိုက်နှင့် ဝသီဘော်နိုင်အောင်၊ လေ့ကျင့်၍ယူရသည်။ ။ဝသီဘော်မနိုင်သေးလျှင်၊ထင်တိုင်းဖန်ဆင်းလို့မရတတ်ပေ။ ။သို့ဖြစ်သောကြောင့်၊ နန္ဒောပနန္ဒနဂါးမင်းကိုဆုံးမရာ၌၊ နဂါးမင်း၏ လျင်မြန်သောစိတ်ထက်၊ အထူးသဖြင့် ပို၍လျင်မြန်စွာ ဖန်ဆင်းနိုင်သော၊ အသျှင်မဟာမောဂ္ဂလာန်ကိုသာ၊ ခွင့်ပြုတော်မူခြင်းဖြစ်သည်။

## ရဟန္တာတိုင်း၊ တန်ခိုးမဖန်ဆင်းနိုင်ဘူးလား

ရဟန္တာဖြစ်တိုင်းတန်ခိုးမဖန်ဆင်းနိုင်ပါ။သုက္ခဝိပဿက

ရဟန္တာဆိုတာ၊ ဈာန်သမာပတ်ကိုရအောင်အားမထုတ်ဘဲ၊ ဝိပဿနာယာနိကအဖြစ်ဖြင့်၊ ဝိပဿနာကိုသာအဓိကထား၍ အားထုတ်ပါသဖြင့်၊ ရဟန္တာဖြစ်သောအခါ၊ ဈာန်အဘိညာဏ်တန်ခိုးဖန်ဆင်းခြင်းငှါမတတ်နိုင်ပါ။ သို့ကြောင့် ဈာန်ခြောက်သောရဟန္တာဟူ၍သည်း ခေါ်ရပါသည်။ ။၎င်းရဟန္တာမျိုးမှာ၊ ဈာန်အဘိညာဏ်တန်ခိုးဖန်ဆင်းခြင်းကိုပြုလိုလျှင် သမထသမာဓိအလုပ်ကိုလုပ်၍ယူရပါသေးသည်။ အတိတ်က၊ဈာန်အဘိညာဏ်တန်ခိုး-သမာဓိမျိုးစေ့ပါလာသော ပုဂ္ဂိုလ်များမှာမူ၊ ယခုဘဝတွင်၊ အနာဂါမ်ဖြစ်စေ၊ ရဟန္တာဖြစ်စေ၊ ဖြစ်လာသျှင်၊ ချက်ခြင်းပင်၊ အလိုလို၊ တန်ခိုးဖန်ဆင်းခြင်းစသည်တို့ကိုပါ၊ ရရှိပြီးဖြစ်ကြရပါသည်။

## ဖလ သမာပတ်

(၂) ဖလ သမာပတ်မှာမူ။ အရိယာ မဖြစ်သေးသမျှ၊ နတ်-သိကြား- ဗြဟ္မာ များသော်မှ၊ ဝင်စားခြင်းငှါမတတ်နိုင်။ ။သောတာပန်မှစ၍၊ မြတ်စွာဘုရားအထိဖြစ်သော၊ အရိယာများသာ ဝင်စား နိုင်ကြသည်။ ဝင်လည်း ဝင်စားကြကြောင်းကျမ်းဂန်တွင်ပါရှိသည်၊ယခုခေတ်တွင်လည်း၊ ဝင်စားနိုင်သူတွေ အတော်များများ ရှိကြသည်၊ ဝင်လည်း ဝင်စားကြသည်။ ။ဖလသမာပတ်၏ နဂိုရ်ပကတိသော သဘောသတ္တိမှာ။ ဝသီဘော်နိုင်သော ပုဂ္ဂိုလ်များမှာ၊ ကာလကိုပိုင်းခြား၍ ဝင်စားနိုင်သည်ဟုဆိုသော ကျမ်းဂန်အရ၊ အလိုရှိသောခဏ၌ဝင်စား၍၊ အလိုရှိသော အချိန်ကျမှ သ

မာပတ်မှထခြင်းတို့ကို ဖြစ်စေနိုင်သည်။ အလိုရှိလျှင်၊တနေ့ပတ်လုံးလည်း ဝင်စားလျက်နေနိုင်သည်။ ။၎င်းပြင်၊ဖလသမာပတ်ကို ဝင်စား နေစဉ်တွင်၊ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ-ဟူသော အဘိဓမ္မာကျမ်းဂန်အရ။ ဣရိယာပုထ်ခိုင်မြဲ၍ နေလေသည်။ ။ဣရိယာပုထ် ခိုင်မြဲသည့်ဆိုရာ၌၊ ဝင်စားခါစအချိန်၌၊ ဖြစ်တည်လျက်ရှိသော၊ကိုယ်-လက်-ခြေ-အနေအထားတို့သည်၊ သူ့အလိုအလျောက် ပြုပြင် ပြောင်း လဲ ခြင်း မရှိဘဲ၊ တောင့် တင်း ခိုင် မာ သောတည်နေခြင်းကို ဆိုလိုသည်။ ။ထို့နောက်ဖလသမာပတ်ဝင်စားနေစဉ်တွင်၊ ကျမ်းဂန်၌၊ ဆသုဖဿာ ယတနေသုဖဿာ ယတန၊ ခြောက်ပါးတို့၌၊ သံဝရော စ- အစောင့်အရှောက် သည်လည်း၊ နုဒ္ဓပဋ္ဌာတော- မထင်-ဟု ဆိုသည့်အတိုင်း၊ ဖဿာ ယတန ခြောက်ပါး မဖြစ်နိုင်။ ဖဿခြောက်ပါးမဖြစ်သောကြောင့်၊ ဝေဒနာ ခြောက်ပါးလည်းမဖြစ်နိုင်။ သို့ဖြစ်သောကြောင့်၊ ဖလသမာပတ် ဝင်စားနေစဉ်တွင်၊အဆင်း-အသံ အနံ့-အရသာ-ထိတွေ့မှုစသည်တို့ကို၊ ဘယ်လိုလုပ်လို့မှ၊ မတွေ့မသိနိုင်တော့ပေ။ အမြောက်သံ မိုးယံကြိုးသံတို့ကိုမျှ မကြားနိုင်။ အပ်နှင့်ထိုး-မီးနှင့်တို့-ထားနှင့်လှီးသော်လည်း၊ မသိနိုင်ပေ။ သို့ရာတွင်၊ ဤသို့ ပြုလုပ်စမ်းသပ်သော၊ ဒဏ်ရာ တို့ကို မူကား။ သမာပတ်မှထသောအခါ၊ ခံရတတ်သည်။

## နိရောဓသမာပတ်

(၃) နိရောဓသမာပတ်မှာမူကား၊ လောကီဈာန်သမာပတ်ရှစ်ပါးစလုံးကိုရသော၊ အနာဂါမိ ဖိုလ်နှင့် အရဟတ္တဖိုလ် ပုဂ္ဂိုလ်များမှသာ ဝင်စားနိုင်သည်၊ လောကီဈာန်သမာပတ်ရှစ်ပါးကိုမရလျှင်၊အနာဂါမိ ရဟန္တာပင် ဖြစ်စေကာမူ မဝင်စားနိုင်။ ။နိရောဓ သမာပတ်၏ အကြောင်းကို ကျမ်းဂန်တွင် ဖော်ပြထားသည်မှာ။ အဓိဋ္ဌာန်မပြုမိဘဲ အမှတ်တမဲ့ ဝင်စားနေစေကာမူ၊ ထိုဝင်စားနေသော ပုဂ္ဂိုလ်နှင့်တကွ၊ သူနှင့်ဆက်စပ်နေသော သင်္ကန်း-သပိတ် ပရိက္ခရာစသည်တို့ကို၊ ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်။ အဓိဋ္ဌာန်ပြုထားလျှင်မူကား၊ သူ့အလိုရှိ၍ ဓိဋ္ဌာန်ထားသော၊ နေရာ-အဆောက်အဦးစသည်တို့ကိုပါ၊ ဘယ်လိုရန်သူမျိုးမှ၊ ဘယ်လိုဖျက်ဆီး-ဖျက်ဆီး- မပျက်စီးနိုင်။ ။၎င်းပြင် မြတ်စွာဘုရားကဖြစ်စေ၊ သံဃာတော်မြတ်များကဖြစ်စေ အလိုရှိ၍ အခေါ် ခိုင်းတော်မူလျှင်၊ကြားလောက်သောနေရာမှ သွား၍ ခေါ်သောအခါ သမာပတ်မှ ထရပေသည်။ ။ဤသို့ခေါ်တော်မမူလျှင်မူကား ထိုပုဂ္ဂိုလ်အလိုရှိသလောက်ခုနစ်ရက်အထိ ဝင်စား၍ နေနိုင်ပါသည်။ ။ဤသို့ဝင်စား၍ နေစဉ်တွင်၊ ဓား-လှံ-သေနတ်-အမြောက်-စိန်ပြောင်းတို့ဖြင့်၊ထိုးခုတ်-ပစ်-ခတ် စေကာမူ ဘာမျှမဖြစ်၊ မီးနှင့်ရှို့လည်း မပူ-မလောင်တော့ပေ၊ သမာပတ်မှ ထသောအခါတွင်လည်း၊ ဒါဏ်ရာအနာတရ မဖြစ်နိုင်၊ ဘာမျှမဖြစ်သကဲ့သို့၊ကောင်းမွန်ချမ်းသာစွာပင် ရှိ၍နေရ၏။

အထူးမှတ်ချက်။ ။ယခုအထက်တွင်ပေါ် ပြသောသမာပတ်အကြောင်းများမှာ၊ ကျမ်းဂန်တွင်အတိအလင်း ပါရှိသော၊ဖြစ်ရိုးဖြစ်စဉ် သဘောတရားများမျှသာဖြစ်ပါသည်။ ကျမ်းဂန်တွင်ပွင့်ပွင့်လင်းလင်းပေါ်၍မပြသေးသောသဘောတရားများလည်း ဖြစ်တတ်ပါသေးသည်၊ထိုဖြစ်တတ်သောသဘောတရားများကို၊ အကြောင်းအားလျော်စွာ၊ ဖြစ်ပွါးပေါ်ပေါက်တွေ့ကြုံ၍လာရလျှင်၊ကျမ်းဂန်တွင်အတိအလင်းတိုက်ရိုက်မပေါ်ပြသောကြောင့်၊ မဖြစ်သင့်ဘူး၊ မဖြစ်ရဘူးဟူ၍ မဆိုသင့်၊ဘာမဆို၊ မဖြစ်သင့်တာမှန်သမျှ၊ဘာမှမဖြစ်နိုင်၊ဖြစ်သင့်လို့ ဖြစ်တာချည်းပင်ဟုမှတ်ယူပြီးလျှင် ထိုသို့ဖြစ်ပွါးတွေ့ကြုံလာသော သဘောတရားတို့ကို၊ တရားလမ်းမှန်ကျအောင်၊ ပညာဖြင့်ဆင်ခြင်၍ ယူရမည်။ယခု ဤကျမ်းကိုပြုရခြင်း၏ရည်ရွယ်ချက်မှာ၊ ကျမ်းဂန်တွင်၊တိုက်ရိုက်-ပွင့်ပွင့်လင်းလင်းပေါ် ပြ၍ မထားသော်လည်း၊တရားပြုရာတွင်၊ထူးထူးခြားခြား တွေ့ကြုံရသော သဘောတရားတို့ကို၊ဗဟုသုတ လိုလားသော ပုဂ္ဂိုလ်တိုင်းအား၊ကြားသိတွေ့ကြုံစေလိုခြင်းကတကြောင်း၊ ကျွန်ုပ်တို့၏ ဘာသာရေး တရားသဘောသည်၊ ဤသို့-ဤသို့သော- မကြားစဘူး ထူးကဲသောသဘောတို့ကိုလည်း ဖြစ်ပေါ် တွေ့ကြုံနိုင်ပါ တကား ဟူ၍၊အားရနှစ်သက်စေလိုသည်ကတကြောင်း၊ ဘာသာခြား လူမျိုးများကိုလည်း၊ နတ်ပြည်၊ငရဲပြည်၊ ၃၁-ဘုံရှိကြောင်း။လက်တွေ့ဟောပြောပြသ၍၊ ဗုဒ္ဓဘာသာဘက်ကိုဆွဲဆောင်ယူနိုင်စေခြင်းငှါတကြောင်း။ဤသို့ထူးခြားသော လက်တွေ့

အကျိုးထူး ဟာရေးတို့ကို ကြားသိရ၍ တရားတော်ကို ယုံကြည်ပြီးလျှင်၊ တရားစစ် တရားမှန်ကို မရ-ရအောင် ကြိုးစားအားထုတ်လိုသော ပုဂ္ဂိုလ်များ တိုးတက်ပွါးများ လာစေမှန်တကြောင်း။ ဤသို့အစရှိသော အကြောင်းတို့ကြောင့် ယခုကဲ့သို့ ဖလသမာပတ္တိ အာနိသံသ-လက်တွေ့ တရားတို့ကို၊ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

## အကျိုးရှိလျှင် လုပ်ရမည်

အကျိုးရှိသော အလုပ်ကို ရဲရဲဝန့်ဝန့် လုပ်ရန်မှာ မြတ်စွာဘုရား၏အလိုတော်ကို သတ္တိရှိစွာ-ဖြည့်စွမ်းလိုသော ပညာရှိ သူတော်ကောင်းတို့၏ ဝတ္တရားပင်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်၊ နာဋ္ဌပုဏ္ဏမိန္ဒာဒိဗြှ၏ တပည့်၊ ပိဋ္ဌိသာရမင်းကြီး၏သား၊ အဇာတသတ်၏ အစ်ကိုတော်သူ၊အဘယမင်းသားအားမြတ်စွာဘုရားသခင်က ဟောပြတော် မူသည်မှာ၊ ငါဘုရားသည် မှန်လည်းမှန်၏၊အကျိုးလည်းရှိ၏။ ဆိုသော စကားကို၊သူတပါးက နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊ ပြောဟောတော်မူ၏၊ ဟူ၍ဖြစ်၏။ ၊ဖင်းပြင်၊ အင်္ဂုတ္တိုရ်-စတုက္ကနိပါတ်-တတိယ ပဏ္ဏာသက- ကေသိဝဂ်-တွင်လည်း၊ လုပ်ချင်စဘွယ် ကောင်းသည်ဖြစ်စေ- မကောင်းသည်ဖြစ်စေ- အကျိုးများလျှင်- လုပ်အပ်ရာသည် ဟူ၍ဖြစ်၏။ ။ဤသို့သော မြတ်စွာဘုရား၏အလိုတော်ကို ထောက်၍ ယခုကလည်း ကျနုပ်တို့၏တရားပြရင်းတွေ့ကြုံရသော လက်တွေ့ ဇဟုသုတတို့ကို ဓာတ်ပုံ များနှင့် တကွ

ရေးပြခဲ့ဘူးပါ၏၊ ထိုအခါက- မကြို့ စ ဘူး ထူး ကဲ သော ကြောင့်၊ တရားတော်နှင့်ဆန့်ကျင်သည့်ထင်ပြီး၊ မယုံတဲ့ လူလည်းရှိ၏. ယုံတဲ့လူလည်းရှိ၏။ မယုံတဲ့လူကကဲ့ရဲ့၏၊ ယုံတဲ့လူကချီးမွမ်း၏။သို့ရာတွင်၊တဖြည်းဖြည်းနှင့် ယုံကြည်တဲ့ သူများ ပိုမိုလာပြီးလျှင် တရားကို အား ထုတ် လိုသူများ တိုးတက်ပေါများလာ၍၊ အကျိုးများ၏ သို့အတွက် ကြောင့် နောက်ထပ် ကျန်ရှိသေးသော ကျွန်ုပ်၏ ဗဟုသုတများကို၊ နောင်-အရှည်တည်တန့်အကျိုးများစေခြင်းငှါ၊ ယခုထပ်မံ တိုးချဲ့၍၊ ရေးသားတင်ပြခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ပဏ္ဏမြားမှန်လျှင်၊ ညွှန်မှာနှစ်သောင်လည်း အရောင်မညစ်နိုင်ဟူသော စကားပုံအရ၊ မှန်သောသဘော တရားသည်၊ ကြာလေ-ကောင်းလေ-ဟောင်းလေ-သစ်လေ ဆိုသော စကားပုံအတိုင်းပင်၊ ကြာလေ- ထင်ပေါ်ကျော် ကြား လူသိများ၍၊အားထားယုံကြည်သူ ပေါများလာသည် ကို တွေ့ရပါသည်။

## ဝိပဿနာရှုခြင်း၏အကျိုးနှင့်သာဓကများ

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ လူမျိုးများမှာ၊ ကံ-ကံ၏အကျိုး သီလဂုဏ်-သမာဓိဂုဏ် ပညာဂုဏ်တို့၏ ပစ္စက္ခအကျိုးထူးပုံကိုကိုယုံကြည်သူများဖြစ်ကြသည်။၎င်းသို့ယုံကြည်ကြသည့် အတိုင်း၊ကြား-မြင်-သိ-ရှိ-တွေ့ကြုံရသည့်- ထင်လျှားသော သာဓကအချို့ကို ဖော်ပြပါအံ့။ ၎င်းတို့မှာ............

## ဘုရားဖြစ်ခါနီးမိဋ္ဌာန်၍၊ ရွှေခွက်မျှောပုံ

(၁) မြတ်စွာဘုရားအလောင်းတော်သည်၊ သုဇာတာလှူဒါန်းသော ဃနာနို့ဆွမ်းကို၊ ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင်၊ အဓိဋ္ဌာန်ပြုပုံမှာ။ ယနေ့ငါသည်၊ ဘုရားစင်စစ်ဧကန်ဖြစ်မည်မှန်လျှင်၊ ရွှေခွက်သည်၊ ရေညာသို့ဆန်တက်စေသတည်းဟုဆို၍၊ ရွှေခွက်ကို နေရဥ္စရာမြစ်ခကြွ၍၊ မျှောတော်မူလေ၏။ ။ထိုအခါ၊ရွှေခွက်သည် ရေအယဉ်ကိုဖြတ်လျက်၊ မတ်မတ်ဆန်ပြီးမှ မြစ်လယ်တွင်ရေညာသို့အတောင်ရှစ်ဆယ်ခန့်ဆန်၍မြုပ်သွားလေ၏။

## ဘုရားလောင်းငုံးမင်းမိဋ္ဌာန်ခြင်း

(၂) အသျှင်ဂေါတမအလောင်းငုံးမင်းဖြစ်စဉ်ကလည်းမှန်သောစကားကိုဆို၍ မိဋ္ဌာန်သဖြင့်၊ မီးကွင်းရခြင်း။

## ဘုရားလောင်းငါးရံ့မင်းမိဋ္ဌာန်ခြင်း

(၃) မြတ်စွာဘုရားအလောင်းတော်၊ ငါးရံ့မင်း ဖြစ်စဉ်ကလည်း၊ မှန်သောစကားကိုဆို၍မိဋ္ဌာန်သဖြင့်။ မိုးသည်းရွာရခြင်း။

## အသျှင်ပစ္စေကဗုဒ္ဓါ-မိဋ္ဌာန်ခြင်း

၄။ ဘုရားအလောင်း-ရွှေဥဒေါင်းမင်းကို၊ညွတ်ကွင်းဖြင့်မိအောင်-ထောင်ဘမ်းသော၊ မုဆိုးကြီးသည်၊ ရွှေဥဒေါင်းမင်း၏ တရားသံကို နာခံရသဖြင့် ထိုနေရာတွင်ပင်- ပစ္စေက

ဇုဋ္ဌါ-ဖြစ်သွားသောအခါ။ ။ကျွန်ုပ်၏ အိမ်တွင်၊ ဘမ်း ၍ လှောင်ထားသော သား-ငှက်-တိရစ္ဆာန်တို့ကို မည်သို့ပြု၍ လွတ်ရပါမည်နည်းဟု မေးသဖြင့်၊ ဘုရားအလောင်း ရွှေဥ ဒေါင်းမင်းက၊ သဗ္ဗာဓိဋ္ဌာန်ပြု၍ လွတ်ရန် အကြံ ပေးသော ကြောင့် သဗ္ဗာဓိဋ္ဌာန်ပြုရာ၊သား ငှက်-တိရစ္ဆာန်အပေါင်း၊ အလိုလိုလွတ်မြောက်ကြရလေကုန်၏။

## အသျှင်မဟာကဿပ-ဓိဋ္ဌာန်ခြင်း

(၃) အသျှင်မဟာ ကဿပသည်၊ မြတ်စွာဘုရား ပရိ နိဗ္ဗာန်စံတော်မူ၍၊ မီးသင်္ဂြိုဟ်ရန် စန္ဒကူးထင်းပုံ ပေါ် တွင် တင်ပြီးသောအခါမှ ရောက်ရှိလာသဖြင့်၊ ခြေတော်ရင်းမှ ရှိခိုးလျက်၊ မြတ်စွာဘုရား၏ ခြေတော်အစုံသည်၊ ကျွန်ုပ်၏ ဦးခေါင်းထက်၌၊ တည်လာပါ စေသတည်းဟု၊ စိတ် ဖြင့် ဓိဋ္ဌာန်ခြင်းပြုလေ၏။ ထိုခဏ၌ပင် မြတ်စွာဘုရား၏ ခြေဘ ဝါးတော်အစုံသည် လွှမ်းခြုံထားသော ပဆိုးငါးရာနှင့် တ ကွ ဝါဂွမ်းတို့ကိုပါ-အနေအထား မချွတ်ယွင်းစေဘဲ။ဖေါက် ထွင်း၍၊ အသျှင်မဟာ ကဿပ၏ ဦးခေါင်းထက်၌ တည် လေ၏။

## သီဟိုဠ်ကျွန်း-ရဟန္တာများ-ဓိဋ္ဌာန်းခြင်း

(၄) သီဟိုဠ်ကျွန်းတွင် ဒုဗ္ဘိက္ခန္တရကပ်၊သတ္ထန္တရကပ်၊ ဆိုက်ရောက်သောအခါကာလက၊ဈာန်အဘိညာဏ်တန်ခိုး မရှိသော သုက္ခဝိပဿက ရဟန္တာ အသျှင်မြတ်များသည်၊

သိကြားမင်းကို အဓိဋ္ဌာန်ပြု၍ ခေါ်တော် မူသောအခါ၊ သိကြားမင်းက-လာ၍၊ တပည့်တော်မတတ်နိုင်ပါ။ သဂ္ဂဝါ တို့၏ ကံအားလျော်စွာ ဖြစ်ရခြင်းပါ။အကယ်၍ အသျှင်ဘုရားများငတ်မွတ်ခေါင်းပါး၍ ဤမှာ မနေလိုလျှင် ဇမ္ဗူဒိပ်ကျွန်းဘက်သို့ လှေ - ဖေါင်-ဖန်ဆင်း၍ ပို့ပေး ပါမည်ဟု လျှောက်ထားပြီးလျှင်၊ လိုက်လိုသော ရဟန္တာအသျှင်မြတ်များအား လှေ-ဖေါင်-ဖန်ဆင်း၍ပို့ပေးဘူးလေသည်။

## ဒုဋ္ဌဂါမဏိမင်း၏အဓိဋ္ဌာန်

(၇) ဒုဋ္ဌဂါမဏိမင်းသည်၊ သူ၏ညီတော်နှင့် စစ်ထိုး၍၊ အရေး နိမ့်ပြီး၊ ပြေးရရာတွင် အာဟာရ ပြတ်၍၊ သူ၏ အမတ်တွင် တ ယောက်စသော ရှိသော စား နပ် ရိက္ခာ ကို၊ လေးဘို့ပြု၍၊ သူ့အတွက်တဘို့၊ အမတ် အတွက်၊ တဘို့ မြင်းအတွက်တဘို့၊ အလှူခံပုဂ္ဂိုလ်အတွက်တဘို့ပြုပြီးသော်၊ အလှူခံပုဂ္ဂိုလ်ကို၊ ဓိဋ္ဌာန်၍ ပင့်ဘိတ်ရာ၊ ရဟန္တာအသျှင်မြတ်တပါးကြွရောက်လာ၍လေးဘို့စလုံးကိုပင်လှူကြသဖြင့် အလှူခံသွားလေ၏။ ထိုအသျှင်မြတ်သည်၊အခြောင် ရဟန္တာများနှင့် ဆွမ်းဘုဉ်း ပေးပြီးသော်၊အ ခြား သော ရဟန္တာ အသျှင်မြတ်များ၏ ဆွမ်းကြွင်း ဆွမ်းကျန် များကိုပါ ယူ၍ သပိတ်တွင်ထည့်လျက်ဓိဋ္ဌာန်၍ ဒုဋ္ဌဂါမဏိမင်းထံ-ကောင်းကင်မှပို့လေ၏၊ ဆွမ်းပါသောသပိတ်သည် ကောင်းကင်မှ လာ၍ မင်းကြီးထံရောက်လာ၏၊ မင်းကြီးနှင့်တကွ လေးဦးသားတို့ စားသောက် ပြီး သော်၊ မင်းကြီးသည် သပိတ် ကို

ကောင်းမွန်စွာဆေးကြောသုတ်သင်၍၊အဓိဋ္ဌာန်ဖြင့်ကောင်း ကင်ခရီးမှပင် မြောက်လွှတ် ပြန်ပို့လေ၏။

## မြေဆိပ်ကျအောင်၊ ဓိဋ္ဌာန်ပုံ

(၁) ရှေးတုံးက၊ ရဟန်းတပါးနှင့် တကာ-တကာမ သားငယ်-ပေါင်းလေးယောက်ရှိရာတွင်၊ သားငယ်ကို မြွေ ကိုက်၍၊ သေလုနီးပါးမျောမေ့၍နေသောအခါ၊ ရဟန်းက မှန်သောစကားကိုဆို၍ ဓိဋ္ဌာန်သည်မှာ၊ ငါသည်၊ စေတနာ သဒ္ဓါတရားရှိ၍ ရဟန်းလုပ်နေသည် မဟုတ်၊ အနေ အစား ချောင်အောင်သာ ရဟန်းဝတ်၍ နေခြင်းဖြစ်၏၊ ဤသို့မှန် သောစကားကိုဆိုရခြင်းကြောင့်၊ ကလေးတွင်တက်နေသော မြွေဆိပ်သည်လျှောကျပျောက်ကင်းပါစေသတည်းဟူ၍ဖြစ် ၏၊ ဤသို့ဓိဋ္ဌာန်သောအခါ- မြွေဆိပ်သည်- သုံးပုံတပုံသာ လျှောကျ၏။ ။ဒုတိယ အကြိမ်တွင်၊ ကလေး အဖေက၊ ကျနုပ်သည် ဤရဟန်းကို ဆည်းကပ်ကိုးကွယ် လှူဒါန်းနေ သည်မှာ စေတနာသဒ္ဓါတရားကြောင့်မဟုတ်၊ ဝတ္တရားရှိ လို့သာလှူဒါန်းနေခြင်းဖြစ်၏၊ ဤစကားမှန်လျှင်၊ သားငယ် တွင်တက်နေသော မြွေဆိပ်သည် လျှောကျပျောက်ကင်းပါ စေသတည်းဟုဓိဋ္ဌာန်၏၊ ဤသို့ဓိဋ္ဌာန်သောအခါ၊ ကျန်သော မြွေဆိပ် ၃-ပုံ-ပုံ-၂-ပုံ အနက် တပုံသာလျှောကျကွယ် ပျောက်လေ၏။ ။တတိယအကြိမ်တွင် ကလေး၏မိခင်က ကျနုပ်သည်၊ကလေး၏အဖေနှင့်လင်မယားအဖြစ်ဖြင့်ပေါင်း သင်းနေထိုင်လာခဲ့ကြသော်လည်း မေတ္တာရှိ၍ ပေါင်းသင်း

နေထိုင်လာခဲ့သည်မဟုတ်၊ ယခုကျွန်ုပ်၏စိတ်တွင်၊ ကျွန်ုပ်၏လင်ယောကျ်ားအပေါ်၌ထားသောစိတ်နှင့်ကျွန်ုပ်၏သားကို ကိုက်သောမြွေအပေါ်၌ထားသောစိတ်တို့သည် တူမျှ၏။ ဤစကားမှန်လျှင် မြွေဆိပ်အားလုံးပျောက်ကျပါစေသတည်းဟု ဓိဋ္ဌာန်ပြု၏၊ ထိုအခါကျန်သောမြွေဆိပ်တို့သည် အကုန်အစင်ပျောက်ကျ ပျောက်ကင်း၍ သွားလေ၏။

## ဗါးမဲ့ဆရာတော်ဓိဋ္ဌာန်ပုံ

(၉) ယခုဖော်ပြခဲ့သောဓိဋ္ဌာန်၍ဖြစ်သည့်အကျိုးတရားများမှာ၊ ရှေးကဖြစ်ပွားပေါ်ပေါက်ခဲ့ဘူးသည့် သက်သေသာဓက အချို့မျှသာဖြစ်ပါသည်။ ရှေးက ဓိဋ္ဌာန်လို့ ဖြစ်သလို ယခု ကာလ၌လည်း၊ ဓိဋ္ဌာန်၍ ဖြစ်သော သာဓကများလည်း ရှိပါသည်။ ရှိကြောင်းကို တင်ပြရမည် ဆိုသော်။ ။ဗါး မဲ့ဆရာတော်ဘုရားအား၊တိုင်းပြည်ကိုလုပ်ကြံမည်ထင်၍ ရှင်ဘုရင်က ဘမ်းသောအခါ။ ဗါးမဲ့ ဆရာတော်က၊ ကျွန်ုပ်သည်၊ထီးနန်းစည်းစိမ်-တိုင်းပြည်ကို အလိုမရှိ-မကြံစည်မိပါ၊ ကျွန်ုပ်ဆိုသောစကား မှန်လျှင်၊ ဤထားမကြီးသည် ရေကန်ထည်း၌ ကူး၍ ပြပါစေသတည်း၊ မမှန်လျှင်၊ မြုပ်၍ သွားပါစေသတည်းဟု သစ္စာဓိဋ္ဌာန်ပြု၍။ ထားမကို ရေသို့ ပစ်ချလိုက်ရာ ထားမကြီးသည် ရေသို့ ကူးသွားလေ၏။ ထိုမှစ၍ ဤရေကန်ကို ထားမကူးကန်ဟု-ခေါ်ဝေါ်ကြလေ၏၊

## ပုဂံညှပ်ကြီး၌ဓိဋ္ဌာန်ပုံ

(၁၀) ဧင်းပြင်၊ ပုဂံမင်းသက်ထက်က ပုဂံပြည်မှ ညှပ်

ကြီးအတွင်းသို့၊ လက်ကိုထည့်၍၊ မမှန်သော စကားကိုဆို မိလျှင် ညှပ်ပါစေသတည်းဟု မိန့်ခြွန်ရာ။ မမှန်စကားပြော သူ၏ လက်ကို ညှပ်ပြခြင်း၊ ရှေးလူကြီးများ၏ စကား ယာခုတိုင်ထင်လျှားလျက်ရှိပါသည်။

ထိုနောက် သသုံမြို့ နေမိန္ဒရတောင်တွင်၊တပါး သော မဟာထေရ်ကြီးကို အမှူးပြု၍၊သိမ်သမုတ်ရန် သိမ်နယ် နိမိတ် ကျောက်တိုင်-သစ်ပါး စသည်တို့ကို တောင်ပေါ် သို့ တင်သောအခါ။ နောက်တနေ့နံနက်တွင် အလိုအလျောက် တောင်အောက်သို့ပြန်ရောက်နေသဖြင့် ဒုတိယအကြိမ် ထပ် မန်၍ တင်ပြီးလျှင်။အစောင့်လူများစောင့်၍ အိပ်နေရာ နံနက် တွင် ပစ္စည်းယော အစောင့် လူတွေပါ၊ တောင် အောက် သို့ရောက်မြဲရောက်နေပြန်လေ၏။ ။ဤသို့ ဖြစ်ခြင်း ကြောင့် ပရိသတ်က တုံလှုပ် ချောက်ချားပြီး တောင် အနီးအနား ကိုတောင်မကပ်ဝန့်ဘဲဖြစ်၍နေကြလေ၏။သို့ပါသော်လည်း ဆရာတော် မဟာထေရ်ကြီးမှာအလျှော့မပေးဘဲ ကြိုးစားမြဲ ကြိုးစားပြန်ရာ နေမိန္ဒရတောင်ရှိမိစ္ဆာနတ်များ၏ အနှောက် အရှက်ဒါဏ်ကို ဆက်လက်၍ မခံနိုင်တော့ဘဲ ဖယ်လွှဲပြန်ကြွ သွားတော်မူရ ရာတွင် လမ်းခုလပ်၌ ပင်လျှင် ပျံလွန်တော် မူရရှာလေ၏။

## စွန်းလွန်းဆရာတော် သိမ်သမုတ်ရန်မိန့်ခြွန်ပုံ

(၁၁) ထို့နောက် မန္တလေးတောင်ရသေ့ကြီး ဦးခန္တီ ၏ အကြံပေးချက်အရ၊ ညောင်လွန့် ဆရာတော် ကိုပင့်ရာ

ဉာောင်လွှန့် ဆရာတော်က စွန်းလွန်းဆရာတော်အား သထုံမြို့ နေမိန္ဒရ တောင်တွင် သိမ်သမုတ်ပေးရန် ပင့်ဘိတ်လာသည့်ကို လက်ခံသင့် မသင့်မေးကြည့်လေ၏။ ထိုအခါ စွန်းလွန်း ဆရာတော်က အဓိဋ္ဌာန်ပြု၍ ကြည့်ပြီးလျှင်လက်ခံလိုက်ပါ၊ လက်ဆောင်ပေးရန်လည်းကြက်လျှာတိုင် များများ အလိုရှိပါသည်ဟု ပြောက်ထားလေ၏။

သထုံမြို့ နေမိန္ဒရတောင်သို့ရောက်သောအခါ။စွန်းလွန်းဆရာတော်က ညအချိန်- တောင်ပေါ်တွင် ဖယောင်းတိုင်များကို တတောင်လုံးလင်းထိန်နေအောင် မီးထွန်း၍ ကြက်လျှာတိုင်များကိုလည်း အနှံ့ အပြားစိုက်ထူလျက်။ တောင်စောင့်နတ်အပေါင်းတို့ သင်တို့ကို ငါက ဖယောင်းတိုင် ကြက်လျှာတိုင်များပေးတယ် သင်တို့ကြည်ညိုသော ဘုရားကိုပူဇော်ကံတော့ကြဟုဆို၍၊ ခေတ္တ တရားနှစ်လုံး သွင်းပြီးလျှင်တရားဟောတော်မူရာတွင် ပုဂ္ဂိုလ်အမျိုးမျိုးလာရောက်ဖူးမြော်ကတော့ကြလေ၏၊နောက်ဆုံး၌သေ၍ ဤတောင်တွင်နတ်ဖြစ်နေသော သထုံရာဇာမနူဟာမင်းသည်။မင်းမြောက်တန်ဆာငါးပါးကို ဝတ်ဆင်လျက် လာရောက်ဖူးမြော် ကံတော့ လေ၏၊ထိုအခါ စွန်းလွန်း ဆရာတော်ဘုရားက-နတ်မင်း ဤတောင် တွင် ထုပါရုံ စေတီ ရှိတယ်၊ ဓာတ် တော်များလဲ ကိန်း ဝတ် တော် မူတယ်။ ငါတို့ သာသနာ ပြုလိုတယ်၊ သင်တို့ခေတ္တဖယ်ပေးပါ ငါတို့သိမ်သမုတ်ပြီးလျှင် အသင်တို့ဘဲ ပြန်စောင့်ရှောက်ကြပါ၊ သင့်အတွက်လည်း နတ်ကွန်း ဆောက်လုပ်ပေးမည်ဟု မိန့် ရှိလိုက်ရာ၊ နတ်

မင်းလည်း ဘာတခွန်းမျှပြန်၍မပြောဘဲငိုယိုလျက် ပြန်ဆင်း သွားလေ၏။ ။စွန်းလွန်းဆရာတော်၏ ပြုလုပ်ပုံတို့ကိုအချို့ ရဟန်းတော်များက၊ လောကီအလုပ်တွေကို လုပ်နေသည်ဟု ကဲ့ရဲ့ကြလေ၏။ ။နောက်မှ စွန်းလွန်းဆရာတော်က ဖြေ ရှင်း၍ပြတော့မှ ကျေနပ်ကြလေ၏။

ရင်းနောက်၊ထိမ်သမုတ်ရန် ကိစ္စများကိုပြုစီရင်ပြီးသော် တညသ၌ ထိမ်သမုတ်လေ၏။ထိမ်သမုတ်ပြီးလျှင်၊ စွန်းလွန်း ဆရာတော်ဘုရားက၊ အာရုံပြု၍ကြည့်ရာတွင်၊ ထိမ်သမုတ် နေစဉ်က၊ရဟန်းတပါးသိမ်နယ်အတွင်းသို့ဝင်နေကြောင်း။ ရင်းဝင်နေသောရဟန်းနှင့်အခြားရဟန်းတပါးတို့ ပြောနေ ကြောင်း၊ အာရုံထည်းတွင်မြင် ကြား-သိရှိရသဖြင့်၊ သိမ် မအောင်ကြောင်း၊ ကောင်းစွာသိရသဖြင့်၊ နောက်တည၌ ထပ်မံသိမ်သမုတ်ရလေ၏။

မှတ်ချက်။ ။ဤနေရာ၌၊သိမ်သမုတ်ရန်နေမိန့်ရဘောင် အကြောင်းကို စွန်းလွန်းဆရာတော်ဘုရားကြီးသည်၊ ပဌမ ဓိဋ္ဌာန်၍ကြည့်သဖြင့် တောင်နှင့်တကွ တောင်စောင့်နတ် တို့၏ အကြောင်း၊ သိမ်သမုတ်ရန် မည်သို့စီမံအပ်သည်ဆို သည့်အကြောင်း၊ရင်းတောင်တွင် ထူပါရုံစေတီရှိကြောင်း ဓာတ်တော်များကိန်းဝပ်လျက်ရှိကြောင်းတို့ကို တွေ့မြင်သိရှိ ရခြင်း။ တောင်စောင့်နတ်များကို-ကိုယ်တိုင်တွေ့မြင်ရခြင်း သိမ်သမုတ် ပြီးသောအခါ- အောင်သည် မအောင်သည်ကို ဓိဋ္ဌာန်ပြီးအာရုံပြုကြည့်၍ တွေ့မြင်သိရှိရခြင်း၊ စသည်တို့ ကို၊ သတိပြု၍ထားကြစေလိုပါသည်။

## အဝိဇ္ဇာန်အကြောင်း

အဝိဇ္ဇာန်သည်- အရာဠ္ဈာနအကြောင်းကိစ္စတို့ကို လိုက်၍ အမျိုးမျိုးရှိ၏၊ ရှိပုံမှာ..............

(၁) တန်ခိုး အဘိညာဉ်ဖန်ဆင်း နိုင်သော ပုဂ္ဂိုလ်များသည် တန်ခိုး ဘန်ဆင်း လို သော အခါ ဈေးဦးစွာ စတုတ္ထဈာန်ကိုဝင်စားပြီးမှ မိမိအလို ရှိသလို ဖြစ်စေသတည်းဟု ဝိဇ္ဇာန်ခြင်း။ဤသို့ဝိဇ္ဇာန်လျှင် မိမိလိုသလိုဖြစ်၏။

မှတ်ချက်။ ဤနေရာ၌၊ ဝိဇ္ဇာန်သည်ဟု ဆိုရသော်လည်း စိတ်ဖြင့်အောင်းမေ့ကာမျှ သည် လည်း ဝိဇ္ဇာန်ခြင်းကိစ္စပြီး၏၊ထိုကြောင့် မျက်စိတမှိတ်အတွင်း အကြိမ်ပေါင်း များစွာဝိဇ္ဇာန်နိုင်ဘန်ဆင်းနိုင်၏။နန္ဒောပနန္ဒနဂါးမင်းကိုဆုမ္ပရာ၌ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် အလိုရှိသော ခဏ၌ အလိုရှိသလို ဘန်ဆင်းနိုင်၏။ ဤသို့ တန်ခိုး ဘန်ဆင်းနိုင်သော ပုဂ္ဂိုလ်များ၏။ စတုတ္ထဈာန်ဝင်စားပြီး ဘန်ဆင်းခြင်းကို အဝိဇ္ဇာန် အဘိ ညာဉ်ဟု ခေါ်၏။ အဝိဇ္ဇာန် အဘိညာဉ်သည်ဝသီဘော်နိုင်သလောက် လျှင်မြန်၍အလိုရှိသလို တန်ခိုးဘန်ဆင်းနိုင်၏၊ရေ-မြေ-လေ-မီးဘို့နှင့် စပ်သည်ကို ဘန်ဆင်းနိုင်ခြင်း၊မြေလျှိုးမိုးပျံနိုင်ခြင်း၊ အလိုရှိသော သက်ရှိသက်မဲ့တို့ကို ဘန်ဆင်း၍ ပြနိုင်ခြင်း၊ ထူးဆန်း ထွေလာတို့ကိုဘန်ဆင်းနိုင်ခြင်း၊ ရန်အမျိုးမျိုး နှိမ်နင်းရန်ကို ဖန်ဆင်းနိုင်ခြင်း။ ။ဈေးတုံးကဈာန်သမာပတ်ရှစ်ပါးရသော ရသေ့များနှင့် မြတ်စွာဘုရားသခင် ရဟန္တာ အရှင်မြတ်

များတို့- ဘန်ဆင်းသည်များမှာ အဓိဋ္ဌာန်အဘိညာဥ်တန်ခိုး တွေဖြစ်၏။

(၂) မြတ်စွာဘုရား- အသျှင် ပစ္စေကဗုဒ္ဓါ- ရဟန္တာ အသျှင်မြတ်များတို့၏၊ စတုတ္ထဈာန် မဝင်စားဘဲ ဓိဋ္ဌာန်ခြင်း သည်၊ တန်ခိုး ဘန်ဆင်းသည် မဟုတ်၊ ရိုးရိုး- အလိုရှိအပ် သည့်ကို တောင့်တ၍ ဓိဋ္ဌာန်ခြင်းမျှသာဖြစ်၏။

(၃) အကျင့် သီလနှင့် ပြည့်စုံသော သူတော်ကောင်း ပုဂ္ဂိုလ်များတို့၏ ဓိဋ္ဌာန်ခြင်းသည်လည်း၊ ရိုးရိုး-အလိုရှိအပ် သည့်ကို တောင်းတ၍ဓိဋ္ဌာန်လျှင်အဓိဋ္ဌာန်ခြင်းမျှသာဖြစ်၏။

သို့ရာတွင်၊အကျင့်သီလ၏ အာနုဘော်တော်တို့ကြောင့်၊ တောင့်တအပ်သည့် တို့ကို တောင့်တ၍ ဓိဋ္ဌာန်လျှင် ဓိဋ္ဌာန် သလိုဖြစ်တတ်၏။

**မှတ်ချက်**။ တောင့်တအပ်သည့်တို့ကို ဆိုရာ၌၊ မိမိ ၏ အကျင့်သီလ သိက္ခာစသည့်တို့၏ စင်ကြယ်သန့်ရှင်းပုံကို သိ လို၍ တောင့်တခြင်း၊ မိမိ၏ အကျင့် သီလ သိက္ခာ-စသည့် တို့ကို ပျက်စီးစေနိုင်သော အန္တရာယ်တို့မှ ကင်းဝေးစေရန် တောင့်တခြင်း။ ကျရောက်ဆဲ-ကျရောက်လတံ့သော ဘေး အန္တရာယ်တို့မှလွတ်မြောက်ရန်တောင့်တခြင်း။ ထိုသို့သော သဘာဆန္ဒတို့ဖြင့်တောင့်တ၍ဓိဋ္ဌာန်ခြင်းတို့ကိုသာ ဆိုလိုရင်း ဖြစ်၏။ လာဘ်လာဘ - ဂုဏ်ပကာသန စသည့်တို့ကိုလို၍ တောင့်တခြင်းမျိုးကို မဆိုလိုပါ။

(၄) မှန်သော သစ္စာ စကားကိုဆို၍၊ ဓိဋ္ဌာန်ခြင်း ကို၊ သစ္စာဓိဋ္ဌာန်ဟုခေါ်၏။ သစ္စာဓိဋ္ဌာန်သည်လည်း၊ ဘေးအန္တ

ရာယ်တို့ကိုသာကာကွယ်နိုင်တတ်၏။ လာဘ်လာဘ နှင့်ဂုဏ်ပကာသနတို့ကိုမရနိုင်ချေ။ ၊မှန်သောသစ္စာ စကားကိုဆို၍ သစ္စာဓိဋ္ဌာန်ပြုရာတွင်၊ ယုတ်စွအဆုံး၊ မုသာဝါဒကံကို လုံလုံခြုံခြုံစေတနာရှိးဖြင့် ထိမ်းသိမ်းသောပုဂ္ဂိုလ်များမှသာ ဓိဋ္ဌာန်သလိုဖြစ်နိုင်ရာပါသည်။

(၅) သမာပတ် သုံးပါးတွင်၊ တပါးပါးကို ဝင် စား လိုသော ပုဂ္ဂိုလ်သည်၊ ဝသီဘော်ငါးပါးကို နိုင်နင်းလျှင်၊ နိုင်နင်းသလိုပင်၊အလိုရှိသောအချိန်-ကာလ-ခဏ-၌ဝင်စား လိုလျှင်၊ ဝင်စားလိုသောအခါ၌ ဝင်စား၍ရ၏။ သမာပတ်မှထလိုသောအခါတွင်လည်း၊အလိုရှိသောအခါ၌ထနိုင်၏။ ဓိဋ္ဌာန်သလိုဖြစ်၏။ ဤသည်ကို၊အဓိဋ္ဌာန်ဝသီဘော်ဟုခေါ်၏။ ကာလကိုပိုင်းခြား၍ဝင်စားနိုင်၏။

(၆) နိရောဓ သမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်မှာ၊ အထက်ကဖော်ပြခဲ့သည့် သမာပတ်သုံးမျိုးအကြောင်းတွင် ပါရှိခဲ့သည့်အတိုင်းပင်၊ မိမိအလိုရှိလို့ ဓိဋ္ဌာန်လျှင်၊ ဓိဋ္ဌာန်သည့် နေရာအကျယ်အဝန်းအတွင်း၌၊ မည်သည့် ဘေးအန္တရာယ်မျိုးမှမဖြစ်နိုင်၊ မိုး-ပရွက်-ချ-ကြွက်-တို့၏ကိုက်ခဲဖျက်ဆီးခြင်းမျှတို့သည်လည်းမဖြစ်နိုင်။

(၇) သောတာပန် အစ ရှိသော အရိယာ ပုဂ္ဂိုလ် များ ဖလသမာပတ်ဝင်စားရာ၌၊ ဓိဋ္ဌာန်ခြင်းမပြုဘဲ ဝင်စားလျှင် သမာဓိအလျောက် အဆင်ပြေသောအခါတွင်မှ- ဝင်စား၍ ရပြီး၊အဆင်သင့်သောအချိန်မှပင်၊သမာပတ်မှထရ၏။ဓိဋ္ဌာန်လျှင်မူကား၊ အဓိဋ္ဌာန-ဝသီဘော်နိုင်လျှင်၊ နိုင်သလို၊ဓိဋ္ဌာန်

၍ရ၏။ ။ကျမ်းဂန်တွင် အတိ အလင်း ပေါ် ပြပါရှိသည်
မှာကား၊ အထက်က ပေါ်ပြခဲ့သည့်သမာပတ် သုံးပါးအ
ကြောင်းတွင်၊ ဖလသမာပတ်အခန်း၌ ရေးထားသည့်အ
တိုင်းပင်။ (၁) ကာလကို ပိုင်းခြား၍ ဝင်စားနိုင်ခြင်း။ (၂)
ရုဝိယာပုထ် နိုင်မာခြင်း။ (၃) ဖဿာယတန ခြောက်ပါး၌
အစောင့်အရှောက်မထင်၍၊ ဝေဒနာခြောက်ပါးမဖြစ်ခြင်း။
လောကီအာရုံများနှင့်မတွေ့နိုင်ခြင်း ပဋိသန္ဓေ မဖြစ်ခြင်း၊
စသည်တို့သာပါရှိပါသည်။ အသေးအဖွဲ့- ဖြစ်တတ်သော
သဘောတို့ကိုမူ၊ စေ့စေ့-ငှငှ-မပေါ်ပြပါ။

## နေရာတကာတွင်၊ အသေးစိတ်မဟောပါ

သို့ဖြစ်သောကြောင့်၊ ကျမ်းဂန်တွင် ခဲ့ဒိုးတိုက်ရိုက် ပွင့်
ပွင့်-လင်းလင်း မပါရှိသေးသော အချက်များလည်း ဖြစ် နိုင်
သေးဘာများ ရှိပါ သေး သည်။ ။မြတ်စွာဘုရား ဟော
ကြားတော်မူသော တရားဒေသနာတော်များသည်၊ အရေး
ကြီး၍ အကျိုးများမည့် အဆင်သင့်သော အချက် တို့ကိုသာ
အဓိကထား၍ ဟောကြားတော်မူခြင်းဖြစ်ပါသည်။ ဖြစ်ခွင့်
သင့်သော သဘော သဘာဝတို့ကို၊ အကုန်အစင် အ သေး
စိတ်၍ အကြွင်းအကျန်မရှိအောင် ဟောပြော ထားခဲ့တော်
မူရန် သက်တော်ကလည်း လုံလုံလောက်လောက် ရှည်တော်
မမူပါ။ ။သို့ အတွက် ကြောင့် မြတ်စွာ ဘုရား၏ စကား
တော်ကို ရေရေလည်လည် နားမလည်ရသေးသော ပုဂ္ဂိုလ်
အချို့မှာ၊ အသျှင်သာရိပုတ္တရာ အစရှိသော ပညာရှိအသျှင်

သူမြတ်ကြီးများထံ ဆည်းကပ်၍မေးလျှောက်ယူရပါသည်။ ယာခုခေတ်မှာမူ၊ တကထာ-ဋီကာ အကျော် အမော် ဆရာတော်တို့ ပြုစုထားသော ကျမ်းများ ကို ကြည့်ရ ပါသည်. တကထာ-ဋီကာ-ဆရာတော်ချင်းတောင်မှ—ဒွေယူအဆ ကွဲလွဲချက်တွေရှိပါသေးသည်။ သို့အတွက် ကြောင့် ယခု အခါ-ဖွဲ့ကျင်-သုဓမ္မာ-ဒွါရ-ငှက်တွင်း-စသည်တို့ဖြင့် ဂိုဏ်းစာန ကွဲပြားလျက်ရှိကြပါသည်။ ပဋိပတ္တိ အရာတွင်လည်း ငါ့နည်းမှ မှန်တယ်-သူ့နည်းက မှားတယ်၊ ငါပြောတာမှ သဘာဝ ကျတယ်- သူပြောတာက သဘာဝ မကျဘူး၊ ငါ့ဆရာက-ဟုတ်တယ်၊သူ့ဆရာကမဟုတ်ဘူး- စသည်တို့ဖြင့် အယူအဆ ကွဲလွဲလျက် ရှိတာတွေကို တွေ့သင့်သလောက်၊ တွေ့ရပါသေးသည်။

**မှတ်ချက်**။ ။မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော စကားတော်များတွင်၊ အရေးကြီး၍ အကျိုးများပြီး သိလျော်ရာ သင့်တင့်ရာသော သဘောများ သာ များစွာပါရှိ၍၊ အရေးမကြီးလှသော သဘော အချို့တို့မှာ၊ ကျမ်းဂန်တွင် တိုက်ရိုက် မပါရှိသော်လည်း၊ တွေ့ကြုံ ဆုံဆည်း၍ လာရသော သဘော အချက်တို့မှာ၊ တွေ့သင့်၍ တွေ့ရသည်၊အကြောင်းနှင့်၍အကျိုးဖြစ်ရသည်ဟူ၍ မှတ်ယူရမည်။ ယူရာယူကြောင်း အကောင်းအဆိုးကိုသာ ပညာရှိများ ဝေဘန်သင့်သည်။ မြတ်စွာဘုရားသခင်သည်၊ နေရာတိုင်း၌ အကြွင်းအကျန်မရှိအောင် ဟောဘော်မမူခဲ့။ ။ ဤနေရာ၌ လူတိုင်း သိနိုင်သော ဥပမာ ပြရန် လိုသည်မှာ၊

မြတ်စွာဘုရားသည်၊ လောကီအတတ်ပညာနှင့် ပတ်သက်၍၊ အကုန်အစင် သိရှိနားလည်ရန်-မကြံအပ်၊ မကြံသင့်၊ ကြံ၍ မကုန်ဆုံးနိုင်ဘူး။ ဤမျှလောက်သာ ဟောတော် မူခဲ့သည်။ ယခု ခေတ်တွင်၊ ရှေးက မကြားဘူး- မကြုံဘူး- မတွေ့ဘူး သေးသည့်၊ ခတ်ပုံပညာ၊ ဂရမ်မှာဖုံးခေါ် ခတ်ပြားခွဲ အသံသွင်းသောပညာ၊ ရေဒီယို ပညာ၊ ရုပ်မြင်သံကြား ပညာ၊ ဝိုင်ယာလက် ပညာ၊ ရုပ်ရှင် ပညာ၊ အနုမြူဗုံး ပညာ၊ ဒုံးပျံ ပညာ၊ နျူကလီးယား ပညာ၊ ဂြိုဟ်တု လွှတ်သော ပညာ၊ စသည့်တို့အကြောင်းကို၊ အတိအလင်းတိုက်ရိုက် အသေးစိတ်၍ ဟောပြောတော်မမူခဲ့။ ။ဤသို့ ဘုရားဟောကျမ်းဂန်တွင် မပါခရှိသောကြောင့်၊ ဤအတတ် ပညာတွေကို မဟုတ်နိုင်ဘူး-မဖြစ်နိုင်ဘူးဟူ၍ဆိုခြင်းဌါ မတတ်ကောင်း၊ လက်တွေ့ဖြစ်နေပေပြီ။ သမထနှင့်ဝိပဿနာ အားထုတ်ရာတွင်လည်း၊ ကျမ်းဂန်မှာတိုက်ရိုက်မပါတာတွေ-မနရတွက်နိုင်အောင် တွေ့ရတတ်သည်။ ။သို့ဖြစ်၍ လောကီ လောကုတ္တရာ ဘယ်အရာမဆို၊ မိမိကိုယ်တိုင် တွေ့ရသမျှမှာ၊ ဖြစ်သင့်လို့ ဖြစ်ရတာချည်းဘဲဟု မှတ်ယူရမည်။ ။သို့ရာတွင် ဘာကြောင့်ဒီလိုဖြစ်ရသနည်းဟုအကြောင်းကိုရှာ၍အကျိုးကိုသင့်တော်သလိုအသုံးပြုရန်မှာ၊ ပညာရှိသူတော်ကောင်းတို့၏ ဝတ္တရားသာဖြစ်ပေသည်။ ။ကျမ်းဂန်မှာ တိုက်ရိုက် မပါသောကြောင့်၊ ဒီလိုမဖြစ်ရဘူး၊ ဖြစ်လျှင်လည်းမမှန်ဘူး၊ မှားတယ်ဟု ရုတ်တရက် ကွဲ့ရဲ့ပြစ်တင် တတ်ခြင်းသည်၊ သဘာဝမကျပေ။

(ဂ) သီဟိုဠ် ကျွန်းတွင် ကပ်ကြီး ဆိုက်ရောက်စဉ်က၊ သိကြားမင်းကိုခေါ်ယူသော ရဟန္တာအသျှင်မြတ်များမှာ၊ သုက္ခဝိပဿကဈာန်မြောက်သော ရဟန္တာများဖြစ်၍၊ တန်ခိုး အဘိညာဉ် မဘန်ဆင်း နိုင်ကြသဖြင့်၊ သိကြားမင်းကို၊ အဘိညာဉ်တန်ခိုးဖြင့်၊ လာရမည်ဟူ၍အမိန့်ပေးပြီး၊ခေါ်ယူခြင်းငှါ မစွမ်းနိုင်ပေ။သို့ရာတွင် ရဟန္တာဖြစ်သောကြောင့် သိကြားမင်းလာပါစေသတည်းဟု ရိုးရိုးဓိဋ္ဌာန်ခြင်းဖြင့်သာ သိကြားမင်း ရောက်လာရခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

ထိုနည်းအတူပင်၊စွန်းလွန်းဆရာတော်ဘုရားကြီးသည်၊ သထုံမြို့ နေမိန္ဒရ တောင်အကြောင်းနှင့် သိမ်သမုတ်ထားအောင်,မအောင်ကိုသိရရန် ကြည့်ရှုရာတွင်လည်း ဓိဋ္ဌာန်၍ ကြည့်တော်မူခြင်းပင်ဖြစ်သည်။ ။အဘယ်ကြောင့်ဓိဋ္ဌာန်၍ ကြည့်လျှင် ဖြစ်ကြောင်းကို အတတ်ဗိဇ္ဇ ပြောနိုင်ပါသနည်းဟူမူ၊ ရဟန္တာအသျှင်မြတ်များကို မဆိုထားနှင့်၊ ယခုခေတ် ပဋ္ဌာန်မဆင့်တရားထူးကိုရပြီး၍၊ ဖလသမာပတ်ကိုဝင်စားနိုင်သော ယောဂီများသည်ပင်၊ဓိဋ္ဌာန်လျှင်ဖြစ်ကြောင်းကို သိရသောကြောင့်ဖြစ်၏။ ။မည်ကဲ့သို့ ဓိဋ္ဌာန်လျှင် မည်ကဲ့သို့ ဖြစ်နိုင်ကြောင်းနှင့်၊ မည်ကဲ့သို့သော အကြောင်းကြောင့် စမ်းသတ်နည်းကို မည်သို့ တွေ့ကြုံ၍၊ မည်မျှလောက် စမ်းသတ်ကြည့်ဘူးကြောင်းတို့ကို၊ ဗဟုသုတလိုလားသော သူတော်ကောင်း အပေါင်းတို့အား အကျိုး များစေခြင်းငှါ၊ ဖော်ပြရေးသားပါအံ့။

**အထူးသတိပြုရန်မှတ်ချက်။** အောက်တွင်ဖော်ပြသော

နည်းမျိုးတို့ဖြင့်၊ မည်သည့်ကမ္မဋ္ဌာန်းဌာနက မည်သည့်ဖလ သမာပတ်ကို ဝင်စားနိုင်သော ယောဂီမဆို၊ စမ်းသတ် ၍ ကြည့်လျှင် ဖြစ်နိုင်ကြောင်း တာဝန်ခံပါသည်။ အဆင့် အတန်းမြင့်လေ ဓိဋ္ဌာန်လို လွယ်လေ ဖြစ်ပါသည်။ အဘယ် ကြောင့်ဆိုသော်၊ ကျနုပ်တို့ စမ်းသတ်ဘူးပေါင်း များလှပြီ ဖြစ်သောကြောင့်တည်း။

## ကျနုပ်တို့စမ်းသတ်ကြည့်ပုံများ

(၁) ရှေးဦးအစ ဖလသမာပတ်ဝင်စားနိုင်သော ယော ဂီအား ကျမ်းဂန်အရ ဆုရိယာပုထ် ခိုင်မာတယ် ဆိုတာ ဘယ်လိုနေသလဲလို့၊ လက်ကိုကိုင်ပြီးမြှောက်ကြည့်ပါသည်။ မြှောက်ပါလာသောလက်ကို လွှတ်လိုက်ရာ၊ပြန်၍ကျမသွား ဘဲ၊ လွှတ်လိုက်တဲ့ နေရာတွင် တည်ငြိမ်၍ နေပါသည်။ ။ လက်ကို ကိုင်၍ အထက်သို့ မြှောက်ပစ်လိုက် လျှင်လည်း၊ ရောက်ရာနေရာတွင် ရပ်တည်၍ နေပါသည်။ ဤနည်းမျိုး ဖြင့်ပင်၊ လက်ကို မြှောက်-ချ-ကွေး-ဆန့်- အမျိုးမျိုး စမ်း သတ်ကြည့်ရာ၊ ထားသလိုပင် နေပါသည်။ လက်ကိုတန်း၍ ထားလျှင်လည်း၊ နောက်ထပ် ပြုပြင်မပေးသမျှ ကာလပတ် လုံး သမာပတ် အာရုံမပြေမခြင်းတန်းလျက်ပင်နေပါသည်။

(၂) ဒုတိယ-ပက်လက် အိပ်၍ ဖိုလ်ဝင်စားစေပြီး လျှင်၊ လက်ကိုလည်း စမ်းသတ် ကြည့်ပါသည်။ ခြေထောက် ကို လည်း မြှောက်၍ ကြည့်ပါသည်။ မြှောက်ထားသည့်အတိုင်း ပင်၊ အာရုံမပြေမခြင်းနေပါသည်။

(၃) တတိယ လျှောင်းလျက် ပက်လက်ဝင်စား နေစဉ် ဦးခေါင်းက တယောက်၊ ခြေထောက်က တယောက်ကိုင်၍ မြှောက် ကြည့်ရာ၊ တန်းတန်းကြီးပင်- မြောက်ပါ လာ ပါ သည်။ထိုနောက်- ခုံတခုပေါ်တွင် ဦးခေါင်း၊အခြားခုံ တခု ပေါ်တွင် ခြေထောက်-တင်၍ကြည့်ရာ၊ တောင့်တောင့်ကြီး ပင် တန်း၍ နေပါသည်။ ။ဤသည့်ကိုပင်၊ (အဋ္ဌနာ ဇဝနံ ဓာရိယာပထေဗ္ဗိသန္နာမေဘိ) ဟူ သော ပါဠိအရ နှုံ ရိယာ ပုထ်ခိုင်မာတယ်ဆိုတာ၊ ဒီလိုပါကလေးဟု- မှတ်ယူ ကြပါ သည်။

(၄) စတုတ္ထအကြိမ်တွင်၊ဖလ,သမာပတ်သည့်၊ ဘာသံ ကိုမျှ မကြားနိုင်၊ မိုးသံကြီး သံကိုတောင်မှ မကြား နိုင်ဟု ကျမ်းဂန်တွင်ပါသည့်အတိုင်း ဖလသမာပတ် ဝင်စား နေ စဉ်တွင်၊ အနားမှာ မီးအိုးဖေါက်ကြည့်ပါသည်၊ အသံကို ကြားမှန်းမသိပါ။

(၅) ပဉ္စမအကြိမ်၌၊ဖလသမာပတ်ဝင်စား နေစဉ်တွင်၊ ဖဿာယတန ခြောက်ပါး မဖြစ်၊ ဝေဒနာ ခံစားမှုမရှိ၊ ရုပ် နာမ်ချုပ်သည်၊ ပဋ္ဌိဉာဉ်ချုပ်သည်၊ ဘယ်လို လုပ်လို့မှ မသိနိုင်ဘူးဟု ကျမ်းဂန်တွင် ပါရှိသဖြင့်၊စမ်းသပ်သင့်သလို စမ်းသပ်ကြည့်ကြပါသည်။ယင်းဘတ်တွင် ပေါက်နေသော အနာကိုတောင်၊ ဖလ သမာပတ်ဝင်စားပြီး၊ အာရုံမပြေမီခွဲ ရာ၊ ခွဲမှန်း-နာမှန်းမသိပါ။ အာရုံ ပြေမှသာ အနာကို ခွဲ ပြီး မှန်းသိပါသည်။

(၆) ကျမ်းဂန်တွင် ကာလကိုပိုင်းခြား၍ ဝင်စားနိုင်သည်ဟု ပါရှိသည့်အတိုင်း၊ အချိန်ကို အမျိုးမျိုး ပိုင်းခြား၍ ဓိဋ္ဌာန်ပြီးဝင်စားကြပါသည်၊ အစ၌ ဓိဋ္ဌာန်သလို အချိန်တိတိကျကျ မဖြစ်ကြရသော်လည်း ပသိဘော်နိုင်လာသောအခါ၊ ဓိဋ္ဌာန်သလိုဖြစ်ကြပါသည်။ ဝင်စားရာ၌လည်း၊ချက်ခြင်းဆိုလျှင် ချက်ခြင်း မျက်တောင်တခတ် အတွင်းတွင်ပင်ဝင်စား၍ ရပါသည် သမာပတ်မှ ထလိုသော အချိန် တွင်သည်း။တိတိကျကျ ဓိဋ္ဌာန်သလိုထနိုင်ပါသည်။

(၇) ရင်းနောက်-အဆင်း ဖြစ်ပျက်-အသံ ဖြစ်ပျက်-အနံ့ဖြစ်ပျက်- အရသာဖြစ်ပျက်အထိ-ဖြစ်ပျက်တို့၌လည်း၊ ရှု၍ဖိုလ်ဝင်စားခြင်းကို ပြုနိုင်ပါသည်။

(၈) ဇရိယာပုထ် အ ပြောင်း အလဲတွင်လည်း သမာပတ်ကိုဝင်စားနိုင်ပါသည်၊ ဓိဋ္ဌာန်လျှင်- ကွေးစဉ်- ဆန့်စဉ်စားစဉ်-ဝါးစဉ်-ကြွစဉ်-လှမ်းစဉ်- ချစဉ်၊ စသည်တို့၌သည်းဝင်စား၍ရပါသည်၊ ဘယ်နှစ်လှမ်းနှင့် ဝင်စား၍ရပါစေဟု ဓိဋ္ဌာန် လျှင်လည်းရပါသည်။

(၉) ခန္ဓာကိုယ်- တကိုယ်လုံး၌ သော်ရင်း- တစိတ် တဒေသ၌သော်ရင်း အပူခံဘတ်တွေ-သို့မဟုတ် -အအေးခံဘတ်တွေ ရပွက်ပမာ တံလျှပ်ပမာဆူပွက်ဖြစ်ပျက်နေတာကိုများစွာတွေ့ပြီးမှ-ဝင်စားရပါစေဟု ဓိဋ္ဌာန်လျှင်လည်းဖြစ်ပါသည်။ သိုသလိုဓိဋ္ဌာန်ပြီးဝင်စားလျှင်၊ ဓိဋ္ဌာန်သလိုဖြစ်ပါသည်။

(၁၀) ရင်းပြင်၊ ကျမ်းဂန်တွင် နိရောဓ သမာပတ် ကိုဝင်စားနေသော အသျှင်မြတ်များအား မြတ်စွာဘုရားသခင်

ကဖြစ်စေ-သစ်သီးတော်မြတ်များကဖြစ်စေ၊အခေါ် ခိုင်းလျှင် ကြွားလောက်သောနေရာကသွားရောက်၍ခေါ်လျှင် နိရောခ သမာပတ်မှထရသည်ဟု-ပါရှိသည်ကိုထောက်၍၊ ကျွန်ုပ်၏ တပည့်ယောဂီများကို သမာပတ်ဝင်စားခါနီးတွင် ဓိဋ္ဌာန် ခိုင်းသည်မှာ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုလျက်နေစဉ်တွင်၊တစုံ တယောက်က၊နာမည်ကိုခေါ်လျှင် အာရုံပြေပါစေသတည်း ဟု ဓိဋ္ဌာန်စေပြီးမှဝင်စားခိုင်းပါသည်၊ထိုသို့ဖိုလ်ဝင်စားနေ စဉ်တွင်- တအောင့် လောက် ကြာ သော အခါ တယောက် ယောက်၏နာမည်ကိုခေါ် ကြည့်ပါသည်၊ခေါ် ပြီးလျှင်အာရုံ ပြေ၍ လာပါသည်။ ကျန်သော ယောဂီများကိုလည်း တ ယောက်စီနာမည်ကိုခေါ်လျှင် တယောက်စီပင် အာရုံပြေ၍ လာကြပါသည်။ တချို့မှာ သုံးခွန်း လေးခွန်းထပ်၍ခေါ်ရ ပါသည်။

(၁၁) ထို့နောက် တမျိုးစမ်းသပ်ကြည့်သည်မှာနိဗ္ဗာန် ကိုမျက်မှောက်ပြုနေစဉ်တွင်၊ နာခည့်ကိုခေါ်လျှင် ထူးနိုင်ပါ စေသတည်း၊ထူးပြီးမှသာအာရုံပြေပါစေသတည်းဟုဓိဋ္ဌာန် စေပြီးမှ ဖိုလ်ဝင်စားခိုင်းပါသည်၊ ဤသို့ဓိဋ္ဌာန်ပြီး-ဝင်စား နေစဉ်တွင်၊အမည်ကို ခေါ် ကြည့်ပါသည်၊ ခေါ်ကြည့်သော အခါ၊ တခွန်း-နှစ်ခွန်း-၃- ခွန်း-စသည်တို့ဖြင့်ခေါ် မိလျှင်၊ ထူးပါသည်၊ ထူးပြီးမှအာရုံပြေပါသည်။

**အထူးသတိပြုရန်မှတ်ချက်။** ခေါ်လျှင်ထူးပါစေ- ထူးပြီး မှ အာရုံပြေပါစေ-ဟု ဓိဋ္ဌာန်၍ စမ်းသတ် ကြည့်ခြင်း မှာ၊ ကျမ်းဂန်တွင်၊ဤသို့ပြုလျှင် ဖြစ်နိုင်သည်ဟူ၍ မပါပါ။တ

ပုဒ္ဒယောဂီများအား သမာပတ် ဝင်စားရာ၌၊ ဝသီဘော် နိုင်အောင် လေ့ကျင့်၍ ပေးနေရင်း၊ စိတ်ကူး ပေါက် မိသလိုစမ်းသတ်၍ကြည့်ခြင်းမျှသာ ဖြစ်ပါသည်။ ။သို့ရာတွင် စမ်းသတ်၍ ကြည့်မိသလို-ဖြစ်လာသောအခါ၊ နောက်ထပ် စမ်းသတ်ကြည့်ရန် အားတက်၍ လာပါသည်။

ဂုဏ်ပြုမှတ်သားထားရန် တချက်မှာ၊ ဖလ သမာပတ် ဝင်စားတယ်၊ ဖိုလ်ဝင်စားတယ်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုတယ်၊ နိဗ္ဗာန်ကိုအာရုံ ပြုတယ်၊ဟု-ဆိုသော စကားများမှာ၊ အသံသာကွဲတယ်၊အဓိပ္ပါယ်မှာအတူတူဘဲ ဖြစ်ပါသည်။ ။ ထိုနောက်သမာပတ်မှ ထတယ်၊အာရုံ ပြေတယ် သတိပြန်ရလာတယ် ဆိုတာချားသည်လည်း၊အဓိပ္ပါယ်မှာအတူတူပင် ဖြစ်ပါသည်။

(၁၂) နောက်တမျိုး စမ်းသတ်ကြည့်သည်မှာ၊ နိဗ္ဗာန် ကို မျက်မှောက်ပြုနေစဉ်တွင်၊ တစုံတယောက်ကနာမည်ကို ခေါ်လျှင်၊ ချက်ခြင်းထူးနိုင်ပါစေသတည်း။ ထူးနိုင် သော်လည်း အာရုံမပြေပါစေသတည်းဟု ဓိဋ္ဌာန်ပြီး - ဝင်စားခိုင်းပါသည်။ ဝင်စားနေစဉ်တွင် ဓိဋ္ဌာန်၍ ထားသသိုပင်၊ ခေါ် တိုင်း ထူးသော်လည်း၊ အာရုံမပြေပါ။ ။သတိရလာ သော အခါ-ခေါ်တာကိုလည်းမကြား၊ ထူးမှန်းလည်းမသိပါ။

(၁၃) ဂုဏ်ပြင်၊အချိန်ကို ပိုင်းခြား၍ဖြစ်စေ၊ မပိုင်းခြားဘဲဖြစ်စေ၊ ဝင်စားနေစဉ်တွင်၊ တစုံ တယောက်က အာရုံ ပြေပါစေဟုဆိုလျှင်၊ ပြေပါစေသတည်းဟု ဓိဋ္ဌာန် ထားလျှင်၊အာရုံပြေပါစေဟု ဆိုရုံမျှနှင့်ပင်၊ ပြေပါသည်။

(၁၄) ဤသို့သောနည်းဖြင့်၊ ကျွန်ုပ်သည်၊ ယောဂီများအား မိန့်ခွန်းပေးပြီးလျှင်၊ ခေါ်၍ခေါ်၍ ကြည့်ပါသည်၊ အသံကျယ်ကျယ်မှစ၍ တဖြည်းဖြည်းလေသံမျှ အထိ လျှော့၍ အမျိုးမျိုးခေါ် ကြည့်ပါသည်။ ။အနားတွင် ကပ်လျက်နေရာမှ လည်း၊ တဖြည်းဖြည်း တလှမ်းပြီးတလှမ်း ပေ-၃၀ လောက် ကွာသည်အထိ နောက်သို့ ဆုတ်၍ဆုတ်၍ ကျယ်ကျယ်ရော-တိုးတိုးပါ၊ လေသံနှင့် ခေါ်၍ ကြည့် ပါ သည်။ ခေါ်တိုင်း ထူးကြတာပါဘဲ။ ဤသို့လေ့ကျင့်ပါ များတော့ ခါ၊ ခေါ် လျှင် ခေါ် ခြင်း၊ တခွန်း ခေါ် လျှင် တခါ ထူး ကြပါသည်။

## အံ့ဩဘွယ်ထူးခြားချက်

ဤသို့နေ့စဉ်- တရားပြရင်း သမာပတ် ဝင်စားနိုင်သော ယောဂီများအားဝသီဘော်နိုင်အောင်လေ့ကျင့်ပေးနေသည့်အတွင်း၊နယ်မှရောက်လာသည့် မိန်းမပျိုကလေးတယောက်ကို၊တရားပြပေးရာ၊ကံအားလျော်စွာ၊တနာရီခွဲကျော်သောအခါ၊ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သွားနိုင် လေ၏။ ။ထိုယောဂီပျိုမကလေးကိုပါ၊ ဝသီဘော်နိုင်အောင်လေ့ကျင့်၍ပေးရင်း၊နာမည်ကိုပါ၊အမျိုးမျိုးခေါ် ခြင်းဖြင့်လည်း အများနည်းတူ၊ စမ်းသပ်၍ကြည့်၏။ ထိုမိန်းခလေးသည်၊ နဂိုရ်က နားလေးနေ၍ ခပ်ကျယ်ကျယ်ခေါ်မှ ကြားနိုင်သည်ကို၊ ကျွန်ုပ်မသိ၊သို့ရာတွင်၊ သူ၏အမေက၊နိဗ္ဗာန်ကိုမျက်မှောက်ပြုနေစဉ်၊ တိုးတိုးခေါ်၍ထူးနိုင်သည်မှစ၍၊ အာရုံပြေ၍နား

နေရင်း၊ စကားစပြည့်၊ အချင်းချင်းပြောရာတွင်လည်း တိုး
တိုးပြောတာကိုကြားခြင်း၊ နားလည်နိုင်ခြင်းတို့ကို သတိပြု
မိသောအခါ၊ သူ့သွီး၊ နားထိုင်းနေတာ၊ တရားအားထုတ်
ပြီးမှ အလိုလိုနားထိုင်းတာပျောက်သွားသည်ဟုပြောပြလေ
၏။ ။ဤမိန်းမပျိုကလေးကိုနမူနာထား၍-အခြားနားလေး
သောယောဂီ ၂-ယောက်ကိုလည်း၊ ဖိုလ်ဝင်စား နိုင်သော
အခါ၊ခေါ် ၍စမ်းသတ်ကြည့်ရာ၊နားထိုင်းတာပျောက်သွား
ဘူးလော၏။ ။သို့ရာတွင်၊ များများနားထိုင်းသောသူကိုမူ၊
နေ့ဆက်-ရက်ဆက် ၂-၃-၄-၅-ရက်လောက်ဆက်၍ လေ့
ကျင့်ပေးမှ၊ တနေ့ထက်တနေ့ပို၍နားကြားလာတတ်လေ၏။

(၁၅) ထိုနောက်တမျိုးတိုး၍စိတ်ကျူးခုသလိုစမ်းသတ်
ကြည့်သည်မှာ၊ဖိုလ်ဝင်စားတာကိုကြည့်နေသောပရိသတ်
ထည်းမှ မည်သူခေါ်မှ ထုးနိုင်ပါစေဟု မိဋ္ဌာန်ထားလျှင်၊
ထိုသူခေါ်မှသာထုးပါသည်၊ အခြားသောသူများခေါ်လျှင်
မထုးပါ။ ။သို့ရာတွင် မိဋ္ဌာန်ပုံကို ဆရာက ချ၍ ပေးရ
သောအခါတွင်မူ၊ ဝင်စားမည့်သူက၊ စိတ်ပါလက်ပါ၊ ချ
ပေးသလို ဖြစ်ပါစေဟူသော စိတ်ထားဖြင့်၊ နားလည်မှုနှင့်
လိုက်၍ဆိုပြီး မိဋ္ဌာန်တို့အရေးကြီးပါသည်။ဆရာက ရှေ့က
ချ၍ပေးသော်လည်း၊တပည့်က၊ စိတ်လည်းမပါ၊ နားလည်း
မလည်ဘဲ လိုက်၍ဆိုလျှင်တော့ခါ၊မဖြစ်နိုင်ပါ။ ။ဝင်စား
သောသူက၊သူ့ဘာသာသူ-အလိုရှိသလိုမိဋ္ဌာန်တာကတော့
မလွဲတမ်းဖြစ်ပါသည်။

## ဒုတိယ - ထူးခြားချက်

(၁၄) ကျနုပ်အိမ်တွင် အိမ်သားများကို၊ညစဉ်အနည်းဆုံး တကြိမ်ကျ၊ ဖိုလ်ဝင်စားစေပါသည်။ တညသ၌၊ အိမ်သားထည်းမှ တူမကလေးတယောက်သည်၊ ဖိုလ်ဝင်စားရာမှ၊ သတိပြန်၍ မရမှီ အတွင်းက နတ်သွီး နတ်သားအများ၊ ကြည့်၍နေတာကို တွေ့ရကြောင်း ပြောပြပါသည်။ အခြားဝင်စား သူများကတော့ခါ၊မတွေ့ရပါ။ ။ဒါနဲ့ဘဲ နောက်တနေ့ညကျသောအခါ၊ ဓိဋ္ဌာန်ပုံကို ရှေ့ကဆိုပေး၍ သူတို့က နောက်ကလိုက်ပြီး ဓိဋ္ဌာန်ကြသည်မှာ၊ ကျနုပ်တို့သည် ယခု နိဗ္ဗာန် ကို မျက်မှောက် ပြု ၍ နေကြပါမည်။ အလိုရှိ၍ ကြည့်ရှုလိုသော နတ်များနှင့်တကွ၊ တန်ခိုးရှင်များ အပေါင်းအား၊ ပင့်ဘိတ်ပါသည်။ လာရောက်ကြည့်ရှု အားပေးတော်မူကြပါကုန်။ရောက်လာသမျှသော နတ်ပရိသတ်အပေါင်းတို့အားလည်း ဖိုလ်ဝင်စားရာမှ ပြန်၍ သတိမရမှီအတွင်း၊ မြင်နိုင်သောနည်းဖြင့် ကောင်းစွာ မြင်တွေ့ရပါစေသတည်းဟု၊ ဓိဋ္ဌာန်စေပါသည်။ ၎င်းပြင်၊ နတ်များကို တွေ့လျှင်အမှုဝေရန်မှာကြားထားပါသည်။ ။ဤသို့ဓိဋ္ဌာန်ပြီးလျှင်၊ ဝင်စားကြပါသည်။သတိပြန်၍ ရလာသောအခါ နတ် ပရိသတ် များစွာ နှင့် တကွ၊ ဝိဇ္ဇာ ၂- ယောက်၊ ၃- ယောက်တွေ့ရကြောင်း၊ အမှု ဝေသောအခါ၊ သာဓုခေါ်ကြကြောင်းကို၊ ပြောကြပါသည်။

မှတ်ချက်။ နတ်- ဝိဇ္ဇာ-ဇော်ဂျီ- စသည်တို့နှင့် တရား

အားထုတ် သူများ တွေ့ ကြုံ ကြရဘူးကြောင်းကို မှုကား၊ ကျမ်းဂန်တွင်လည်း ရှိပါသည်။ ယခုလည်း တွေ့ရသူတွေ ပေါများပါသည်။ ရွှေဥဒေါင်း ဆရာတော်ဘုရားကြီးသည်။ ရုံဘန်ရုံခါ၊ တောင်ပေါ် တွင် နတ်ပရိသတ်များကို တရား ဟောကြောင်း ပြောပြဘူးပါသည်။

(၁၇) ဤအခါမှစ၍၊ နတ်အမျိုးမျိုး ဝိဇ္ဇာ၊ - ဇော်ဂျီ- တပသီ အစရှိသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ် အား လုံး တို့ အား၊ တရားအားထုတ်သူ၊ မိုလ်ဝင်စားသော သူများအား၊ တတ်နိုင်သမျှ လာရောက်ကြည့်ရှု၊ စောင့်ရှောက် အား ပေး တော်မူကြပါရန်၊ ဘိတ်မန္တကပြုထားပါသည်။ ညစဉ် ည တိုင်း၊ တရားအားထုတ်ခြင်း၊ မိုလ်ဝင်စားခြင်း၊ ပြီးသော အ ခါ၊ ကြွရောက်ကြသော နတ်အစရှိသည့် ပရိသတ်ကိုပါ၊ အ မျှပေးဝေပါသည်၊ နတ်အစရှိသော ပရိ သတ်များမှာ၊ များ တဲ့အခါများ၊ နဲတဲ့အခါနဲ၊ တပါးမှ မလာတဲ့အခါမလာကြ ပါ။ အထူး ဘိတ်မန္တကပြုသောအခါတွင်မှုကား၊ ခပ် များ များလာရောက်ကြည့်ရှု သာဓုခေါ်ကြသည်ကို တွေ့ကြရပါ သည်။ ရုံဘန်ရုံခါ၊ ကျနုပ်၏မြေးကလေးများ တရား အာရုံပြု နေစဉ်တွင်၊ နတ်-တပါးနှစ်ပါး၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ် တ ဦး ၂-ဦးစသည်တို့နှင့် တွေ့၍၊ ကြိုးစားရန် အားပေးစကား ပြောကြားသွားကြပါသည်၊ နတ်တပါးကမူ၊ ကျနုပ်၏မြေး ယောက်ျားကလေးကို၊ လက်မခန့်သာသာရှိသော၊ လှပမွှေး ကြိုင် ချိုမြိန်စွာအရသာရှိသော သစ်သီးကလေး တလုံးကို ကျွေးသွားပါသည်။ ။ကျနုပ်၏ မြေးကလေး များ သည်၊

ငယ်ရွယ်သူမိုလို့လားမသိ၊ ထိုပုဂ္ဂိုလ်များက၊ အာရုံထည်းတွင်၊ မကြာမကြာလာ၍တွေ့ကြ၊ အားပေးကြပါသည်၊ သူတို့ကို တွေ့လိုလျှင်လည်း၊ ဓိဋ္ဌာန်၍ အာရုံယူလိုက်လျှင်၊ တွေ့ရပါသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များမှာ၊ တရားအာရုံပြုရာတွင်၊အားတက်သရောရှိအောင်အားပေးခြင်းမျှသာဖြစ်ပါသည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များတွင်၊ ဘိုးဘိုးအောင်သည်၊ အထူးဂရုစိုက်၍၊ သာသနာကို အများဆုံးအားပေးသော ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

## တတိယထူးခြားချက်

(၁၈) တညသော အခါ၊ နေ့ဝင်ချိန်တွင်၊ ကျွန်ုပ်၏ယောဂီများ ၁၅-ယောက်ခန့်လာ၍၊ တရားအားထုတ်မည့်သူများကို တရားပြပေးပြီး၊ ဖလသမာပတ်ကို ဝသီဘော်နိုင်အောင် လေ့ကျင့်ပေးရမည့်သူများကို၊ လေ့ကျင့်၍ပေးပါသည်။ ထိုအထည်းတွင်၊ ဖလသမာပတ်ကိုဝင်စားနိုင်သောယောဂီတယောက်က၊ သူ့ဘာသာသူ၊ကျွန်ုပ်ကိုအသိမပေးဘဲ၊ မြတ်စွာဘုရား၏ ဓာတ်တော်အစစ်ကို ဖူးတွေ့ရပါစေသတည်းဟု၊ စိတ်ဖြင့်ဓိဋ္ဌာန်၍၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပါသည်။တအောင့်လောက်ကြာသောအခါ၊ ၎င်းယောဂီသည်လက်အုပ်ချီလျက်၊ ထိုင်ရင်း၊ ဘယ်လှည့်၊ ညာလှည့်၊ ရှေ့တူရူသို့ဦးညွှတ်၊ အပေါ်သို့မော့လျက် အရှိအသေပြု၊ စသည်တို့ဖြင့်၊ ရှိခိုးလျက်နေပါသည်။ တနာရီလောက်ကြာမှငြိမ်၍အာရုံပြေလာပါသည်၊ ထိုအခါ မေးကြည့်တော့ခါ၊ သူ-

ဝိဋ္ဌာန်သည့်အတိုင်း၊ မြတ်စွာဘုရားသခင်၏ ခါတ်တော် ကွန့်မြူးနေသည်ကိုတွေ့၍၊ ဓါတ်တော်ကိုဝမ်းမြောက်ဝမ်း သာ ရှိသေစွာကြည်ညိုလျက်လိုက်၍ရှိခိုးနေကြောင်းပြောပြ ပါသည်။

## စတုတ္ထ ထူးခြားချက်

(၁၉) မှဆိုး- စိုင်သင်- ဆိုသောစကားပုံကဲ့သို့ပင် ထို ယောဂီဖြစ်ပုံကို စဉ်းစားတွေးတောကြံစည်ပြီးလျှင် ဖိုလ်ဝင် စားနိုင်သောသူအားလုံးတပြိုင်တည်း၊မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၊ သက်တော်ထင်ရှားရှိစဉ်က၊ဗေါဓိပင် နှင့်ရွှေပလ္လင်တွင်၊ရောင်ခြည်တော်ခြောက်သွယ်ဖြင့်၊စမ္မါယ် တော်မူနေပုံကို ပကတိအတိုင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီး သတိမရမှီအတွင်း၊ ထင်ထင်လင်းလင်း ဖူးတွေ့ရပါစေသ တည်းဟုဓိဋ္ဌာန်ပြု၍ဖလသမာပတ်ဝင်စားကြရာအာရုံပြေ၍ သတိရလာသောအခါ အားလုံးပင်ဓိဋ္ဌာန်သည့်အတိုင်းမကြို စဘူးထူးကဲစွာဖူးတွေ့ကြရ၍ဝမ်းမြောက်ရွှင်လန်း၊အံ့မခမ်း ဖြစ်ကြရလေ၏။ ဤအခါမှစ၍ ယောဂီများအား မြတ်စွာဘု ရားသခင်၊နတ်ပြည်တွင် မယ်တော်မိနတ်သားအား၊ တရား ဟောနေတော်မူပုံ။ နတ်ပြည်မှ သက်သာ နဂိုပြည်သို့၊ ရွှေ ဇောင်းတန်း-ငွေဇောင်းတန်း- ပတ္တမြားဇောင်းတန်း တို့ ဖြင့် နတ်ဗြဟ္မာ အပေါင်းခြံရံလျက် ကြွဆင်း လာတော်မူပုံ၊ နာဠာဂိရိ ဆင်ကို ဆုမ္မတော်မူပုံ စသည်တို့ကို၊ ဓိဋ္ဌာန်ပြီး။ ဖိုလ်ဝင်စားစေ၍၊ အဖူးခိုင်းပါသည် သတိမရမှီ စပ်ကြား

တွင် ဖူးတွေ့ကြရပါသည်။ ။ဤသို့ အလိုရှိ သမျှကို မိဋ္ဌာန် သလိုဖြစ်လာတော့ခါ၊ ငရဲပြည်ကိုလည်း မိဋ္ဌာန်၍၊ ဝင်စား ကြည့်ကြသည်၊နဂိုရ်ပကတိအတိုင်းတွေ့ရသည်သာ ဖြစ်ပါ တော့သည်။

အထူးသတိပြုရန်မှတ်ချက်၊ ဤကဲ့သို့ ဖလသမာပတ်ကို ဝင်စားခါနီးတွင် အလိုရှိသလို တွေ့ရပါစေသတည်း ဟု မိဋ္ဌာန်၍ ဝင်စားကြည့်လျှင် တွေ့နိုင်သည်ဟူ၍ သော်ငင်း၊ မတွေ့နိုင်ဘူးဟူ၍သော်ငင်း၊ကျမ်းဂန်တွင်မပါ-မရှိပါ၊ သို့ ရာတွင်၊တွေ့ရတာကတော့ခါ အမှန်ပင်ဖြစ်၍နေပြီ။ ကျွန်ုပ် ၏ ယောဂီများသာလျှင် ဤလိုလုပ်၍ ရသည်မဟုတ်၊ အ ခြားသော ကမ္မဋ္ဌာန်း ဌာနများက၊ ဖလသမာပတ် ဝင်စား နိုင်သော ယောဂီများကိုလည်း စမ်း သတ် ကြည့် တော့ခါ ဖြစ်ကြပါသည်။ ။မယုံလျှင်၊မိမိတို့ဌာနမှ ဖလသမာ ပတ် ဝင်စားနိုင်သော ယောဂီများကို-ဤ အတိုင်း လုပ်ကြည့်ပါ ဖြစ်နိုင်ကြောင်း တာဝန်ခံပါသည်။ သို့အတွက် ကြောင့် ကျမ်းဂန်တွင် မပါတာကိုပဓါနမထားဘဲ၊ဖြစ်ပုံကိုသာ အ ကြောင်းရှာ၍ ပညာရှိများ ဝေဘန် ယူကြရန်လိုပါသည်။ စင်စစ်တော့ခါ၊ အဓိဋ္ဌာန်၏ သတ္တိပင် ဖြစ်ပါသည်၊ ကျမ်း ဂန်တွင် အထင်အရှား ပါရှိသည်၊ အဘိညာဉ် တန် ခိုး ၏ သတ္တိ၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇိဒ္ဓိတန်ခိုး၏သတ္တိ၊ မှန်သော စကားကိုဆို၍ သစ္စာဓိဋ္ဌာန်ပြုခြင်း၏သတ္တိ၊ ဘုရားလောင်း အစ ရှိသော သူတော်ကောင်း- သူမြတ်လောင်း ပါရမီရှင် ကြီးတို့သည်၊ မိမိတို့၏ အကျင့်သီလကို သိလိုသောကြောင့်

ရှိုးရှိုး ဆုတောင်း၍ ဓိဋ္ဌာန်ခြင်း၏ သတ္တိ၊ ဤလေးမျိုးသော သတ္တိတို့ကဲ့သို့ပင်၊ ယခုလည်း ဖလသမာပတ် ဝင် စား နိုင် သော ပုဂ္ဂိုလ်တို့၏ အဓိဋ္ဌာန်၏ သတ္တိပင် ဖြစ်ပါသည်။ ။ ထိုအဓိဋ္ဌာန်တို့၏ သတ္တိများမှာ၊ ဖြစ်ရိုးဖြစ်စဉ်ထက် လွန်ကဲ၍၊ အဓိဋ္ဌာန်ရှင်၏ အလိုဆန္ဒ၊ပြည့်ဝစေရန်ဖြစ်သော သတ္တိများသာ ဖြစ်ပါသည်။ ထို့ ကြောင့်-ယခုကျွန်ုပ် တွေ့သလို ရေးပြသော ဖလသမာပတ္တိ အာနိသံသ အကြောင်းများကို သံသယ မရှိထိုက်ကြပါ။ ။ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ တရားတော်သည်၊ အလွန်ထူးပါသည်။ မဖြစ်ဘူးမြဲ- ထူးကဲသော အကြောင်းတို့ကို တွေ့လာလျှင်၊ဖြစ်သင့်ဖြစ်ထိုက်လို့-ဖြစ်ရတာချည်းဘဲဟု မှတ်ယူကြပါကုန်။

## ပဌမ ထူးခြားချက်

(၂၀) ယခင်က-တပည့်ယောဂီများအား၊မြတ်စွာဘုရားသခင်-နတ်ပြည်- ငရဲပြည် စသည်တို့ကို၊ တွေ့ရရန် ဓိဋ္ဌာန်သောအခါ၊ ဆရာကမည်သို့ တွေ့ ရ ပါ စေ သတည်းဟု၊ ဆရာက ချပေးသလို တပည့်ယောဂီများက လိုက်၍ ဆိုကြပါသည်။ နောက်တော့ခါ၊တမျိုးစမ်းကြည့်သည်မှာ၊ ဓိဋ္ဌာန်ကိုမျက်မှောက်ပြုနေစဉ်တွင်၊ ဆရာကြီးက၊တပည့်တော်တို့၏ ကိုယ်စား၊ ဓိဋ္ဌာန် သလို ဖြစ်ပါစေသတည်း ဟု၊ ဓိဋ္ဌာန်စေပါသည်။ဤသို့ဓိဋ္ဌာန်ပြီးလျှင်၊ ဖလသမာပတ် ဝင်စားနေသောအခါ သူတို့၏ ကိုယ်စား၊ ကျွန်ုပ်က၊ မြတ်စွာဘုရားသခင် မွေစကြာ ဟောတော် မူနေပုံကို၊ ဖူးမြင်ရပါစေသတည်း၊ နတ်ပြည်၊ ငရဲပြည်၊ စသည်တို့ကို မြင်ရ ပါစေ သ

တည်း-စသည်တို့ဖြင့်၊တမျိုးမျိုးကို မိဋ္ဌာန်လို့ပေးလိုက်လျှင် မိဋ္ဌာန် ပေးသ လို ပင် ဖြင်ရ ကြ ပါ သည်။ ။ဤအတိုင်း ကမ္မဋ္ဌာန်း ဆရာများသည်၊ မိမိတို့၏၊ ယောဂီများ၊ဖလသ မာပတ်ကို ဝင်စားနိုင်လျှင်၊ စမ်းသတ်၍ ကြည့်ကြပါ။ ဖြစ် ပါသည်။ ဖလသမာပတ်ကို မဝင်စားနိုင်သော ယောဂီများ မှာမူကား၊သောတာပန်ပင် ဖြစ်လင့်ကစား၊ မိဋ္ဌာန်၍ မဖြစ် နိုင်ပါ။ ။သောတာပန်ဖြစ်ပြီးပေမဲ့၊ ဝိပဿနာကိုပစ်ထား ပြီး၊ ဝင်စားခြင်းကို မသေ့လာလျှင်၊ ဝင်စား၍မရဘဲ ဖြစ် ၍ နေတတ်ပါသည်။ ထိုအခါ ဝင်စား၍ရရန်၊ နောက်ထပ် ကြိုးစားယူရပါသည်။

## အထူးသတိပြုရန်မှတ်ချက်

ဖလမာပတ်ကို မဝင်စားနိုင်သော ယောဂီများဟုဆိုရာ ၌၊ **သောတာပတ္တိ မဂ်ဖိုလ်ကို** တကြိမ်တခါမျှ မရဘူးသေး သော ပုထုဇာန် ဝိပဿနာ ယောဂီများနှင့်။ မဂ်ဖိုလ်ကို ရ ဘူးသော်လည်း၊ အလေ့အကျင့်၊မလုပ်ဘဲ၊ ပြစ်ထားသော ကြောင့်၊ ထပ်မံ၍ မဝင်စားနိုင်သော ယောဂီများကို ဆိုလို ပါသည်။ ။ငင်းပြင်-အချို့သော ကမ္မာဋ္ဌာန်း ဌာနများ၌၊ တပည့်ယောဂီများ-တရားအားထုတ်နေစဉ်တွင်၊ ယုတ်တ ရက် ရှုမြင်နေသော စိတ်ကလေးသည် ခဏာတဖြုတ်လစ်ခနဲ ချုပ်ငြိမ်း သွားတတ်ပါသည်။ ဤသို့ စိတ်ချုပ်သွားသည်ကို၊ ဆရာက၊ မဂ်စိတ်ဖိုလ်စိတ်ဖြစ်ပြီဟု ဆုံးဖြတ်တတ်ပါသည်။ ဆရာက ဆုံးဖြတ်တော့ခါ၊ တပည့်ကလည်း၊ ဝမ်းမြောက်

ဝမ်းသာနှင့် ငါမင်္ဂလာပြီဟု ကျေနပ်၍ နေတတ် ကြပါသည်။ အထူးသတိပြုရန်မှာ။ စိတ်ကလေးချုပ်ငြိမ်းခြင်းသည်၊ ဥပစာရ သမာဓိ၌ချုပ်ခြင်း၊ အပ္ပနာသမာဓိ၌ချုပ်ခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ ဥပစာရသမာဓိ၌ ချုပ်ခြင်းကို၊ ဘဝင်စိတ်ဖြစ်သည်ဟု ခေါ်ပါသည်။ အပ္ပနာသမာဓိ၌ချုပ်ခြင်းကို၊ မဂ်စိတ် ဖိုလ်စိတ် ဖြစ် သည် ဟု ခေါ် ပါ သည်။ ထို့ ကြောင့် ဝိသုဒ္ဓိမဂ်၊ သမာဓိနှစ်မျိုးအကြောင်းတွင် (ဥပစာရသမာဓိ၊ ဥပစာရသမာဓိသည်၊ ကာဒါစိ-ရံခါ၊ ဘဝင်္ဂံ၊ ဘဝင်သို့၊ ဩတရတိ၊ သက်၏။ ကာဒါစိ၊ ရံခါ၊ နိုမိတ္တံ၊ နိမိတ်သို့-ဩတရတိ၊ သက်၏) ဟူ၍ မိန့်ဆိုပါသည်။ ဤချုပ်ခြင်း နှစ်မျိုး သည်၊ ဝိပဿနာ ယောဂီ၏အတွေ့၌၊ သိတဲ့စိတ်ကလေးမရှိတော့ဘဲ။ ရှုမြင်နေရတဲ့ ဝိပဿနာအာရုံ ရုပ်-နာမ်-လက္ခဏာရေးသုံးပါးတို့နှင့်တကွ ပညတ်အာရုံတွေကိုပါ၊ မတွေ့ မရှိ-မသိရဘဲဖြစ်သွားပုံချင်းက တူနေသောကြောင့်၊ ရုပ်နာမ်ချုပ်လျှင် မဂ်ဖိုလ်ရောက်ထာဘဲဟု၊ အယူရှိသော ပုဂ္ဂိုလ်အချို့နှင့်။ စကြိုဖြင့်ပြသောအခါ၊ ခြေလှမ်းဆုံးလျှင်။ ဝိပဿနာလမ်းဆုံးတာဘဲဟု၊ ယူဆထားသော ပုဂ္ဂိုလ်အချို့က၊ ဘဝင်ချုပ်လား၊ မဂ်ချုပ်လားဆိုတာကို၊ ခွဲခြားကြည့်ရန်သတိမမူမိဘဲ ချုပ်လျှင်၊ မဂ်ဘဲဟု၊ ဆုံးဖြတ်ကြခြင်းမျှသာ ဖြစ်ပါသည်။

## ဘဝင်ချုပ်နှင့်မဂ်ချုပ်ခြားနားတတ်ပုံ

ဘဝင်ချုပ်နှင့် မဂ်ချုပ်၊ ယေဘုယျ အားဖြင့် ခြား နားတတ်ပုံမှာ၊ ဘဝင်ချုပ်သည်၊ ရှုနေရင်း၊ လစ်ခနဲဖြစ်ပြီးလျှင်၊

ရှုမြဲရှုလျက်ပင် ဖြစ်၍နေတတ်ပါသည်၊ တခါတရံမှာ၊ လစ်ခနဲဖြစ်လိုက်၊ ရှုမြဲရှုနေလိုက်နှင့် မကြာမီ ထပ်ခါထပ်ခါဖြစ်တတ်ပါသည်။ ။မဂ်စိတ်မှာမူ၊ တခါဖြစ်ပြီးလျှင်၊ သတိရလာသောအခါ၊ ယုတ်တရက် ဆက်၍ ရှုမနေဘဲ၊ စိတ်၌၊ ဝိပဿနာအာရုံတွေ ပျောက်သွား တတ် ပါ သည်၊ ထိုအခါခုနက ရှုနေရတဲ့ ဝိပဿနာအာရုံတွေ မရှိတော့ပါကလား၊ အသိချုပ်လျှင် မဂ်ဟုတ်သည် ဆိုတာများလားစသည်တို့ဖြင့်ဖြစ်လျက်၊စိတ်သည်ကြည်လင်လျက်၊ရှင်းရှင်းလင်းလင်းကြီးဖြစ်သွားတတ်ပါသည်။ သို့ရာတွင် မဂ်စစ်-မစစ်၊စမ်းသတ်ကြည့်သင့်သည်၊ ဤကဲ့သို့ ဖြစ်သွားလျှင် ယခုလို ဖြစ် သွားခြင်းသည်၊ မဂ်ဖိုလ်-ဖြစ်ထာမှန်လျှင်၊ ယခုထပ်မံ၍ တနာရီကြာအောင်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် နေရပါစေ သတည်းဟု၊ဓိဋ္ဌာန်၍၊ မူလက ရှုသော ဝိပဿနာကိုပြန်၍ ရှုရမည်။ တပည့်က နားမလည်လျှင်၊ ဆရာကခိုင်းရမည်။ပဌမက၊ မဂ်ဖိုလ်ဖြစ်ထာမှန်လျှင်၊ ချက်ခြင်း ဓိဋ္ဌာန်၍ဝင်စားပါ။ရပါသည်။ ။ထို့ကြောင့်-ပညာရှိပုဂ္ဂိုလ်များက၊မဂ်- ဟုတ်မဟုတ်၊ဖိုလ်နှင့်စမ်းရမည်ဟု-မိန့်ဆိုကြခြင်းဖြစ်ပါသည်။ ။ဘဝင်စိတ်ဖြစ်ထာကိုမဂ်ဟုဆုံးဖြတ်ထားသော်လည်း၊ ဖိုလ်ဝင်စား၍ မရသောကြောင့်၊ ကျနုပ်ထံ လာ ရောက် သော ယောဂီများအား၊ ပြုပြင်၍ပေးရဘူးလှပါပြီ။

## ဆဋ္ဌမ ထူးခြားချက်

(၂၁) ဖလသမာပတ်ကို ဝင်စားနိုင်သောပုဂ္ဂိုလ်များမှာ

ဘာယ်အခါမဆို၊ မိမိအလိုရှိသော နတ်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များတို့အား၊တွေ့ရပါစေသတည်းဟု မိဋ္ဌာန်၍၊နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်လျှင်၊ ဖြစ်နိုင်သော အခိုက်အတံ့၌တွေ့ရတတ်ပါသည်။တွေ့သောအခါ၊ ရတနာသုံးပါးနှင့်စပ်သောစကား၊ ဒါန-သီလ-သမထ-ဝိပဿနာ နှင့် စပ်သောစကားအစရှိသည့်၊သူတော်ကောင်းများနှင့်ပတ်သက်သောစကားများကို မေးလျှင် ပြောပြ တတ်ကြပါသည်၊ ဂုဏ်ပကာသန လာဘ်လာဘ- လူမှုကိစ္စ- စသည်တို့နှင့် စပ်သောစကားများကိုမူကား၊ မေးလျှင်၊မရတတ်ပါ။ ။မေး၍ပြောလျှင်လည်း၊ မှားမှား- မှန်မှန် အလိုက် သင့်သလိုသာ၊ ပြောသွား တတ်ပါသည်။

## သတ္တမ ထူးခြားချက်

(၂၂) အကယ်၍၊ တစုံတယောက်က၊ မေးမြန်းချင်၍၊ ဖိုလ်ဝင်စားနိုင်သော ပုဂ္ဂိုလ်ကို၊မိမိအလိုရှိသော နတ်-ဝိဇ္ဇာ တဦးဦးကို၊တွေ့ရပါစေသတည်း၊ တွေ့သောအခါ၊မေးမြန်းလိုသောသူနှင့် တွေ့လိုသော သူနှစ်ဦးမေးဖြေ ကြသည်ကို၊ စကားပြန်သဘောဖြင့်၊ ပြောပြနိုင်ပါစေသတည်းဟု၊မိဋ္ဌာန်ပြီး ဝင်စားပေးပါရန် မေတ္တာ ရပ်ခံပြီး အဝင်စား ခိုင်း ပါ။ ဤသို့မိဋ္ဌာန်ပြီး ဝင်စားသောအခါ၊ ချက်ခြင်းသော်ရင်း၊ အတန်ကြာမှသော်ရင်း၊ တွေ့ရတတ်ပါသည်၊တွေ့ရလျှင်ပြောပြပါဟု တောင်းပန်လျှင်၊ တွေ့ပြီဟုပြောပြပါလိမ့်မည်၊ထိုအခါ၊အထက်ကဖော်ပြခဲ့သည့်အတိုင်း၊ ရတနာသုံးပါး နှင့်

ပတ်သက်သော စကားများကို မေးလျှင်ရပါသည်။ အခြား စကားများကို မေးလျှင်၊ မပြောဘဲ နေတတ်ပါသည်၊သို့ မဟုတ်လျှင်၊ ပျောက်ကွယ်၍ သွားတတ် ပါသည်။ ။မေး သောစကားများကို၊ ဟိုကပြန်ဖြေလျှင်၊ ဖြေသလိုပင်၊ ဝင် စားနေတဲ့ ယောဂီက ပြန်၍ပြောပြ ပါသည်။ သို့ ရာ တွင်၊ အာရုံပြေ၍ သတိရလာသောအခါ၊ ဘာကိုတွေ့သလဲ၊ ဘာ ပြောသလဲလို့ မေးလျှင်၊ ဘာမျှမတွေ့ဘူး၊ ဘာမျှမပြောရပါ ကလားဟု ပြောပြလိမ့်မည်။ ။သို့ရာတွင်၊ ဝင်စားသော ယောဂီက၊ ဓိဋ္ဌာန်ထားသည့် ပုဂ္ဂိုလ်ကိုတွေ့ရလျှင်၊ တွေ့ ရ သည့်အတိုင်းပင်၊ သတိရလာသောအခါ၊ မှတ်မိပါစေ သ တည်းဟု ဓိဋ္ဌာန်ထားလျှင်ဖြင့်၊ တွေ့ရသည့်အတိုင်း၊ မှတ်မိ ၍ ပြောပြတတ်ပါသည်။

မှတ်ချက်။ ။၍အတိုင်း၊ ဖလသမာပတ် ဝင် စား နိုင် သော ယောဂီတိုင်း၊ဓိဋ္ဌာန်၍လုပ်ကြည့်ကြပါ၊ရပါသည်။ ။ သို့ရာတွင် ရိုရိုသေသေယုံယုံကြည်ကြည်နှင့် လုပ်ရပါသည်။ ဖလသမာပတ်ကို၊ ဝသီဘော်နိုင်အောင် လေ့ကျင့်ပြီးသော ယောဂီ များမှာ၊ ဓိဋ္ဌာန်သလိုချက်ခြင်း ဖြစ်တတ် ပါသည်၊ ဝသီဘော်မနိုင်လျှင် ထပ်ခါထပ်ခါ၊ ဓိဋ္ဌာန်၍ဝင်စားခြင်းကို လုပ်ယူရတတ်ပါသည်။ ။ကောင်းတာကဘော့ခါ၊ဓိဋ္ဌာန် နိုင်းတဲ့လူကလည်း၊ ရတနာသုံးပါးကို ယုံကြည် လေးစား ရိုသေသော သူတော်ကောင်း ဖြစ်ရမည်၊ ဓိဋ္ဌာန်၍ ဝင်စား သော ယောဂီကလည်း၊ ဝသီဘော်နိုင်ပြီး၊ စိတ်ပါလက်ပါ စေတနာကောင်းဖြင့် ဓိဋ္ဌာန်ပြီး၊ ဝင်စားလျှင်၊ ဓိဋ္ဌာန် သလို

ချက်ခြင်း ဖြစ်တတ်ပါသည်။ ဝင်စားတဲ့ ယောဂီက စိတ် မပါလျှင်လည်း မရပါ။အထက်မဂ်ဖိုလ်ပုဂ္ဂိုလ်များ ဆိုလျှင် သာ၍ကောင်းပါသည်။

## ဖလသမာပတ်ဝင်စားနေစဉ်၊ ဣရိယာပုထ် လှုပ်ရှားနိုင်သလား

ဖလသမာပတ်ဝင်စားနေစဉ်၊ဣရိယာပုထ်လှုပ်ရှားခြင်း၊ ပြောင်းလဲခြင်း၊ ပြုပြင်ခြင်း၊ စသည်တို့ကို မလုပ်နိုင်ပါဟု၊ ကျမ်းဂန်က ဆိုပါသည်။ ကျမ်းဂန်က ဆို သည့် အတိုင်း လည်း မှန်ပါသည်၊ သို့ရာတွင်၊ သူ့သဘာဝ ဓမ္မအတိုင်း၊ ဖလသမာပတ်၏နဂိုရ်ပကတိသဘောအတိုင်းသာလျှင်၊ သူ့ဘာသာသူ-သူ့အလိုလို-လှုပ်ရှား-ပြုပြင်-ပြောင်းလဲခြင်း မဖြစ်နိုင်ဟု ကျမ်းဂန်ကဆိုလိုတာပါ။ဓိဋ္ဌာန်လျှင်မူကား၊လှုပ်ရှား ပြုပြင်-ပြောင်းလဲနိုင်ပါသည်။ ။ဥပမာမှာ-နေသည် မွန်းတည့်အချိန်တွင်၊ အဝေးကြီးပေမဲ့၊မခံနိုင်အောင် ပူပြင်းလှပါသည်၊သို့ရာတွင်၊တန်ခိုးဖန်ဆင်းနိုင်သော ပုဂ္ဂိုလ်များမှာ။ အဓိဋ္ဌာန်အဘိညာဉ်ဖြင့်၊ နေကိုလက်ဝါးပေါ် တင်၍ပြနိုင်ပါသည်၊ အနားကကြည့်နေသော ပရိသတ်မှာလည်း မပူရပါ။ ။သို့ဖြစ်၍၊အဓိဋ္ဌာန်၏-တန်ခိုးသတ္တိ- ဣဒ္ဓိပါဒ်သည်၊ ဖြစ်ရိုးဖြစ်စဉ် သဘာဝတရားကိုလွှမ်း၍၊ တအံ့တဩ-ပြော၍ မယုံနိုင်လောက်အောင်-ဖြစ်တတ်ပါသည်။ ။အထက်က ပေါ် ပြပြီးခဲ့သည့်၊ငုံးမင်းကိုမီးကွင်းရသည့်၊သာဓကစသည် တို့ကို၊ထောက်မြှော်၍ကြည့်ကြပါကုန်။

## အဌမထူးခြားချက်

## ဖလသမာပတ်ဝင်စားရင်းစကြံ့လျှောက်ခြင်း

(၂၃) ဖလသမာပတ် ဝင်စားရင်း စင်္ကြံ လျှောက် နိုင် သည်ဟု၊ ဖွဲမရွှေ ဆရာတော်၏ စာအုပ်တွင် တွေ့မြင် ရ စဉ်က၊ကျွန်ုပ်သည်၊ အလျှဉ်းမယုံကြည်ပါ။သို့ရာတွင်၊ကိုယ် တွေ့ကြုံတော့ခါ၊ မယုံဘဲ မနေနိုင်ပါ။ ကိုယ်တွေ့ကြုံရပုံမှာ- တနေ့သ၌၊ တပည့်ယောဂီတယောက်အား၊ စင်္ကြံလျှောက် ရင်း သမာပတ်ကို ဝင်စားလို့ရအောင် လေ့ ကျင့်၍ ပေး သောအခါ၊ ထိုယောဂီ၏ရှေ့၌၊ သမာပတ်ကို ဝသီဘော်နိုင် အောင် ဝင်စားနိုင်သော ယောဂီ တ ယောက် အား၊ လေ့ ကျင့်ပေးသော ယောဂီ၏ရှေ့တွင်၊ မျက်နှာချင်းဆိုင်၍၊ ရပ် စေပြီး၊သူ-တလှမ်းရှေ့ကိုတိုးတိုင်း မင်းက-တလှမ်းနောက် ကို ဆုတ်ပေးရမည်၊ သူက ရှေ့ကို ယိုင်လာလျှင်၊ မင်း က- လက်ဖြင့်၊ မလဲအောင်တားပေးရမည်ဟု မှာထားပါသည်။ ဤသို့ မှာထားတဲ့ အတိုင်း၊ တယောက်က ရှေ့ တခါ လှမ်း လျှင်၊ တယောက်က နောက် တလှမ်းဆုတ်ပါသည်၊ ဆယ် လှမ်းလောက် လှမ်း မိ သော အခါ၊ ရှေ့ကို လှမ်း သည့် သူ မှာ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုမိသဖြင့်၊ ရပ်၍ သွားပါသည်။ နောက်သို့ဆုတ်ပေးသောသူကလည်း၊မိုလ်ဖော့ကျလျက်ရပ် ၍နေပါတော့သည်။အာရုံပြေ၍သတိရလာသောအခါ၊ရှေ့ကို လှမ်းတဲ့လူမှာ၊ ရပ်တော့မှဘဲ၊ သတိချုပ်သွားကြောင်း ပြော ပါသည်။ ။နောက်ကိုဆုတ်ပေးရတဲ့ယောဂီကတော့ခါ၊ အ

စကာသာ၊ ရှေ့ကို လှမ်းသောသူက-လှမ်း၍၊ သူကလဲ-နောက်ကိုဆုတ်ရမှန်းသိပါတယ်၊ ၄-၅ လှမ်း လှမ်းမိတော့ခါ၊ ရှေ့ကိုလှမ်းတဲ့လူကိုလဲ-သူမသိ၊ သူ့ကိုယ်သူနောက်သို့ဆုတ်ပေးတာကိုလဲ သူမသိကြောင်း ပြောပြပါသည်။ ဤစကားကိုကြားရသည်နှင့် တပြိုင်နက် ကျနုပ်သည်ဖြစ်ပုံကို ရိပ်မိလာသည့်အတိုင်း သူတို့ကို၊ မိန့်ခွန်းစေသည်မှာ စကြံ့ဈောက်ရင်း နိမ့်ခွန်ကိုမျက်မှောက်-အဖြစ်-ပြုရပါစေသတည်း၊ မျက်မှောက်ပြုမိသောလည်း၊ စကြံ့ဈောက်လျက်ပင် ရှိပါစေသတည်း၊ဆရာကြီးနှင့်တကွ၊ ကြည့်နေသောသူများက၊ ကျနုပ်တို့၏ကိုယ်စား မိန့်ခွန်းလျှင်၊ မိန့်ခွန်းသလိုဖြစ်ပါစေသတည်းဟု၊မိန့်ခွန်းစေပြီးလျှင်၊စကြံ့ဈောက်ခိုင်းပါသည်။ ၄-၅-လှမ်းလှမ်းမိလျှင်ပင်၊နိမ့်ခွန်ကို မျက်မှောက်ပြုမိ သွားကြပါသည်။သို့ရာတွင်၊ စကြံ့ကိုမူ၊ဈောက်မြဲ ဈောက်လျက်ပင် ဖြစ်ပါသည်။ စကြံ့လမ်းဆုံးသော အခါ၊နောက်သို့ပြန်၍ လှည့်လာပါစေသတည်းဟု ဆိုရုံမျှနှင့် ပြန်လှည့်၍၊ ဈောက်လာပါသည်၊ ရပ်နေပါစေသတည်းဟုဆိုလျှင်ရပ်နေပါသည်၊ထိုင်ပါစေသတည်းဟုဆိုလျှင် ထိုင်ပါသည်။ရှိခိုးပါစေသတည်းဟုဆိုလျှင် ရှိခိုးပါသည်။ အာရုံပြေပါစေသတည်းဆိုတော့လဲ၊ သတိရလာကြပါသည်။ ။ထိုအခါ၊မေးကြည့်တော့ခါ၊ခိုင်းတိုင်းလုပ်နေတာကို၊ သူတို့ဘာမျှမသိကြပါ။ ။ထိုင်ရာမှထပါစေသတည်းဟုမိန့်ခွန်းသောအခါ၊ထရိုးထစဉ်အတိုင်းလက်က-အောက်သို့ထောက်၍၊ထပါစေသတည်းဟုမိန့်ခွန်းပေးရပါသည်။

မှတ်ချက်။ ။အထက်ပါအတိုင်း မိန္ဒာန်လို့ဖြစ်တဲ့ သဘောတွေမှာ၊မိန္ဒာန်လို့သာဖြစ်ရခြင်းဖြစ်ပါသည်၊သူ၏၊ဖြစ်ရိုးဖြစ်စဉ်- နဂိုရှိသဘော အတိုင်းမဟုတ်ပါ။ ။ဤအတိုင်း၊ ဘယ်ကာမ္မဋ္ဌာန်ဋ္ဌာနကယောဂီမဆို၊ ဖလသမာပတ်ကိုဝင်စားနိုင်လျှင်၊စမ်းကြည့်ပါ၊ဖြစ်နိုင်ကြောင်း၊ ရဲဝန့်စွာ တာဝန်ယူပါသည်။ ။ဖြစ်တတ်တဲ့သဘောဟာ၊ကျနော်လုပ်မှ ဖြစ်ထာမဟုတ်ပါ။ ဘယ်သူဘဲလုပ်လုပ် ဖြစ်ပါသည်။ ။သို့ရာတွင် ဒီလိုဖြစ်တာကို၊ ကိုယ်တိုင်မကြုံဘူးလျှင်၊ မယုံကြည်နိုင်တတ်ကြပါ။မယုံလျှင်၊အပစ်ပြောတတ် ကြပါသည်။ ။အပစ်တင်တာကိုတော့၊ မြတ်စွာ ဘုရား သော် မှ၊ မလွတ် ကင်း နိုင်ကြောင်း (ဓမ္မပဒပါဠိတော်ဋ္ဌကထာလောကောအနိန္ဒိတော။) ဟု၊ဟောတော်မူထားပါသည်။ ယုံကြည်တဲ့ပုဂ္ဂိုလ်ကတော့ ခါချီးမွမ်းတော်မူကြပါသည်။ အလွယ်တကူယုံကြည်ဘို့ရာကတော့ခါ၊ မိမိကိုယ်တိုင် ဖလသမာပတ်ကိုဝင်စားနိုင်၍၊ မိန္ဒာန်ကြည့်သောအခါ တွေ့ရသည်ဖြစ်စေ။ မိမိ၏ တပည့်ယောဂီ တည်းက ဖလသမာပတ်ကိုဝင်စားနိုင်သော သူတို့ကို စမ်းသတ်ကြည့်၍ ဖြစ်ထာကိုတွေ့ကြုံရလျှင်ဖြစ်စေ၊ အဲဒီအခါကျလျှင် မယုံဘဲမနေနိုင်တော့ပေ။သို့ရာတွင်၊ကိုယ်က ယုံပေမဲ့၊ သူတပါးကို မပြောပြရဲတဲ့ ပုဂ္ဂိုလ်တွေလဲရှိကြပါသည်။ ကျနော်မှာတော့ခါ မြတ်စွာဘုရားသခင်ဟောတော်မူသည့် အတိုင်း (၁)- ဟုတ်မှန်တာကို- အကျိုးလဲရှိမည်ဆိုလျှင် သူတပါးက မနာလိုသည် ဖြစ်စေ၊နာလိုသည်ဖြစ်စေ၊ ပြောရ- ပြရ- လုပ်ရမည်။(၂)-အကျိုး ရှိမည်ဆိုလျှင်၊ လုပ်

ချင်စဘွယ် ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ-- လုပ်ရမည်။ ဤနှစ်မည်- ကို၊ တသွေမတိမ်း ရှိ သေ လေး မြတ်စွာ လိုက်နာကျင့်သုံးသောအားဖြင့်၊ ထုတ်ဖေါ်ဖွင့်ဟာ၊ ရေးပြရခြင်းဖြစ်ပါသည်။ အရင်ကလည်း၊ တစိတ်တဒေသ ခါတ်ပုံများနှင့်ရေးပြခဲ့ဘူးပါသည်။ အကျိုးလည်းရှိပါသည် အစပဌမမှ- မယုံကြည်ဘဲ့လူ ပေါပေမဲ့၊ နောက်တော့ယုံ၍ လိုက်လာကြပါသည်။နောင်ကိုလည်း၊ ကြာလေယုံကြည်သူ တွေပေါလေ၊ အကျွတ်တရားကိုရကြသူတွေပေါလေဖြစ်၍ လာကြပါလိမ့်မည်။ ။အခြားသောပညာရှိသူတော်ကောင်း များကိုလည်း၊ မြတ်စွာဘုရားသခင်ကြိုက်တော်မူတာကိုရဲရဲ ကြီးလုပ်ကြပါစေရန်မေတ္တာရပ်ခံပါသည်။

## နဝမ ထူးခြားချက်

(၂၄) ပရိတ်ရွတ်ခါနီးတွင်၊ နတ်များကို၊ ပရိတ်နာပင့် ဘိတ်ဘိသကဲ့သို့၊ ကျနုပ်၏ ယောဂီများ တရားအားထုတ် ခြင်း၊ ဖလသမာပတ်ကိုဝင်စားခြင်းပြုလုပ်ခါနီးတွင်၊ ဘိတ် မန္တကပြုလျှင်၊ အချို့နတ်များနှင့်၊ ဘိုးဘိုးအောင်သည် လာ ကြပါသည်၊ တခါတရံ များလှစွာသော နတ်ပရိသတ် များလာကြပါသည်၊ အိမ်တွင်း- အိမ်ပြင်- ကောင်းကင်ယံ များတွင်လည်း၊များစွာလာရောက်ကြည့်ရှုကြပါသည်။ ပြီး ၍ အမှုဝေလျှင်လည်း၊ သာရအနုမောဒနာ ပြုကြပါသည်။ နတ်များကိုမပင့်မဘိတ်မိသောအခါများတွင်မူ၊ ရံဘန်ရံခါ လာတာကိုတွေ့ကြရပါသည်။ ရံဘန်ရန်ခါလည်းမတွေ့ကြရ

ပါ။ ။ထိုသို့လာရောက်ကြည့်ရှုကြသော နတ်နှင့် ဗိဿာမိုရ်ပရိသတ်ထည်းမှ၊ အချို့မှာ ဖိုလ်ဝင်စားနေသော၊ အချို့ ကလေးများကို၊ စမ်းသတ် ကြည့်တတ် ကြပါသည်။ စမ်းသတ်ပုံမှာ၊ ဖိုလ်ဝင်စားနေသောကလေး၏လက်ခြေတို့သည်၊ အလိုလို မြောက်လာလိုက်၊ ပြန်ကျသွားလိုက်၊ ဟိုဘက်လှိမ့်လိုက်၊ ဒီဘက်လှိမ့်လိုက်၊ စသည်တို့၊ ဖြစ်ထာကိုတွေ့ရပါသည်။ ကျနုပ်တို့က စမ်းသတ်ကြည့်တဲ့ သဘောမျိုးလိုပါတဲ။ ။ဤကဲ့သို့ကျနုပ်တို့လူထည်းက၊ ဓိဋ္ဌာန်ခြင်းလဲမဟုတ်၊ လုပ်၍လဲမကြည့်ဘဲနှင့်၊ ဖိုလ်ဝင်စားရင်း၊ သူ့ဘာသာသူ-လှုပ်ရှားနေတာကို တွေ့ရသောအခါ၊ ခေတ်မသိသေးသောသူများက မြင်တော့ခါ၊ဖိုလ်ဝင်စားတာ မဟုတ်လို့သာ လှုပ်ရှား နေတာဘဲဟု၊ အယူရှိတတ်ကြပါသည်။

## ကလေးများကိုနတ်စသည်တို့ကမို၍ဂရုစိုက်ခြင်း

သာသနာကို အားပေး-အားမြှောက်ပြုသော နတ်-ဗိဿာ စသည်တို့သည်၊ ကလေးငယ်များကို၊ မို၍ဂရုစိုက်ပါသည်။ တခါတရံ- ဓိဋ္ဌာန်ခြင်းမပြုဘဲနှင့်၊ ကလေးများ အာရုံပြုနေရာတွင်၊ ကိုယ်ထင်ပြလျက်၊ အားပေးခြင်း၊ တရားအားထုတ်ပုံကိုပြခြင်း၊ဓိဋ္ဌာန်ပုံကိုပြောပြခြင်း စသည်တို့ကိုပြုပါသည်။ ။ဘယ်လိုလဲဆိုလျှင်။

## ဒသမ ထူးခြားချက်

(၂၅) ကလေးများ၏ ကျောင်း သင်တန်းစာ ထည်း မှ၊ ကျက်ရန်ရှိသောစာအုပ်ကို ဖွင့်လျက်၊ ဤစာပုဒ်ကို၊ ဓိဋ္ဌာန်ကို

အာရုံပြုရင်း၊ကျက်နေရပါစေသတည်း၊ ကျက်သော စာကို ရမှ-အာရုံပြေပါစေသတည်းဟု ဓိဋ္ဌာန်ပြီးလျှင်၊ နိဗ္ဗာန်ကို အာရုံပြုပါစေ၊အာရုံပြုရင်း၊စာအုပ်ကိုဖွင့်၍ကျက်နိုင်အောင် အဆင်သင့်ကိုင်ထားပါစေ၊ ကိုင်ထားရင်း မျက်စေ့ မှိတ် လျက် ပစပ်မလှုပ်ဘဲ ကျက်၍ နေပါလိမ့်မည်၊ နှုတ်ဖြင့်အသံ ထွက်အောင်ဆိုလျက် ကျက်ပါစေ သတည်းဟု ဓိဋ္ဌာန်လျှင် လည်း၊ နှုတ်ဖြင့်ရွတ်ဆို၍ကျက်ပါလိမ့်မည်။ ။အာရုံ ပြေ သောအခါ ကျက်သောစာပုဒ်ကို အပြန်ခိုင်းပါ၊အလေ့ အ ကျင့်မလုပ်ဘူးသေးသော၊သူမှာ၊ ချောချော မောမော မပြန် နိုင်သေးလည်း၊ ဝသီဘော်နိုင်၍ အလေ့အကျင့် လုပ်ထား များသောသူမှာ၊ ချောချော မောမော ပြန်ဆိုနိုင်ပါသည်။အ လေ့အကျင့် ထပ်ခါထပ်ခါ လုပ်ပေးပါ၊လုပ်ပါများလျှင်၊ တနာရီ-၂-နာရီကျက်မှ ရမည့်စာကို၊ ၁၅-မိနစ်လောက်နှင့် ရတတ်ပါသည်။ ။စာကျက်နေတာကိုတော့ခါ၊ သူတို့ မ မှတ်မိပါ။

## ကောဒသမထူးခြားချက်

(၂၆) ဂုဏ်ပြင်-နိဗ္ဗာန်ကို အာရုံပြုနေစဉ်၊ နောက်ဘက် မှ ပြသော အရာဝတ္ထုကို၊ အမှန်အတိုင်း ပြောနိုင်ပါစေ သ တည်းဟု ဓိဋ္ဌာန်ပြီး၊ဝင်စားခိုင်းလျှင်၊ ဝင်စားမိသောအခါ အရောင်နှင့် ပုံသဏ္ဍာန် ထင်ရှားသိသာ လွယ်သော အ ရာ ဝတ္ထုတခုခုကို နောက်မှနေ၍ပြပါ၊ဒါဘာလဲဟုမေးပါ(ထင် ရှားသော အရာဝတ္ထုဆိုတာ သူတို့မြင်ဘူးတဲ့ အထည်းက၊

ပြတ်ပြတ်သားသားသိသာလွယ်တာကိုဆိုခြင်းဖြစ်ပါသည် ပြုသောအာရောင်ဆိုလျှင် သာ၍ ကောင်းသည်။ ။ဤကဲ့သို့ ဝိဓ္ဒာန်ပြီးအလေ့အကျင့် လုပ်ပေးလျှင်၊ အချို့လည်း၊ ပဌမ ကတည်းက အမှန်အတိုင်း ပြောပြတတ်ပါသည်- အချို့မှာ အကြိမ်များစွာလေ့ကျင့်ယူရပါသည်၊ ပသိဘောနိုင်အောင် ဝင်စား နိုင် သော သူမှာ မြန်တတ်ပါသည်။ ။ဈာန် အဘိညာဉ် တန်ခိုးဖန်ဆင်းရန် ယခု ဘဝမှ သမထကို ကျင့်၍ စတုတ္ထဈာန်ဝင်စားနိုင်သော ပုဂ္ဂိုလ်များလည်း၊ ဤကဲ့သို့ပင် အလေ့အကျင့်လုပ်၍ ယူရ ကြောင်း၊ ဝိသုဒ္ဓိမဂ်တွင် သေ သေချာချာပါရှိပါသည်။

## ဥါဒသမ ထူးခြားချက်

(၂၆) ထို့နောက်၊ ဤကဲ့သို့ လေ့ကျင့်ပါများ၍၊ အမှန် အတိုင်း ပြောပြနိုင်တာများလျှင်။ ရုပ်ပုံတော်များ ပါသော ဗုဒ္ဓဝင်ကျမ်းကို၊ နောက်မှနေ၍ပြပါ။ ပြရင်းရုပ်ပုံ တခုခုကို လက်နှင့်ထောက်၍၊ ဒါဘာလဲ ဟုမေးပါ။ မေးတဲ့ပုံကို-ဒါ ဘုရားသခင်ပုံတော်၊ ဒါတွေကရဟန္တာ အသျှင်မြတ်များပုံ တော် ဘယ်နှစ်ပါးဘဲ။ ဒါက ရှင်ဘုရင့်ပုံ၊ ဒါက အခတ် ကြီးပုံ၊ ဘယ်ပုံက၊ ဘယ်လို ဣရိယာပုထ်နှင့် စသည်တို့ဖြင့်၊ ပြောပြနိုင်ပါသည်။ ပုံတော်များ၏ အောက်ကစာကို ဖတ် ပြပါဆိုလျှင်လည်း၊ ဖတ်ပြနိုင်ပါသည်။ ။သို့ရာတွင် အာ ရုံပြေသော အခါတွေတာတွေ၊ မေးတာတွေ-ဖြေတာ တွေ ကို သူတို့မမှတ်မိကြပါ။ အာရုံ ပြေသောအခါ တွေ့သမျှကို

မှတ်မိပါစေသတည်းဟု၊ မိဋ္ဌာန်ထားမှသာ၊ တွေ့ရသလို မှတ်မိကြပါသည်။ ။အမိဋ္ဌာန်၏ သတ္တိဟာ ဘယ်လို ထူးခြားသလဲဆိုတာ စဉ်းစား၍သာကြည့်ကြပါတော့။

## မိဋ္ဌာန်၏ ထူးခြားချက်

(၂၁) ရှင်းနောက် သာ၍ထူးခြားချက်မှာ မိမိကိုယ်တိုင် နက်ဖြန်ခါ၊ ဖြေဆိုရမည့်စာမေးပွဲမေးခွန်းပုံနှိပ်ပြီးသားရှိနေလျှင်၊ နက်ဖြန်ခါ စာမေးပွဲတွင် ဘယ်ဘာသာအတွက် ပုံနှိပ်ရေးသားထားသော မေးခွန်းစာရွက်ကိုနဂိုရ်ပကတိအတိုင်း တွေ့ရပါစေသတည်း မှတ်မိမှ၊ အာရုံ ပြေပါစေသတည်း၊ အာရုံပြေ၍ သတိရလာသောအခါတွင်လည်း မှတ်မိ၍နေပါစေသတည်းဟု မိဋ္ဌာန်၍ ဝင်စားပါ တကြိမ်နှင့်မရလျှင် အကြိမ်ကြိမ် မိဋ္ဌာန်၍ ဝင်စားပါ၊ ရပါလိမ့်မည်။သို့ရာတွင်၊သူတပါးအတွက်မမိဋ္ဌာန်ပါနှင့် ရလိမ့်မည်မဟုတ်ပါ။ မိမိအတွက် မိဋ္ဌာန်၍ ရဘာကိုလည်း ကိုယ်နှင့် အလားတူ ဖြေဆိုရမည့် သူကိုပါ ပြော၍မပြပါနှင့်၊ ကိုယ့် အတွက်သာ ကိုယ်လုပ်ပါ၊သူများအတွက်ပါလျှင် မိဋ္ဌာန်၍ ရဘို့ရန် ခဲယဉ်းပါလိမ့်မည်။

## မိဋ္ဌာန်၍ပိုက်ဆံရှာနည်း

(၂၀ ထို့ပြင်၊ ကလေးများကို၊ ဆရာအား၊ ကြောပေး၍၊ မတ်တတ်ရပ်နေပြီလျှင်၊ ဆရာထားသော ပိုက်ဆံကို၊ ချက်ခြင်းသွား၍ ယူနိုင်ပါစေသတည်းဟု မိဋ္ဌာန်ခိုင်းပါ။ ဆ

ရောကလည်း၊ တတ်နိုင် သလောက် ပိုက်ဆံကို၊ သူ့တို့ မမြင်အောင်စာပွဲ-ကုလားထိုင်- စာအုပ်- ကြမ်းပြင်-ဖျာပေါ် စသည်-ဖြင့်၊ ဖုံးအုပ်၍ မထားသော နေရာတွင် ချ၍ထားပါ။ သူတို့ကိုဝင်စားခိုင်းပြီး ရှာခိုင်းပါ မျက်စေ့မှိတ်လျက်၊ ရှာနေကြပါလိမ့်မည်၊တွေ့သောအခါ၊ လာ၍ပြပါစေသတည်းဟု ဓိဋ္ဌာန်ထားပါ။ တွေ့လျှင်ယူလာ၍ပြပါလိမ့်မည်။ မတွေ့သောသူများလည်း၊ လာကြပါစေသတည်းဟုဓိဋ္ဌာန်ပေးပါ လာကြပါလိမ့်မည်၊ အာရုံပြေကြပါစေသတည်းဟုဆိုလျှင် ပြေကြပါလိမ့်မည်။ ဤသို့ဆရာက ဓိဋ္ဌာန်သလိုဖြစ်အောင်၊ သူတို့အာရုံမယူမိဘဲ၊ ကျွန်ုပ်တို့၏ကိုယ်စား ဆရာက ဓိဋ္ဌာန်လျှင် ဓိဋ္ဌာန်သလိုဖြစ်ပါစေသတည်းဟု ဓိဋ္ဌာန်ပြီးမှဝင်စားပါစေ။ သို့မှသာ၊ ဆရာက ဓိဋ္ဌာန်လျှင်ဖြစ်နိုင်သည်။ ။ပိုက်ဆံ ရသော အခါ၊ ရတဲ့ကလေးက ယူပါစေ၊ ယူလိုက်ပါ။ ဤသို့လေ့ကျင့်ပေးလျှင်၊ ကလေးတွေလဲ၊ ရယ်ကြ၊ ပျော်ကြ ဝမ်းသာကြသည်။ စိတ်ပါလက်ပါ၊ ဓိဋ္ဌာန် ဝင်စားကြသဖြင့် ဝသီဘော်လည်းနိုင်သည်ထက်နိုင်၍သာပါသည်။

## ဓိဋ္ဌာန်၍ထိပ်ပုတ်ခြင်း

(၂၉) အပျင်းပြေအောင်၊ ကလေးများထိပ်ပုတ်တန်းကစားသလို၊ "အပုတ်ခံရမည့်သူက၊ ပုတ်သောသူကို၊ အမှန်အတိုင်းပြနိုင်ပါစေသတည်းဟု ဓိဋ္ဌာန်စေပြီး- ဝင်စားခိုင်းပါ၊ ခေါင်းငုံ့နေဘုံး၊ ကယောက် ယောက်က ပုတ်လျှင်၊ အလေ့အကျင့်များသောသူမှာ၊ အခါမှုခလွဲဘဲ၊ ပုတ်သူကိုပြ

နိုင်ပါသည်။ မှန်တဲ့လူကို၊ ဆုပေးလျှင်၊ ကလေးတွေသာ ၍ပျော်ပါသည်။

## လက်မြှောက်၍အာရုံပြေနည်း

(၃၀) ဖိုလ်ဝင်စားနေစဉ်တွင်၊ မည်သူက လက်ထောင် လျှင် ချက်ခြင်း အာရုံပြေပါ စေသတည်းဟု၊ဓိဋ္ဌာန်ပြီး၊ဝင် စားလျှင် ဓိဋ္ဌာန်ထားသောသူကနောက်မှနေ၍ လက်မြှောက် လိုက်လျှင် အတန် ကြာမှသော်၎င်း၊ ချက်ခြင်းသော် ၎င်း၊ အာရုံပြေပါသည်။ အလေ့အကျင့်များလျှင်၊ လက်မြှောက် လျှင်-မြှောက်ခြင်း အာရုံပြေပါသည်။ဓိဋ္ဌာန်သလိုဖြစ်သော ကလေးကို ဆုပေးပါ။ ပျော်ပျော် ရွှင် ရွှင်၊ ကြိုးစားကြပါ လိမ့်မည်။

မှတ်ချက်။ ။ဤသို့၊ ကလေးများကို ပျော်ပျော် ရွှင် ရွှင် ဝင်စားစေရန်နည်းကို၊ ကျနုပ်တို့က ကြံစည်၍ လုပ်ရတာ မဟုတ်ပါ၊ နတ်-ဝိဇ္ဇာ-စသည်တို့က၊ ကလေးများကိုပြော ပြခဲ့တဲ့နည်းများဖြစ်ပါသည်။ ဤကဲ့သို့သော၊ အလားတူ-နည်းများကို ညာဏ်ရှိသလို စမ်းကြည့်လျှင်၊ ဖြစ်သင့်တာ တော့-ဖြစ်ရန်လမ်းရှိပါသည်။

## ဝိဇ္ဇာနှင့် နတ်အရိယာများအကြောင်း။

(၁) ကလေးများသည်၊ ငယ်၍ချစ်စရာကောင်းတာက တမျိုး ငယ်ငယ်နှင့် ဖလသမာပတ် ဝင်စားနိုင်၍ အံ့ဩစရာ ကောင်းတာကတမျိုး တရားကို ကြိုးစား အားထုတ်ခြင်း၊

နေ့ရော ညပါ-သို့မဟုတ် ညစဉ်အမျိုးမျိုး မိဋ္ဌာန်၍ ဝင်စား ခြင်းကိုလေ့ကျင့်နေတာကတဖုံ စသည့်တို့ကြောင့်၊ တရား ကို အားပေးလိုလားလွန်းအားကြီးသော နတ်နှင့်၊ထွက်ရပ် ပေါက် ဝိစ္ဆာ အချို့က ကလေးများကို ညတိုင်းလိုလိုလာ၍ အားပေးကြပါသည်။ကြာတော့ခါ၊အချို့သောကလေးများ သည်၊ ထိုအချို့သော-နတ်နှင့် ဝိဇ္ဇာတို့ကို၊ မိဋ္ဌာန်ခြင်း၊ ဝင် စားခြင်းမပြုဘဲ၊ ရိုးရိုး- စိတ်ညွတ်လိုက်ရုံနှင့် တွေ့ရ မေးရ စကားပြောရပါသည်။ ထိုအထည်းတွင် ကျွန်ုပ်ကို၊ နည်း မျိုးစုံအောင် ပြသပေးသွားတော်မူသော ဆရာတော်ဘုရား ကြီးလည်း ပါပါသည်၊ ဤဆရာတော် ကြီး မှာ၊ တရား အ ချက် အလက် နှင့် ပတ်သက်ထားကို မေး လျှင် ရပါ သည်၊ ကျွန်ုပ်ကိုဆုံးလဲဆုမွပါသည်။ အခြားသော ရဟန်း ဘဝနှင့် နိုင်ငံကျော် ဝိပဿနာ ဓမ္မကထိက တရားပြ ပုဂ္ဂိုလ် ကျော် အချို့လည်း၊ နတ်ဖြစ်နေ၍ နတ် ဝိဇ္ဇာ-စသည့်တို့ကို၊တရား ပြနေကြပါသည်။ ။အချို့မှာ ဗြဟ္မာဖြစ်နေဟန် လက္ခဏာ ရှိပါသည်။ ။လူ့ပြည်တွင် ရဟန်းဝတ်နှင့်၊ ပရိယတ်-ပဋိ ပတ်-နှစ်ရပ်စလုံးကို ကောင်းစွာတတ်၍ သာသနာ ပြုသွား သော ပုဂ္ဂိုလ် ကြီး များ မှာ၊ နတ် ဗြဟ္မာ ဖြစ် သွား သော အခါ၊ တရား သဘော ခဲရာ ခဲဆစ် အချက် အလက် တို့ကို ယခုအခါ၊လူ့ပြည်တွင်အသက်ရှင်လျက် ရှိနေတော်မူသော ဆရာတော်ဘုရားကြီးတို့ထက်၊ ပို၍မှန်ကန် တိကျစွာတတ် သိ နားလည်ကြပါသည်။ သို့အတွက်၊ လူ့ပြည်က ပုဂ္ဂိုလ် ကျော်ဆရာတော်များ မဖြေနိုင်သည့် တရားအချက်ကို၊မေး

လျှင်၊ အတတ် ဒိဋ္ဌဖြေဆိုတော် မူနိုင်ကြပါသည်။ အဘယ်ကြောင့် ဆိုသော်။ လူ့ဘဝတုံးက-ရဟန်းဝတ်နှင့် ပရိယတ်-ပဋိပတ် ကောင်းစွာလည်း ဘက်ထား။ အရိယာလည်းဖြစ်၊ နတ်ပြည်ရွာ ဘဝသို့လဲ ရောက်သွား၊ ဆိုတော့ တန်ခိုး ကလည်း ပို၍ရှိပြန်တော့ခါ၊ လူပြည်က ပညာ ရှိတွေထက် သာ တာ ပေါ့။ ရဟန်းဘဝမှ နတ်ဖြစ်သွားသော သာဂိရိနှင့် ဟေမဝတ္တ နတ်မင်းကြီးများကို ကြည့်ပါလေ။ ၎င်းပြင်၊ နတ်အရိယာကပို၍သိနိုင်ကြောင်း သာဓကမှာ။ (၁)-အဋ္ဌကထာတွင်၊ သောတာပန်များအား အရက်နှင့်ရေရော၍တိုက်လျှင်၊ ရေသာဝင်၍၊ အရက်မဝင်နိုင်။ ကြိုးကြာငှက်များကို၊ နို့နှင့်ရေရောတိုက်လျှင် နို့သာဝင်၍ ရေမဝင်ဟု၊ ပါရှိပါသည်၊ အထက်တွင်ရေးပြခဲ့သော-အရိယာ ပညာတတ်နတ်များ ကတော့ခါ၊ ဝင်သည်ဟု ဆိုပါသည်။ တိရစ္ဆာန်ရုံ ကြိုးကြာများတော့ခါ ရေသောက်ထားကို-တွေ့ရပါသည်။ (၂) ထိုနောက် ပုထုဇဉ်များမှ-အနာဂါမ်အထိ၊ အရိုးများမှာ-တော့ဆက်။ ရဟန္တာများမှာချိတ်ဆက်၊ မြတ်စွာဘုရားမှာ-ကွင်းဆက်-ဟု၊ကြားနာရဘူးပါသည်၊ အရိယာ နတ်မင်းကြီးများကမူ၊ တဆင့်ပို၍၊ သိတတ်သည်မှာ၊ ပုထုဇဉ်ဘဝက အရိုးတော့ဆက်ဖြစ်နေစေကာမူ ရဟန္တာဖြစ်လျှင်- အရိုးချိတ်ဆက် ဖြစ်သွားသည်ဟု ပြောပြပါသည်။ ထို့ကြောင့်၊ ရဟန္တာဟု ကြော်ကြားနေသော ပုဂ္ဂိုလ်များကို၊ အမှန်သိလိုလျှင် အရိုး-ချိတ်ဆက် ဖြစ်သွားသလား ဆိုတာစမ်းသပ်ကြည့်သင့်ပါသည်
(၃)=၎င်းပြင်၊ ရဟန္တာ-ပရိနိဗ္ဗာန်စံပြီး၊ ကျန်ရစ်သော အ

လောင်းသည်၊ မပုပ်တူးဟုဆိုပါသည်။ ဒီလိုအချက်မျိုးတွေ့ကျတော့ခါ၊ နတ်အရိယာ ပညာရှိတွေက၊ ပို၍သိပါသည်။ သဟာမှတ်ဖြဟ္မာကြီးက၊ဘုရားကိုသျှောက်ထားကို ကြည့်ပါ။ ယခု ရေးပြတာထက်၊ ပို၍သိချင်လျှင်၊ ဇလသမာပတ် ဝင်စားနိုင်အောင် လုပ်ပြီးရုံစမ်း ကြည့်ကြပါကုန်၊ထိုထက်ပို၍သိစရာတွေရှိပါသေးသည်။

## အထူးမှတ်ချက်

နတ်အရိယာတို့၏ သိခြင်းသည် မြတ်စွာဘုရား ဟောကြားတော်မူသော အဘိဓမ္မာ ဒေသနာတော်နှင့် ဘထပ်ထည်းကျအောင်၊ ကိုက်ညီလျက်နေပါသည်။ တဘထာ ဋီကာတို့နှင့်မူကား၊အချို့နေရာ အနည်းငယ်မျှတို့တွင်၊ဘထပ်ထည်းမကျပါ။ ဤနေရာ၌ပညာရှင်များ သတိပြုတော်မူရန်မှာ၊မြတ်စွာဘုရား၏ဒေသနာတော်တွင်အဘိဓမ္မာ ဒေသနာတော်သည် ဓမ္မမိဋ္ဌာန်ကျကျကြီးဖြစ်၍ နိပ္ပရိယာယနည်းဟုခေါ်ပါသည် သုတ္တန် ဒေသနာတော်တွင်မူကား အချို့နေရာတို့၌၊ ပုဂ္ဂိုလ် အရာဋ္ဌာန အကြောင်းကိစ္စ စသည်တို့ကို၊ လိုက်၍၊ အကျိုးကိုမြှော်ကိုးပြီး၊ ပရိယာယနည်း ဖြင့် ဟောတော်မူ တာလည်းရှိပါသည်။ ပရိယာယနည်းမှာ ပုဂ္ဂလမိဋ္ဌာန်ဖြစ်သဖြင့်။ ဤပုဂ္ဂိုလ်ကို ဤနေရာ၌၊ ဤအကြောင်းကိုစွဲ၍ ဤသို့ ဟောတော်မူထားချက်သည်။ ဟိုပုဂ္ဂိုလ်ကို၊ ဟိုနေရာ၌၊ ဟိုအကြောင်းကိုစွဲ၍ ဟိုလိုဟောခြင်းနှင့်၊ စကားပရိယာယ်တော်ခြင်း မတူတတ်ပါ၊ စကားပရိယာယ်ခြင်း မတူလျှင်၊မယူဆတတ်သောသူများ၌ အယူအဆကွဲလွဲတတ်

ကြပါသည်။ များသော အားဖြင့်၊ ယခုခေတ်တွင်၊ ဘုရားဟော အဘိဓမ္မာဒေသနာပါဠိတော်တွင်၊ အတိအလင်းပါရှိသော စကားတော်နှင့် တကထာဋီကာဆရာတော် အသျှင်မြတ် ကြီးတို့၏ ယူဆချက်များ၊အနည်းငယ်မျှ-မညီမျှကွဲလွဲရှိလျှင်၊ဘုရားဟော အဘိဓမ္မာဒေသနာတော်အတိုင်း မလိုက်နာဘဲ၊ဗုဒ္ဓမဟုညှာဟူသော၊နှလုံးသွင်းဖြင့်၊ တကထာ ဋီကာဘက်ကိုလိုက်၍ယူတတ်ကြပါသည်။ဗုဒ္ဓမဟုညှာဆိုတာ ဘုရားအလိုတော်ကိုသိခြင်းဟု ခေါ်ပါသည်။သို့ရာတွင် ဘုရားအလိုတော်ကိုဘုရားနှင့်ညီမျှအောင်၊ သိသောသူမရှိနိုင်ပါ။ ရင်းပြင်၊တကထာဋီကာ ဆရာတော် အသျှင် မြတ်ကြီးတို့၏ယူဆပုံနှင့်၊ မိမိတို့ကိုလက်ထပ်သင်ပြပေးသော အာစရိယဝါဒ မည်မျှလျှင်၊မိမိတို့၏ဆရာ၏ အယူသို့သာ လိုက်တတ်ကြပါသည်။မိမိဆရာ၏ဝါဒနှင့်၊မိမိ၏ အတ္တနောမတိ-မတူကြလျှင်၊ မိမိ၏ အယူဘက်ကိုသာ လိုက်တတ်ကြပါသည်။ သို့ အတွက် ကြောင့်၊ ယခုအခါ၊ ဂိုဏ်း-ဂဏ- ဝါဒတွေကွဲပြားခြားနားလျက်၊ နေကြသည်ကို တွေ့ရပါသည်။ ။

လူ့ဘဝကပညာတတ်၍ နတ်သိကြား-ဗြဟ္မာဖြစ်သွားသော အရိယာ ပညာရှိကြီးများမှာ သူတို့ကိုမေးလျှင် မြတ်စွာဘုရား၏အဘိဓမ္မာဒေသနာတော်နှင့်၊တထပ်ထည်းကျအောင်၊ ဖြေကြားတော်မူကြပါသည်။ ရှည်ရှည်လည်း မပြောပါ၊ အရေးကြီးတဲ့အချက်ကို၊တခါမေးလျှင် တခွန်းနှင့်ပြီးအောင် ဖြေကြားတတ်ကြပါသည်။ ။ရတနာသုံးပါးနှင့်မစပ်ဆိုင်တာကိုမေးလျှင်၊မရပါ ပျောက်ကွယ်၍သွားတတ်ပါသည်။

သူတို့နှင့်တွေ့ရန် မိဋ္ဌာန်သောအခါ၊ သူတို့ကလာ၍ တွေ့ရသလို မဟုတ်ပါ၊ တွေ့မှန်းသိရရုံပင်ရှိပါသည်။

## လောကီနှင့် လောကုတ္တရာ

ယခုလို မိဋ္ဌာန်လျှင် ဖြစ်တတ် ကြောင်းတို့ကို ကြားရသောသူများအနက် အချို့မှာ ဤကဲ့သို့ ဖြစ်သည် ဆိုတာကို ကိုယ်တိုင်လည်း မကြုံဘူး၊ လုပ်လည်း မလုပ်တတ်သောကြောင့်၊ မယုံကြည်တတ်ကြပါ။ ။ဤကဲ့သို့ ဖြစ်မှန်းကို ယုံလောက်သောသူက ပြောပြ၍၊ ကြားရသော အခါ၌မူကား။ ဒီလိုဖြစ်ထာဟာ စိတ်ညှို့နည်းဘဲ၊ မျက်လှည့်အတတ် မှော်အတတ်ဘဲ-စသည်တို့ဖြင့် စွပ်စွဲကြပါသည်။ ။ကျုနုပ်သည် လောကီ မှော်ပညာ စသည်တို့ကို မတတ်ကြောင်း မလိုက်စားကြောင်း၊ သိသောသူအချို့ကမူ။ ဒါတွေဟာ သမထလမ်းတွေဘဲ၊ လောကီအလုပ်ဘဲ၊ လောကုတ္တရာ မဟုတ်ဘူး၊ မလုပ်ကြနှင့် မသွားကြနှင့် မှားကုန်မည် ရှုံးကုန်မည် စသည်တို့ဖြင့်၊ ပြောကြပါသည်။ ။ဤအချက်ကိုဖြေရှင်းပြပါမည်၊ပညာရှိများ သတိပြုဘောမူကြရန်မှာ၊ လောကုတ္တရာ တရားဆိုတာ၊ မဂ်လေးတန်-ဖိုလ်လေးပါး-နိဗ္ဗာန်အားဖြင့်ဤကိုးပါးသာရှိပါသည်။ဤကိုးပါးမှလွဲလျှင် လောကီချည်းပါဘဲ။ ဝိပဿနာ တရား သည်ပင် လျှင်၊ လောကုတ္တရာတရားကိုးပါးအားလျော်သောကျင့်ဝတ်ပဋိပတ်ဟု ခေါ်ဆိုရသော်လည်း၊ ပကတိ သဘောအားဖြင့်ကား လောကုတ္တရာတရားမဟုတ်ပါ။လောကီတရားသာ ဖြစ်ပါသည်။

ကျွန်ုပ်တို့လိုလူကိုမဆိုထားနှင့်၊ ဘုရားရဟန္တာများသော်မှ၊ လောကီအလုပ်ကို သူ့ခန္ဓာနှင့်သူ အသုံးချပြီး၊ သာသနာတော်ကြီးကို ချီးမြှောက်ထောက်ပံ့ ရပါသေးသည်။ ဥပမာ ဆိုသော်၊

(၁) ကျွန်ုပ်တို့အသျှင် ဂေါတမ မြတ်စွာဘုရား၊ဖြစ်ခါနီး၌ ရွှေခွက်ကို-အဓိဋ္ဌာန်၍ မြစ်ရေတွင်၊မြစ်ညာကို ရွှေခွက် ဆန်တက်သွားသည်မှာ၊လောကုတ္တရာမဟုတ်ပါ။ လောကီသာ ဖြစ်ပါသည်။

(၂) မြတ်စွာဘုရား ဖြစ်ပြီး နောက်၊ ဒုတိယသတ္တာဟ အဖြစ်ဖြင့်၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ကြည့်တော်မူလျက် ငါသည်၊ဤဗောဓိပင်နှင့်ရွှေပလ္လင်တွင်သဗ္ဗညုတဉာဏ်တော်ကို ရပေသည်တကားဟု၊ မမှိတ်သော မျက်စိဖြင့် ရှုကြည့်တော်မူလျက်၊ (၇)ရက်ပတ်လုံးစမွယ်တော်မူနေသည်ကို။ နတ်တို့က၊ သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည်၊ စံပျော်ဘူးသည့် ရွှေပလ္လင်ကိုမှ၊ ခင်မင်တောင်းတခြင်းမပြတ်ဘဲ၊ ထပ်၍ပြုအပ်သော မဂ်ကိစ္စရှိချေသေးသည်ဟု အကြံဖြစ်သည်ကို၊ မြင်တော်မူလတ်၍ နတ်တို့၏သံသယကို ပယ်ဖျောက်စေခြင်းငှါ၊တယူဇနာမျှလောက်- ကောင်းကင်သို့ ပျံတက်၍၊ ရေအစုံ မီးအစုံ ထွက်စေခြင်း၊ အစရှိသောယမိုက်ပြာဋိဟာကို ပြတော်မူလျက်၊အတောင်ခြောက်ဆယ်ရှည်သော ရတနာစင်္ကြံကိုဖန်ဆင်းလျက်(၇)ရက်ပတ်လုံး၊စင်္ကြံကြွတော်မူလျက်၊တန်ခိုးပြတော်မူသော ရတနစင်္ကမသတ္တာဟသည်လည်း၊လောကီအလုပ်သာဖြစ်ပါသည်။

(၃) ထိုမှစ၍၊ မြတ်စွာဘုရား သခင် ပရိနိဗ္ဗာန် စံ ဝင် တော် မူသည်အထိ-အဘိညာဥ်တန်ခိုး အမျိုးမျိုးပြ၍၊ သတ္တဝါများအား တရားဟောချတ်တော်မူခြင်း၊နတ်ပြည် ဗြဟ္မာပြည်-အခြားသော စကြာဝဠာစသည်တို့သို့တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးဖြင့် ကြွတော်၍ ကျွတ်ထိုက်သော သူတို့ကို ဟောချတ်တော်မူခြင်း၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ-ပုဗ္ဗေနိဝါသ ဇာနိဒ္ဓိဝိဓ-အစရှိသည်တို့ကို လိုအပ်သလိုအသုံးပြုတော်မူခြင်း တို့မှာလည်း၊ လောကီသာလျှင်ဖြစ်ပါသည်။ ။ဤသို့ အစ ရှိသောနည်းမျိုးစုံတို့ဖြင့်၊ မြတ်စွာဘုရားသခင်သည်၊ ခဝနေယျသတ္တဝါများအား လောကုတ္တရာ တရားကို ရအောင် ပြုလုပ် ဆောင်ရွက်တော် မူ၍သွားပါသည်။ ။ဤသို့သော လောကီ တရားမျိုးကို အသုံး မပြုလျှင် များလှ စွာသော သတ္တဝါ တွေကို လောကုတ္တရာ တရားရအောင် ဘယ်လို လုပ်ပြီး၊ ဟောချတ်တော် မူနိုင်ပါမည်နည်း။ သို့အတွက် ကြောင့်၊ လောကီသိုရရှိမှုနှင့် အသုံးမကျဘူးဟု ထင်လျှင်၊ မဟာအမှားတော်ကြီးပင် ဖြစ်ပေလိမ့်မည်ဆိုတာ သတိချပ် အပ်လှပါသတည်း။

(၄) ထို့ပြင် နန္ဒောပနန္ဒနဂါးမင်းအား ဆုံးမတော်မူရာ၌လည်း၊ တန်ခိုးအရာတွင် ဧတဒဂ် ရသော- အလျှင် မဟာမောဂ္ဂလာန်ကိုသာ ခွင့်ပြုတော်မူစေသည်မှာ၊ လောကီဖြစ်သော အဘိဉာဏ် အဘိညာဉ် တန်ခိုးကို အသုံးပြုဖို့ အတွက် မဟုတ်လား၊ ဤလောကီ တန်ခိုးမပါလျှင်၊နဂါးမင်း ကို ဆုံးမ၍ရပါမည်လား။

(၅) ထိုနောက်သိရိခမ္မာသောကမင်းကြီး၏ဆိမ်းပူဇော်ပွဲတွင်၊ မာရ်နတ်၏ရန်ကို အသျှင် ဥပဂုတ်က နှိမ်နင်း ဆုမ္မတော်မူရခြင်းသည်လည်း၊ လောကီ တန်ခိုးပင် မဟုတ်ပါလား။

(၆) ဇင်းပြင်၊ အလှဂုဏ် ပိုမောက်လျက် မာနတက်နေသော နှစ်မတော် ဇနပဒကလျာဏီအား သူ့ထက်လှသော မာတုဂါမ ကလေး တယောက် ဘန်ဆင်း၍ ပြပြီး၊ ဟောချွတ် တော်မူတာလဲ၊ လောကီဘဲ မဟုတ် လား။ ။ဤသို့သော လောကီ တရားတွေကို သင့်လျော်သလို အသုံးချပြီး ဟောချွတ်တော်မူပုံတို့ကို ရေးရမည်ဆိုလျှင်၊ အလွန်ကျယ်ဝန်းသော ကျမ်းကြီးတခုပ် ဖြစ်သွားရပေလိမ့်မည်၊ ဤသို့သော လောကီအလုပ်မျိုးတွေကို သိလိုလျှင်၊ဆိုင်ရာ ကျမ်းဂန် များတွင် ကြည့်ကြပါလေ။

မှတ်ချက်။ ကမ္ဘာ့သောကကြီးတွင်၊ မြတ်စွာဘုရား အဆူဆူတို့နှင့် တကွ-ရဟန္တာအသျှင်မြတ် အပေါင်းတို့သည် လောကုတ္တရာအကျိုးတရားများကို ဟောဖေါ် ညွှန်ပြဆုမ္မတော်မူကြရာတွင်၊ လောကီတရား တည်းဟူသော-သမထ အဘိညာဉ်တန်ခိုး-အဓိဋ္ဌာန် အမျိုးမျိုးတို့ကိုသက်တော်ရှည်သမ္ပုဂ္ဂာလပတ်လုံး သင့်လျော်သလို အသုံးချ၍ နောက်ဆုံးသော ကာလမှ၊ ပရိနိဗ္ဗာန်သို့ ဝင်စံတော် မူကြသည် ကို၊ ပညာရှိ သူတော်ကောင်း များတိုင်း သိရှိ တော်ကြပြီး ဖြစ်ပေ သည်။ မြတ်စွာ ဘုရား သခင် နှင့် တကွ၊ ဆဋ္ဌာဘိညာရဟန္တာ အသျှင်မြတ်များတို့ သော် မှ ပရိနိဗ္ဗာန် မစံမခြင်း၊

လောကီ တရားတွေကို မစွန့်လွှတ်နိုင်ပါဘဲလျက်၊ ယခုကာလ-အချို့သော ပုဂ္ဂိုလ်များက၊ ပမာဒလောခပြီး၊ ယခုကျနုပ် ရေးသော၊ ဖလသမာပတ် ဝင်စား ပုံ-ဓိဋ္ဌာန်ပုံ တို့ကို၊ ဒါတွေက လောကီတရားတွေဘဲ၊ မလုပ်အပ်ဘူး ဟု၊ ထင်မိထင်ရာ ပြောဆိုပြစ်တင်ကြခြင်းသည်၊ သင့်လျော် ပါမည်လော။ ။အချို့ ကတော့ခါ ဖလသမာပတ် ဝင်စားပုံ-ဓိဋ္ဌာန်ပုံတို့ကို-ခတ်ပုံနှင့်ဘကွ ဖေါ် ပြရေးသားခြင်းတို့ကို၊ မလုပ်ကောင်းဘူးဟု ပြောဆိုကြသည်။အချို့ ကတော့ခါ ဂုဏ်ပကာသန-လုပ်ရာ ကျတယ်-လို့ ပြောကြတယ်။ ။မလုပ်ကောင်းဘူးဆိုတာကို ကျမ်းဂန်အကိုးအကားနှင့်ပြနိုင်လျှင်၊ ကျနုပ်က၊ ဦးလာ်ပူဇော်ခပေး၍ ကန်တော့ပါမည်။ ပြနိုင်လျှင်ပြကြစေလိုပါသည်။လုပ်ကောင်းကြောင်းကိုမူကား ကျနုပ်က၊ ကျမ်းကိုး ကျမ်းကားနှင့် ပြပါမည်။ ။ဂုဏ်ပြင် ဂုဏ်ပကာသန လုပ်ရာ ကျသည် ဆိုရာ၌၊ ဝ-မရှိဘဲနှင့် ဝိ-လုပ်တယ်ဆိုတာမျိုးသို၊ အစစ်အမှန်ကို မလုပ်တတ် မပြတတ်ဘဲနှင့်၊ လုပ်တတ်ဟန်ဆောင်၍၊ ဂုဏ်ရှိအောင် လုပ်သောသူများကိုသာဆိုထိုက်ပါသည်။ ။စေတနာကောင်းသဘောရိုးရိုးနှင့်၊တကယ်လုပ်၍ ဖြစ်ထောကို၊ လူတိုင်းနားလည်အောင်၊လုပ်ကိုင် ဖေါ်ပြခြင်းကို၊ဂုဏ်ပကာသန လုပ်တယ်လို့ မဆိုထိုက်ပါ။ စေတနာသာလျှင် အရင်းခံဖြစ်ပါသည်။သတ္တဝါများ၏ အကျိုးကိုမျှော်ကိုး၍၊ ဘုရားရဟန္တာများတို့၏ လုပ်ပုံကိုင်ပုံကို-တတ်အား သမျှလိုက်၍၊ လုပ်တတ် သလို လုပ်ထောကို၊ ကဲ့ရဲ့ သောသူသည် အပြစ်ရှိပါ

သည်။ ဘယ်လိုလူက ကဲ့ရဲ့တတ်သလဲဆိုတော့ခါ၊ မလုပ်တတ်တဲ့ လူများကသာ ကဲ့ရဲ့တတ်ပါတယ် လုပ်တတ်တဲ့ လူ ကတော့ခါ၊ နားလည်ပြီးသားဖြစ်သောကြောင့် မကဲ့ရဲ့ကြပါ။ အချို့ကဆိုတော့ခါ၊ အစကတော့၊ ကျင့်ရေးတာကို ယုံသလိုမယုံဘူး၊ ကဲ့လဲ ကဲ့ရဲ့ကြတယ်။ နောက်တော့ခါ၊ တကယ်ဟုတ်မှန်း သိတော့မှ- ယုံလည်းယုံ-ချီးလည်းချီးမွမ်းကြပါတယ်။

## ဖြတ်စွာဘုရား၏ဝါဒ

ဖြတ်စွာဘုရား၏ ဝါဒ တော်မှာ၊ မှန် လည်း မှန်၏၊ အကျိုးလည်းရှိ၏ဟု ဆိုလျှင်၊ သူတပါး-နာလိုသည်ဖြစ်စေ၊ မနာလိုသည်ဖြစ်စေ၊ လုပ်ချင်စဘွယ် ရှိသည်ဖြစ်စေ၊ လုပ်ချင်စဘွယ်မရှိသည်ဖြစ်စေ-လုပ်ရမည်။ ။ဤ-ဝါဒတော်အတိုင်း ကျင့်သည် ဟုတ်သာ-မှန်သာကို အကျိုးလည်းရှိမည်ဖြစ်၍၊ ဖလသမာပတ်ဝင်စားပုံ- ဝိပဿနာပုံတို့ကို၊ ခေတ်ပုံနှင့်တကွ၊ တစိတ်တဒေသ-ရဲရဲဝံ့ဝံ့ ရေးသားဖော်ပြခဲ့ဘူးပါသည်။ အကျိုးလည်းရှိပါသည်။ ဘယ်လို အကျိုးရှိသလဲ ဆိုတော့ခါ၊ (၁) နှစ်ရှည်လများ၊ တရားကို ကြိုးစား အားထုတ်ပါလျက် မဂ်ဖိုလ်ကိုမရနိုင်သေးသော သူအချို့။ (၂) မဂ်ဖိုလ်ကိုရပြီဟု ဆရာကဆုံးဖြတ်ထားသော်လည်း၊ ဖလသမာပတ်ကိုဝင်စား၍ မရနိုင်သောသူအချို့။ (၃) ဖလသမာပတ်ကို ရံဘန်ရံခါ-ဝင်စား၍ ရသော်လည်း၊ ဝသီဘော်နိုင်အောင် မလုပ်တတ်သေးသော သူအချို့။ (၄) ဝိပဿနာအာရုံ အမျိုးမျိုးရှိရာတွင်၊ မိမိ၏ဆရာကပြသပေးသော-တမျိုးတည်း

သော အာရုံဖြင့်သာ ဝင်စား၍ရပြီး၊ အာရုံအမျိုးမျိုးဖြင့် ဝင်စားခြင်းငှါ၊ မတတ်နိုင်သေးသော သူအချို့။ (၅) ဖလသမာပတ်ကို သမာပဇ္ဇနဝသီဘော်-ဝုဋ္ဌာနဝသီဘော် နိုင်အောင်မလုပ်တတ်သေး၍ လုပ်တတ်လိုသော သူအချို့။ (၆) ချက်ခြင်း မျက်စေ့တမှိတ် အတွင်း ဝင်စား၍ ရနိုင်အောင် လုပ်ချင်သော သူအချို့။ (၇) ကြိမ်ညည့်-စိတ်ကူး၍ကြည့် သိလျှင်ပြီးတာဘဲ၊ ဝိပဿနာဆိုတာ—ဉာဏ်အလုပ်ဘဲ၊ အားထုတ်နေတို့မလိုပါဘူး၊ ယုံယုံကြည်ကြည်နှင့် ကြိမ်ညည့်တွေးတော ကြည့်၊ သိလျှင်သောတာပန် ဖြစ်တာဘဲ။ ရုပ်နာမ်ကို ခွဲခြား၍သိလျှင် သောတာပန်ဖြစ်တာဘဲ၊ ဟူသော အာစရိယဝါဒဖြင့်၊ သူတို့ကိုယ်ကို သူတို့ သောတာပန်ဖြစ်ပြီဟု၊ ယုံကြည်နေသော်လည်း သောတာပန်မစစ်၍၊ ဖလသမာပတ်၊ မဝင်စားနိုင်တာနဲ့၊ ကျနုပ်၏စာအုပ်ကိုတွေ့၍၊ သောတာပန် အစစ်ဖြစ်လိုသော သူအချို့။ ဤသို့ အစရှိသော သူများ လာရောက်-လုပ်ကိုင်- အားထုတ်- ယုံကြည်ကြသဖြင့် အကျိုးများပါသည်။ ။အကျိုးများသည့်အတိုင်း၊ ယခုထပ်မံ ကိုးခွဲ၍၊ ကျနုပ်၏ ဗဟုသုတ အားလုံးကို လှူဒါန်းရကြပါစေရန်နှင့် ကျနုပ် သေသွားလျှင်၊ ကျနုပ်၏ ဗဟုသုတများ မပျောက်ကွယ်ရအောင်၊ အများလည်းအကျိုးရှိအောင်။ ရေးသားဖော်ပြ ရခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ဗုဒ္ဓဘာသာ မဟုတ်သောသူများကို မြန်သောနည်းဖြင့်တရားပြသျှင်၊ အချို့မှာ။နာရီဒိုင်းရကာမိုင်းနှင့် တရားထူးကိုရတတ်ကြပါသည်။ ရသောအခါ၊ ဖလသမာ

ပတ်ကိုဝင်စားစေ၍၊အမျိုးမျိုးဓိဋ္ဌာန်ပြီးပြလျှင်၊ သူနှင့်နီးစပ်သောသူများကပါ၊အားကျ၍၊ တရားကိုအားထုတ်လိုလားတတ်ကြပါသည်။ ။ထာဝရဘုရားကို ကိုးကွယ်နေသောသူများအား၊ဤနည်းဖြင့်ချွတ်လျှင်၊ကျွတ်လွယ်ပါသည်။ ။သို့ရာတွင်၊ သူတို့ကိုတရားပြလျှင်၊ တရားဟူ၍ မပြောဘဲ၊ မင်း၏ကိုယ်ထည်းမှာ ထူးဆန်းတွေလာ၊သဘာဝဓာတ်တွေကိုမြင်အောင်ပြမည်ဟု ပြော၍ပြပါ။ ။ရင်းပြင်၊ စိတ်တန်ခိုးကြီးအောင် လုပ်ပေးမည်ဟု ပြော၍ပြပါ။ ဒီလိုနဲ့၊ ခရစ်ယာန် မိန်းမပျိုကလေးတယောက်ကို၊ မြန်တတ်တဲ့နည်းဖြင့်ပြသကြည့်ရာ၊ တနာရီအတွင်း တရားတွေကိုတွေ့လာစဉ်။ မိန္တာနတ်တယောက်က၊ သူ၏နားမှာကပ်၍၊ဒါကိုမလုပ်နှင့်လုပ်လျှင် ဗွိတ်ဂံကို ရှိခိုးတာနှင့် အတူတူဘဲ၊ ဒို့ထာဝရဘုရားသခင်က မကြိုက်ဘူးဟု ပြောပါသည်။ ဒါနဲ့ဘဲ၊ အဲဒီမိန်းမပျိုကလေးဟာ၊ တရားကိုအားမထုတ်ရဲဘဲ ဖြစ်သွားပါသည်။ ။ဒီလိုအဖျက်အဆီးမျိုးဟာ၊ လူတိုင်းမှာမဖြစ်ပါဘူး။ ပြသပြပေးကြပါ။ ပြပေးလို့ရတာတွေလဲ-ရှိပါသည်။

## ကမ္မဋ္ဌာန်းဆရာတော်များသို့လျှောက်ရန်

ဆရာတော်အသျှင် သူမြတ်များအား လျှောက်ထားလိုသည်မှာ၊ အချို့သောဆရာတော်များသည်၊ တပည့်ယောဂီများအား၊ မဂ်ဖိုလ်ရောက်အောင်ပြပေးတော်မူနိုင်ကြသော်လည်း၊ ဖုံးဖိ၍လျှို့ဝှက်ထားတတ်ကြပါသည်။အသို့တုံနည်းဟူမူ။

(၁) မည်သည့်ယောဂီသည် မဂ်ဖိုလ်ကိုရသွားပြီဟု သူတပါးအား ဆရာတော် ကိုယ်တိုင်ကလည်း မပြောပြ၊ တပည့်ကိုလည်း မပြောပြစေရန်-ပိတ်ပင်၍ ထားလေ့ရှိခြင်း။

(၂) မဂ်ဖိုလ်ကို ရပြီးသော တပည့် ယောဂီများအား၊ ဖလသမာပတ်ကို ဝသီဘော်နိုင်အောင်ဝင်စားရန်၊ တစိမ်းပြင်ပ-ပရိသတ်များ၏ ကွယ်ရာတွင်ဖြစ်စေ၊ ရှေ့တွင်ဖြစ်စေ လေ့ကျင့်၍ပေးလေ့မရှိခြင်း။

(၃) မိမိ၏တပည့်ယောဂီများ၊ မဂ်ဖိုလ်ကို ရကြောင်း၊ သူတပါး အားကျအောင်ပြောပြကောင်းပါလျက်နှင့်မပြောကောင်းဘိသကဲ့သို့၊ နှုတ်ပိတ်၍နေခြင်းတို့ဖြစ်ပါသည်။

## အကြောင်းပြချက်များ

အထက်ပါ၊ မဂ်ဖိုလ်ရကြောင်းစသည့်တို့ကို၊ လူသိနတ်ကြား၊ ပြုလုပ်ရမည့်အစား။ ဖုံးဖိ၍ ထားခြင်း၏အကြောင်းတို့ကို၊ စုံစမ်း၍ကြည့်သောအခါ၊ အကြောင်းပြကြသည်မှာ၊

(၁) မယုံကြည်သောသူများကြားလျှင်၊ ကဲ့ရဲ့ခြင်း၊ကဲ့ရဲ့လျှင်၊ကဲ့ရဲ့သူများ ငရဲကြီးမှာစိုးလို့။

(၂) မလိုတဲ့လူများက၊ ဂုဏ်ပကာသန လုပ်သည်ဟု-ကဲ့ရဲ့မှာစိုးလို့။

(၃) ပြောကောင်း- ပြကောင်းပါလျက်နှင့်၊ မပြောပြကောင်းဘူးမှတ်ထင်လို့။

## မြတ်စွာဘုရား၏အလိုတော်နှင့်မကိုက်ညီ

အထက်ပါအကြောင်းပြချက်များမှာ၊မြတ်စွာဘုရား၏အလိုတော်နှင့် မကိုက်ညီပါ။ ။မြတ်စွာဘုရား၏အလိုတော်မှာ။

(၁) မှန်လည်းမှန်၏၊ အကျိုးလည်းရှိ၏၊ဟုဆိုလျှင်၊ သူတပါးက၊ နာလိုသည်ဖြစ်စေ၊ မနာလိုသည်ဖြစ်စေ။ ကဲ့ရဲ့သည်ဖြစ်စေ၊ ချီးမွမ်းသည်ဖြစ်စေ၊ ပြောရမည်၊ ဆိုရမည်၊ လုပ်ရမည်။

(၂) ဟုတ်လဲဟုတ်၊ မှန်လဲမှန်၊ အကျိုးလဲ- ရှိမည်ဆိုလျှင်၊ လုပ်ချင်စဘွယ် ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊လုပ်ရမည်၊ပြောရမည်၊ ဆိုရမည်။

(၃) ဟုတ်ထာမှန်တာဆိုလျှင်၊ ဈာန်-မဂ်- ဖိုလ်- တရားကိုပင်၊ မိမိကိုယ်တိုင်၊ ရတာကိုဖြစ်စေ သူတပါးရတာကို ဖြစ်စေ၊ ရဟန်း-ရှင်-လူ-မည်သူမဆို၊ ဝမ်းမြောက်ဝမ်းသာစွာပင်၊ပြောကောင်း-ပြကောင်းသည်။

(၄) ဈာန်- မဂ်- ဖိုလ်ကို၊ မရသေးတာ မှန်စေကာမူ၊ မိမိကိုယ်ကို-မိမိ၊ ရပြီးပြီဟု၊ ထင်မှတ်ယုံကြည်နေလျှင်၊ ရဟန်းတော်များပင်၊ ရပြီးပြီဟု၊ ပြောကောင်းပါသည်။

## မြတ်စွာဘုရား၏အလိုတော်ကိုဖြည့်မှု။

အထက်ပါ အကြောင်းများကို ထောက်၍၊ မြတ်စွာဘုရား၏ အကြိုက်တော်ကိုလိုက်၍၊ အလိုတော်ကိုဖြည့်ရန်မှာ

ပညာရှိသူတော်ကောင်းတို့၏ မလွဲမရှောင်အပ်သော၊ ဝတ္တ
ရားပင်ဖြစ်ပေသည်။ တရားတော်ကို မယုံကြည်သောသူတို့
အား၊ အပါယ်လားမှာစိုး၍ဟူသောအကြောင်းကိုထောက်
ထား၍နေမည်ဆိုလျှင်၊ ဝိပဿနာ တရားကိုတောင်၊ မပြ
ဘဲထားမှဖြစ်မည်၊ အဘယ်ကြောင့်ဆိုသော်၊ ယခုခေတ်မှာ၊
ဝိပဿနာတရားကို မယုံကြည်၍၊ ကဲ့ရဲ့နေကြသော-သူများ
မှာ၊ ဒုနှင့်ဒေးပင်၊ ရှိကြပါသေးသည်။သို့ဖြစ်သည့်ကြောင့်၊
မနာလိုသောသူနှင့်၊ နားမလည်သောသူတို့၏၊ ကဲ့ရဲ့ပြစ်တင်
ခြင်းကို၊ ဥပေက္ခာပြုသင့်ကြပါသည်။ တရားတော်ကို။ မယုံ
ကြည်၍၊ကဲ့ရဲ့သည့်သူများအား အပါယ်ကျမှာကို၊ စိုးရိမ်
နေလျှင်၊အပိုပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ တ
ရားကို-မယုံကြည်၍ ကဲ့ရဲ့မည်သူမှာ၊သူသွားရမည့်လမ်းကို
က၊အပါယ်လေးဘုံနှင့် ဆက်စပ်လျက်နေပြီးဖြစ်နေပါသည်၊
သို့အတွက်ကြောင့်၊သတ္တဝါ တယောက်၊ သံသရာမှ လွတ်
မြောက်မည်ဆိုလျှင်လွတ်မြောက်နိုင်သည့်၊ သူ၏မျက်နှာကို
သာထောက်ထား၍၊သံသရာဝဋ်မှ- ကျွတ်လွတ်အောင် လုပ်
ပေးဘို့က၊ ပို၍အရေးကြီး ပါသည်။ သူယုတ်မာ များကို
ထောက် ထားနေ စရာ မလိုပါ။ ။ဥပမာမှာ မြတ်စွာ
ဘုရားအား၊ မုန်းပြီး၊တသက်လုံး ရန်ငြိုးဖွဲ့မည့် မာဂဏ္ဍီကို
ဂရုမပြုဘဲ၊သူ့မိဘနှစ်ပါး၊ အကျွတ်တရား ရဘို့ရာကိုသာ
ရည်ရွယ်လျက်၊ နင့်သမီးမာဂဏ္ဍီ အပုပ်မကို။ ငါ- ဘာလုပ်ရ
မှာလဲဟူသောစကားမျိုးဖြင့်၊ ပြောဆို ဟောချွတ်တော် မူရ
သော၊ သာဓကလည်းရှိပါသည်။ ။၎င်းပြင်မြတ်စွာဘုရား

သခင် သရက်ဖြူပင်တွင် တန်ခိုးပြာဋိဟာ ပြတော်မူရန် ပြင်ဆင်ပြီးသောအခါ၊ တိတ္ထိတို့၏ ဆရာကြီးဖြစ်သော ပူရဏကဿပသည်၊ အရှက်ကြီးရ၍အိုးနှင့်ကြိုးတို့ကို လည်တွင်ရစ်ဆွဲလျက်၊ မြစ်ရေထဲတွင်၊ဆင်း၍ သေပြီး အဝီစိမှာ ခံနေရလေ၏။ ဤသို့ဖြစ်မည့်အင်ကို၊ မြတ်စွာဘုရားသခင်၊ မသိမမြင်သည်မဟုတ်။ သိမြင်ပြီးပင်ဖြစ်သော်လည်း သူ့ထိုက်နှင့်သူကံ သူစီမံသလို-သူခံရမှာကို၊ဘယ်လိုမှသဘောမထားဘဲ၊ သတ္တဝါအများ အကျွတ်တရားရဖို့ကိုသာ ရည် သံတော်မူလျက်၊ တန်ခိုးပြာဋိဟာပြတော်မူခြင်းကိုစီမံဖန်တည်းတော်မူခြင်း ဖြစ်ပေသည်။ ။ထိုမှတပါး ရှေးပညာရှိတို့၏ ပေါရာဏစကားအရ။ ။လူမိုက်တယောင်းကွဲရဲ့ညောင်းလည်း၊ လူကောင်းတယောက် ချီးမွမ်းလျှင်ပျောက်၏ ဟူသောစကားပုံကိုလည်းသတိပြုအပ်လှပါသေးသည်။

ဝင်းပြင် မြတ်စွာဘုရား ရှိတော်မူစဉ်က၊ ဘယ်သူသည်၊ ဘယ်ရဟန်းသည်၊ဘယ်ဘိက္ခုနီသည်၊ဘယ်တုံးက၊ ဘယ်တရားကိုနာရ-အားထုတ်ရလို့-ဘယ်လို ဈာန်- မဂ်-ဖိုလ်ကို- ရသွားသည်ဆိုတာကို၊တမဟုတ်ခြင်း၊ ပြန့်နှံ့သွားအောင်ပြောလေ့ ဆိုလေ့-ကြွေးကျော်-ချီးမွမ်းလော့ရှိပါသည်။ ယခုခေတ်တွင်လည်း၊ မြတ်စွာဘုရားသခင် လက်ထက်တော်တုံးကလိုပဲ အခုံတညြ- ပြောဆိုကြွေးကျော်-ချီးမွမ်းထောမနာ- ပြုကြမည်ဆိုလျှင်။တရားအားထုတ်လိုသူတွေ ကောန်ရချတိုးသည်ထက်တိုးတက်၍၊ အကျွတ် တရားရ၊အပေါ်ယ် တံခါးပိတ်၊ နိဗ္ဗာန်တံခါးပွင့်သွားကြမည်ဆိုတာ၊မစဉ်းစားဘဲနှင့်တောင်

မှု၊သိနိုင်ကြပါသည်။ ။ထို့ပြင်တဝ၊ဘယ်ဌာနမှာ၊ ဘယ်တရားကိုအားထုတ်ရလို့၊ ဘယ်မဂ် ဖိုလ် ကို ရကြ သည်။ ဖလသမာပတ်ကို ဘယ်လိုဝင်စားနိုင်ကြပုံ တို့ကို၊လူသိနတ်ကြားဖြစ်သွားလျှင်၊ မမှန်သော ဝိပဿနာ အတုအယောင်များလည်း၊ အလိုလိုတိမ်ကော ပျောက် ကွယ်၍ သွားစရာအကြောင်းရှိပါသည်။ထို့နောက်၊သူ့ထက်ငါကောင်း၊ မဂ်ဖိုလ်ကိုမြန်မြန်ရအောင်၊ဌာန တိုင်းက၊ကြိုးစား၍ ပြသပေးကြ ပါလိမ့်မည်ဖြစ်ပါကြောင်း။

## ကုသိုလ်တရားမှန်လျှင်ပြောကောင်းပါသည်။

ကုသိုလ်တရားမှန်လျှင်၊ မပြောကောင်းဘူးဟူ၍ ကျမ်းဂန်တွင်မရှိပါ။ ပြောကောင်း တချည်းပါဘဲ။ ။မပြောကောင်းဘူးဟုဆိုတာက၊ သူတို့ကိုယ်တိုင်က၊ မတတ်မသိ၊ နားမလည်သောကြောင့်၊မသိဘူးဟူ၍လည်း ဝန်မခံချင်၊ မသိဘဲနှင့်သိတယ်ဟုလိမ်၍ ပြော လျှင်လည်း၊ အပြစ်မကင်းသဖြင့် ဂုဏ်လည်းမငယ်ရအောင်မပြောကောင်းဘူးဟု၊ ဆိုကြခြင်းသာ ဖြစ်ပါသည်။

## ဟိရိ-ဩတ္တပ္ပ- ဆိုတာ-ဘာလဲ

ဟိရိ-ဩတ္တပ္ပဆိုတာ၊ မကောင်းမှု အကုသိုလ်ကို-ပြောဆိုလုပ်ကိုင်ရမှာကိုသာ၊ရှက်ရ-ကြောက်ရပါသည်။ ကောင်းမှုကုသိုလ်ကိုမူကား၊မရှက်မကြောက်ရပါ။ရဲရဲတင်းတင်းကြီး၊ ပြော-ဆို-လုပ်ကိုင်ရပါသည်။သို့အတွက်ကြောင့်၊ သာသနာပြုသော ပုဂ္ဂိုလ်များသည်၊ မြတ်စွာဘုရားသခင်၏၊ အတုကို

ကိုက်ပြီးလျှင်၊ သတ္တိရှိရှိ- ပြောဆိုပြုလုပ်သင့်ကြပါကြောင်း ပညာရှိသူတော်ကောင်းများအား၊ လေးမြတ်စွာ သတိပေး အပ်ပါသည်။

## မဂ်ဖိုလ်လိုလား၊သူတော်စင်များသို့

မဂ်ဖိုလ်ကို၊တကယ်ရလိုသော သူတော်စင်များအား၊စေတနာကောင်းထား၍၊ သတိပေး တိုက်တွန်းရန်မှာ၊ တရားအားထုတ်မည်ကြံစည်လျှင်။ ရှေးဦးစွာ စုံစမ်းရန် သင့်သည်မှာ။

(၁) ဘယ်ဌာနသည်၊ မဂ်ဖိုလ်ကိုရအောင်ပြသပေးနိုင်ပါသနည်း။

(၂) ဘယ်ဌာနသည် မြန်မြန် တရားထူးကိုရအောင်ပြသပေးနိုင်ပါသနည်း။

(၃) ဘယ်ဌာနသည်၊ ဝသီဘော်နိုင်နင်းစွာ၊ဖလသမာပတ်ကို ဝင် စား နိုင် သော ပုဂ္ဂိုလ် များ ရှိပါသနည်း။

(၄) ဘယ်ဌာနသည်။ မိမိနှင့်အသင့်လျော်ဆုံးဖြစ်ပါသနည်း။

ဤအထက်ပါ အချက်မျိုးနှင့်ပြည့်စုံသောဌာနများတွင် မိမိတတ်နိုင်သောဌာနသို့သွား၍ အားထုတ်သင့်ပါသည်။ဤဌာနမျိုးမဟုတ်ပါဘဲနှင့်ပုဂ္ဂိုလ်စွဲဖြင့်ဖြစ်စေ၊ အဖေါ်ကောင်း၍ဖြစ်စေ၊ နာမည်ကြီး၍ဖြစ်စေ၊ တရားဟောကောင်း၍ ဖြစ်စေ၊ ဤအကြောင်းများကို ငဲ့လျက်၊ မဂ်ဖိုလ်ကိုမရနိုင်သော

ဌာနများကို သွားလျှင်၊ ကုသိုလ်တော့ရမှာပါဘဲ မဂ်ဖိုလ်ကိုတော့ရမှာ မဟုတ်ပါ။ ။ပြဒေါးတဲ့ဆရာက၊ သောတာပန်- သကဒါဂါမ်- အနာဂါမ်-ရဟန္တာ-ဖြစ် နေပေမဲ့၊ တပည့်များကို တရားထူးရအောင် ပြမပေးနိုင်လျှင်၊ တပည့်များမှာ၊ မဂ်ဖိုလ်ကို၊ မရဘဲ ကုသိုလ်ရရုံမျှလောက်သာ ရှိတတ်သည်၊ ကျောင်းဆရာနှင့် ကျောင်းသားများ-ဥပမာသိပါဘဲ။ ။နှစ်ရှည်လချားအားထုတ်၍ နေကြ ရပါလျက်နှင့် တရားထူးကို ရဘူးတဲ့လူတွေ၊မရှိတဲ့ နေရာမှာ၊ အချိန်ကုန်နေလျှင်၊ ဘာအကျိုးထူးဦးမှာလဲ။ ဘာဘဲဖြစ်ဖြစ်၊ လောကီဖြစ်ဖြစ်၊လောကုတ္တရာဖြစ်ဖြစ်၊ ကိုယ်လိုဘာကို၊ မြန်မြန်ရတဲ့ဆီမှာသာလုပ်သင့်၏။ ။

## ဤကျမ်းတွင်ရေးသားချက်တို့ကို လူတိုင်းက၊ ယုံကြည်နိုင်ပါမည်လား

ဤကျမ်းတွင်၊ ရေးသားထားသော တရားသဘောအားလုံးကို၊ တွေ့ကြုံဘူးသော၊ ကမ္မဋ္ဌာန်း ဆရာနှင့်၊ ဝိပဿနာယောဂီများကသာ၊ အလွယ်တကူ၊ လက်ခံယုံကြည် နိုင်ကြပါသည်။ မတွေ့မကြုံ ဘူးသေးသော၊ ပုဂ္ဂိုလ်များကမူ၊ ဤကျမ်းပါ နည်းအတိုင်း၊ကိုယ်တိုင်တွေ့ကြုံအောင်လုပ်ကြည့်၍၊ -တွေ့မှသာ ယုံကြည်တတ်ပါသည်။ မတွေ့တွေ့အောင်၊ လုပ်၍ကြည့်နိုင်စွမ်း မရှိသေးသော ကမ္မဋ္ဌာန်း ဆရာနှင့်၊ တပည့်ယောဂီများကမူ။ မယုံကြည်ဘဲနေတတ်ကြပါသည်။ ဝိပဿနာတရားကို၊ ကိုယ်တိုင် တွေ့မြင် သိရှိအောင် အားမ

ထုတ်ဘူးသေးသော၊ ပရိယတ်သမားများကမူ၊ လုံးလုံး မယုံတတ်ကြပါ။ ထိုပရိယတ် သမားများမှာ၊ ဤကျမ်းတွင်ပါသော၊ ဝိသေသ-ထူးချားချက်များကို မသိထားဘဲ၊ မြန်မာတနိုင်ငံလုံးတွင်၊ ဝိပဿနာ တရားပြသ နေသော၊ ပရိယတ်၊ ပဋိပတ်၊ စွယ်စုံတတ်သည့်၊ ဆရာတော်အချင်ဖြတ်ကြီးများ၊ ပြသပေးနေတော်မူသော၊ တရားတို့ကိုတောင်မှ၊ မယုံကြည်တတ်ကြပါ။ ဘာကြောင့် မယုံသလဲဆိုတော့ခါ၊ သူတို့မလုပ်တတ်လို့၊ လုပ်လို့မဖြစ်လို့၊ သူတပါးလုပ်၍ဖြစ်တာကိုလည်း၊ မယုံကြည်တတ်ကြပါ။ ဤကဲ့သို့သော ပရိယတ်သမားများမှာ၊ မြို့တိုင်း၊ ရွာတိုင်း၊ လိုပင်၊ အနည်းနှင့်အများ၊ ရှိတတ်ကြပါသည်၊ ကျမ်းကျင်ရာ- လိမ္မာ-ဆိုသောစကားပုံ အရ၊ ပရိယတ်ကို၊ ဘယ်လိုဘဲတတ်တတ်ပဋိပတ်ကို ကိုယ်တိုင်တတ်အောင်လုပ်၍ မကြည့်လျှင် ပဋိပတ်သဘောကို၊ အဘတ်ဒိဋ္ဌမသိနိုင်ကြပါ။ ထို့ကြောင့်၊ ကျမ်းဂန်တွင်၊ ပရိယတ်ကို၊ ဘယ်သို့ပင် တတ်တတ် ပဋိပတ်ကိုမတတ်လျှင်၊ ပညာရှိဟု မခေါ်နိုင်ကြောင်း၊ ပါရှိပါသည်။ ပါရှိပုံမှာ။

# ပရိယတ်တတ်နှင့်၊ ပဋိပတ် တတ်

## ဘယ်သူက ပညာရှိလဲ

## ဝေဒလ္လသုတ်

### အသျှင်ကောဋ္ဌိက-က၊ မေး၍၊
### အသျှင်သာရိပုတ္တရာက ဖြေကြားပုံ

မေး၊ ပညာဝါ ပညာဝါတိ အဝုသော ကိတ္တာဝတာ နုခေါ၊ အာဝုသော၊ ပညာဝါ ဝုစ္စတိ။

အနက်မှာ။ ။အာဝုသော-ငါ့ရှင်သာရိပုတ္တရာ၊ပညာဝါ ပညာဝါတိ-ပညာရှိ-ပညာရှိ—ဟူ၍၊ ပဝုစ္စတိ၊ ခေါ်ဆိုအပ်ကုန်၏၊ အာဝုသော—ငါ့ရှင်သာရိပုတ္တရာ၊ ကိတ္တာဝတာ-အဘယ်မျှလောက်သောဂုဏ်အင်္ဂါနှင့်ပြည့်စုံသောသူကို ပညာဝါတိ ပညာရှိဟူ၍၊ ဝုစ္စတိနုခေါ- ခေါ်ဆိုထိုက်ပါသနည်း။ ဣတိ-ဤသို့၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ၊ အသျှင်ကောဋ္ဌိက-က၊ အသျှင်သာရိပုတ္တရာအားမေးလေ၏။

ဖြေ။ ။ပဇာနာတိခေါ အာဝုသော ပညာဝါ ဝုစ္စတိ။

အနက်မှာ။ ။အာဝုသော-ငါ့ရှင်ကောဋ္ဌိက၊ ယော- အကြင်သူသည်၊ပဇာနာတိ- သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့်

ဘိ၏။ သော-ထိုသူကို၊ ပညာဝါတိ- ပညာရှိဟူ၍၊ ဝုစ္စတိ-
ခေါ်အပ်၏။ ဣတိ-ဤသို့ဖြေဆိုတော်မူ၏။

## ရင်းအဋ္ဌကထာ

တသ္မာ ပညာဝါ ဝုစ္စတီတိ ဧတ္ထ ဟေဋ္ဌိမ ကောဋိယာ
သောတာပန္နော၊ ဥပရိမကောဋိယာ၊ ခီဏာသဝေါ
ပညာဝါတိ နိဒ္ဒိဋ္ဌော။

အနက်မှာ။ ။တသ္မာ-ထိုကြောင့်၊ ပညာဝါတိ ဝုစ္စတီတိ ဧတ္ထ-ပညာဝါ ဝုစ္စတိ ဟူသောပါဠိတော်၌၊ ဟေဋ္ဌိမကောဋိယာ-အောက်ဆုံးအားဖြင့်။ သောတာပန္နော- သောတာပန် ပုဂ္ဂိုလ်ကို၊ ဥပရိမကောဋိယာ အထက်ဆုံးအားဖြင့်၊ ခီဏာ သဝေါ- ရဟန္တာ ပုဂ္ဂိုလ်ကို၊ ပညာဝါတိ- ပညာရှိဟူ၍၊ နိဒ္ဒိဋ္ဌော-ပြအပ်၏။ ။ရင်းပြင်း

ယော ပန တေပိဋကံ ပါဠိတော စ အဋ္ဌကထာတော စ
ပုဗ္ဗာပရတော စ ဥဂ္ဂဟေတွာ ဟေဋ္ဌုပရိယံ ကရောန္တော
ဝိစရတိ၊ အနိစ္စဒုက္ခအနတ္တဝသေန၊ ပရိဂ္ဂဟိတဘာဝံ ဇာနာတိ၊ နတ္ထိ
အယံ ပညာဝါ နာမ ဒုပ္ပညော နာမာတိ ဝိညူဏာ
ဝရိတော နာမေသော ပညာဝါတိ နဝတ္တဗ္ဗော။

အနက်မှာ။ ပန-ဆက်၍ပြဦးအံ့။ယော-အကြင်သူသည်၊ တေပိဋကံ-ပိဋကသုံးပုံကို၊ ပါဠိတော စ- ပါဠိအားဖြင့်၎င်း၊ အဋ္ဌကထာတော စ-အဋ္ဌကထာနည်းအားဖြင့်၎င်း၊ ပုဗ္ဗပရတော စ ရှေ့ပလ္လင် နောက်ပလ္လင်အပေါက်အားဖြင့်၎င်း၊ ဥဂ္ဂဟေတွာ၊

သင်ယူပြီး၍၊ ပောဋ္ဌပရိယံ- နောက်ပလ္လင်မှ ရှေ့ပလ္လင်သို့ အပေါက်အားဖြင့်၊ ဝါ- ထက်အောက်အပြန်အလှန်အားဖြင့် ကရောန္တော-ပို့ချခြင်း သင်အံခြင်းကိုပြုလျက်၊ ဝိစရတိနေ၍၊ အနိစ္စ- ဒုက္ခ- နတ္တ- ဝသေန- အနိစ္စ- ဒုက္ခ- အနတ္တတို့၏ အစွမ်းအားဖြင့်၊ ပရိဂ္ဂဟိတမတ္တံပိ- ဝိပဿနာ ဉာဏ်ဖြင့်၊ အတတ်ဒိဋ္ဌသိအောင် သိမ်းဆည်းရုံမျှသည်လည်း၊ နတ္ထိ- မရှိ ပေ၊ အယံ၊ ဤသူသည်၊ ပညာဝါနာမ-ပညာရှိမည်ပါသလော၊ ဒုပ္ပညောနာမ-ပညာမဲ့မည်ပါသလော၊ ဣတိ-ဤသို့မေးသွား အံ့၊ သေ-ဤသူကို၊ ဝိညာတာစရိတောနာမ- ဝိညာဉ်သိအား ဖြင့်၊ စုံစမ်းသောအားဖြင့် လေ့ကျင့်သောသူမည်၏၊ ပညာ ဝါတိ-ပညာရှိဟူ၍ နဝတ္တဗ္ဗော-မဆိုထိုက်ပေ။ ။ဋင်းပြင်

အထယော တိလက္ခဏံ အာရောပေတွာ ဝိပဿနာ
ပဋိပါဋိယာ သမ္မသန္တော။ အဇ္ဇေဝ အဇ္ဇေဝ
အရဟတ္တံ စရတိ အယံ ပညာဝါနာမ
ဒုပ္ပညောနာမာတိ ပဇာမိယမာနော ပညာဝါ
ပက္ခံ ပဇတိ။

အနက်မှာ။ အထ-ထိုသို့ဖြစ်ပါလျှင်၊ ယော- အကြင် သူသည်၊ တိလက္ခဏံ-လက္ခဏာ ယာဉ်သုံးပါးကို၊ အာ ရော ပေတွာ၊ တင်၍ ဝိပဿနာ ပဋိပါဋိယာ၊ ဝိပဿနာ၊ အဆင့် ဆင့်အားဖြင့်၊ သမ္မသန္တော၊ သုံးသပ်လျက်။ အဇ္ဇေဝ အဇ္ဇေဝ၊ ယနေ့ ယနေ့ပင်လျှင်၊ အရဟတ္တာ၊ ရဟန္တာဖြစ်အောင် တည်း၊ ဣတိ-ဤသို့။ စရတိ-ကျင့်၏၊ အယံ၊ ဤသူသည်၊ ပညာ

ဝါနာမ-ပညာရှိမည်ပါသလော၊ဒုပ္ပညောနာမ၊ ပညာမဲ့မည်ပါသလော။ဏ္ဍတိ၊ ဤသို့မေးပြောအံ့၊ ပဇာဝိယာမာနော၊ ထည့်သွင်းလိုပါလျှင်။ ပညာဝါပက္ခံ ပညာရှိတို့၏ အတွင်းသို့၊ ပဇတိ၊ ဝင်ပါ၏။

အဓိပ္ပါယ်မှာ။ ပညာရှိဆိုတာ သောတာပန်၊သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ ဤလေးပါးသော၊ အရိယာပုဂ္ဂိုလ်များကိုသာ၊ ပညာရှိဟု ခေါ်နိုင်ပါသည်။ ။ပရိယတ်ကို အလုံးစုံတတ်၍ အပြန်အလှန် အားဖြင့်၊ စာပေပို့ချနေသော ပုဂ္ဂိုလ်ကျော်ကြီးမျိုးကိုမူ၊ ပညာရှိဟု မခေါ်နိုင်ပါ။ ။ဝိညာဉ်သိမှုလောက်ဖြင့်၊ စုံစမ်းသော အားဖြင့်လေ့ကျင့်သောသူဟူ၍သာခေါ်ဆိုနိုင်ပါသည်။ ။ရုပ်နာမ်ဓမ္မသင်္ခါရတို့၏၊အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာရေး သုံးပါးကို ဘာဝနာမယဉာဏ်ဖြင့်၊ သိမြင်နိုင်သည်အထိ၊ ဝိပဿနာတရားကို အားထုတ်နေသော ပုဂ္ဂိုလ်ကိုမူကား ပညာရှိထည်းတွင် ထည့်သွင်း၍ ခေါ်မည်ဆိုက၊ ခေါ်နိုင်ပါသည်ဟူ၍ဖြစ်၏။

(မှတ်ချက်) ဤသို့အလျှင် သာရိပုတ္တရာက ဖြေကြားတော်မူသည့် အတိုင်းဆိုလျှင်၊ အရိယာ မဖြစ်သေးသောသူများမှာ စာပေ ပရိယတ္တိဗဟုသုတ ဘယ်လောက်ဘဲရှိရှိ၊ ပညာရှိ- မမည်သေးကြောင်း ပညာရှိများ၏ အတွင်းသို့လည်းမသွတ်သွင်းနိုင်သေးကြောင်း။ဝိပဿနာကိုကိုယ်တိုင်အားထုတ်၍နေသော၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ လက္ခဏာရေးသုံးပါးကို၊ ဝိပဿနာပညာမျက်စေ့ဖြင့် တွေ့ရသော

ပုဂ္ဂိုလ်ကိုမူကား။ အရိယာအစစ်ကြီး မဖြစ်သေးသော်လည်း ပညာရှိများ၏အတွင်းသို့ သွတ်သွင်း၍ ခေါ်ဆိုနိုင်ကြောင်း တို့မှာ၊ ထင်လျှား၍နေပါသည်။ ။လယ်တီဆရာတော် ဘုရားကြီးကလည်း၊ ပရိယတ်တတ်ရုံမျှနှင့် ပညာတတ်မည်၊ ပဋိပတ်ကိုပါ တတ်မှသာလျှင် ပညာတတ်မည်ကြောင်း။ ရေးပြထားပါသည်။

ဤအကြောင်းများကို ထောက်စာ၍ ကြည့်တတ်မည်ဆိုလျှင်၊ အမြို့မြို့၊အရွာရွာ၊ အရပ်ရပ်တို့၌၊ ပရိယတ်ကို၊ ထိုက်သည်အားလျော်စွာ တတ်ရုံမျှနှင့်၊ပညာရှိအမည်ခံ-မေ္မကထိကလုပ်၍၊ ဝိပဿနာတရားကို၊ မတတ်ဘဲနှင့်၊ ဝိပဿနာတရားကိုဟောမည်ဟု၊ ကြော်ငြာ၍၊ ဟော နေ ကြသော ပုဂ္ဂိုလ်များမှာ၊ ဝိပဿနာအရေခြုံများသာ ဖြစ်ပါသည်။ တရားနာသောပရိသတ်များမှာလည်း၊ ဝိပဿနာအစစ်ကို အားမထုတ်ဘူးသေးလျှင် နားမလည်သော ပုဂ္ဂိုလ်များ၊ ဟောတာကိုပင်၊အဟုတ်ထင်လျက်၊ တင်းတိမ်၍ နေတတ်ကြပါသည်။ ။တရားနာပရိသတ်က ဤမျှနှင့်တင်းတိမ်၍ နေလျှင်၊ တရားဟောပုဂ္ဂိုလ်၏ အပြစ်-ဟောဝန် ခံစေပါ။ အဘယ်ကြောင့်ဆိုသော်၊ တရားဟောပုဂ္ဂိုလ်က၊ ဝိပဿနာအစစ်ကို နားမလည်ဘဲနှင့်၊ ဝိပဿနာအစစ်ယောင်ဆောင်၍ ဟောမိခြင်းကြောင့်ဖြစ်ပါသည်။

## ဓမ္မကထိကများ၊ ဝန်ခံ ထိုက်မှု

ဤအကြောင်းများကို၊ထောက်ခြင်းအားဖြင့်၊ ဝိပဿနာတရားကို ဟောမည်ဟုကြော်ငြာ၍၊ ဟောသော၊ ဓမ္မကထိ

ကာ များသည်၊ မိမိကိုယ်တိုင်က ဝိပဿနာ အစစ်ကို အား ထုတ်ဘူးလျှင်၊ အားထုတ်ဘူးကြောင်း၊ မည်သို့ အားထုတ်ဘူး၍ မည်သို့သိရဘူးကြောင်း စသည်တို့ကို၊ ပွင့်ပွင့်လင်း လင်း၊ဖြတ်စွာဘုရားလက်ထက်တော်တုံးက၊ ရဟန္တာ အ သျှင်မြတ်များလို၊ဖွင့်ဟ၍ ဟောပြောပြသသင့်ကြပါသည်။ အကယ်၍၊ မိမိ ကိုယ်တိုင် က၊ ဝိပဿနာတရား အစစ်ကို၊ လက္ခဏာရေးသုံးပါး၊ဥဒယဗ္ဗယအစရှိသော ဉာဏ်များကို ရောက်အောင်၊ သိအောင်၊ အားမထုတ်ဘူးသေးလျှင်လည်း ဓမ္မကထိက လုပ်သူက၊ မိမိကိုယ်တိုင်၊ ဝိပဿနာအလုပ်ကို မလုပ်ဘူးသေးကြောင်းကို ဖွင့်ဟ၍ဝန်ခံပြီးလျှင် ဝိပဿနာ အစစ်ကို ကိုယ်တိုင်တွေ့ရှိရတာ မဟုတ်ပေမဲ့၊ဝိပဿနာ အ ကြောင်းကို ကျမ်းဂန်အရ၊တတ်အားသမျှ၊ ဟောပြောပါ မည်ဟု၊ အတိအလင်းဝန်ခံ၍ ဟောပြောသင့်ပါသည်။ ။

အဘယ်ကြောင့်ဆိုသော်၊ အချို့သော သူများမှာ၊ စာပေဗ ဟုသုတ ကလည်းမရှိ၊ ကမ္မဋ္ဌာန်း ကျောင်းကို လည်း သွား ရောက်၍ အားထုတ်နိုင်ရန် အကြောင်းက မပြည့်စုံ၊ ဤသို့ သော သူများမှာ၊ဝိပဿနာ မတတ်သော ဓမ္မကထိကများ ၏၊ ဝိပဿနာယောင် ဆောင်၍ ဟောသွား တာကိုပင်၊ ဝိ ပဿနာ အစစ်ထင်လျက်၊ သုတမယဉာဏ်မျှဖြင့်၊ ကျေနပ် တင်းတိမ်၍ နေဘတ်ကြပါသည်။ဤသို့ နေကြသော သူများ တွင်၊များသောအားဖြင့်၊များလှစွာသောသူများမှာ၊ ဝိပဿ နာအစစ်ကို ဆရာကောင်းထံ၊ နည်းခံ၍ အားထုတ် ရလျှင်၊ ယခုဘ၀တွင်ပင်၊ အရိယာဖြစ်နိုင်သော ပုဂ္ဂိုလ်များဖြစ်ကြ

ပါသည်။ သို့-ဖြစ်ပါလျက်နှင့်၊ ဝိပဿနာ မတတ်ဘဲ နှင့်၊ ဝိပဿနာ တရားကို ဟောသွားသော၊ ဝိပဿနာ အတုနှင့်သာ တင်းတိမ် ကျေနပ်လျက် နေကြ ရသော၊ တရားနာ ပရိသတ်များမှာ. များစွာမှ နစ်နာလှပါသည်။ ။ဒါထက် ပို၍ဆိုးတာက။ ။အချို့သော ဓမ္မကထိကများသည်၊ ကိုယ်ကလည်း၊ ဝိပဿနာကိုမတတ်ဘဲနှင့်၊ ဝိပဿနာကို တတ်၍၊ကမ္မဋ္ဌာန်း ပြသနေသော ကမ္မဋ္ဌာန်းတို့ကို၊ မမှန်ဘူး-မှားသည်ဟူ၍၊ တရားပွဲတွင်၊ ပြောဟော တတ်ကြပါ သေးသည်။ ဤသို့ ပြောသောအခါ၊ အပ္ပသုတ-အကြား အမြင်နည်းပါး၊ စဉ်းစားဉာဏ် ပါးရှားသော၊ တရားနာပရိသတ်များမှာ၊ ဝိပဿနာအစစ်ကို ပြသပေးနေသော ကမ္မဋ္ဌာန်းပြရာဋ္ဌာန အသီးသီးသို့သွား၍အားထုတ်ရန်၊ စိတ်မကူးဘဲ နေတတ်ကြပါသည်။

## တရားဟောဓမ္မကထိက များကို တောင်းပန်ချက်

သို့ဖြစ်သောကြောင့်၊ မည်သည့်တရားဟော ဓမ္မကထိက မဆို၊ ဝိပဿနာကို၊ ကိုယ်တိုင် ယုတ်စွအဆုံး၊ ဘာဝနာမယ ဉာဏ်ဖြင့်၊ သိအောင် အားမထုတ်ဘူးသေးလျှင်၊ ဝိပဿနာ တရားဟောမည်ဟူ၍ ကြော်ငြာခြင်းမပြုဘဲ၊ မိမိဟောမည့် ဒါနကထာ၊ သီလကထာ၊ သုတ္တန်ဒေသနာ၊ အစရှိသည်တို့ကို ဖော် ပြ၍သာ၊ ကြော်ငြာပြီး ဟောပြကြပါရန်၊ စေတနာကောင်းဖြင့်၊ တောင်းပန်အပ်ပါသည်။ ။၎င်းပြင်-မဂ်ဖိုလ် ရောက်အောင် ပြသပေးနိုင်သော ကမ္မဋ္ဌာန်းဌာန များမှ၊ တ

ရားကို၊ မှားသည်ဟူ၍လည်း၊ မပြောသင့်ပါ၊ ။မဂ်ဖိုလ်ကို ရောက်အောင် မပြုနိုင်သေးပေမဲ့ မမှားသော-မှန်ကန်သော ကမ္မဋ္ဌာန်းဌာနများလည်း ရှိပါသေးသည်။

**သိတတ်လျှင်၊ ကမ္မဋ္ဌာန်းနှင့်လွတ်ထားမရှိ။**

**ကမ္မဋ္ဌာန ဝိနိမုတ္တော-ဓမ္မောနာမနတ္ထိ။**

အနက်မှာ။ ကမ္မဋ္ဌာန ဝိနိမုတ္တော-ကမ္မဋ္ဌာန်းနှင့်လွတ်သော။ ဓမ္မောနာမ-တရားမည်သည်၊ နတ္ထိ-မရှိပြီ။

အဓိပ္ပါယ်မှာ၊ ဗဟုသုတ စုံလင်ပြည့်ဝသော ပညာရှိအတို့၌၊ ကမ္မဋ္ဌာန်းနှင့် လွတ်သော တရားကို၊ ရှာ၍ မတွေ့နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်၊ လောက၌၊ ပရမတ္ထသဘာဝအားဖြင့်၊ ရုပ်နှင့်နာမ်မှ- လွဲ၍၊ ဘာမျှမရှိဟုကျမ်းဂန်ကဆိုသည့်အတိုင်း၊ ၃၁-ဘုံ-စကြာဝဠာ အနန္တတွင်၊ ရှိရှိသမျှသော၊ သက်ရှိသက်မဲ့ အလုံးစုံတို့သည်၊ရုပ်နှင့်နာမ်ချည်းဘဲ၊ မဟုတ်ပါလား။ ဤရုပ်နာမ်နှစ်ပါးကို၊ အကျယ်ချဲ့လိုက်လျှင် ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါး၊ဓာတ်တဆယ့်ရှစ်ပါးဖြစ်တယ်။ဤဓာတ်တဆယ့်ရှစ်ပါး ကို၊ခြောက်ပုံ ပုံလိုက်လျှင် (၁) စက္ခု-ရူပါရုံ-စက္ခုဝိညာဉ်။ (၂) သောတ-သဒ္ဒါရုံ-သောတဝိညာဉ်။ (၃) ဃာန-ဂန္ဓာရုံ-ဃာနဝိညာဉ်။(၄) ဇိဝှာ-ရသာရုံ-ဇိဝှါဝိညာဉ်။ (၅) ကာယ-ဖေါဋ္ဌဗ္ဗာရုံ- ကာယဝိညာဉ်။ (၆) မနော-ဓမ္မာရုံ-မနောဝိညာဉ်။ ဟူ၍ခြောက်စုံ၊ခြောက်မျိုးဖြစ်ပါသည်။ ဤခြောက်စုံကို ပယ်ထား၍၊ကမ္မဋ္ဌာန်းအလုပ်ကိုလုပ်မည်ဆိုလျှင်၊ သမထဖြစ်စေ၊ ဝိပဿနာ

ဖြစ်စေ၊လုပ်၍မဖြစ်နိုင်ပါ။လောကန္ဒ၊ဤ-ရုပ်-နာမ်ခန္ဓာ-အာယတန-ဓာတ်-တို့သာလျှင်ရှိပါသည်။သို့ရာတွင်သိတတ်တဲ့ ပညာရှိပုဂ္ဂိုလ်၌သာလျှင်၊ရုပ်-နာမ်-ခန္ဓာ-အာယတန-ဓာတ် တွေမှန်းကို သိနိုင် ပါသည်၊ မသိဘတ်တဲ့ အန္ဓ ပုထုဇဉ် များမှာမူကား ရုပ်မှန်း၊ နာမ်မှန်း၊ အာယတနမှန်း ဓာတ်မှန်း၊ မသိနိုင်မမြင်နိုင်၊ မတွေ့နိုင်၊မယုံကြည်နိုင်ကြပါ။ ။မသိနိုင် မယုံကြည်နိုင်ကြသောကြောင့်၊ သက္ကာယဒိဋ္ဌိမကွာ နိုင်ဘဲ အမြဲတန်း ဖြစ်နေကြပါသည်။ သက္ကာယဒိဋ္ဌိ ဖြစ်နေလျှင် အာရုံခြောက်ပါးတို့နှင့် တွေ့သော အခါ လောဘ ဒေါသ မောဟ၊ တရားများဖြစ်၍၊ သံသရာကို လည်ကြ ရပါသည် သိတတ်တဲ့ ပညာရှိပုဂ္ဂိုလ်အဘို့မှာမူ ဤအာရုံ ခြောက်ပါး နှင့်တွေ့ရသောအခါ၊အလောဘ အဒေါသ၊အမောဟ ဖြစ်ရပါသည်။ အလောဘ၊ အဒေါသ၊ အမောဟ၊ မဖြစ် သေးလျှင်လည်း၊ဖြစ်အောင်၊ ဝိပဿနာ အလုပ်ဖြင့်လုပ်၍ ယူရပါသည် လုပ်တတ်လျှင်အာရုံခြောက်ပါးစလုံးသည်၊ဝိပဿနာ အာရုံချည်းဘဲ ဖြစ်နေပါသည်။ ။သို့ အတွက် ကြောင့် ဝိပဿနာ ဖြစ် အောင် လုပ်တတ်၍၊ ဝိပဿနာ ကမ္မဋ္ဌာန်း တိုက်ကြီးတွေ ဖွင့်လျက် ပြသပေးသဖြင့်၊ မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်ကြသူ-ရကြသူတွေ ရှိနေသော၊ ကမ္မ ဋ္ဌာနာ စရိယ-ပုဂ္ဂိုလ်မြတ်များ ပြသနေသော တရားကို မှားသည်ဟူ၍၊ မ ပြောမဆိုထိုက်ကြပါ၊ ။အကယ်၍ မှားသည်ဟု ဆိုချင် လျှင်၊ ဘယ်လိုမှားတယ် မှန်အောင်ဘယ်လိုလုပ်ရမယ် ဆို တာကိုပါ၊ထည့်၍ ပြောကြပါကြပါ၊ ။ကိုယ်ကလည်း

မလုပ်တတ်ဘဲ နှင့် သူတပါး လုပ်တာကို မှားသည်ဟု ဆိုခြင်းသည်၊ အလွန်တရာမှ ယုတ်ညံ့သိမ်ဖျင်းသော စိတ်ထားသဘောထားမျိုးဟု ဆိုအပ်ရာဖြစ်တတ်ပါသည်။

## လယ်တီနှင့်-မဟာစည်ကိုကဲ့ရဲ့သူများ၊

ဝိပဿနာကို မတတ်ဘဲ၊ ပရိယတ်ကိုသာ ထိုက်သည့်အားလျော်စွာ တတ်၍ အရပ်ထည်းတွင် တရားဟောဝမ္မကထိက လုပ်၍ဟောပြောနေကြသော လူ-ရှင်-ရဟန်း-ပုဂ္ဂိုလ်အချို့သည်၊ နာမည်ကျော်လယ်တီဆရာတော်နှင့်-မဟာစည်ဆရာတော်တို့ ပြသပေးသော တရားများကိုပင်၊ မှားသည်၊ မမှန်ဘူးဟူ၍ ပြောဆိုကြပါသည်။ စင်စစ် တော့ခါ နှစ်ပါးစလုံးပြသပေးသော ကမ္မဋ္ဌာန်းများသည် ဘုရားဟောကျမ်းဂန်အရ၊ မှန်ကန်သဖြင့် ဂေါ်ဗိုလ်ကို ရကြသော ပုဂ္ဂိုလ်များအများ အပြားပင် ရှိနေ ကြပါသည်။ ။လယ်တီ ဆရာတော်ဘုရားကြီး၏ နည်းမှာ အနတ္တဘုတ်ရုပ်ရှုနည်း ဖြစ်ပါသည်။ ။မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းမှာ၊ နည်းပေါင်းစုံကို တကြိမ် တည်းတွင်ရောပြွမ်း၍ ပြသပါသည်။ ထိုနည်းများမှာ၊ ဣရိယာပထ ပဗ္ဗနည်း၊ သမ္ပဇည ပဗ္ဗနည်း၊ ဖဿာယတနခြောက်ပါးနည်း၊ ဝိညာဉ်ခြောက်ပါးနည်း၊ ဝေဒနာသုံးပါး၊ ဝေဒနာခြောက်ပါး၊ ဝေဒနာ တဆယ့်ရှစ်ပါးနည်း၊ အာရုံ ခြောက်ပါး နည်း၊ ဘူတရုပ်-၄ပါး ဒါန် ရုပ်၊ အဇ္ဈတ္တဗဟိဒ္ဓ၊ အစရှိသော နည်းမျိုးစုံတို့ဖြင့်၊ ယံကိစ္စ သမုဒယ ပွေ့ သင်္ဂြိုဟ်တံ နှံ့ ရောခမွှတ်၊ အထိရောက်အောင်၊ ပြသ

ပေးတော်မူခြင်းဖြစ်ပါသည်။ မဟာစည်ဆရာတော်၏နည်းမှာတွေ့ရသမျှသောခန္ဓာ အာယတန ဓာတ်မှန်သမျှကိုလက္ခဏာရေးသုံးပါး ထင်အောင်ရှုရပါသဖြင့်၊ အလွန် ကောင်းပါသည်။ စုံအောင်ရှုရသောကြောင့်၊ အာရုံတွေကများလွန်းလို့ ကြာတတ်ထာတာရဘဲရှိပါသည်။ ။ဤမျှလောက်၊ ပရိယတ်၊ ပဋိပတ်၊ စွယ်စုံတတ်၍ ပြသ ပေးနေ သော အသျှင်မြတ်ကြီးများကိုပင် မှားသည်ဟု၊ ကဲ့ရဲ့ တတ်သော၊ ပရိယတ် သမားများမှာ အလွန်တရာမှ လွဲမှား၍ နေပါသည်။ ဒါကြောင့်မိုလို့လဲ၊ ဤပုဂ္ဂိုလ်မျိုးကို ဘယ်လောက်ဘဲ၊ စာတတ်တတ်၊ ပညာရှိတည်းကိုထည့်ခြင်းမပြုနိုင်ဘူးဟု အသျှင်သာရိပုတ္တရာက ဟောပြတော်မူတာဘဲဟု၊ ယူဆပါသည်။

## ပဋိပတ်သမား အချင်းချင်းလည်း၊ ကဲ့ရဲ့တတ်ပုံ၊

ပဋိပတ် သမား အချင်း ချင်းလည်း ငါ့ နည်းက မှန်သည်၊ သူ့နည်းက မှားသည်ဟု၊ ပြော တတ် ကြပါ သေးသည်။ အဲဒါ-ဘာကြောင့်လဲဆိုလျှင်၊ သူ့နည်းကို၊ ကိုယ်က၊ စမ်း၍ လုပ်-မကြည့်ဘူးသေးသောကြောင့်ဖြစ်ပါသည်။ သို့အတွက်ကြောင့်၊ ကမ္မဋ္ဌာန်းသွားများသည်၊ သူ့ နည်းရော-ကိုယ့်နည်းတို့ကိုပါ၊ ကျမ်းဂန်နှင့် ကိုက်ရဲ့လားလို့ပဌမစိစစ်၍ကြည့်ပါ။ ကိုက်တယ်ဆိုလျှင်၊ သူ့နည်းကိုလည်း၊ ကိုယ်တိုင်စမ်းသတ်၍ အားထုတ်ကြည့်ပါ။ သို့မှသာ၊ ဗဟုသုတစုံပြီး အငြင်းအခုံမဖြစ်နိုင်ဘဲနေပါမည်။ ။ကျနုပ်မှာ ဘယ်နည်းဘဲ ဖြစ်ဖြစ်၊ ကိုယ်တိုင် စမ်းသပ်၍ ကြည့်ပါသည်။ စုံ

အောင်စမ်းသပ်ဘူးလျှင်၊ စုံအောင်ဗဟုသုတ ဖြစ်ပါသည်။ အချုပ်ကိုပြောရမည်ဆိုသော်၊ ဥပမာအားဖြင့်၊ ဆရာဇီဝက သည်၊ ရသာခြောက်ပါးနှင့် တကွ၊ ပူ-ဧ-တက်-သက်-သဘောတို့ကို နားလည်ထားတော့ခါ၊ ဆေးဘက် မဝင်သော သစ်ပင်ကိုရှာမတွေ့နိုင်ဘိသကဲ့သို့ပင်၊ ကမ္မဋ္ဌာန်းသွားသည့် လည်း၊ ခန္ဓာ-အာယတန-ဓာတ်တို့၏ သဘောကို၊စုံအောင် ကိုယ်တိုင် တွေ့ကြုံသိရှိဘူးလျှင်၊ ကမ္မဋ္ဌာန်း နှင့် လွတ် သော တရားကို၊ ရှာ၍မတွေ့နိုင်ပါ။

## ကျွမ်းကျင်ရာလိမ္မာ၊ သူ့နေရာ သူဆရာ

အထက်တွင် ရေးပြခဲ့သည့် အတိုင်း၊ ပရိယတ်သာ တတ်သောသူသည်၊ ပညာရှိ မမည်သေးကြောင်း။ ပဋိပတ်တတ်သော သူကိုမူကား၊ပညာရှိ၊အတွင်းသို့၊ ထည့် သွင်းနိုင်ကြောင်း၊ ပါရှိသည့်အတွက်၊ ပဋိပတ်သမားများ က၊ ပရိယတ်သမားများကို၊ အထင်မသေးအပ်ပေ၊အဘယ် ကြောင့်ဆိုသော်၊ ပရိယတ်သမားများသည်၊ စိတ်၊ စေတ သိက်၊ရုပ်၊နိဗ္ဗာန်၊အစရှိသော တရားသဘောတို့ကို၊ သရုပ် ကွဲအောင်၊ နားလည်တတ်ကြသည်၊ ပဋိပတ်သမားများမှာ၊ ရုပ်ကဘယ်လောက်၊ စိတ်ကဘယ်လောက်၊ စေတသိက်က ဘယ်လောက်ရှိတယ်ဆိုတာကိုတောင်မှ၊ မသိတတ်တဲ့လူက များပါသည်။ ပရိယတ်သမားများကလည်း၊ ပဋိပတ်သမား တွေကို၊ ကျမ်းဂန်မှ ငါတို့လိုမတတ်သေးဘဲ-ဟူ၍၊ အထင် မသေးပါနှင့်၊ အရေးကြီးတဲ့၊ အဘိဓမ္မာ၏ အဆီ အနှစ်

ဖြစ်သော၊ ရုပ်၊ နာမ်၊ လက္ခဏာရေး သုံးပါးကိုတော့၊ သရုပ်ကွဲအောင် မပြောတတ်ပေမဲ့ ကိုယ်တွေ့ဒိဋ္ဌအားဖြင့် တော့၊သိနေကြရပါသည်။ ။အချို့သော၊ ဝိပဿနာယော ဂီများမှာ၊ ပါဠိစပ်ကမပြောတတ်ပေမဲ့၊ သစ္စာလေးပါးကို၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်သိပြီး၊ သောတာပန်ဖြစ်နေတာတွေ၊ များပြားစွာ၊ ရှိနေကြပါသည်။ ။ဥပမာမှာ၊အသျှင်ပဋ္ဌ က ဗုဒ္ဓါများမှာ၊ ပဋိသမ္ဘိဒါပတ္တ-အရဟတ္တဖိုလ်ကို၊ရကြ သော်လည်း၊ တရားသဘောကို၊ ကိုယ်သိသလို။ သူတပါး အား၊ မပြောပြတတ်ကြပါ။ သို့အတွက်ကြောင့်၊ တဦး ကိုတဦးက၊ အထင်မသေးဘဲ၊ လေးလေးစားစားရှိကြစေ လိုပါသည်။ ကျွမ်းကျင်ရာ- လိမ္မာ၊သူ့နေရာ သူ့ဆရာဟူ သော၊ စကားပုံကို၊ သတိပြုကြစေလိုပါသည်။

# အထူးကြော်ငြာချက်

ယခု ဤကျမ်းနှင့်တကွ၊ ယခင်က ကျနုပ်ရေးသားသော ကျမ်းများတွင်၊ ပါရှိသော၊ တရားသဘောများမှာ၊ စာတွေ့ ငါတွေ့-ဖြစ်သော၊ လက်တွေ့သဘော တရားတို့ကို၊ အာဂမ ယုတ္တိ၊ သာဓကယုတ္တိ၊ သဘာဝယုတ္တိတို့ဖြင့်၊ ရေးသားပြ ထားခြင်းဖြစ်ပါသည်။ သို့ရာတွင်၊ အချို့သော သူများက၊ မဟုတ်ဘူး၊ မမှန်ဘူး၊ မဖြစ်နိုင်ဘူး၊ စိတ်ညှို့ ပညာဘဲ၊ မျက်လှည့်ဘဲ၊ ဝိပဿနာမဟုတ်ဘူး၊ သမထဘဲ၊ စသည်တို့ ဖြင့်၊ အမျိုးမျိုး၊စွပ်စွဲကဲ့ရဲ့ကြသည်ဟု၊ ကြားသိရပါသည်။ ဤကဲ့သို့၊မသိနားမလည်၍သော်၎င်း၊မတွေ့မကြုံဘူး၍သော် ၎င်း၊ မနာလို၍သော်၎င်း၊ သဘောရိုးဖြင့် မှားသည် မဟုတ် ဘူးဟု၊ ထင်၍သော်၎င်း၊ ပြောကြသော သူများသည်။ ကွယ်ရာမှာ မပြောဘဲနှင့်၊ ပရိယတ်-ပဋိပတ်- စွယ်စုံတတ် သော၊ ပညာရှိများရှေ့တွင်။ ကျနုပ်နှင့်မျက်နှာစုံညီ၊ ယှဉ်၍ ပြောပြကြစေလိုပါသည်။အကယ်၍၊ကျနုပ်က၊ မဖြစ်နိုင်ဘဲ နှင့်လိမ်လည် လှည့်ဖြား၍၊ရေးသား ထားကြောင်းကို၊ခိုင်လုံ စွာပြောပြနိုင်ပါလျှင်၊ ကျနုပ်ကြော်ငြာ ထားသည့်အတိုင်း၊ အသပြာ ၁၀၀၀ဝိ၊တထောင်ကျပ်တိတိ၊ ဥာဏ်ပူဇော်အဖြစ် ဖြင့် ပေးပါမည်။ခိုင်လုံစွာ မပြောပြနိုင်လျှင်၊ မှားပါပြီဟု ဝန်ခံပါ။

ကျနုပ်၏၊ကျမ်းပါ-နည်းများအတိုင်း၊တကယ်လုပ်လျှင်၊ ပါရမီရှိသလောက်၊အဟုတ်တကယ်ဖြစ်နိုင်ကြောင်း၊

ရဲရဲဝန့်ဝန့်၊ တာဝန်ခံပါသည်။ ဓိဋ္ဌာန်သည့်သဘောများမှာ၊ မဂ်ဖိုလ်အဆင့်ဆင့်ရှိသည့်အနက်၊ မြင့်သည်ထက်မြင့်သော မဂ်ဖိုလ် ပုဂ္ဂိုလ်၏ ဓိဋ္ဌာန်ပြီးဝင်စားခြင်းနှင့် ဝသီဘော်နိုင် သည်ထက်နိုင်သော ပုဂ္ဂိုလ်၏ ဓိဋ္ဌာန်ခြင်းတို့က၊ သာ၍လွန် ပိုမို၍၊ ထိရောက်၊ ဖြစ်မြောက်လွယ်ပါသည်။

## စေတနာကောင်းဖြင့် ဝန်ခံချက်

ယခု ဤကျမ်းတွင်ရေးသားသောအချက်များမှာ၊ စေတနာကောင်းဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ရွှေမျက်နှာတော်ကို ကြည့်ပြီး လျှင်၊ အများ၏ ကောင်းကျိုး အတွက်၊ ပွင့်ပွင့်လင်းလင်း၊ ရေးသားဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ အတိအလင်းဝန်ခံပါသည်။ သို့အတွက်ကြောင့်၊ ဤကျမ်းသည်။ ရဟန်း-ရှင်-လူ-မည်သူမဆိုတို့အား တဦးမျှ မကျန်ရအောင်။ ယထာဘူတ၊ တရားမှန်ကို သိကြပြီးလျှင်၊ ကောင်းကျိုးကိုသာ၊ ဆောင်နိုင်ပါစေသတည်း။ ။

# ပြသပေးမည်

မည်သူမဆို၊ ဤကျမ်းပါနည်းအတိုင်း၊ အမြန်ဆုံး၊ လက်တွေ့ သိလိုပါလျှင်။ အောက်ပါဌာနၣ်၊ နံက် ၈—နာရီမှ၊ ညနေ ၅—နာရီအထိအတွင်းတွင်၊ ပြသပေးပါမည်။

ရပ်ဝေးမှ ပင့်ဘိတ်လျှင် တရားပွဲထည်းတွင် ဟောရင်း ပြောရင်းနှင့်ပင် ပါရမီရင့်သူများအား ရုပ်- နာမ်- ခန္ဓာ- အာယတန-ဓါတ်၊ ပရမတ်အစစ်တို့၏ လက္ခဏာရေးသုံးပါးတို့ကို။ ကိုယ်တိုင် တွေ့မြင် သိရှိနိုင်သောနည်းမျိုးတို့ဖြင့် ကျမ်းဂန်နှင့်ကိုက်အောင် ဟော-ပြော-ပြသ-ပေးပါမည်။

တရားဟော-ပြော-ပြသ သည့်အတွက် အဘိုး အခ မပေးရပါ။

ရပ်ဝေးမှ ပင့်ဘိတ်လျှင် အခါအားလျော်စွာ အခစဉ်စိတ်ချရမှသာ လိုက်နိုင်ပါမည်။

လူကိုယ်တိုင်ဖြစ်စေ စာဖြင့်ဖြစ်စေ စုံစမ်းမေးမြန်းခြင်းကိုလည်း လက်ခံဖြေရှင်းပေးပါမည်။

ဝိပဿနာပါရဂူဆရာကြီး
ဦးကြာနီ
ပန္နိပတ္တိကြီးပွားရေးအဖွဲ့ချုပ်
အမှတ် ၃၉- ၀၇-လမ်း၊
ကန်တော်ကလေးရပ် ရန်ကုန်

# မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ဆုံးရ၍
# ၃၁-ဘုံကိုဖောက်ထွင်းမြင်လိုလျှင်

နတ်-ဗြဟ္မာတို့နှင့် တွေ့နိုင်၍
အကြားအမြင်လည်း ရနိုင်သော
**အောက်ပါကျမ်းများအတိုင်းအားထုတ်ပါ။**

၁။ ဝိပဿနာ ဆရာဖြစ်သင်တန်းကျမ်း ၃ိ-
လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးဖြတ်ချက် (၆၅) ချက်ပါသည်။

၂။ ဝိပဿနာပါရဂူကျမ်းတော်ကြီး ၃ိ-
ဝိပဿနာစစ်တမ်း၊ သောတာပန်စစ်တမ်း၊ ဖလ, သမာပတ် စစ်တမ်းများနှင့်၊ လက်တွေ့ဝိပဿနာရှုပုံ နည်း (၂၁) မျိုးပါသည်။

၃။ လယ်တီဝိပဿနာနှင့် လယ်တီ ဒီပနီ အဆီပေါင်းချုပ်
ဖလသမာပတ်ဝင်စားပုံများပါသည် ၅-

၄။ အဏ္ဏဝအမြန်ရှုနည်း ၀ိ-၂၅

၅။ အမြန်ဆုံးလက်တွေ့ရှုပုံနှင့်ဖလ, သမာပတ္တိအာနိသံသ
ဖလသမာပတ်ဝင်စားနည်းအစုံပါသည် ၅-

**လက်လီလက်ကား ရနိုင်သောဌာနများ။**

၁။ ပဋ္ဌာန်ပတ္တိကြီးပွါးရေးအဖွဲ့ချုပ်၊ အမှတ်-၃၉၊ ၈၇-လမ်း ရန်ကုန်။
၂။ ကြခင်ကြခင် အမျိုးသမီးပိဋကတ်ဆိုင်၊ ရွှေတိဂုံအရှေ့မုခ် ရန်ကုန်၊
၃။ ပညာအသင်းပြပွဲနှိပ်တိုက်၊ ၁၃၀၊ ဗိုလ်ချုပ်လမ်း ရေကျော်ရန်ကုန်။
၄။ အမြို့မြို့စာအုပ်ဆိုင်တိုင်းမှာလည်း ရနိုင်ပါသည်။

---

ခေတ္တရာစာပုံနှိပ်တိုက်၊ အမှတ် ၁၂၂၊ ၃၁ လမ်း ရန်ကုန်မြို့၊